ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၄၇) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၃၁ ၊ ၂၀၁၃)



အမေရိကန်သံရုံး အိုဘားမားခရီးစဉ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များ

ဓာတ်ပုံ-ကျော်ဇင်သန်း

# ကုလငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် မြန်မာရဲများ၌ အရည်အချင်းပြည့်မီသူမရှိသေး

**အောင်သူရ**

**နေပြည်တော်၊ ဇန်နဝါရီ-၂၅**

ကုလသမဂ္ဂ လက်အောက်ရှိ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တစ်ဖွဲ့အား ခေါ်ယူခဲ့သော်လည်း သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူမရှိသဖြင့် စေလွှတ်နိုင်ခဲ့ခြင်းမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံရေးနှင့် လေ့ကျင့်ရေးညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်က ပြောသည်။

"သတ်မှတ်ထားတဲ့ အရည်အချင်းတွေထဲက အင်္ဂလိပ်စကားအပြင် UN (ကုလသမဂ္ဂ)က အသိအမှတ်ပြုထားတဲ့ တခြားဘာသာစကားတတ်ရမယ်ဆိုတဲ့ အချက်က အခုလောလောဆယ်မှာ အဓိကက အခက်အခဲဖြစ်သွားတယ်" ဟု ရဲမှူးကြီးဝင်းခေါင်က ပြောသည်။

ထိုကဲ့သို့ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် လွတ်လပ်ရေးရပြီး နောက်ပိုင်း မြန်မာနိုင်ငံမှရဲတပ်ဖွဲ့များကို ခေါ်ယူခဲ့သော်လည်း မြန်မာ့ဆိုရှယ်လစ်စဉ်ပါတီခေတ် နောက်ပိုင်းမှစ၍ ကုလသမဂ္ဂသည် မြန်မာနိုင်ငံမှ မခေါ်ယူတော့ဘဲ ၂၀၁၂ ခုနှစ်တွင်မှ ပြန်လည်ခေါ်ယူခြင်းဖြစ်သည်ဟု ရဲမှူးကြီးဝင်းခေါင်က ပြောသည်။

စာ(၁၂)သို့

# ကချင်ပြည်နယ်မငြိမ်းချမ်းသေး၍ နိုင်ငံတကာမှပေးမည့် ငြိမ်းချမ်းရေးအလှူငွေများ မရသေး

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၂**

ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် ငြိမ်းချမ်းရေးမဆောင်ရွက်နိုင်သည့်အတွက် နိုင်ငံတကာမှ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် လှူဒါန်းမည်ဟု ပြောဆိုထားသော ငွေကြေးများအားယခုအချိန်ထိမရသေးကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦး အောင်မင်းက ဇန်နဝါရီလ ၂၇ ရက်တွင် ပြောသည်။

စာ(၁၂)သို့

# ၂၀၁၂အတွင်း လူသတ်မှုနှင့်မုဒိမ်းမှု အများဆုံးဖြစ်

**သန်းဌေး၊ အေးမြတ်သူ**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၂၈**

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အမှုကြီး၁၀မျိုးတွင် လူသတ်မှုနှင့်မုဒိမ်းမှုမှာ ယခင်နှစ်များကဲ့သို့ အများဆုံးဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အမှုကြီး၁၀မျိုး စုစုပေါင်း ၂၃၁၈မှုဖြစ်ပွားခဲ့ရာတွင် လူသတ်မှု ၁၃၂၃၊ မုဒိမ်းမှု ၆၅၄ရှိပြီး၊ ကျန်အမှုကြီးများထက်ထိုနှစ်မျိုးက လွန်စွာများပြားခဲ့သည်။

စာ(၃)သို့

# လယ်သမားများ အကြွေးဆပ်နိုင်ရန် ထမင်းတစ်နပ်လျှော့စားသင့်ကြောင်း လယ်ဆည်ဝန်ကြီး အကြံပြု


လုပ်ငန်းခွင်ဝင်နေသော လယ်သမားနှစ်ဦး

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ဇန်နဝါရီ-၂၈**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က အကြွေးကင်းအောင်နေထိုင်နည်းကို မျှဝေရင်းလယ်သမားများအကြွေးဆပ်ရန် တစ်ရက်လျှင်ထမင်းတစ်နပ်လျှော့စားသင့်ကြောင်း

စာ(၁၂)သို့

# တပ်မတော်က မြေသိမ်းမှု တိုင်ကြားချက်၄၃၀ကျော်ထဲမှ ၄၃မှုကို ဖြေရှင်းပြီး

**သီဟ၊ ထွန်းနိုင်**

**နေပြည်တော်၊ ဇန်နဝါရီ-၂၈**

တပ်မတော်မှ သိမ်းဆည်းထားသည့်မြေများအားပြည်သူလူထုက တိုင်ကြားသည့် အမှုပေါင်း ၄၃၃ မှု အနက် ၄၃ မှုအား ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်မင်းနိုင်က ယနေ့ ပြောကြားသည်။

မြေယာ သိမ်းဆည်းခံရသူများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် စစ်ထောက်ချုပ်ရုံးသို့ လည်းကောင်း၊

စာ(၁၂)သို့

## စစ်ဘေးဒုက္ခသည်စခန်းမှ ကလေးငယ်အချို့ ဝမ်းရောဂါကြောင့် သေဆုံး

သတင်း-စာ(၂၉)သို့



7 DAY NEWS JOURNAL
Vol.11, No.47 ▪ JANUARY 31 , 2013

# ရဲတပ်ဖွဲ့ ငါးဖွဲ့ ထပ်မံတိုးချဲ့ ဖွဲ့စည်း၊ ရဲအင်အား ၁၀၀,၀၀၀ ဝန်းကျင်မှ ၁၂၀,၀၀၀ထိ တိုးချဲ့

**အောင်သူရ**

**နေပြည်တော်၊ ဇန်နဝါရီ-၂၅**

တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ရဲတပ်ဖွဲ့အသစ် ငါးဖွဲ့ကို ထပ်မံဖွဲ့စည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စီမံရေးနှင့် လေ့ကျင့်ရေး ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်ကပြောသည်။



*ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်အနီး လုံခြုံရေးယူထားသော တပ်ဖွဲ့ဝင်များကိုတွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အသစ်ထပ်မံ ဖွဲ့စည်းသော ရဲတပ်ဖွဲ့များမှာ လေကြောင်းရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၊ ကမ္ဘာလှည့်ခရီးသည်များ လုံခြုံမှုစောင့်ရှောက်ရေး ရဲတပ်ဖွဲ့(Tourist Police)၊ အမြန်လမ်း ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ဖြစ်သည်။

“ပွင့်လင်းလာတဲ့ လူ့အဖွဲ့အစည်းနဲ့အညီ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ဖို့ ထပ်ဖွဲ့တာပါ။ အရင်တုန်းက တပ်မတော်က ဒီလုပ်ငန်း တော်တော်များများကို တာဝန်ယူထားတယ်။ အခု အစိုးရလက်ထက်မှာတော့ ပြည်ထဲရေးက တာဝန်ပြန်ယူရတယ်” ဟု ရဲမှူးကြီး ဝင်းခေါင်က ရှင်းပြသည်။

တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့များ အနေဖြင့် ပြည်သူများ လက်ခံလာနိုင်ရန် ဦးစွာလုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မည်ဖြစ်ကြောင်း အထက်တန်းရှေ့နေ ဦးထွန်းလှိုင်က ပြောသည်။

အသစ်ထပ်မံ ဖွဲ့စည်းထားသော ရဲတပ်ဖွဲ့များအနက် လေကြောင်းနှင့် အမြန်လမ်းရဲတပ်ဖွဲ့များမှာ ဖွဲ့စည်းနိုင်ခဲ့ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲစခန်း(၁၁)ခု ဖွင့်လှစ်တာဝန်ယူမည်ဟု သတင်းရရှိသည်။

“ရေကြောင်း ရဲတပ်ဖွဲ့ကိုတော့ အခုလောလောဆယ် မှူခင်းကြီးတွေ အဖြစ်များတဲ့ ရန်ကုန်နဲ့ ဝမ်ပုန်(မဲခေါင်မြစ်ကမ်း) မှာထားမယ်။ နောက်ပိုင်းမှာ ကျောက်ဖြူတို့ ထားဝယ်ဆိပ်ကမ်းတို့မှာ ထားဖို့ ရှိပါတယ်” ဟု ရဲမှူးကြီး ဝင်းခေါင်က ပြောသည်။

မြန်မာနိုင်ငံတွင် မှူခင်းရဲတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့အပါအဝင် ရဲတပ်ဖွဲ့ ၁၅ ဖွဲ့ရှိပြီး အင်အား တစ်သိန်းဝန်းကျင်ရှိသော်လည်း ဖွဲ့စည်းပုံအသစ်အရ ယခုကဲ့သို့ အင်အားတစ်သိန်း နှစ်သောင်းထိ တိုးချဲ့ခဲ့ကြောင်းသတင်းရရှိသည်။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ဇန်နဝါရီ ၃၁တွင် ပြဋ္ဌာန်းမည်

**ပြည်သိမ်း၊မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ မျှော်လင့်နေသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သတင်းရရှိသည်။

“နောက်ဆုံးအဆင့် အားလုံးပြီးနေပြီ။ ထွက်ဖို့ပဲရှိတော့တယ်။ နိုင်ငံခြားသားလုပ်ငန်းရှင်တွေက ဒါကိုစောင့်နေကြတာ”ဟု ကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကဆိုသည်။

ယခင်က နိုင်ငံခြားကုမ္ပဏီများ လုပ်ငန်းလုပ်ကိုင်ရန် ကမ်းလှမ်းအဆိုပြုမှုမှာ သုံးလမှာ ကုမ္ပဏီတစ်ခုလောက်သာရှိသော်လည်း ဥပဒေထွက်ပြီးနောက်ပိုင်း အပတ်စဉ် အစည်းအဝေးတိုင်းတွင် ကုမ္ပဏီနှစ်ခုမှ သုံးခုကြားရှိသည်။ ယခုနှစ်ဆန်းပိုင်းမှစ၍ နည်းဥပဒေထွက်ရန် နီးစပ်လာချိန်တွင် ပိုများလာကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

“နည်းဥပဒေထွက်လာမှုပေါ် မူတည်ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကွက်ကွက်ကွင်းကွင်း သိမှ ရင်းနှီးမြှုပ်နှံမှုက ဝင်လာမှာ။ လောလောဆယ် ကောလာဟလတွေ သို့လောသို့လောနဲ့ပဲ ဝင်မလာကြသေးဘူး”ဟု မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် (UMFCCI)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ထွက်လာပါက ပြည်တွင်းသို့ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပြီး အလုပ်အကိုင်အခွင့်အလန်းများ ပိုမိုရရှိလာနိုင်မည် ဖြစ်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြည်ပလုပ်ငန်းရှင်များအတွက် အခွန်ကင်းလွတ်ခွင့်များရှိနေသဖြင့် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအတွက် အကာအကွယ်များလည်း လိုအပ်ကြောင်း လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ရှင်းပြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အခန်း(၂၀)နှင့် နိုဝင်ဘာ ၂ ရက်က ၂၀၁၂ ခုနှစ်ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁)ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေမှာ အကျဉ်းချုပ်သာဖော်ပြထားပြီး နည်းဥပဒေတွင် အသေးစိတ်အချက်အလက်များ ပါဝင်မည်ဖြစ်သည်။

တိုင်းရင်းသားလုပ်ငန်းရှင်များ အကျိုးအတွက် ပြဋ္ဌာန်းရန် လိုအပ်နေသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ဇန်နဝါရီ ၂၃ရက်တွင် လွှတ်တော်က အတည်ပြုခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013



# ပြည်သူတစ်ရပ်လုံး ဝမ်းသာလက်ခံမည့် ဈေးနှုန်းဖြင့် မိုဘိုင်းဖုန်း ရောင်းပေးမည်ဟု ဆက်သွယ်ရေးဒုဝန်ကြီးပြော

**သန်းထူး**

**နေပြည်တော်၊ဇန်နဝါရီ- ၂၈**

ထပ်မံရောင်းချပေးမည့် မိုဘိုင်းတယ်လီဖုန်းများ၏ ဈေးနှုန်းသည် ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံသည့် ဈေးနှုန်းဖြစ်စေရမည်ဖြစ်ကြောင်း ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် နဝမနေ့အစီအစဉ်တွင် ပြောကြားသည်။

"အပွင့်လင်းဆုံးဖြေရရင် အရင်နှုန်းထား (နှစ်သိန်း)ထက် များစွာသက်သာစေရမယ်။ ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံမယ့် နှုန်းထားသစ်နဲ့ ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်" ဟု ဦးဝင်းသန်းကဖြေကြားခဲ့သည်။

အဆိုပါ ဖြေကြားချက်နှင့် ပတ်သက်ပြီး မေးခွန်းရှင် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက "ဒီနေရာမှာ ကျွန်တော်ထပ်ဆင့်မေးခွန်းမေးရင် ဒုတိယဝန်ကြီးအနေနဲ့ ဖြေရကျပ်သွားနိုင်ပါတယ်။ ဒီအချိန်မှာဖြေရမယ့်ပြည်ထောင်စုဝန်ကြီးမှ မရှိဘဲ၊ပြည်ထောင်စုဝန်ကြီး ခန့်အပ်ပြီးမှသာ ဒီလုပ်ငန်းက ဆက်သွားပါလိမ့်မယ်။ တစ်ဖက်ကို အလဲထိုးတဲ့ လုပ်ရပ်မျိုး မလုပ်အပ်ဘူးလို့ ထင်ပါတယ်" ဟု ပြောဆိုသည်။

ထို့အပြင် အနည်းဆုံး နှုန်းထားဆိုသည့် အကြောင်းအရာနှင့် ပတ်သက်၍လည်း "ဥပမာ တစ်သောင်းအောက်လို့ ကျွန်တော်က သုံးနှုန်းပါတယ်။ သူကလည်းပြည်သူတွေ အင်မတန်မှ အံ့ဩဝမ်းသာမယ့် နှုန်းထားဖြစ်စေရပါမယ်လို့ ဖြေသွားတယ်။ ဒါက လွှတ်တော်ထဲမှာဆိုတော့ ကတိကဝတ်ပါပဲ" ဟု ဆက်လက်ပြောသည်။

ယနေ့အစီအစဉ်တွင် ဒေါက်တာမြတ်ဉာဏစိုးက "မိုဘိုင်းဖုန်းများကို ဈေးနှုန်းလျှော့ချရန် အစီအစဉ်ရှိသည့်အတွက် ကျေးလက်ပြည်သူများအား အရစ်ကျရောင်းချမည့် အစီအစဉ်ကို ဈေးလျှော့ချပြီးမှသာ ဆက်လက်ဆောင်ရွက်ရန်" မေးခွန်းကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

# မြန်မာ့ဆက်သွယ်ရေးမှ အကြီးတန်းအရာရှိ ရှစ်ဦးအား အမှုဖွင့်

**ယုဇနကိုကို**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၂၃**

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ အကြီးတန်းအရာရှိ ရှစ်ဦးအား ဘဏ္ဍာငွေ အလွဲသုံးစား ပြုလုပ်သည်ဆိုသော စွဲချက်ဖြင့် နေပြည်တော်တိုင်းဒေသကြီး ဥတ္တရသီရိမြို့နယ်ရှိဘုရားကုန်းရဲစခန်းမှပြစ်မှု ပုဒ်မ ၄၀၉ ဖြင့် အမှုဖွင့်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

အမှုဖွင့်ခံရသည့် အကြီးတန်း အရာရှိများတွင် အထွေထွေမန်နေဂျာအဆင့်ရှိ ပုဂ္ဂိုလ်အချို့လည်း ပါဝင်နေပြီး လတ်တလောတွင် တရားစွဲတင်သည့် အဆင့်ထိ မရောက်ရှိသေးဘဲ အမှုဖွင့်သည့် အဆင့်သို့ရောက်နေပြီဖြစ်ကြောင်း နေပြည်တော်၊ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ ရဲချုပ်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး (မှုခင်း) ဒုတိယရဲမှူးကြီးဝင်းစိန်က ပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ ခေါ်ယူစစ်ဆေးမှုများကို ရင်ဆိုင်နေရသည့်မြန်မာ့ဆက်သွယ်ရေးမှ ဝန်ထမ်းအရေအတွက်မှာ ၅၀ ဦးခန့်ရှိပြီး ၎င်းတို့အထဲမှ အထက်ပါအရာရှိရှစ်ဦးသည် တိုက်ရိုက် အမှုဖွင့်ခံရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ဘဏ္ဍာငွေအလွဲသုံးစားလုပ်မှု အပါအဝင် သံသယရှိဖွယ် ဆက်သွယ်ရေးဆိုင် စီမံကိန်းအချို့နှင့် ပတ်သက်ပြီး ယင်းလုပ်ငန်း၏ အင်ဂျင်နီယာချုပ်၊ ဒုတိယ အင်ဂျင်နီယာချုပ် အစရှိသည့် ပုဂ္ဂိုလ်များ အပါအဝင် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းကအခြား ဝန်ကြီးဌာနများသို့ ပြောင်းရွှေ့သွားသည့် အဆင့်မြင့်အရာရှိ အချို့သည်လည်း ပြည်ထဲရေးဝန်ကြီးဌာန၏ လာဘ်ပေးလာဘ်ယူစုံစမ်းစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူစစ်ဆေးမေးမြန်းမှုကို ခံနေရသည်ဟု Channel News Asia ၊ Wall Street Journal အစရှိသည့် နိုင်ငံတကာ သတင်းဌာနများကလည်း ဆက်တိုက်ဖော်ပြမှုများပြုလုပ်လာပြီဖြစ်သည်။

ဇန်နဝါရီ ၁၆ ရက်က ဆက်သွယ်ရေးဝန်ကြီး ဦးသိန်းထွန်း၏ နုတ်ထွက်မှုအပြီးတွင် ဆက်တိုက်ထွက်ပေါ်လာခဲ့သော အထက်ပါသတင်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ လာဘ်ပေးလာဘ်ယူ အထူးစုံစမ်းရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသည့် တာဝန်ရှိသူက "အမိန့်စာတော့ တွေ့လိုက်ရတယ်။ ဆက်သွယ်ရေးက ဝန်ထမ်းရှစ်ဦးပါ။ဘယ်ရာထူးတွေလဲဆိုတာတော့ ပြောလို့ မရသေးပါဘူး။ ပြည်ထဲရေးကစုံစမ်းစစ်ဆေးမှုတွေကိုလုပ်နေပါတယ်။ အရေးယူရမယ့် အကြောင်းအရာ ကိစ္စတွေရှိလာရင် ဥပဒေအတိုင်း အရေးယူသွားမှာပါ" ဟု အထက်ပါ အကြောင်းအရာနှင့် ပတ်သတ်၍ ဖြေကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြောရေးဆိုခွင့်ရှိသူ ဆက်သွယ်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ဦးကျော်စိုးကလည်း "အမှုဖွင့်ခြင်း၊ မဖွင့်ခြင်းက ပြည်ထဲရေးက အဓိကပါ။ အစစ်ဆေးခံနေရတဲ့ အချိန်မှာပဲ ရှိပါသေးတယ်။ ဘာကြောင့် အစစ်ဆေးခံနေရလဲဆိုတာကိုတော့ သက်ဆိုင်ရာ ဌာနကပဲသိပါတယ်။ ဘာကိစ္စနဲ့စစ်ဆေးတယ်ဆိုတာ ကျွန်တော်မသိပါဘူး" ဟု ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က "မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေတယ်ဆိုတာ မှန်ကန်ပါတယ်။ သို့သော် စုံစမ်းဆဲဖြစ်လို့ အသေးစိတ်ထုတ်ဖော်ပြောကြားနိုင်ခြင်း မရှိသေးပါဘူး" ဟု ဖြေကြားသည်။

ဦးသိန်းထွန်း၏ ပြည်ထောင်စုဝန်ကြီး ရာထူးမှ နုတ်ထွက်မှု အပြီးတွင် အများပြည်သူ၏ဝေဖန်မှုများကို အမြဲရင်ဆိုင်နေရသည့် အဆိုပါ ဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများကို နိုင်ငံတကာ သတင်းမီဒီယာများကပါ မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ထုတ်လွှင့်ရေးသားနေသည်။

# တပ်မတော်ကို ချစ်ခင်နှစ်သက်ဆဲဖြစ်ကြောင်း ဘီဘီစီ ရေဒီယိုအစီအစဉ်တွင် ဒေါ်အောင်ဆန်းစုကြည် ပြောကြား



*အမေရိကန်နိုင်ငံ ဟာဝိုင်အီကျွန်းသို့ ရောက်ရှိခဲ့စဉ်*  ဓာတ်ပုံ-AFP

**လန်ဒန်၊**

**ဇန်နဝါရီ- ၂၈**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ယခင်စစ်အစိုးရလက်အောက်၌ နေအိမ်အကျယ်ချုပ် ၁၅ နှစ်ကျခံခဲ့ရသော်လည်း မြန်မာ့တပ်မတော်ကို ချစ်ခင် နှစ်သက်နေဆဲဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဘီဘီစီ၏ Radio 4's Desert Island Discs အစီအစဉ်တွင် တင်ဆက်သူကာရ်စတီယန်းနှင့် တွေ့ဆုံရာ၌ ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ဒီဇင်ဘာက ရန်ကုန်ရှိ ၎င်း၏နေအိမ်တွင် အသံသွင်းယူခဲ့သော ထိုအစီအစဉ်တွင် "ဒါဟာ တကယ်အမှန်ပါ။ ကျွန်မဟာ တပ်မတော်ကို တကယ်နှစ်သက်ပါတယ်။ လူတွေကတော့ ကျွန်မဒီလိုပြောတာ မကြိုက်ကြဘူး။စစ်တပ်ကိုကာကွယ်ပေးတဲ့ သူတစ်ဦးအဖြစ် ကျွန်မကို ဝေဖန်သူတွေ အများကြီးရှိကြပါတယ်။ ဒါပေမဲ့ အမှန်တရားကတော့ ကျွန်မဟာ တပ်မတော်ကို သိပ်ချစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တပ်မတော်ကို ကျွန်မဖေဖေရဲ့ တပ်မတော်အဖြစ် ကျွန်မအမြဲပဲတွေးထင်ခဲ့လို့ပါ" ဟု၎င်းက ပြောသည်။

ဆက်လက်၍ တပ်မတော်သည် အတိတ်က အလွန်ဆိုးရွားသော ကိစ္စများကို တိုင်းပြည်တွင် ပြုလုပ်ခဲ့သော်လည်း အနာဂတ်တွင် ပြောင်းလဲလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ဘီဘီစီ၏ ယင်းအစီအစဉ်တွင် ၎င်း၏အကြံပေးသူတစ်ဦးက ရွေးချယ်ပေးသော တွမ်ဂျုံးစ်၏ Green, Green of Home သီချင်းကို ရွေးချယ်ခဲ့ပြီး ထိုသီချင်းကို တစ်ခါမှ မကြားဖူးသော်လည်း အကြံပေးသူက သီချင်းသည် အင်္ဂလန်တွင်နေထိုင်စဉ် မြန်မာပြည်ကို သတိရစေခဲ့သော သီချင်းတစ်ပုဒ်ဖြစ်၍ ရွေးချယ်သင့်ကြောင်း အကြံပြုခဲ့ရာမှ ထိုအတိုင်းရွေးချယ်ဖြစ်ခဲ့ကြောင်း ဝန်ခံပြောကြားခဲ့သည်။

—Ref: BBC

မျက်နှာဖုံးမှ

## ၂၀၁၂အတွင်း လူသတ်မှုနှင့်မုဒိမ်းမှု အများဆုံးဖြစ်

တစ်နိုင်ငံလုံး အမှုကြီး၁၀မျိုးဖြစ်ပွားမှုတွင် ၂၀၁၁ခုနှစ်၌ ၂၂၉၀မှုရှိ၍ ၂၀၁၂က ၂၈မှုပိုများခဲ့သည်။ စုစုပေါင်းမှုခင်းဖြစ်ပွားမှုများမှာ နှစ်အလိုက်တိုးလာသည်ကိုလည်း စာရင်းဇယားများအရ သိရှိရသည်။ အမှုကြီး၁၀မျိုးတွင် မပါသော ခိုးမှုများမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုများလာကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်များတွင်ဖော်ပြထားသည်။

တစ်နိုင်ငံလုံးနည်းတူ ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သော အမှုကြီး၁၀မျိုးတွင်လည်း လူသတ်မှုနှင့် မုဒိမ်းမှုက ပထမနှင့်ဒုတိယအများဆုံးဖြစ်ခဲ့သည်။ ရန်ကုန်တွင် တစ်နှစ်တာအတွင်း ရာဇဝတ်မှုပေါင်း ၃၅၆ မှုဖြစ်ပွားခဲ့ရာတွင် လူသတ်မှု၁၆၄မှုဖြစ်ပွားကာ ၁၅၄မှုအား တရားစွဲဆိုနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုဒိမ်းမှုမှာ ၁၃၅ မှုဖြင့် ဒုတိယအများဆုံးဖြစ်ပွားခဲ့သည်။ ထို့ကြောင့် အဆိုပါပြစ်မှုကြီးနှစ်ခု ဖြစ်ပွားနှုန်းမှာ တစ်နှစ်တာ ဖြစ်ပွားသော အမှုစုစုပေါင်း၏ ထက်ဝက်ကျော်ပင်ရှိသည်။ လုယက်မှု ၃၀၊ ဖောက်ထွင်းမှု ၁၈ မှု၊ တိရစ္ဆာန်ခိုးမှုနှင့်မတရားအသင်းသုံးမှု အသီးသီးဖြစ်ပွားခဲ့ကြောင်း ၎င်းတို့က ပြောသည်။ပြီးခဲ့သည့်ဆယ်စုနှစ်(၂၀၀၁မှ ၂၀၁၀)တွင်လည်းပြစ်မှုကြီးများတွင် လူသတ်မှုနှင့် မုဒိမ်းမှုမှာ အများဆုံးဖြစ်ပွားခဲ့သည်။ ဆယ်နှစ်အတွင်း လူသတ်မှု ၁,၁၇၇ မှု ဖြစ်ပွားခဲ့ပြီး မုဒိမ်းမှု ၇၅၅ ဖြစ်ပွားခဲ့ကြောင်း ပြစ်မှုမှတ်တမ်းများအရ သိရသည်။

ရန်ကုန်တွင် ခိုးမှု ၈၉၈မှုဖြစ်ပွားခဲ့ရာတွင် ၅၄၇ မှုသာ ဖော်ထုတ်နိုင်ခဲ့ပြီး ၃၅၁မှုမှာမူ တရားခံမမိခဲ့ဘဲ ယာဉ်တိုက်မှု ၁,၈၀၃မှု ဖြစ်ပွားခဲ့ရာတွင်လည်း ၁,၅၀၉မှုသာ ဖော်ထုတ်နိုင်ခဲ့ကြောင်း စာရင်းဇယားများအရ သိရှိရသည်။ ယာဉ်တိုက်မှုများတွင် ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၆၃၄ မှု ပိုများသကဲ့သို့ ၂၀၁၀ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၁,၀၀၈ မှု ပိုများလာသည်။

ရန်ကုန်တွင် အထက်ပါအမှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခဲ့သော အမှုဆယ်မျိုးဖြစ်သည့် လောင်းကစား၊ လက်နက်ပုန်း၊ ယစ်မျိုး၊ ပြည့်တန်ဆာ၊ ခြေချုပ်၊ ရဲဘက်၊ ခိုးမှုမသင်္ကာ၊ ၅/ညနှင့် ဆင်ဆာမဲ့ရေဒီယို အမှုပေါင်း ၂၅,၄၅၇ မှုဖြစ်ပွားရာတွင် ၂၅,၁၆၀ မှုတ ရားစွဲဆိုနိုင်ခဲ့ကြောင်း ရန်ကုန် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်နိုင်ငံလုံးတွင် လူကုန်ကူးမှုမှာ ၁၁၉ မှု အရေးယူနိုင်ခဲ့သောကြောင့် ၂၀၁၁ နှင့် နှိုင်းယှဉ်ပါက ၁၇ မှု လျော့နည်းကာ ၂၀၁၀ ထက် ၅၂ မှု လျော့နည်းပြီး ၂၀၀၉ ထက် ၃၆ မှု လျော့နည်းခဲ့ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

CRIME CORNER မှုခင်းသတင်း

## မှုးယစ်ဆေးဝါးနှင့် လက်နက် သယ်ဆောင်လာသော ဘုန်းကြီးတစ်ပါးအား ဖမ်းဆီး

**မြတ်စုမွန်၊ မောင်ကံ**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ သဘော်ဆိပ်ကမ်းတွင် မူးယစ်ဆေးဝါးနှင့် လက်နက်သယ် ဆောင်လာသည့် ဘုန်းကြီးတစ်ပါးအား ဖမ်းဆီးရမိခဲ့ကြောင်း စစ်တွေမြို့ အမှတ်(၂)ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးထံမှသတင်းရရှိသည်။

ဇန်နဝါရီ ၂၄ ရက် နံနက် ၇နာရီတွင် စစ်တွေမှ ဘူးသီးတောင်မြို့သို့ ထွက်ခွာမည့် မလိခအမြန်ရေယာဉ်ဂိတ်တွင် သတင်းအရ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ လက်နက်နှင့်(WY)စာတန်းပါ စိတ်ကြွဆေးပြား ကျပ်သိန်း ၁၄၈၈ဖိုး သိမ်းဆည်းနိုင်ခြင်းဖြစ်သည်။

"ဦးဣန္ဒစာရဆိုတဲ့သံဃာရဲ့ ခရီးဆောင်အိတ်ထဲက ဖမ်းမိတာပါ။ ကျန်တဲ့နောက်ဆက်တွဲကို ကျွန်တော်တို့ ဆက်စုံစမ်းနေတုန်းပါ။ အမှုက ဆက်လုပ်စရာတွေ ရှိနေသေးတဲ့အတွက် အခုချိန်မှာ အ ကုန်မပြောပြနိုင်သေးတာပါ" ဟု စစ်တွေမြို့ အမှတ်(၂)ရဲစခန်းမှ တာဝန်ရှိရဲအရာရှိတစ်ဦးက ပြောသည်။

ယင်းခရီးသွား သံဃာ၏လက်ဆွဲအိတ်အတွင်းမှ လက်လုပ် သေနတ်အတိုတစ်လက်၊ ၉၁ လက်ပစ်ဗုံး တစ်လုံး (ဖျူးပါပြီး)၊ ၇ ဒသမ ၆၂ ကျည်တစ်တောင့်၊ ၉ မမ ကျည်တစ်တောင့်၊ ၅ ဒသမ ၅၆ ကျည်၁၃တောင့်၊ ဒသမ ၃၀ တာဘိုင်ကျည်တစ်တောင့်၊ ပါရာပစ္စတို ကျည်ကတ်တစ်ခုနှင့် (WY)စာတန်းပါ စိတ်ကြွဆေးပြား ၄၉၆၀၀ပြား၊ တန်ဖိုးကျပ် ၁,၄၈၈ သိန်းဖိုး၊ PPT လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေတစ်သိန်းကျပ်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

သံဃာတစ်ပါးထံမှယခုကဲ့သို့လက်နက်နှင့်မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်းသည် သာသနာကို အသုံးချခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်ကပြောသည်။

"ဒါဟာ သင်္ကန်းနဲ့ သာသနာကို ခုတုံးလုပ်၊ အကာအကွယ်ယူပြီး မလုပ်သင့်မလုပ်အပ်တာကိုလုပ်တာပဲ။ ရခိုင်လူထုက ဒါကိုမကျေနပ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ လုံးဝခွင့်လွှတ်နိုင်စရာမရှိပါဘူး" ဟု ၎င်းကဆက်လက် ပြောသည်။

သိမ်းဆည်းရမိသည့်ပစ္စည်းများတွင်လက်နက်နှင့်မူးယစ်ဆေးဝါး အပါအဝင် ဆိုင်ကယ်တစ်စီး လက်ဆွဲအိတ် တစ်လုံးနှင့် အခြားအသေးအဖွဲ့ ပစ္စည်းများလည်း ပါဝင်ခဲ့ကြောင်း စစ်တွေမြို့ ရှုပမြောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်တွေအမှတ်(၂) ရဲစခန်းမှ(ပ)မယ-၃၊ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)၊ ၂၀(က)၊ ၂၁/ ၂၂(ခ)အရအမှုဖွင့်အရေးယူထားပြီးကွင်းဆက်တရားခံများကိုလည်း ဆက်လက်စုံစမ်းရှာဖွေနေကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၂ခုနှစ် အောက်တိုဘာ နောက်ဆုံးပတ်ကလည်း ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ပဋိပက္ခဖြစ်စဉ်များမှ ဒေသန္တာရလုပ် တူမီးသေနတ် ၁၈၀လက် သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံး သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

PATH TRAVELS & TOURS CO., LTD.
Golden Myanmar Airlines
ရန်ကုန် ➡ မန္တလေး
27000 Ks
Tel : 505023 / 505024 / 518366
527032 / 537840 / 502973
H.P : 0949-282777 / 0973-911911



*ပုဂံဘုရားများတွင် ဗိသုကာလက်ရာဖြင့် ထင်ရှားသော အာနန္ဒာဘုရား*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အာနန္ဒာဘုရားတွင် ပုဂံခေတ်လက်ရာ နံရံဆေးရေးပန်းချီများ ပြန်လည်တွေ့ရှိ

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရားတွင် တိမ်မြုပ်ပျောက်ဆုံးနေသော ပုဂံခေတ်လက်ရာနံရံဆေးရေးပန်းချီများကို ပြန်လည်တွေ့ရှိကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။

ယင်း နံရံဆေးရေးပန်းချီများကိုဘုရား၏အရှေ့ဘက်နှင့်တောင်ဘက်မုခ်ဦး အပေါ်ဘက် မျက်နှာကျက်နံရံထုံးလွှာခုနစ်လွှာအောက်တွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ကျန်မုခ်ဦးနှစ်ဘက်တွင်လည်း နံရံဆေးပန်းချီများ ရှိနိုင်သည်ဟု ယူဆထားသောကြောင့် ဓာတုဗေဒသန့်စင်နည်းနှင့် ရှာဖွေနေကြောင်း၊ အချို့ဆေးရေးပန်းချီများမှာထုံးဓာတ်ကြောင့်ပျက်ယွင်းနေကြောင်းအထက်ပါပုဂ္ဂိုလ်ကပြောသည်။ "ထုံးလွှာ ခုနစ်လွှာအောက်က ခက်ခက်ခဲခဲ ပြန်လည်သန့်စင်ရတယ်" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

နံရံဆေးရေးပန်းချီလက်ရာများမှာ အလွန်ရှေးကျသော ပုဂံခေတ်လက်ရာဖြစ်သည့် ဗုဒ္ဓရုပ်ပုံလွှာများ၊ ပန်းနွယ်ပန်းခက်များနှင့် ခေါင်းသုံးလုံးရှိသော ဗြဟ္မာရုပ်ပုံများကို သရုပ်ဖော်ရေးဆွဲထားခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အာနန္ဒာဘုရားပြုပြင် ထိန်းသိမ်းခြင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ်မှစတင်ပြီး ခုနစ်နှစ်အကြာ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ ပူးပေါင်း လုပ်ဆောင်နေစဉ်အတွင်း ဘုရားကြီး၏ အဆောက်အအုံ ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဓာတုဗေဒ သန့်စင် နည်းဖြင့် သန့်စင်ခြင်း လုပ်ငန်းများ၊ တိမ်မြုပ်ပျောက်ကွယ်နေသော နံရံဆေးရေးပန်းချီရှာဖွေခြင်းလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်သည်။

## ခိုးကူးခွေထိရောက်စွာနှိမ်နင်းရန် ဂီတအစည်းအရုံးတွင် အငြိမ်းစားရဲမှူးနှစ်ဦး ခန့်အပ်

**အေးသူစံ**

**ရန်ကုန်၊**
**ဇန်နဝါရီ- ၂၃**

မြန်မာတေးသီချင်း ခိုးကူးခွေများ အား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း များ ထိရောက်စွာပြုလုပ်ရန် အငြိမ်းစားရဲမှူးနှစ်ဦးကို ဂီတအစည်းအရုံးတွင် အချိန်ပြည့်ရုံးထိုင် အဖြစ် ခန့်ထားကြောင်း အဆိုပါ အစည်းအရုံး (ဗဟို) တွဲဖက်အတွင်းရေးမှူး ဦးမျိုးနွယ်ဆွေက ပြောသည်။

မြန်မာသီချင်းစီဒီ၊ဗီစီဒီတို့ကိုတရားမဝင်ခိုးကူးခြင်း၊ဖြန့်ချိရောင်းချခြင်းတို့ကိုတွေ့ရှိပါက မြန်မာနိုင်ငံဂီတအစည်းအရုံးသို့တိုင်ကြားသတင်းပေးရန်မေတ္တာရပ်ခံထားခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့နှင့်ချိတ်ဆက်ဖမ်းဆီးနိုင်ရန် အချိန်ပြည့်ရဲဝန်ထမ်းဟောင်းနှစ်ဦးကိုခန့်ထားလိုက်ခြင်းဖြစ်ကြောင်း၎င်းကပြောသည်။ ယခင်က ခိုးကူးဖမ်းဆီးရမိပါက သက်ဆိုင်ရာရဲက တရားလိုပြုလုပ်တရားစွဲရခြင်း၊ သက်သေပြုလုပ်ရခြင်း ပြုလုပ်ရသည်။ အဆိုပါရဲများမှာ တာဝန်များဖြင့် မအားလပ်ခြင်းကြောင့် အစည်းအရုံးအတွက်ကိုယ်စားရပ်တည်ပေးနိုင်ရန် အငြိမ်းစားရဲမှူးနှစ်ဦးကို ခန့်အပ်ခြင်းဖြစ်ကြောင်း ဦးမျိုးနွယ်ဆွေကဆိုသည်။

"ခိုးကူးဖမ်းမိရင်၊ ဥပမာ ဖမ်းမိတဲ့အခွေက ချစ်သုဝေခွေပဲ ထားပါတော့။ ချစ်သုဝေမှာ အနုပညာအလုပ်တွေနဲ့ တရားရုံးသွားဖို့ လာဖို့မလွယ်ဘူးလေ။ အနုပညာရှင်တွေကိုယ်စား ဒီရဲနှစ်ဦးက တရားလိုလုပ်ပြီး တရားစွဲရမှာပေါ့" ဟု ဦး မျိုးနွယ်ဆွေကရှင်းပြသည်။

ခိုးကူးဖြန့်ချိ၊ရောင်းချသူများကို တရားစွဲဆိုပါက ပြစ်ဒဏ်မှာ ထောင်ဒဏ်တစ်လ၊ ငွေဒဏ် ကျပ် တစ်သိန်းသာဖြစ်ပြီး ထိရောက်သော ပြစ်ဒဏ်ဖြစ်စေ၊ တရားမကြောင်းအရ နစ်နာကြေးတောင်းခြင်း၊ မူပိုင်ခွင့်ဥပဒေဖြင့် တရားစွဲဆိုခြင်းများပါ ပြုလုပ်မည်ဟု ၎င်းက ဆက်လက်ပြောသည်။

ရဲမှူးနှစ်ဦးခန့်အပ်သည့်စရိတ်စကများကို ထုတ်လုပ်ဖြန့်ချိ အလွှာမှ လုပ်ငန်းရှင်အများစုက ထောက်ခံကူညီကြသည်။ ယင်းသို့ ရဲနှစ်ဦး အချိန်ပြည့် ခန့်အပ်ထားပြီး တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် ခိုးကူးအမှုတစ်မှုကို တရားစွဲဆိုတင်ပို့နိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

## စစ်တွေမြို့ သံထော်လီ အကြမ်းဖက်လူသတ်မှုတွင် ပါဝင်သူများအား ထောင်ဒဏ် ၁၀နှစ်စီ ချမှတ်

**မောင်ကံ**

**စစ်တွေ၊ဇန်နဝါရီ- ၂၃**

ပြီးခဲ့သည့်နှစ် ဇွန်လအတွင်း ဖြစ်ပွားခဲ့သည့် စစ်တွေမြို့ သံထော်လီအကြမ်းဖက် လူသတ်မှုတွင် ပါဝင်သူ ၁၂ ဦးအား စစ်တွေခရိုင်တရားရုံးက ဇန်နဝါရီ ၁၁ ရက်တွင် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်လိုက်ကြောင်း အဆိုပါတရားခွင်သို့ သွားရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

၂၀၁၂ ဇွန် ၁၁ ရက်က သံထော်လီကျေးရွာအနီး ဖြစ်ပွားခဲ့သည့် လူငါးဦးတစ်ပြိုင်တည်း သေဆုံးခဲ့မှုတွင် ပါဝင်ပတ်သက်သူများဖြစ်သည့် ရှော်ဘူလာ အပါအဝင် တရားခံ ၁၂ ဦးအား ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ခြင်းဖြစ်ပြီး ဘော်ရှီးအာမောက် အပါအဝင် ဘင်္ဂါလီခုနစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၀၂)(၂) အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမှုမရှိသဖြင့် အမှုမှ အပြီးအပြတ် လွှတ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

ထောင်ဒဏ်အသီးသီးချမှတ်ခြင်းခံရသည့် ရှော်ဘူလာ အပါအဝင် ဘင်္ဂါလီ ၁၄ ဦးနှင့် ရခိုင်လူမျိုး ၄ ဦးတို့သည် တုတ်၊ ဓား၊ လှံများဖြင့် အပြန်အလှန် ရိုက်နှက်သတ်ပုတ်ခဲ့ကြရာ ရခိုင်တိုင်းရင်းသားများဖြစ်သည့် ဦးသန်းချေ၊ မြသာထွန်း၊ မော်ဒီဦးနှင့် ဦးကျော်သိန်းတို့ လေးဦးနှင့် ဘင်္ဂါလီသုံးဦး သေဆုံးခဲ့သည်။ ရှော်ဘူလာနှင့် ဘင်္ဂါလီအုပ်စုများမှာ သံထော်လီကျေးရွာ နေအိမ်များနှင့် ကောက်ရိုးပုံများအား မီးရှို့ကြောင်း စိစစ်တွေ့ရှိရသဖြင့် တရားဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည်။

၂၀၁၂တွင် တောင်ကုတ်မြို့၌ လူ၁၀ဦး အသတ်ခံရမှုမှာ ယခုအချိန်အထိ ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။

# လာဘ်ပေးလာဘ်ယူမှုဖြင့် အကောက်ခွန်ဝန်ထမ်း ၃၃ ဦးကို အရေးယူ

**သိမ့်သိမ့်စိုး၊ ခန့်ထက်**
**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

အကောက်ခွန်ဦးစီးဌာနက ပြီးခဲ့သည့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ခဲ့သော ဝန်ထမ်း ၃၃ ဦးကို ရာထူးမှ ရပ်နားခြင်းနှင့် ရာထူးလျှော့ချခြင်းများကို ပြုလုပ်ခဲ့ကြောင်း စီမံဌာနခွဲ ညွှန်ကြားရေးမှူးဦးဇော်လင်းက ပြောသည်။

ယင်းအရေးယူခဲ့သော ၃၃ ဦးထဲမှ ညွှန်ကြားရေးမှူးနှစ်ဦးကို ရာထူးမှရပ်နားစေပြီး ကျန်ဝန်ထမ်း ၃၁ ဦးကို ရာထူးတစ်ဆင့်နှိမ့်ချ အရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း ယင်းကပြောသည်။

"လာဘ်ပေးလာဘ်ယူတာနဲ့ ပတ်သက်ပြီးတော့ အားနာတယ်ဆိုတဲ့ စကား မသုံးပါနဲ့"ဟု အကောက်ခွန်ဝန်ထမ်းများလာဘ်စားမှုမရှိစေရေးနှင့်ပတ်သက်၍ အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

"လာဘ်ပေးလာဘ်ယူကိစ္စကို လက်ခံတဲ့ ဝန်ထမ်းကို ထိထိရောက်ရောက် အရေးယူသွားသလို ပဲ တစ်ဖက်က လာဘ်ပေးလာဘ်ယူကိစ္စကို အားပေးအားမြောက်ဖြစ်စေအောင် ဆွဲဆောင်တဲ့ ကုမ္ပဏီဝန်ထမ်းတွေကို ဖော်ပြပေးတာတွေလည်းရှိတယ်"ဟုလည်း ဦးဇော်လင်းကပြောကြားသည်။

အကောက်ခွန်ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှု အများဆုံးဖြစ်စေသော ဆိပ်ကမ်းတွင် ဖြစ်သွားသော ပြဿနာများကို အထူးစုံစမ်းစစ်ဆေးရေးက စစ်ဆေးပြီး တိုက်ရိုက်အရေးယူမှုများ ပြုလုပ်နေကြောင်းသတင်းရရှိသည်။ ၂၀၀၆ ခုနှစ်ကလည်း လာဘ်ပေးလာဘ်ယူမှုဖြင့် အကောက်ခွန်ဝန်ထမ်းပေါင်း ရာနှင့်ချီ၍ အရေးယူခဲ့သည်။

# ပီအာစနစ် လပိုင်းအတွင်း ကျင့်သုံးတော့မည်ဟုဆို

**အိဖြူလွင်**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၇**

ပြည်ပနိုင်ငံသားခံယူထားသော မြန်မာနိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများအတွက် အမြဲတမ်းနေထိုင်ခွင့် ပီအာ(Permenent Residence)များ စနစ်နည်းဥပဒေကို ရေးဆွဲနေပြီဖြစ်၍ လပိုင်းအတွင်း ကျင့်သုံးနိုင်တော့မည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောကြားသည်။

ငြိမ်းချမ်းရေးစင်တာ၌ ယနေ့ပြုလုပ်ခဲ့သည့် လူထုအခြေပြု အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်မှုလွယ်ကူစေရန် ဆောင်ရွက်နေမှုများကို ပြောကြားစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

လတ်တလောအချိန်တွင် ပီအာပေးမည့် နိုင်ငံခြားသားများအတွက် စံသတ်မှတ်ချက် လေးမျိုးထားရှိထားပြီး ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံသားဟောင်းများ၊ နိုင်ငံသားနှင့် သွေးနှောသူများကို ပီအာဖြင့် ကာလကြာရှည်နေထိုင်ခွင့်ပြုမည်ဟု သတင်းရရှိသည်။

၁၉၈၂ နိုင်ငံသား ဥပဒေပုဒ်မ ၁၃ တွင် နှစ်နိုင်ငံသားခံယူခွင့် ပုဒ်မ ၁၃ ကို ခွင့်မပြုထားသည့်အတွက် ပြည်ပရှိသူများ မြန်မာနိုင်ငံတွင် ကြာရှည်နေထိုင်ခွင့်အတွက် ပီအာစနစ်အကောင်အထည်ဖော်မှုကို နိုင်ငံတော်သမ္မတ၏ အမေရိကန်ခရီးစဉ်အပြီး အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပီအာစနစ်အတွက် ဥပဒေရေးဆွဲရာတွင် မူရင်းဥပဒေကိုပြင်ဆင်ရေးဆွဲပါက အချိန်ကြာမြင့်မည်ဖြစ်သည့်အတွက် မူရင်းဥပဒေမှ အချက်ကို ဆွဲနုတ်၍ နည်းဥပဒေများ ရေးဆွဲနေခြင်းဖြစ်သည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ပီအာစနစ် အကောင်အထည်ဖော်ရေး စီမံခန့်ခွဲရေး ကော်မတီကို ဖွဲ့စည်းထားရှိပြီး လုပ်ငန်းဆောင်ရွက်မှုများသည် တတိယအဆင့်ရောက်ရှိနေပြီဖြစ်၍ တစ်လနှစ်လအတွင်း ပြီးစီးမည်ဟု ဦးခင်ရီက ဆိုသည်။

မြန်မာနိုင်ငံတွင်းတွင် ဗီဇာအမျိုးမျိုးဖြင့် လာရောက်ပြီး ရက်ရှည်နေထိုင်သူ ၇,၅၀၀ ကျော် ရှိနေသည့် အတွက် တစ်ဦးချင်း စိစစ်မှုများပြုလုပ်၍ ဆက်လက်နေထိုင်နိုင်ရန် ဆောင်ရွက်ပေးနေသည်ဟုလည်း သတင်းရရှိသည်။

# မြန်မာ-ထိုင်း နယ်စပ်ဂိတ်ပေါက် သုံးခုမှ ဆိုက်ရောက်ဗီဇာ ထုတ်ပေးရန် စီစဉ်နေ

**အောင်သူရ**
**ရန်ကုန်၊ ဇန်နဝါရီ-၂၇**

မြန်မာ-ထိုင်း နယ်စပ်ဝင်ပေါက်သုံးခုဖြစ်သော တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များတွင် ဆိုက်ရောက်ဗီဇာဖြင့် ကမ္ဘာ့လှည့်ခရီးသွားများ ဝင်ထွက်သွားလာနိုင်ရန် စီစဉ်နေကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြောသည်။

ဂိတ်သုံးခုမှ လာရောက်သော နိုင်ငံသားများထဲမှ စီးပွားရေးလုပ်ငန်းရှင်များကို ဆိုက်ရောက်ဗီဇာဖြင့် ဝင်ခွင့်ပြုမည်ဖြစ်ပြီး ထိုဂိတ်ပေါက်မှပြန်ထွက်စရာမလိုဘဲ အဆင်ပြေသော ထွက်ပေါက်မှ ပြန်လည်ထွက်ခွာနိုင်ကြောင်း ဝန်ကြီးဦးခင်ရီက ပြောသည်။

"ပတ်စ်ပို့ ဖတ်တဲ့စက်တွေ တပ်ပြီးသွားပြီ။ လမ်းတွေနည်းနည်း ပြင်နေတာ ကျန်သေးတယ်။ ကျွန်တော်ထင်တယ်။ နောက်နှစ်လ၊ သုံးလ လောက်ဆိုရင် စလို့ရပြီ" ဟု ဦးခင်ရီက ပြောသည်။

ထို့အပြင် အွန်လိုင်းမှ ဗီဇာလျှောက်ထားနိုင်သော e-visa စနစ်မှာ ငွေပေးချေရေးနှင့် ဆိုင်သော လုပ်ဆောင်ချက်သာ ကျန်ရှိပြီး မကြာမီ ဆောင်ရွက်နိုင်တော့မည်ဟု ဆိုသည်။

နိုင်ငံပေါင်း ၂၆ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ၂၀၁၂ ဩဂုတ်လမှ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်ခွင့်ကို စတင်ခွင့်ပြုခဲ့သည်။ ယခုနှစ် ခရီးသွား ရာသီမှစ၍ နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ နေ့စဉ် လေယာဉ် ၃၅ စီးခန့် ဆင်းသက်ပျံသန်းနေပြီး တစ်ရက်လျှင်ခရီးသည်၃,၀၀၀ဦးခန့်ဝင်ထွက်နေကြောင်း သတင်းရရှိသည်။




YOMA
YANGON INTERNATIONAL MARATHON
Jointly Sponsored by YCDC & FMI
100 PLUS နှင့် အတူ ပြိုင်ပွဲဝင်ခဲ့ကြသောအားကစားသမားများကို
ဝမ်းဝင်နိုင်ခဲ့ခြင်းအတွက် 100 PLUS မှ
ဂုဏ်ယူဝမ်းမြောက်ပါကြောင်း...
100 PLUS နှင့်အတူသင်၏အောင်မြင်မှုများကိုရှာဖွေလိုက်ပါ။
သင့်ဓာတ်ပုံကို ဤစာမျက်နှာတွင်တွေ့ရှိပါက 100 PLUS မှဆုလက်ဆောင်ကိုသင်ရရှိပြီနော်။
ဆုလက်ဆောင်တွေကို သင်ရယူဖို့အတွက် Facebook တွင် Log On လုပ်၍ www.facebook.com/100PlusMyanmar
ကို Like လုပ်ပြီး သင်၏ကိုယ်ရေးအချက်အလက်အပြည့်အစုံကို Message ပို့ပေးလိုက်ယုံပါပဲ။
သင့်ဓါတ်ပုံကိုရှာမတွေ့ဘူးလား?
Yoma Yangon International Marathon ပြိုင်ပွဲမှ 100 PLUS Moment Photo အစီအစဉ်
ကိုပါဝင်ခဲ့ပြီးဤစာမျက်နှာတွင်ရှာဖွေမတွေ့ရှိခဲ့ပါက facebook တွင် Log On လုပ်၍
www.facebook.com/100PlusMyanmar page ကို Like လုပ်ပြီးရှာဖွေကြည့်လိုက်ပါ။
ဤ page တွင်သင့်ဓါတ်ပုံကိုတွေ့ရှိခဲ့ပြီဆိုလျှင်တော့ သင်၏ကိုယ်ရေးအချက်အလက်အပြည့်အစုံကို Message
ပို့ပြီး 100 PLUS မှဆုလက်ဆောင်တွေကို သင်ရရှိပြီနော်။

7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# မြူနှင်းထူထပ်စွာကျဆင်းနိုင်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၇**

လာမည့်ရက်သတ္တပတ်အတွင်း မြူနှင်းများ ကျဆင်းနိုင်သဖြင့် စိုက်ပျိုးရေး တောင်သူများနှင့် လေကြောင်း၊ ရေကြောင်းဆိုင်ရာ ခရီးစဉ်များ သတိထားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးချစ်ကျော်က ပြောသည်။

လွန်ခဲ့သော ဆယ်ရက်ခန့်က မြန်မာတစ်နိုင်ငံလုံး အအေးလွန်ကဲမှုဖြစ်စဉ်အပြီး အအေးပြန်လျော့သွားရာမှ ဇန်နဝါရီ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံမှ အအေးလှိုင်းများ ပြန်လည်ဝင်ရောက်လာကာ မြန်မာနိုင်ငံမှ နွေးသောလေများနှင့် အဆိုပါလေအေးများ ထိပ်တိုက်တွေ့ဆုံမှုမှတစ်ဆင့် မြူမှုန်များ ဖြစ်ပေါ်နိုင်ခြင်းဖြစ်သည်။

ဦးချစ်ကျော်က "တိမ်လည်း မဖြစ်၊ နှင်းလိုလည်း မဟုတ်ဘဲနဲ့ မြူတွေအဖြစ် ပြောင်းလဲသွားတာပါ" ဟု ဆိုသည်။

ဆောင်းတွင်းကာလတွင် သဘာဝအရအေးပြီး နှင်းကျလျှင် စိုက်ပျိုးသီးနှံများအတွက် ပြဿနာမရှိသော်လည်း မြူနှင်းများ ထူထပ်စွာ ကျဆင်းပါက စားတော်ပဲ၊ မြေပဲ၊ ခရမ်းချဉ်စသော သီးနှံမျိုးများ ပျက်စီးတတ်၍ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက အကြံပြုပြောကြားသည်။

ထားဝယ်မြို့ သရက်ချောင်းမြို့နယ်မှ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ဒေသခံ ကိုအောင်မျိုးသိမ်းက "ပင်လယ်ထွက်မယ့် လှေတွေကိုတော့ မြူနည်းနည်းပါးသွားတဲ့ အချိန်ကျမှ ထွက်ဖို့ စီစဉ်ရတယ်။ မဖြစ်မနေ ထွက်ရမယ်ဆိုရင်တော့ သံလိုက်အိမ်မြောင်တွေနဲ့ ထွက်ရပါတယ်" ဟု ဆိုသည်။

တနင်္သာရီဆိုလျှင် မြိတ်မြို့တွင်လည်း ရာသီဥတုမှာ အလွန်အေးပြီး ယခု တစ်ပတ်အတွင်း စံချိန်တင် မိုးပါရွာသွန်းခဲ့ကြောင်း ဒေသခံများက ပြောသည်။

စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံအတွက် ရာသီဥတုအခြေအနေသည် အလွန်အရေးပါပြီး ၂၀၀၈ ခုနှစ်မှစ၍ ဆက်တိုက်ရင်ဆိုင်နေရသော ရာသီဥတု ဆိုးရွားမှုဖြစ်စဉ်များကြောင့် အဓိက စိုက်ပျိုးသီးနှံများဖြစ်သော စပါး၊ ပဲ စသည့်သီးနှံများ အထွက်နှုန်း လျော့ကျကာ နှစ်စဉ်ဆက်တိုက် အရှုံးပေါ်နေသောကြောင့် အစိုးရအနေဖြင့် မည်ကဲ့သို့ကူညီဖြေရှင်းမည်ကို သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းဆွေးနွေးခဲ့ဖူးသည်။



*အထက်မြန်မာပြည်တစ်နေရာတွင် မြူများကျဆင်းနေသည့် မနက်ခင်းတစ်ခု*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဦးဆန်းဆင့်ကို သာသနာရေး ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ပါက လွှတ်တော်အတွက် ဆုံးရှုံးဟုဆို

**မင်းဟိန်းကျော်၊ ထွန်းခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၈**

ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဦးဆန်းဆင့်ကိုသာသနာရေးဝန်ကြီးအဖြစ် ခန့်အပ်ရန်စီစဉ်ခြင်းသည်လွှတ်တော်အတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပေါ်စေကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အချို့က ပြောသည်။

လက်ရှိကာလတွင် မိမိတို့ တိုင်းဒေသကြီး လွှတ်တော်အနေဖြင့် ဥပဒေပြုရေး လုပ်ငန်းများ၊ အစိုးရအား စောင့်ကြည့်ထိန်းညှိခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်နေချိန်တွင် လွှတ်တော်အား ဦးဆောင်ဦးရွက်ပြုနေသည့် ဥက္ကဋ္ဌကို နေရာပြောင်းရွှေ့လိုက်ခြင်းဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အား စောင့်ကြည့်ထိန်းညှိခြင်းလုပ်ငန်းများ အားနည်းသွားနိုင်ကြောင်း အဆိုပါ ကိုယ်စားလှယ်အချို့က ဆိုသည်။

"ကျွန်တော်တို့ကတော့ ဒီကိစ္စအပေါ် ဝမ်းနည်းမိပါတယ်။ ဥက္ကဋ္ဌကြီးဟာလွှတ်တော်ကိုကောင်းစွာဦးဆောင်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဒီလိုဖြစ်စဉ်ဟာလွှတ်တော်အတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပြီး အစိုးရအပေါ် စောင့်ကြည့်ထိန်းညှိမှုတွေဟာလည်း လျော့ရဲသွားနိုင်ပါတယ်" ဟု တိုင်းဒေသကြီးလွှတ်တော်ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဦးပြုံးချိုက ပြောသည်။

မိမိတို့ လွှတ်တော်အနေဖြင့် ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွက် အကျိုးရှိစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ လွှတ်တော်လုပ်ငန်းများအရှိန်ရနေသည့် ကာလတွင် မိမိ၏ သဘောဆန္ဒအရမူ ဥက္ကဋ္ဌအား လက်မလွှတ်ချင်ကြောင်း တိုင်းဒေသကြီးလွှတ်တော် အစိုးရ၏ ကတိကဝတ်များနှင့် အာမခံချက်များ စောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်က ဆိုသည်။

"တိုင်းလွှတ်တော်အနေနဲ့က ပြန်ပြီး အချိန်ယူလုပ်ဆောင်ရမယ့် သဘောဖြစ်နေပြီ။ အစိုးရကိုစောင့်ကြည့်ထိန်းညှိတဲ့ အပိုင်းကတော့ လွှတ်တော်ကိုဦးဆောင်သူရဲ့ထက်မြက်မှု အပေါ်မှာ အများကြီး မူတည်ပါတယ်"ဟုအဆိုပါပုဂ္ဂိုလ်ကပင်ပြောသည်။

**အချပ်ပို(D)သို့**



# Home

7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

### ၂၀၁၃ ဇန်နဝါရီ ၃၀မှဖေဖော်ဝါရီ၅ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ဘင်္ဂလားပင်လယ်အော်နဲ့တောင်တရုတ်ပင်လယ်ပြင်မှာမုန်တိုင်းဖြစ်နိုင်ခြေမရှိသေးပါ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်မှာ ရံဖန်ရံခါ အရှေ့ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့် ရှိနိုင်ပါတယ်။မြန်မာ့ကမ်းရိုးတန်းဒေသတွေမှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး ကမ်းရိုးတန်း တစ်လျှောက်တွင် လှိုင်းအမြင့်(၁)ပေ ခန့်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၂ပေမှ ၃ ပေခန့် ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနဲ့တနင်္သာရီတိုင်းမှာနေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးတွင်သာယာပါ့မယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

တစ်ပြည်လုံးတွင် မိုးတိမ်တောင်ဖြစ်ရန် အလားအလာများ မရှိနိုင်ပါ။

**ညအပူချိန်များ အခြေအနေ**

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်အရှေ့မြောက်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနဲ့ အရှေ့ပိုင်းဒေသများဆီသို့ အရှေ့မြောက်လေအေးများ ဆက်လက် ပိုမိုတိုးဝင်လာနိုင်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ညအပူချိန်များ အများအားဖြင့် ၅ ဒီဂရီ စင်တီဂရိတ်ခန့်ရှိနိုင်ပြီး အအေးပိုနိုင်။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ နေပြည်တော်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ကရင်ပြည်နယ်တို့တွင်ညအပူချိန်များအနည်းငယ် ကျဆင်းနိုင်ပြီး အအေးအနည်းငယ် ပိုနိုင်၊ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ညအပူချိန်များ ပုံမှန်ခန့်သာ ရှိနိုင်ပါတယ်။

**နေ့အပူချိန်များ အခြေအနေ**

ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေ့အပူချိန်များ ပုံမှန်ခန့်ရှိနိုင်ကာ ကျန်တစ်ပြည်လုံးတွင် နေ့အပူချိန်များ ပုံမှန်ထက် ပိုမိုမြင့်တက်နေနိုင်။ အထူးသဖြင့် ကယားပြည်နယ်၊ကရင်ပြည်နယ်နဲ့မွန်ပြည်နယ်တွေမှာ နေ့အပူချိန်များ သိသိသာသာမြင့်မားနေနိုင်ပါတယ်။ တစ်ပြည်လုံးတွင် မိုးတိမ်တောင်ဖြစ်ရန် အလားအလာများ မရှိနိုင်ပါ။

**မြူကျဆင်းနိုင်မှု အခြေအနေ**

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်တို့မှာ နံနက်ပိုင်း အချိန်ခါများမှာ မြူထူများ ကျဆင်းနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်အတွင်းတွင် လေထုမငြိမ်မသက် ဖြစ်လာနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

# ရန်ကုန်မြို့ကို ဓာတ်အားပေးစက်သစ်များဖြင့် မဂ္ဂါဝပ် ၄၀၀ တိုးမြှင့် ဖြန့်ဖြူးမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

နွေရာသီကာလတွင် ရန်ကုန်မြို့ကို ဓာတ်အားတိုးချဲ့ပေးနိုင်ရန် ဓာတ်အားပေးစက်အသစ်များ တပ်ဆင်၍ မဂ္ဂါဝပ်၄၀၀နီးပါး တိုးမြှင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဓာတ်အားပေးစက်သစ်များအား ရန်ကုန်မြို့ကို အဓိက ဓာတ်အားပေးနေသည့် စက်ရုံများ ဖြစ်သော အလုံ၊ လှော်ကား၊ ရွာမနှင့် သာကေတ ဓာတ်အားပေးစက်ရုံများတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်းသတင်း ရရှိသည်။

ဓာတ်အားလိုအပ်ချက်များသော နွေရာသီအမီ ထုတ်လုပ်နိုင်ရန်အတွက် လှော်ကားစက်ရုံတွင် အသစ်တည်ဆောက်မည့် တာဘိုင်စက် ၂၆ လုံးအနက်မှ ၁ မဂ္ဂါဝပ်ဓာတ်ငွေ့သုံးအင်ဂျင် ရှစ်လုံးရောက်ရှိတပ်ဆင်နေပြီး အလုံစက်ရုံအတွက် ဂက်စ်တာဘိုင်တစ်လုံးနှင့် သာကေတစက်ရုံအတွက် ၃ဒသမ၃မဂ္ဂါဝပ်ဓာတ်ငွေ့သုံး အင်ဂျင်လေးလုံး ရောက်ရှိနေပြီဖြစ်သည်။

လက်ရှိ တပ်ဆင်သည့် စက်များဖြင့် သာကေတ ဓာတ်အားပေးရုံမှ ၅၀ မဂ္ဂါဝပ်၊ လှော်ကားမှ ၅၀ မဂ္ဂါဝပ်၊ အလုံမှ ၁၅၀ မဂ္ဂါဝပ်နှင့် ရွာမဓာတ်အားပေးရုံမှ ၁၂၀ မဂ္ဂါဝပ် တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ကြောင်း သိရသည်။

သို့သော် ယခုနှစ် နွေရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွက် ဓာတ်အားလိုအပ်ချက်သည် ၁၀၀၀ မဂ္ဂါဝပ် ရှိနိုင်ပြီး ဓာတ်အားပေးနိုင်မှုမှာ ၉၂၀ မဂ္ဂါဝပ်သာ ပေးနိုင်မည်ဖြစ်၍ ၈၀ မဂ္ဂါဝပ် ဓာတ်အားလိုအပ်ချက်ရှိနေမည်ဖြစ်ကြောင်းသတင်း ရရှိသည်။

တစ်နိုင်ငံလုံးအနေဖြင့် ယခုနှစ် နွေရာသီအတွက် ဓာတ်အားလိုအပ်ချက် ၂၀၆၀ မဂ္ဂါဝပ်ရှိနေပြီး စုစုပေါင်း ဓာတ်အားထုတ်ပေးနိုင်မှုမှာ ၁၈၄၁ မဂ္ဂါဝပ်သာ ရှိသောကြောင့် ၂၁၉ မဂ္ဂါဝပ် လိုအပ်ချက်ရှိနေသေးသည်ဟု ဆိုသည်။

ရန်ကုန်မြို့၏ လက်ရှိကာလ ဓာတ်အားသုံးစွဲမှု ပမာဏမှာ ၇၅၀ မဂ္ဂါဝပ်ကျော်ရှိကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးဌာနမှ အင်ဂျင်နီယာတစ်ဦးကပြောသည်။

# လာမည့်ဘတ်ဂျက်နှစ်တွင် ဝန်ထမ်းများကို လစာတိုးမပေးသေး

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**



*လုပ်ငန်းခွင်ဝင်နေသော မြန်မာ့မီးရထားဝန်ထမ်းများ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လာမည့် ဘတ်ဂျက်နှစ်အတွင်း နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးရန် အစီအစဉ်မရှိသေးကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းထားသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာငွေစာရင်းတွင် ဝန်ထမ်းများအတွက် လစာတိုးပေးရန် အစီစဉ်ရှိမရှိမေးမြန်းမှုကို ဒုတိယဝန်ကြီးက ဖြေကြားခြင်းဖြစ်သည်။

“ဝန်ထမ်းတွေကို လစာတိုးပေးဖို့အခုထက်ထိဘတ်ဂျက်ထဲမှာ မပါသေးပါဘူး။ နောက်လုပ်မယ့် အစီအစဉ်ကိုတော့ကျွန်တော်လည်း မသိသေးဘူး။ လောလောဆယ်တော့မပါသေးဘူး”ဟု ဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

သို့သော် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်း(ဘတ်ဂျက်)မှာယခုလွှတ်တော်တွင် တင်ပြဆွေးနွေးအတည်ပြုခြင်း မလုပ်ရသေးပေ။

“မနှစ်ကဘတ်ဂျက်ရေးတော့ ဒီနှစ်မှာ လစာတိုးပေးမယ်လို့ ကတိပေးထားတာရှိပါတယ်။ အဲဒီကတိက အဲဒီတုန်းက ဘဏ္ဍာအခွန်ဝန်ကြီးဖြစ်ခဲ့တဲ့ ဦးလှထွန်းကပဲပြောသလား၊ သမ္မတကပဲပြောသလားဆိုတာ ကျွန်တော်သေချာပြန်ကြည့်မယ်။ ကြည့်ပြီးရင် အစိုးရ၏ ကတိကဝတ်နှင့် အာမခံချက်များ စိစစ်ရေးကော်မတီကိုတင်ပြမယ်။ ကတိပေးထားပြီးရင် လုပ်ပေးရမယ်လေ” ဟု ဦးရဲထွန်းက ပြောကြားသည်။

အစိုးရဝန်ထမ်းများအနေဖြင့် လက်ရှိကာလတွင် လစာလွန်စွာနည်းပါးခြင်း၊ ရုံးအသုံးစရိတ်နှင့် အခြားစရိတ်များ မလောက်ငှခြင်း၊ အရည်အချင်းအလိုက် ရာထူးတိုးတက်မှုမရှိဘဲ လာဘ်ငွေပေးနိုင်သူများသာ နေရာကောင်းရခြင်း၊ ရာထူးတိုးခြင်းများဖြစ်ပေါ်နေသဖြင့် ရိုးသားသော ဝန်ထမ်းအများစုမှာ စိတ်ဓာတ်ကျဆင်းလျက်ရှိကြောင်း ဦးရဲထွန်းက မေးခွန်းမေးမြန်းမှုတွင် ထည့်သွင်းပြောကြားသည်။

လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများကို တစ်ဆင့်ပြီး တစ်ဆင့် တိုးမြှင့်ပေးနိုင်တော့မည် ဖြစ်ကြောင်း ဇန်နဝါရီလ ၁၀ ရက်က ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးသဝဏ်လွှာတွင် ထည့်သွင်းဖော်ပြထားသည်။

“ဒီနှစ်တော့တကယ်တိုးမှာပဲဆိုပြီး အပြည့်အဝ မျှော်လင့်ခဲ့တယ်။ တိုးပေးမယ်လို့ ပြောထားပြီးရင်တော့ တကယ်ပဲတိုးပေးသင့်ပါတယ်။ အခုအချိန်မှာက လူတစ်ယောက်ကို လခ တစ်သိန်းခွဲလောက်ရမှ အဆင်ပြေမှာလေ။ မတိုးပေးတော့ဘူးဆိုတော့ ဝန်ထမ်းထုအပေါ်မှာ ခံစားမှုတွေရှိလာနိုင်တယ်။ အလုပ်မှာ ခိုတာတွေ၊လာဘ်စားတာတွေဖြစ်လာနိုင်တယ်”ဟု ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်းဝန်ထမ်းတစ်ဦးက ပြောကြားသည်။






Life
7 DAY NEWS JOURNAL



တဒင်္ဂအတွင်း အသက်ပေါင်းများစွာ

ဆောင်းပါး-စာ(၁၀)သို့

Vol.11, No.47 • JANUARY 31 , 2013



သရဲ၊တစ္ဆေကားကြော်ငြာဘုတ်များနှင့် ၃၆လမ်းမြင်ကွင်းက သရဲကားခေတ်ကိုပြသနေသည်

ဓာတ်ပုံ-ကျော်ဇင်သန်း

# နေ့ခင်းကြောင်တောင် ရန်ကုန်မြို့လယ်ခေါင် တစ္ဆေခြောက်ခံရခြင်း

'သချိုင်းစောင့်စံအိမ်'၊ 'သုသာန်စောင့်မဖဲဝါ'၊ 'သရဲမလင်'၊ 'တစ်နပ်စားခင်မှုန်'၊ 'ခြတောင်ပို့ဖြို၍ ကြမ္မာဆိုးနှင့်သေကြသူများ'၊'ဝက်မိစ္ဆာ'၊'အမေကိုပစ်မှားတဲ့ဘီလူးဝင်စားသား'၊'မကျွတ်မလွတ်ကျော်မမ'၊'လက်ပြတ်ဝင်စား မလှရီ'

မြန်မာ ဗီဒီယိုဈေးကွက် ဗဟိုချက်ဖြစ်သော ရန်ကုန်မြို့လယ် ၃၅လမ်းနှင့် ၃၆လမ်းရှိ ဗီဒီယိုလုပ်ငန်းများတွင် ကြော်ငြာထားသော ဇာတ်ကားဆိုင်းဘုတ်အမည်များဖြစ်၏။

"သရဲကားတွေချည်းပဲနော်" "အေး သရဲခေတ်ရောက်နေပြီလေ" ရန်ကုန်မြို့လယ် ၃၆ လမ်းတွင်းသို့ ဖြတ်လျှောက်လာသည့် သားအမိ နှစ်ဦးထံမှ ထွက်ပေါ်လာသော စကားသံဖြစ်သည်။

လွန်ခဲ့သည့်တစ်နှစ်ကျော်က တရားမဝင်ပျံ့နှံ့ခဲ့သော 'မိုင်တိုင် ၇၆' ဇာတ်ကားမှ အစပြု၍ သရဲတစ္ဆေဇာတ်ကားများ တစ်ခေတ်ပြန်ထလာခဲ့သည်။ ယင်းမှာ သရဲကားများကို ဈေးကွက်က တောင်းဆိုလာချိန်နှင့် အချိန်ကိုက်ပင် ၂၀၁၁ ဒီဇင်ဘာလမှစ၍ ဆင်ဆာစည်းကမ်းချက်အချို့ကို ဖြေလျှော့လိုက်ရာ သရဲတစ္ဆေဇာတ်ကားများ တလဟောထွက်ရှိလာသည်။

ဆင်ဆာဖြေလျှော့မှုအလွန်တွင် သရဲကားများနည်းတူ ဖြစ်ရပ်မှန်ဇာတ်လမ်းများ၊ ချစ်ခန်း၊ ကြိုက်ခန်းများ ပိုမိုအတင့်ရဲလာကာ ယခင်မတွေ့ရသော ဇာတ်ဝင်ခန်းများ ပါရှိသော ဇာတ်လမ်းများ ခပ်စိပ်စိပ်ထွက်လာသည်။

သရဲကားများကိုထုတ်လုပ်ရေးတိုက်များက စရိတ်နည်းနည်းဖြင့် ကန်ထရိုက်ပေးကာ သုံးရက်နှင့် တစ်ကားအပြီးရိုက်ကူးလာသည်။ ယင်းဇာတ်ကားများကို နယ်မြို့များက တစ်ခဲနက်အားပေးလာရာ ရန်ကုန်မြို့ပေါ်တွင်မကြားဖူးသော မင်းသားမင်းသမီးများမှာ နယ်မြို့များတွင် အောင်မြင်နေကြသည်။

"နယ်မှာ အခုအပေါက်ဆုံးမင်းသားကတော့ဂျိမ်းစ်ပဲ။ သူထူးစံနဲ့ဆင်တယ်လေ" ဟု ၃၅ လမ်းရှိ နယ်ကြိုက်ကားများ ထုတ်လုပ်သည့် Golden Spider ထုတ်လုပ်ရေးမှဦးတင်ကိုကပြောသည်။

ထိုသရဲကားများကြောင့် မြန်မာဗီဒီယိုဇာတ်ကားများကို ပရိသတ်များက ဝေဖန်လာသူ များလည်းရှိသည်။ 'သရဲကားတွေကကြောက်ဖို့လည်း မကောင်းဘူး။ ရယ်စရာကြီးတွေ"ဟုအသက် ၂၃နှစ်အရွယ်အမျိုးသမီး ပရိသတ်တစ်ဦးကပြောသည်။

သို့သော် ဗီဒီယိုဈေးကွက်အခေါ် အောက်ကားဟု သတ်မှတ်ထားသော ယင်းဇာတ်ကားများက ဗီဒီယိုထုတ်လုပ်ရေးမှအောက်ခြေလူတန်းစားများ နေ့စဉ်ထမင်းစားနိုင်ရန် ဖန်တီးပေးနေပြန်သည်။

ထိုဇာတ်ကားများတွင်အပေါ်ကားများကဲ့သို့မင်းသား၊ မင်းသမီးကြေး နင့်နေအောင်ပေးရန်မလို၊ ဇာတ်ညွှန်းကို စာရေးဆရာများထံမှ သိန်းချီပေး ဝယ်စရာမလို၊ ကွန်ပျူတာအထူးပြုလုပ်ချက်အတွက်ပညာရှင်ကိုဈေးကြီးပေးငှားရန်မလို၊ ရှုတင်တစ်မနက်ခင်းလေးအတွင်းနံနက်၁၁နာရီမကျော်ခင်မှာပင်အခန်းစဉ်၈ခန်းလောက်ရိုက်နိုင်သည်။ ဗီဒီယိုတစ်ကားလုံးစာ ကုန်ကျစရိတ်သိန်း ၂၅၀ ခန့်ရှိနေချိန်တွင် အောက်ကားထုတ်လုပ်ရေးတိုက်များက တစ်ကားလုံးစာ ၁၅သိန်းနှင့်ရိုက်နိုင်သည်။

ကန်ထရိုက်ယူရိုက်ကူးမည့် ဒါရိုက်တာကရိုက်လိုသည့်ဝါသနာရှင် သရုပ်ဆောင်သစ်ကလေးများ၏ စိုက်ထုတ်ပူးပေါင်းမှုဖြင့်စရိတ်ကို တတ်နိုင်သမျှ ချုံ့ရိုက်သည်။ အလွန်ဆုံးငါးရက်ခန့်အကြာတွင် ထုတ်လုပ်ရေးတိုက်ဆီ တည်းဖြတ်ပြီး ခွေအချောကိုအပြီးအပ်သည်။

"ရိုက်တဲ့သူတွေမှာ စုမိဆောင်းမိတော့မရှိဘူး။ ဒါပေမယ့် ထမင်းတော့မငတ်ဘူးပေါ့"ဟု ရှုတင်မန်နေဂျာ ကိုဆာမိကရှင်းပြသည်။

စူပါမင်းသားများ၏မူပိုင်ကြေး ကျပ်သိန်းငါးဆယ်၊ ခြောက်ဆယ်ပေါက်နေချိန်တွင် အောက်ကားများက ငါးသိန်းခန့်ရသည်။ ထုတ်လုပ်ရေးတိုက်လေးများမှာ ငွေရင်း စိုက်ထုတ်မှု နည်းပါး၍ ချက်ချင်းငွေပေါ်သည့် ဇာတ်ကလေးများ ရှာရိုက်ရင်းဖြင့် အောက်ကားဈေးကွက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ "ဆယ်သိန်းလောက်ရင်းရင် နှစ်သောင်းလောက်တော့ ကျိန်းသေပြန်မြတ်တယ်။ အမြတ်မများပေမယ့် အောက်ကားတွေကြောင့်အဖွဲ့သားတွေထမင်းပုံမှန်စားနေရတယ်" ဟု ရှုတင်မန်နေဂျာ ကိုဆာမိကပြောသည်။

အောက်ကားများအတွက် ဇာတ်လမ်းမှာလည်း မရှားလှ။ သတင်းဂျာနယ်များပါ ထူးထူးခြားခြား သဘာဝလွန် ဖြစ်ရပ်များ၊ နယ်အနှံ့က ထူးခြားဆန်းကြယ် ဖြစ်ရပ်များကို သတင်းတစ်စလောက် ရရုံဖြင့် တစ်ဇာတ်လုံးစာ ဖန်တီးနိုင်သည်။

"ယင်ကောင်ဝင်စားကားတောင်ရှိတယ်" ဟု သရဲခန်းမှာ အများဆုံးသရုပ်ဆောင်ရသော ကိုချက်ကြီးကပြောသည်။

အဖွဲ့သားတစ်ယောက်၏ တစ်ကားလုံးစာဝင်ငွေမှာ သောင်းဂဏန်းသာပေးရသည်။ "သရဲလုပ်ရတာ နေ့ခင်းဘက်ဆို သိပ်မကြောက်ဘူး။ ညဘက်ဆိုကြောက်ကြောက်နဲ့လုပ်ရတာ" ဟု သရဲကိုအရမ်းကြောက်သော်လည်း ဝမ်းရေးအရသရဲဇာတ်ရုပ်လုပ်ရသည့် ဇာတ်ရံ ကိုဖိုးသဲကပြောသည်။

"သရဲဖြစ်နေတဲ့ ကိုယ့်ရုပ်ကိုယ် ကြည့်ပြီးရယ်ချင်တယ်" ဟု ဆိုသူက ဇာတ်ရံကိုချက်ကြီး ဖြစ်သည်။

သရဲတစ္ဆေလူဝင်စား ဇာတ်ကားများကြောင့် ဗီဒီယိုဈေးကွက်တွင် ပိုနိမ့်ကျနိုင်သည်ဆိုသော ဝေဖန်မှုနှင့်ပတ်သက်၍ သရုပ်ဆောင်အာကာမြင့်အောင်က ယခုကဲ့သို့ ပြောသည်။ "အောက်ကားကြောင့်မဟုတ်ပါဘူး။ ဇာတ်ကားတစ်ကားကိုကောင်းကောင်းမွန်မွန်နဲ့ ပိုက်ဆံကိုမကြည့်ဘဲ အနုပညာမြောက်အောင် လုပ်ရင်ကောင်းမှာပဲ"

စူပါမင်းသားများပင် ဈေးကွက်အဝယ် နှေးနေချိန်တွင် အောက်ကားများကြောင့်ဈေးကွက်ပျက်သည်ဟု အပြစ်မတင်သင့်ကြောင်း၊တစ်ပတ်လျှင်ကားနှစ်ဆယ်ခန့် ထွက်နေရာ ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတမှုကြောင့်သာ ဈေးကွက်ကျရခြင်းဖြစ်ကြောင်း ဦးတင်ကိုကပြောသည်။ "ကားထုတ် အရမ်းများတော့ ဈေးလျှော့ရောင်းရရော။ အဲဒီမှာဈေးကွက် ပျက်တာ" ဟု ၎င်းကပြောသည်။ သရဲကားနည်းတူ ပွင့်လင်းလွန်လာသောဇာတ်ဝင်ကားအချို့ကို ဝေဖန်သူများလည်းရှိသည်။

မကြာမီကထွက်ရှိထားသည့် အမျိုးသမီး အဆို တော်နှစ်ဦး၏ အမ်တီဗီမှာ ဆင်ဆာခေတ်လွန် တင်ပြပုံ စူးရဲလွန်း၍ လူငယ်ပိုင်း ပရိသတ်များကြား ဝေဖန်မှုများ ပေါ်ထွက်လာသည်။ မိန်းကလေးချင်း အချစ်တော်ထားသည့်ပုံစံ၊ မိန်းကလေးများ ဆေးလိပ်သောက်၊ နိုက်ကလပ်တက်သည့်ပြကွက်များ ပါဝင်သော အမျိုးသမီးအဆိုတော်၏ ဂီတဗီဒီယိုမှာ အွန်လိုင်းပေါ် ထိ ဂယက်ထခဲ့သည်။ "မိန်းကလေးချင်းချင်း ကြိုက်နေတဲ့ပုံစံ ရိုက်ထားတာ ရွံဖို့ကောင်းတယ်" ဟု အသက် ၁၈နှစ်အရွယ် GTC ကျောင်းသူ မမြတ်သီရိမိုးက ပြောသည်။ "ဒီလိုသီချင်းခွေတွေဆိုတာ ကလေးတွေကအစ ကြည့်တာလေ။ သူတို့အဲဒီလိုတွေ ရိုက်တော့ အတုယူမှားမှာပေါ့" ဟု အဝေးသင်ကျောင်းသားတစ်ဦးကပြောသည်။ ဝေဖန်မှုများရှိသလို ထောက်ခံကြိုဆိုကြသည့် ယောကျာ်းလေးပရိသတ်အချို့ကမူ "နိုင်ငံခြား အမ်တီဗီတွေက ဒီထက် ဆယ်ဆလောက်တောင်ဆိုးတာ။ ဒါလောက်တော့ လက်ခံနိုင်တယ်" ဟု အသက် ၁၈ နှစ်အရွယ် အင်္ဂလိပ်စာမေဂျာမှ ကျောင်းသားတစ်ဦးကပြောသည်။

သရဲတစ္ဆေ ခေတ်မထခင်က ဖိုက်တင်နှင့်အက်ရှင် တော်လှန်ရေးစသည့် ဇာတ်ကြမ်းကားများကို တစိုက်မတ်မတ်အားပေးလာသော ပရိသတ်မှာ ယခုအချိန်တွင် သရဲမှသရဲ၊ ဖြစ်ရပ်မှန်သာ ဖြစ်ပါစေ၊ ကြောက်စရာ ကောင်းအောင်သာ ရိုက်ပြနိုင်ပါက နယ်မြို့များတွင်သာမက ရန်ကုန်ရှိအချို့မြို့နယ်များတွင်ပါ ခွေဆိုင်တက်မဆိုးလှဟု ခွေဆိုင်များက ပြောသည်။

"အခုအောက်ကားတွေပါ ဝယ်နေရတယ်။ သရဲကားတွေက အငှားရဆုံးပဲ" ဟု အင်းစိန်မြို့နယ်ရှိ ချယ်ရီအခွေငှားဆိုင်ရှင်ကပြောသည်။ သရဲရေစီးကြောင်းထဲသို့ နယ်ကြိုက်သရုပ်ဆောင်များသာမက နာမည်ရသရုပ်ဆောင်ကြီးများပါ ဝင်တိုးလာကြရာ စူပါမင်းသားတို့ ရိုက်သောကားများကို တောရောမြို့ပါမကျန် တစ်ခဲနက်အားပေးလာကြသည်။

"တစ်ပတ်ကို သရဲကားက ခုနစ်ကားလောက် ထွက်တယ်။ မင်းမော်ကွန်းတို့၊ ကျော်ရဲအောင်တို့ ရိုက်တဲ့ကားတွေဆိုပိုတောင်ငှားရတယ်။ ကလေးတွေ ပိုကြိုက်ကြတယ်" ဟု အင်းစိန်ရွာမမှ MP ခွေဆိုင်ရှင် ကိုစိုးမင်းက ပြောသည်။

သရဲကားများ ရိုးအီလာချိန်တွင် ဖြစ်ရပ်မှန်လူဝင်စားများ၊ တိရစ္ဆာန်ဝင်စားဇာတ်များ ပြောင်းရိုက်လာကြသည်။ ယင်းဇာတ်များ အပ်ကြောင်းထပ်လာချိန်တွင် ဇာတ်လမ်းရေစီးကြောင်းက ပြောင်းလဲစပြုနေပြီဟု အောက်ကားထုတ်လုပ်သူများက ပြောလာကြသည်။

"အခုသရဲမရိုက်သလောက်ပြန်ဖြစ်လာပြီ။ ဖိုက်တင်ဘက်ကိုပြောင်းချင်နေပြီ" ဟု နယ်ကြိုက်ကားများ ရိုက်ကူးသည့် ဒါရိုက်တာဝေလင်းကပြောသည်။

လက်ရှိတွင် ၃၅ လမ်းဈေးကွက်၌ မကြာမီရက်ပိုင်းက ထွက်ရှိထားသော စီအိုင်ဒီဘဦးဇာတ်ကားမှာ ဈေးကွက်တွင်းလှုပ်လှုပ်ခတ်ခတ်ရှိနေရာ မှုခင်းနွယ်သော အက်ရှင်ဇာတ်ကြမ်းကားများဆီသို့ တစ်ပတ်ပြန်လည်လာပြီဖြစ်ကြောင်း အောက်ကားထုတ်လုပ်သူတို့က ဈေးကွက်ကို ခန့်မှန်းလာကြသည်။

ရေစီးကြောင်းဘယ်လိုပြောင်းလဲပါစေ၊ ရေစုန်ရာ လိုက်ပါမည့် ကိုချက်ကြီးတို့လို ဇာတ်ရံများကတော့ ရိုက်ကွင်းရှိသည့်အချိန် ခေါ်ရိုက်ခံရန် အသင့်အနေအထားဖြင့် မိုးလင်းမှမိုးချုပ် ၃၅ လမ်းတစ်ဝိုက်ရှိ လမ်းဘေးလက်ဖက်ရည်ဆိုင်တွင် ဘဝတူလောကသားများနှင့်အတူ ဖြတ်သန်းနေကြသည်သာ ဖြစ်သည်။

**(အေးသူစံ၊ ခန့်ထက်၊ ဇွဲညဏ်၊ ကြူကြူဟန်၊ ဆွေမွန်)**





## မြူရွက်သုပ်

ဒီတစ်ပတ်ဝိုက်ဖီက စိမ်းစိုနေတဲ့ မြူရွက်လေးတွေကို သုပ်ထားပါတယ်။ ကြက်သွန်နီခင်းတွေ၊ လယ်ကွင်းတွေမှာ အလေ့ကျပေါက်တဲ့ မြူရွက်လေးတွေကို ဒီလိုဆောင်းရာသီမှာပဲ အတွေ့ရများတာပါ။ အခုလို ရာသီပေါ် မြူရွက်စိမ်းလေးတွေကို သုပ်ဖို့အတွက် ပထမဆုံး ရေစင်စင်ဆေးပါမယ်။

ဆေးပြီးသားမြူရွက်လေးတွေကိုရေစစ်ပြီးခပ်ပါးပါးလှီးထားပါ။ပြီးရင်ကြက်သွန်နီ(အစိမ်း)၊နှမ်းလှော်၊ကြက်သွန်ဖြူဆီချက်၊ ငံပြာရည်နည်းနည်းနဲ့သုပ်လိုက်ပါ။

အရသာခပ်ဆိမ့်ဆိမ့်ရှိတဲ့မြူရွက်သုပ်ကိုချဉ်ချဉ်စပ်စပ်စားချင်သူတွေကတော့ ငရုတ်သီးစိမ်းနဲ့ သံပရာသီးကို ပိုထည့်ပြီးသုပ်စားနိုင်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# တခဏ်အတွင်း အသက်ပေါင်းများစွာ

## ‘ကျွန်တော့်ဘေးနားက သေသွားတဲ့ သုံးနှစ်ကလေးမလေးကို မြင်ယောင်တိုင်း ဒီလိုအဖြစ်ဆိုးမျိုး မကြုံချင်တော့ဘူး’

ဥက္ကာကိုကို၊ အိဖြူမွန်

ရခိုင်ရိုးမတစ်နေရာက ပေတစ်ရာနီးပါးနက်သောချောက်အတွင်း၌ကိုဝင်းဇော်သတိရလာချိန်တွင် သူ့ကိုယ်ပေါ် လူသုံးဦးလဲကျနေသည်။ သုံးဦးအနက် တစ်ဦးက သေဆုံးနေပြီဖြစ်ပြီး နောက်တစ်ဦးက ညည်းညူနေသည့် ဘုန်းတော်ကြီး တစ်ပါးဖြစ်သည်။ ချမ်းအေးလှသော ညအမှောင်ထုထဲတွင် ကယ်ပါ၊ယူပါ တစာစာနှင့် အကူအညီတောင်းသံ၊ ငိုကြွေးသံ၊ နာကျင်စွာ ညည်းညူသံများဖြင့် ကမ္ဘာပျက်နေသည့်အလား။

ကိုယ်ပေါ်မှာ ပိနေသည့်လူများကို ကိုဝင်းဇော်တစ်ယောက် ရှိသမျှအင်အားလေးဖြင့် ဖယ်ထုတ်ရန် ကြိုးစားသော်လည်း ထိုင်ခုံကြားမှာ ညပ်နေသည့် သူ့ဘယ်ဘက်ခြေထောက်က လုံးဝလှုပ်ရှား၍ မရတော့။ ထိုအချိန်မှာ ညအလင်းရောင် မှုန်ဝါးဝါးအောက်တွင် ကိုဝင်းဇော်တွေ့လိုက်ရသည်က သူ့နံဘေးလဲကျနေသော သုံးနှစ်အရွယ် ကလေးမလေးတစ်ဦး. . .

“ကလေးကို လှုပ်ကြည့်တယ်။ လုံးဝမလှုပ်တော့ဘူး။ သူ့နှာခေါင်းမှာ သွေးတွေထွက်နေတယ်။ ကျွန်တော် စိတ်ထဲမကောင်းလွန်းလို့ ပွေ့ဖက်ထားမိတယ်” ဟု ပြောပြသည့် ကိုဝင်းဇော်၏ အသံက တုန်ယင်နေသည်။

ထိုဖြစ်စဉ်မှာ ရန်ကုန်မှ တောင်ကုတ်သို့ ထွက်ခွာသွားသော အောင်သစ္စာလေအိတ်ကား တိမ်းမှောက်မှုတွင် ပါဝင်ခဲ့သော ခရီးသည်တစ်ဦးဖြစ်သည့် ၃၂နှစ်အရွယ် တောင်ကုတ်မြို့သား ကိုဝင်းဇော်က ပြန်လည်ပြောပြခြင်းဖြစ်သည်။

ဇန်နဝါရီ ၂၂ ရက် ညနေ သုံးနာရီခန့်တွင် ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးဝင်းမှ ရခိုင်ပြည်နယ်၊ သံတွဲမြို့သို့ ခရီးသည်လေးဆယ်ကျော်ကို တင်ဆောင်၍ ထွက်ခွာလာသော အောင်သစ္စာလေအိတ်ကားသည် ရခိုင်ရိုးမအဆင်း၊ တောင်ကုတ်မြို့နယ်အပိုင်၊ နေပူတောင်ကြောရှိလမ်းကွေ့တွင် ဘရိတ်ပေါက်၍ အမြင့်ပေတစ်ရာကျော် ချောက်ထဲသို့ ထိုးကျသွားခဲ့သည်။ အချိန်မှာ ဇန်နဝါရီ ၂၃ ရက် နံနက် သုံးနာရီဝန်းကျင်ဖြစ်သည်။

ယခု ယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီးခုနစ်ဦး သေဆုံးပြီး ၃၃ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ ကားပေါ်တွင် လိုက်ပါလာကြသူများမှာ သံတွဲ၊ တောင်ကုတ်၊ မောင်တော၊ စစ်တွေ၊ တောင်ကြီး၊ လှိုင်သာယာ၊ မြောက်ဥက္ကလာ၊ ပဲခူး၊ မော်လမြိုင်၊ ပြည်၊ မြောက်ဦး၊ ရန်ကုန်၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ ရမည်းသင်း၊ မာန်အောင်၊ တောင်ငူမြို့တို့မှ ပါဝင်ကြသည်။



*ရန်ကုန်ပြည်သူ့ဆေးရုံ၏ လူနာခုတင်ပေါ်တွင် ကိုဝင်းဇော်ကိုတွေ့ရစဉ်*

ဓာတ်ပုံ-အိဖြူမွန်

ကိုဝင်းဇော်သည် တောင်ကုတ်မြို့ရှိ ၎င်း၏လုပ်ငန်းတွင် ကူညီလုပ်ကိုင်ရန်အတွက် ရန်ကုန်၊ လှိုင်သာယာမြို့နယ်မှ မိတ်ဆွေတစ်ဦး၏ သားဖြစ်သူ မောင်ရှင်းသန့်မောင်ကို သွားရောက်ခေါ်ဆောင်လာခြင်းဖြစ်သည်။ သူတို့စီးနင်းလိုက်ပါလာသော အောင်သစ္စာကားသည် ရိုးမတောင်ပေါ်ရှိ ရေပေါ်ကြီးစခန်းတွင် ဆယ်မိနစ်ခန့်နားကြပြီး ချမ်းအေးလှသော ရာသီဥတုကြောင့် ခရီးသည်များ မီးဆင်းလှုံခဲ့ကြသေးသည်။

“ဆက်ထွက်တဲ့အချိန်မှာ ရန်ကုန်ကစမောင်းလာတဲ့ အသက်ကြီးကြီးကားသမားအစား ခပ်ဝဝ အသက်ငယ်ငယ်နဲ့ အခုသေသွားတဲ့ ဒရိုင်ဘာတက်မောင်းတယ်။ စမောင်းပြီး နာရီဝက်လောက်ပဲ ကြာမယ်ထင်တယ်။ အခုလိုဖြစ်တာ” ဟု ကိုဝင်းဇော်က ဆိုသည်။

သူသတိထားမိသည့်အချိန်တွင် ကားသွားနေသည့်အရှိန်က အလွန်မြန်နေပြီး လမ်းကြမ်းသဖြင့် ခုန်ပေါက်နေသည်ဟု ကိုဝင်းဇော်က ပြောသည်။ ရုတ်တရက်ချောက်ထဲသို့ ထိုးဆင်းသွားချိန်တွင် ကားမီးရောင်ကြောင့် ချောက်ထဲမှ ရေနီများ၊ ဝါးပင်များကို မြင်နေရသည် ဟု သူက ဆိုသည်။

ချောက်ထဲမကျခင် ကားအရှိန်ပြင်းနေစဉ်ကပင် ကားအတွင်းမှ အမျိုးသမီးများ၏ ဘုရားတသံများ၊ အာမေဋိတ်သံများ ထွက်ပေါ်နေကြပြီဖြစ်သည်။ ချောက်ထဲကျသွားသည့် စက္ကန့်ပိုင်းအတွင်းမှာတော့ ကားတစ်စီးလုံး အော်သံငိုသံများဖြင့် ပွက်လောရိုက်သွားခဲ့သည်။ ကိုဝင်းဇော် မျက်စိစုံမှိတ်ထားမိလိုက်စဉ်တွင် ကားကြီးက တစ်ပတ်နှစ်ပတ်လိမ့်ထွက်ပြီး ချောက်အတွင်း ချောင်းငယ်နံဘေးတောင်နံရံကိုဝင်တိုက်ကာ ပြန်ကျ၍ ရပ်သွားခဲ့သည်။

ကိုဝင်းဇော် ပြန်သတိရလာချိန်တွင် ကိုယ်ပေါ်၌ လူသုံးဦးပိမိနေခြင်းနှင့်အတူ ကားထိုင်ခုံကြားညပ်နေသော သူ့ဘက်ဘက်ခြေထောက်ကလည်း ပေါင်မှ ကျိုးသွားခဲ့ပြီဖြစ်သည်။ ဘေးမှန်တံခါးမှနေ ရုန်းထွက်ရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။

“ဆယ့်ငါးမိနစ်လောက်ကြာတော့ တောင်ပေါ် ကားတစ်စီးလာနေသံကြားနေရတယ်။ ကျွန်တော်တို့ကားထဲက အကောင်းပကတိကျန်ခဲ့တဲ့လူတစ်ယောက်က ဓာတ်မီးနဲ့ တောင်ပေါ်တက်သွားတာ တွေ့လိုက်တယ်” ဟု သူက ပြောပြသည်။

ကံကောင်းထောက်မစွာကြီးကြီးမားမား ဒဏ်ရာမရသူတစ်ဦးက တောင်ပေါ်သို့တက်၍ လာနေသည့် ကားတစ်စီးကို တားကာ အကူအညီတောင်းခဲ့သဖြင့် ထိုကားတွင် ပါလာသော လူခြောက်ဦး ချောက်အတွင်းဆင်းလာခဲ့သည်။ ထိုအထဲမှ နှစ်ဦးက ကိုဝင်းဇော်တို့ကို ကားအတွင်းမှဆွဲထုတ်ပြီး ချောက်အတွင်းကွက်လပ်တစ်နေရာတွင် နေရာချပေးကြသည်။

ထိုအခါမှ လှိုင်သာယာမှခေါ်လာသော အသက် ၁၈ နှစ်အရွယ် မောင်ရှင်းသန့်အောင်ကို ကိုဝင်းဇော်သတိရ၍ အော်ခေါ်ကြည့်ရာ ခပ်ဝေးဝေးမှာရှိနေသည့် မောင်ရှင်းသန့်အောင်က ခြေထောက်ကျိုးနေ၍ မထနိုင်ဟုပြန်ထူးသည်။

“ကျွန်တော့်အတွက် ဒါပထမဆုံးခရီးထွက်ဖူးတာ။ ရခိုင်ကိုလည်း ခုမှစသွားဖူးတာ။ မှောက်မယ်မှန်းဘယ်သိမလဲ။ ကားကချောက်ထဲဆင်းတဲ့အချိန်မှာ နှစ်ပြန်၊ သုံးပြန် လိမ့်သွားတယ်။ လိမ့်တဲ့အထဲ ကျွန်တော်ပါသလား၊ မပါခဲ့သလား မမှတ်မိဘူး။ ကျွန်တော်သတိရတဲ့အချိန်မှာ ချောက်ကမ်းပါးထဲက ထိုးထွက်နေတဲ့ တောင်ကမူလေးနဲ့ သစ်ပင်တွေကြားမှာ ရောက်နေတယ်။ ကားနဲ့တော့ သိပ်မဝေးဘူး။ ကားခေါင်းကြီးက စိုက်ကျနေတယ်။ ကားထဲမှာ ငိုသံတွေ၊ညည်းသံတွေကြားနေရတယ်။ အမှောင်ထဲမှာ စမ်းရင်းနဲ့ ဓာတ်မီးနဲ့ရေဘူးတစ်ဘူးတွေ့တယ်။ ထိုးကြည့်တော့ ကားမောင်းတဲ့လူက သွေးအလိမ်းလိမ်းနဲ့ သေနေတယ်။ သူ့ကို တော်တော်လေး ခက်ခက်ခဲခဲ ဆွဲထုတ်နေတာတွေ့ရတယ်”ဟု ကိုဝင်းဇော်နှင့်အတူပါလာသော မောင်ရှင်းသန့်အောင်က ၎င်း၏ အတွေ့အကြုံကို ပြောပြသည်။

စာ(၃၀)သို့





## စိတ္တာနုပဿနာ

ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး တစ်လုံးအသိအကျိုးရှိ၏

လူဟာ သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်မရနိုင်ပါဘူး။ ဒါဖြင့် ဝိပဿနာအလုပ်လုပ်နေရင် ရနိုင်ပါတယ်။ အလုပ်လုပ်နေတော့ သံယောဇဉ်က မရှိပါဘူး။ မရှိတော့ ရနိုင်တာပေါ့။ အလုပ်လုပ်လို့ တို့ဉာဏ်တွေသာ တက်သွားပါစေ၊ ယထာဘူတဉာဏ် တော်တော်ကြာအလုပ်လုပ်ပါများတော့ နိဗ္ဗိန္ဒဉာဏ်၊ နောင်အလုပ်လုပ်ပါများ လာတော့ မဂ်ဉာဏ်၊ မဂ်ဉာဏ်ကျ တော့ သူနဲ့ ပတ်သက်တဲ့ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန်သူနဲ့ပတ်သက်တဲ့ ကံတွေ ချုပ်သွားပါတယ်။ အကုန်ချုပ်သွားပါတယ်။ ကဲ . . အပါယ်လေးပါးကျစရာ မရှိပါဘူး။ သောတာပန်တည်ပေါ့လို့၊ ဒါဖြင့် သံယောဇဉ်စွန့်၊ မစွန့်ဆိုတာက ကလေးပွေ့ထားတာကိုဆိုတာ မဟုတ်ပါဘူး။ ဝမ်းထဲကနေပြီး ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက် အောင်လုပ်နေရင် ပြီးတာပဲ။

သေသေချာချာမှတ်ပါ။ ဒီစကားသိပ်အရေးကြီးပါတယ်။ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်နေတော့ ဖြစ်ပျက်က မျက်လုံးထဲမှာပဲထားပါတော့၊ မြင်စိတ် မဂ်ကဝမ်းထဲမှာ ပေါ်နေတယ်၊ ဒီအချိန်မှာ သံယောဇဉ်ကလည်း သူပေါ်ချင်ရင် ဝမ်းထဲပဲပေါ်ရမယ်။ အဲဒါတွေကို သေသေချာချာအကိုးအကားအထောက်အထားနဲ့ စိတ်နှစ်ခုပြိုင်ပြီး မဖြစ်နိုင်တာကို ထောက်ထားပြီး ဩော် တို့ အားငယ်စရာမရှိဘူးဟ။ ယုံကြည်၊ ကျန်းမာ၊ စိတ်ဖြောင့် စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နဲ့ ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင် ဒါပဲ ငါ တို့အရေးကြီးတယ်၊ ဖြစ်ချုပ်ဉာဏ်မြင် ဤငါးအင် မှန်ပင်မဂ်ရကြောင်းကို ညနေအားထုတ် မနက်ရနိုင်တယ်တောင် ဘုရားက ဟောလိုက်သေးတယ်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး



အယ်ဒီတာထံ ပေးစာ

# ဘယ်မှာလဲငြိမ်းချမ်းရေး

ကျွန်တော်က ကချင်ပြည်နယ်မှာနေထိုင်တဲ့ကချင်ပြည်နယ်သားတစ်ယောက်ပါ။ နည်းပညာ B-Tech 2nd (Civil) မှာ တက်ရောက်နေတဲ့ ကျောင်းသားတစ်ယောက်ပါ။ ဒီလို တစ်ခါမှ စာတွေ မရေးဖူးပါဘူးဗျာ။ နာမည်တော့ မဖော်ပြတော့ပါဘူး။ ရင်ထဲမှာ ခံစားချက်တွေကို ပြောပြချင်လွန်းလို့ပါ။ အခုဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ပြည်တွင်းစစ်တွေ ဖြစ်နေတယ်ဆိုတာကို အားလုံးက သိနေကြပါတယ်။ တိုင်းရင်းသားမောင်နှမအချင်းချင်း တစ်ခါမှမမြင်ဖူးဘဲနဲ့ ရန်ငြိုးမရှိဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် ပစ်ခတ်နေကြတယ်။ ကချင်တိုင်းရင်းသားတစ်ယောက် ကျဆုံးခြင်းသည် ကျွန်တော်တို့နိုင်ငံ မိသားစုတစ်ယောက် လျော့ခြင်းပါပဲ။ အဲဒီလိုပဲ နိုင်ငံတော်ဘက်က စစ်သားတစ်ယောက်ကျဆုံးခြင်းသည်လည်း နိုင်ငံအတွက် နစ်နာခြင်းတွေပဲ။ ဒီစစ်ဖြစ်တယ်ဆိုတာ နိုင်ငံတစ်ခုအတွင်းမှာ “မစည်းလုံး၊ မညီညွတ်ခြင်းရဲ့သဘော” ကိုဖော်ပြနေခြင်းပဲ။ “နိုင်ငံတစ်နိုင်ငံမှာ မညီညွတ်ခြင်းသည် ပြည်ပရန်သူကို ဖိတ်ခေါ်နေခြင်းပဲ” လို့ကျွန်တော်ထင်တယ်။ ကချင်ပြည်နယ်သူ/သားတွေရဲ့ ခံစားချက်တွေကို နှစ်ဖက်ခေါင်းဆောင်တွေ နားလည်မပေးနိုင်ကြတော့ဘူးလား။ ကျွန်တော်တို့ငယ်တုန်း သူငယ်ချင်းတွေစုပြီး စစ်တိုက်တမ်းတွေ ခဏခဏ ကစားခဲ့ကြတယ်။ ဘာမှနားမလည်ခဲ့တဲ့အချိန်ဆိုတော့ သိပ်ကို ပျော်ခဲ့ကြတာ။ အခုမှ ဩော် ‘စစ်’ ဆိုတာ ဒီလိုလားလို့ နားလည်လာတဲ့အချိန် ဒီ ‘စစ်’ ကို နာကြည်းမိနေတယ်။ နိုင်ငံတစ်နိုင်ငံမှာစစ်ဆိုတာဖြစ်ရင် ဘာအကျိုးကျေးဇူးမှ ရလာမှာမဟုတ်ဘူးဆိုတာကို အကြီးအကဲခေါင်းဆောင်တွေ ပိုသိကြလိမ့်မယ်လို့ထင်တယ်။ ၂၀၁၁ ကနေ စစ်တွေ ဆက်ဖြစ်နေခဲ့တယ်။ ဘယ်အချိန်မှာမှ ဒီစစ်တွေ အဆုံးသတ်ကြမှာလဲ။ KIA/KIO ကလည်း ကချင်ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရကလည်း ပြည်သူတွေအတွက် ကောင်းစေချင်တဲ့ ဆန္ဒရှိမယ်ဆိုရင် အခုပြည်သူတွေ ဒုက္ခရောက်နေတာကို ခင်ဗျားတို့ ထိုင်ကြည့်နေကြမလားလို့ မေးလိုက်ချင်တယ်။ ပြည်သူတွေက အခုဆိုရင် ကျီးလန့်စာ စားနေရတယ်။ ရထားစီးရမှာက ကိုယ့်သေတွင်းကိုယ်တူးသလို၊ ရထားတွေ မိုင်းထိတာတွေလည်း ခဏခဏ၊ ရထားတွေမှောက်လို့ ဒဏ်ရာရတာတွေ၊ သေတာတွေက ပြည်သူတွေ ခံစားနေရတာ။ KIA ကိုလည်း ကြောက်ရ၊ အစိုးရစစ်သားတွေကိုလည်းကြောက်ရ၊ ကချင်ပြည်နယ်သူ/သားတွေရဲ့ ခံစားချက်တွေကို လက်တွေ့မကြုံဖူးခဲ့တဲ့ ခပ်ပေါ့ပေါ့ပဲ တွေးနေမိကြလိမ့်မယ်။ နန့်စီးအောင်၊ မိုးညှင်း၊ နန်းမား၊ ဟိုပင်၊ မိုးကောင်းစတဲ့ နယ်တွေမှာ ရထားတွေ မှောက်တယ်။ ရွာတွေမီးရှို့ခံရတယ်။ အရပ်သားတွေ ကြားထဲက အမြောက်ဆန်မှန် သေကြတယ်။ ဘယ်သူတွေ နစ်နာလဲ၊ ဖားကန့်မှာလည်း တစ်ဖက်နှင့်တစ်ဖက်တိုက်နေကြတယ်။ ကြားထဲက ပြည်သူတွေပဲ စီးပွားရေး၊ လူမှုရေးတွေ ပျက်စီးရတယ်။ လဂျားယန်၊ လိုင်ဇာဘက်တွေမှာလည်း တိုက်နေကြတယ်။ အပြစ်မရှိတဲ့ပြည်သူတွေကိုပေါ်တာဆိုလား ဖမ်းခေါ်သွားသေးတယ်။ ဝမ်းစာအတွက်မရှိလို့ ရွှေတွင်းတွေ၊ မော်တွေမှာ လုပ်ကိုင်စားသောက်ရပါတယ်ဆိုသူတို့တွေကိုဖမ်းခေါ်သွားတော့ သူတို့တွေနဲ့ သက်ဆိုင်နေတဲ့သူတွေက ထမင်းမစားနိုင်၊ အိပ်မပျော်နိုင်ဖြစ်ကုန်ကြပြီ။ သားပါသွားလို့ သားကိုလွှတ်ပေးလိုက်ပါ။ ကျွန်တော်လိုက်ခဲ့ပါမယ်လို့ ပြောတဲ့အဖေတွေ၊ ပိုက်ဆံတွေနဲ့ လဲယူခဲ့ရတဲ့ သူတွေ၊ အပြစ်မရှိတဲ့ ပြည်သူတွေက ကျွဲနှစ်ကောင်ခတ်ရာ မြေဇာပင်ဖြစ်နေရတယ်။ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေး ဖော်ဆောင်တဲ့သူတွေ ဒီခံစားချက်တွေကို သိနိုင်ကြမလား။ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးပြောနေပြီးတော့ ဘာလို့စစ်တွေက ဆက်ဖြစ်နေရတာလဲ။ ရထားသံလမ်းတွေ ပျက်နေ၊ စစ်တွေဖြစ်နေပါတယ်ဆိုမှ ကုန်ဈေးနှုန်းတွေက ကြီးနေပြန်ပြီ။

စစ်တွေဖြစ်လို့ စီးပွားရေးက လုပ်လို့မရ။ ကဲ. . ဘယ်လိုလုပ်ကြမလဲ။ ဒါတွေကို ခင်ဗျားတို့ နားလည်နိုင်ကြမလား။ ဖားကန့်၊ လုံးခင်း၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ တရုတ်ပြည်နယ်စပ်ဘက်မှာတွေ ရှိတဲ့ ဒုက္ခသည်တွေရဲ့ မျက်နှာကို မကြည့်ကြတော့ဘူးလား။ သူတို့တွေရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေကို သူတို့တွေရဲ့ ဘဝတစ်လျှောက်လုံး ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ ‘စစ်’ ဆိုတဲ့အသံကို ဒီဘဝမပြောနဲ့နောင်ဘယ်ဘဝမှာမှ မဆုံစည်းပါရစေနဲ့လို့ ဆုတောင်းနေကြလိမ့်မယ်။ ကျွန်တော်တို့ ကျောင်းမှာရှိတဲ့ ဆရာ/ဆရာမတွေ နေရတာက မြို့စွန်မှာ တစ်ခါကဆိုရင် သူတို့တွေရဲ့ အဆောင်ရှေ့မှာဖြစ်ကြတယ်။ အဲဒီအချိန် ဆရာမတွေက ခုတင် နှစ်ခုကြားမှာ ခင်းထားတဲ့ ဖျာပေါ်ခုန်ချပြီး တစ်ယောက်နဲ့ တစ်ယောက် ဖက်ထားကြတယ်။ တစ်ယောက်ခုတင်ပေါ်မှာ စုပေါင်းအိပ်ကြရတဲ့ညတွေ ဘယ်သူတွေ နားလည်ပေးမလဲ။ တချို့က ဟာသတစ်ခု ထင်ချင်ထင်မယ်။ ပြည်မကလာတဲ့ ဆရာ/ဆရာမတွေ ကျွန်တော်တို့ကို အသက်စွန့်ပြီး ပညာသင်ကြားပေးနေရတာ။ ကျွန်တော်တို့တွေ ပညာကို အေးချမ်းစွာ သင်ကြားနိုင်ရန် ငြိမ်းချမ်းရေး ဆွေးနွေးကြပါ။ ကျွန်တော်က မြို့က အဆောင်မှာနေတယ်။ အမေက ရွာမှာတစ်ယောက်တည်း။ ဘယ်လိုစိတ်ချပြီး ပညာသင်ကြားနိုင်မလဲ။ အခုဆိုရင် တစ်ည တစ်ည သေနတ်သံ၊ ဗုံးသံတွေ မကြားရရင်စိတ်မချဖြစ်နေတော့တာ။ ကြားလိုက်ရမှ ဩော် ဟိုဘက်ကဖြစ်နေပါလားလို့ ဟင်းခနဲ ချလိုက်နိုင်တယ်။ သေနတ်သံ၊ ဗုံးသံတွေ ကြားတိုင်း အိမ်ကအမေအတွက် ဘယ်လိုနေရှာမလဲဆိုပြီး တွေးလို့ မျက်ရည်ဝဲခဲ့ရတဲ့ညတွေ သိပ်များခဲ့ပါပြီဗျာ။ ကျွန်တော့်လိုပဲနယ်ကနေကျောင်းလာတက်ကြရသူတွေ စစ်ဖြစ်နေတော့ အိမ်ကစီးပွားရေးတွေ အဆင်မပြေ။ ကျောင်းတွေတက်နေ၊ စာတွေသာ သင်နေရတယ်။ ဘယ်နေ့မှာများ ကျောင်းပိတ်လိုက်ရမလဲ စိုးတထိတ်ထိတ်နဲ့ နေနေရတယ်။ “ခါတိုင်းနှစ်တွေဆိုရင် ကောင်မလေးအဆောင်ရှေ့မှာ ဂစ်တာလေး တီးရသေးတယ်။ ဒီနှစ်မှာ အပြင်တောင် မထွက်ရဲဘူး” လို့ သူငယ်ချင်းတွေက ပြောကြတယ်။ အပျော်ဆိုတာလေးတွေ ပျောက်ခဲ့ကုန်ပြီ။ ဒီခံစားချက်တွေကို နှစ်ဖက်လူကြီးတွေ နားလည်နိုင်ကြမလား။ တော်ကြပါတော့ဗျာ။ ခင်ဗျားတို့စစ်တွေ ဆက်မဖြစ်ကြပါနဲ့တော့လို့ ကျွန်တော်တို့တွေ တောင်းပန်ပါတယ်။ “ငြိမ်းချမ်းရေး” လို့သာ နှစ်ဖက်စလုံးက အော်နေကြတယ်။ ဘယ်မလဲ ငြိမ်းချမ်းတာ၊ ပိုတောင်ဆိုးရွားလာတယ်။ ကျွန်တော်စဉ်းစားမိတယ်။ နိုင်ငံတော်ဘက်ကလည်း “ငြိမ်းချမ်းရေး”၊ KIA/KIO ဘက်ကလည်း “ငြိမ်းချမ်းရေး” လို့ချင်တယ်ဆိုရင် တစ်ဖက်နဲ့တစ်ဖက် ပစ်ခတ်နေမယ့်အစား ဒေါသတွေ၊ မကျေနပ်မှုတွေ၊ နောက်ပြီး ခင်ဗျားတို့ရဲ့ ရာဇဝင်ကြွေးကို ခဏ ဘေးဖယ်ပြီး ပြည်သူတွေ မျက်နှာငဲ့ကြည့်လို့ “ငြိမ်းချမ်းရေး” ဆိုတဲ့ ဂုဏ်ကို ဖော်ဆောင်ကြပါတော့လို့ကျွန်တော်တောင်းဆိုချင်ပါတယ်ဗျာ။

**ကျောင်းသားတစ်ဦး**

> “ကျွန်တော်စဉ်းစားမိတယ်။နိုင်ငံတော်ဘက်ကလည်း “ငြိမ်းချမ်းရေး”၊ KIA/KIO ဘက်ကလည်း “ငြိမ်းချမ်းရေး” လို့ချင်တယ်ဆိုရင် တစ်ဖက်နဲ့တစ်ဖက် ပစ်ခတ်နေမယ့် အစား ဒေါသတွေ၊ မကျေနပ်မှုတွေ၊ နောက်ပြီး ခင်ဗျားတို့ရဲ့ ရာဇဝင်ကြွေးကို ခဏဘေးဖယ်ပြီး ပြည်သူတွေမျက်နှာငဲ့ ကြည့်လို့ ငြိမ်းချမ်းရေးဆိုတဲ့ ဂုဏ်ကို ဖော်ဆောင်ကြပါတော့ လို့ …

**စွန့်ပစ်ပစ္စည်းရောင်းချရေးကြော်ငြာ**
**အမေရိကန်သံရုံး ရန်ကုန်**

အမေရိကန်သံရုံးမှ စွန့်ပစ်ပစ္စည်းများကို သံရုံးအတွင်း ဖေဖော်ဝါရီလ (၅) ရက် ၂၀၁၃ (အင်္ဂါနေ့) နံနက် (၉း၀၀) မှ (၁၂း၀၀)နာရီထိ ရောင်းချမည်ဖြစ်သည်။ ပစ္စည်းများကို အတွဲလိုက် ရောင်းချမည်ဖြစ်ပြီး ဈေးအမြင့်ဆုံး ပေးသူအား ရောင်းချမည်ဖြစ်ပါသည်။ (လေလံဈေးကို FEC ဖြင့်သာ လက်ခံပါမည်)။ လေလံအောင်သူများကို ဖေဖော်ဝါရီ (၅)ရက် ၂၀၁၃ (၄း၀၀)နာရီတွင် ကြေငြာပေးမည်။ ဖေဖော်ဝါရီ (၆) ရက် ၂၀၁၃ (ဗုဒ္ဓဟူး) နံနက် (၁၀း၀၀)နာရီတွင် ငွေသွင်းပြီး ပစ္စည်းများကို ထုတ်ပေးမည်ဖြစ်ပါသည်။ နံနက် (၁၀း၀၀) မှ (၁၂း၀၀) နာရီ အထိသာ ငွေသွင်းလက်ခံမည်ဖြစ်သည်။ ပစ္စည်းများကို ဖေဖော်ဝါရီ(၆) ရက် ၂၀၁၃ (ဗုဒ္ဓဟူး)(၁၂း၀၀) မှ (၄း၃၀)နာရီ နှင့် ဖေဖော်ဝါရီ (၇) ရက် ၂၀၁၃ (ကြာသပတေး) (၈း၃၀) မှ (၄း၀၀)နာရီတွင် အပြီးထုတ်ရမည် ဖြစ်ပါသည်။ ရောင်းချမည့်ပစ္စည်းများမှာ packing box, အင်ဂျင်ဝိုင်အဟောင်း၊ workshop စွန့်ပစ်ပစ္စည်းနှင့် အခြားစွန့်ပစ်ပစ္စည်းများဖြစ်ပါသည်။

Contact : ဖုန်း 536509 Ext: 4115



# Health

7DAY NEWS JOURNAL

Vol.11, No.47 • JANUARY 31 , 2013



## လူ ၁၉,၀၀၀ ခန့်တွင် သွားဆရာဝန် တစ်ဦးသာရှိ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၄**

လူဦးရေ ၁၉,၀၀၀ ခန့်တွင် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးသာရှိနေကြောင်း ယနေ့ ပြုလုပ်သည့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်ညီလာခံတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

သန်း ၆၀ သောလူဦးရေတွင် မှတ်ပုံတင်ထားသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် ၃၀၀၀ ကျော်သာရှိသည့်အတွက် အချိုးအရဆရာဝန်နှင့်လူနာမမျှဖြစ်နေကြောင်း သွားနှင့်ခံတွင်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“အရေအတွက်ကို ဦးစားပေးတဲ့အခြေအနေ မဟုတ်ဘူး။ အခုချိန်က အရည်အချင်းကိုလည်း ဦးစားပေးရမယ့်အချိန်ပါ။ သွားဆရာဝန်နဲ့လူနာ မမျှတာဘူးဖြစ်နေတာမှန်ပေမယ့် လူများများဖြစ်အောင်သွားတောင်မနုတ်တတ်တဲ့သူကို လူနာတွေအတွက်ထားလို့မရဘူး။ လူများများမွေးထုတ်ပေးတဲ့အပြင် အရည်အချင်းရှိအောင်လည်း သင်ရပါမယ်” ဟု မြန်မာနိုင်ငံသွားနှင့်ခံတွင်းအသင်းမှ ဒေါက်တာ စိန်မြအေးက ၎င်း၏အမြင်ကိုပြောသည်။

ရန်ကုန်၊ မန္တလေးရှိ သွားဘက်ဆိုင်ရာ တက္ကသိုလ်များတွင် ဘွဲ့ကြိုသင်တန်းသားများ တိုးမြှင့်ခေါ်ယူခြင်း ဘွဲ့လွန်မဟာသိပ္ပံသင်တန်းများလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါသွားနှင့်ခံတွင်းဆိုင်ရာ ဘာသာရပ်အားလုံးတွင် ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း တိုင်းဝန်ကြီးချုပ်၏မိန့်ခွန်းထဲတွင်လည်းထည့်သွင်းပြောကြားခဲ့သည်။ အိမ်နီးချင်းနိုင်ငံများတွင် အချိုးအဆအရ လူဦးရေငါးထောင်ခန့်တွင် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦးရှိနေကြောင်း အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် ဆေးကုသပေးနိုင်သည့် ဆရာဝန်နှင့်လူနာ အချိုးအဆမမျှတခြင်း ပြဿနာလည်း အများအပြား ဖြစ်ပွားနေပြီးသည့်အပြင် အချို့သော ခွဲစိတ်ပညာဆိုင်ရာ အထူးပြု နယ်ပယ်များတွင် အထူးကုဆရာဝန် ဆယ်ဂဏန်းခန့်သာ ရှိသည့်အတွက် လူနာသန်းနှင့်ချီသည့်ပမာဏတွင် ကျွမ်းကျင်ပညာရှင်တစ်ဦးသာရှိသည့်နယ်ပယ်များလည်းရှိသည်။

### လေဖြတ်ခြင်းနှင့် စိတ်ကျရောဂါဖြစ်ခြင်းမှာ ဆက်စပ်နေ

**လော့စ်အန်ဂျလိစ်၊ ဇန်နဝါရီ - ၂၅**

လေဖြတ်နေသောလူနာများတွင် စိတ်ကျရောဂါပါ ခံစားရပါက သာမန်လေဖြတ်ရောဂါထက် အသက်ဆုံးရှုံးနိုင်ခြေ သုံးဆပိုများကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

ကယ်လီဖိုးနီးယားတောင် ပိုင်းတက္ကသိုလ်နှင့် လော့စ်အန်ဂျလိစ်မြို့ အမျိုးသားပြန်လည် ကျန်းမာသန်စွမ်းရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာအာမီကစ်တိုဖီဂီသည် အသက် ၂၅နှစ်မှ ၇၄ နှစ်ကြား လူပေါင်း ၁၀,၅၅၀ ဦးကို ၂၁နှစ်ကြာအောင် စောင့်ကြည့်လေ့လာခဲ့သည်။ **စာ(၁၄)သို့**

## ခွေးရူးပြန်ရောဂါဖြစ်ပွားပါက ရာနှုန်းပြည့်သေဆုံးနေ

**ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**

ခွေးရူးပြန်ရောဂါဖြစ်ပွားပါက ရာခိုင်နှုန်းပြည့် အသက်သေဆုံးနေကြောင်း မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ တွေ့ရှိချက်များတွင် ဖော်ပြထားသည်။

ဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၁၀ တွင် မြန်မာနိုင်ငံ၌ ခွေးရူးပြန်ရောဂါဖြစ်ပွားခဲ့သည့် ၂၀၅ ဦးမှာ အသက်ဆုံးရှုံးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ၂၄၀ ဦးစလုံးမှာ သေဆုံးခဲ့သည်။

ခွေးရူးရောဂါသည်ရောဂါပိုးရှိသော အိမ်မွေးတိရစ္ဆာန် ခွေး၊ ကြောင်များ၊ မိမိတို့ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ၏ အကိုက်ခံရလျှင်သော်လည်းကောင်း၊ လူတို့၏ အနာကိုရောဂါပိုးရှိသောခွေး၊ ကြောင်တို့၏ လျှာဖြင့် လျက်ပြီး ယင်းတိရစ္ဆာန်များ၏ သွားရည်များမှတစ်ဆင့်သော်လည်းကောင်း ကူးစက်နိုင်ကြောင်း ဆေးပညာများတွင် ဖော်ပြထားသည်။

“ခွေးကိုက်ခံရမှုကြောင့် သေဆုံးမှုတွေ လျော့ကျသွားဖို့ကတော့ ခွေးကောင်းကကိုက်ကိုက်၊ ခွေးရူးက ကိုက်ကိုက်၊ ကာကွယ်ဆေးထိုးပေးသင့်ပါတယ်။ ဒါမှ ခွေးရူးပြန်ရောဂါမဖြစ်ပွားအောင် ကာကွယ်နိုင်မှာပါ” ဟု ကျန်းမာရေးဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားခဲ့သည်။

ထို့အပြင် ခွေးလေခွေးလွင့် ပြဿနာမှာလည်း စည်ပင်သာသတ်ဌာနတစ်ခုတည်းကသာ ကိုင်တွယ်ဖြေရှင်းနေရပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အားနည်းနေသေးသည်ဟု မွေးမြူရေးနှင့် ဆေးကုသရေးဝန်ကြီးဌာနမှ အငြိမ်းစား ဆရာဝန်တစ်ဦးက ပြောကြားသည်။

ခွေးရူးရောဂါကြောင့် ကမ္ဘာပေါ်တွင် ၁၅ မိနစ်လျှင် လူတစ်ဦးနှုန်း၊ တစ်နှစ်လျှင် ၅၅,၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိပြီး ကလေးသူငယ်များတွင် ခွေးကိုက်ခံရမှုနှင့် ခွေးရူးပြန်ရောဂါဖြစ်ပွားနိုင်ခြေမှာ အများဆုံးဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည်။ မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာနမှ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် ခွေး ၇၅ ရာခိုင်နှုန်းမှာ ခွေးရူးရောဂါပိုး တွေ့ရသည်ဟု ဆိုသည်။

“အစိုးရထုတ်တဲ့ ဆေးကျတော်ရုံတန်ရုံဘယ်သူမှ မထိုးကြဘူး။ အပြင်ဆေးကလည်း တစ်လုံးကို တစ်သောင်းကျော်လောက် ရှိတယ်။ လေးကြိမ်ထိုးရတော့ လေးသောင်းလောက်ကုန်တယ်။ မတတ်နိုင်ကြတော့ ကာကွယ်ဆေးထိုးတာ အရမ်းနည်းပါတယ်” ဟု ကိုယ်ပိုင်ဆေးခန်းဖွင့်ထားသူဒေါက်တာနေဝင်းအောင်ကပြောသည်။

ခွေးရူးရောဂါမဖြစ်ပွားစေရန်အတွက် အိမ်မွေးတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးပေးခြင်း၊ လူထုအား ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါပိုးကူးစက်ခံရသူများအား လိုအပ်သော ဆေးဝါးကုသမှုပေးရန် လိုအပ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသည်။

ခွေးရူးရောဂါဖြစ်ပွားမှုနှုန်းနှင့် ခွေးရူးကိုက်ခံရပါက ကာကွယ်သည့် ထိုးဆေးများကို မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ နှစ်စဉ်လုံလောက်စွာ ထုတ်ပေးလျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီး ဒေါက်တာ ဖေသက်ခင်က အမျိုးသားလွှတ်တော် ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးတွင် ပြောကြားခဲ့သည်။






7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

## ဥရောပတွင် တုပ်ကွေးရောဂါ ဖြစ်ပွားမှုများလာ

**ဘရပ်ဆဲလ်၊**
**ဇန်နဝါရီ-၂၅**

ဇန်နဝါရီလ ဒုတိယပတ်အတွင်း ဥရောပတစ်ဝန်းတွင် တုပ်ကွေးရောဂါဖြစ်ပွားမှုများ ရှိနေသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ဥရောပ ၁၉ နိုင်ငံတွင် အပတ်စဉ်စောင့်ကြည့်လေ့လာရေး စာရင်းအရ တုပ်ကွေးရောဂါကူးစက်မှုမြင့်မားလာသည်ကို တွေ့ရှိရကြောင်း ဘရပ်ဆဲလ်မြို့မှဥရောပ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောကြားသည်။

ဥရောပနိုင်ငံပေါင်း ၁၄ နိုင်ငံတွင် အသင့်အတင့် ရောဂါပြင်းထန်သော တုပ်ကွေးများသာဖြစ်ပွားနေသော်လည်း နော်ဝေးနှင့် အိုက်စလန်နိုင်ငံတို့တွင်မူ အလွန်ပြင်းထန်သော တုပ်ကွေးရောဂါဖြစ်ပွားနေကြောင်း ယင်းဌာနက ဆိုသည်။

နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် အသင့်အတင့်ရောဂါပြင်းထန်သော တုပ်ကွေးဖြစ်ပွားနေသည်မှာ နှစ်ပတ်ဆက်တိုက်ရှိလာပြီး ချက်နှင့် စလိုဗေးနီးယားနိုင်ငံတို့မှာမူ ယခုရက်သတ္တပတ်တွင်မှ အဆိုပါစာရင်းတွင် ပါဝင်လာသည်။ ပြင်သစ်နှင့် အီတလီနိုင်ငံတွင်မူ ယင်းပြဿနာကြုံတွေ့ရသည်မှာ ရက်သတ္တပတ်လေးပတ်ရှိပြီဖြစ်သည်။

တုပ်ကွေးရောဂါဖြစ်ပွားမှု ဗိုင်းရပ်စ်အမျိုးအစားများတွင်လည်း $H_3N_2$ ဗိုင်းရပ်စ် ၄၈ ရာခိုင်နှုန်းနှင့် $H_1N_1$ ဗိုင်းရပ်စ် ၅၂ ရာခိုင်နှုန်းရှိပြီး ရောနှောပါဝင်နေသည်ကို တွေ့ရသည်။ မြောက်အမေရိကတိုက်တွင်မူ $H_3N_2$ ဗိုင်းရပ်စ်သာ အတွေ့များရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

—Ref: UPI

## ကျောင်းသားလေးသန်းကျော်အား သွားကျန်းမာရေး ပညာပေးစောင့်ရှောက်မည်

**ဝတ်ရည်အောင်**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၄**

ကျောင်းသားလူငယ်လေးသန်းကျော်အား သွားကျန်းမာရေးအတွက် အသိပညာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း (L.L.L) လုပ်ငန်းများအား ပထမဆုံးအကြိမ်အဖြစ် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ၏စာသင်ကျောင်းများရှိ ကျောင်းသားများအား အဓိက ဦးတည်ပြီး သွားကျန်းမာရေး ပညာပေးခြင်းများ ပြုလုပ်မည့် အဆိုပါစီမံချက်သည် ငယ်ရွယ်သည့် အရွယ်မှစတင်၍ စနစ်ကျသည့် သွားကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန် ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းမှ သတင်းရရှိသည်။

"အဓိက မူလတန်းကျောင်းတွေမှာ လုပ်ဖြစ်မယ်။ ငယ်တဲ့ အရွယ်ကတည်းက မှန်ကန်တဲ့ အမူအကျင့်တွေကို သိရှိပြီး လိုက်နာနိုင်အောင် အဲဒီအရွယ်က အရေးကြီးမို့လို့ပါ" ဟု အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံသွားနှင့် ခံတွင်း ဆရာဝန်အသင်းနှင့် ပူးပေါင်းမည့် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာ အဖွဲ့ချုပ် (FDI)ဥက္ကဋ္ဌ Dr. TC Wongကပြောသည်။

တစ်နိုင်ငံလုံးရှိ ကလေးငယ်များအား ပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန် ရည်ရွယ်ထားသော်လည်း ကျေးလက်ဒေသများအထိ သွားရောက်ရန် အခက်အခဲရှိနိုင်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

"ဒီမှာက သွားနဲ့ခံတွင်းဆိုင်ရာ မှန်ကန်တဲ့အမူအကျင့်တွေကို သိပြီး လိုက်နာတဲ့ သူက တော်တော်ကိုနည်းနေသေးတယ်။ အခုချိန်ထိ တော်တော်များများက သွားတိုက်တဲ့ပုံစံမှန်နဲ့ ညအိပ်ခါနီး သွားတိုက်ရမယ့် အလေ့အကျင့်တွေကိုလည်း မသိကြဘူး" ဟု သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးက မှတ်ချက်ပြုပြောကြားသည်။

Live. Learn. Laugh (L.L.L) ပရိုဂျက်အား FDI နှင့် Unilever တို့ ပူးပေါင်း၍ နိုင်ငံပေါင်း ၄၀ ကျော်တွင် ဆောင်ရွက်နေပြီး ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေသန်း ၅၀ ခန့် သွားနှင့်ခံတွင်းဆိုင်ရာ ကောင်းမွန်သည့် အပြုအမူများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း FDI နှင့် သွားနှင့်ခံတွင်းဆိုင်ရာ တံဆိပ်များ ထုတ်ဝေသည့် Unilever တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်တွင် သဘောတူညီမှု စာချွန်လွှာ လဲလှယ်ခဲ့သည်။

စာ(၁၃)မှ

## လေဖြတ်ခြင်းနှင့် စိတ်ကျရောဂါဖြစ်ခြင်းမှာ ဆက်စပ်နေ

ယင်းတို့အနက် လူပေါင်း ၈,၁၃၈ ဦးမှာ လေဖြတ်ခြင်း၊စိတ်ဓာတ်ကျခြင်းကို မည်သို့မျှ မခံစားခဲ့ရပေ။ ၇၃ ဦးတွင် လေဖြတ်ခဲ့သော်လည်း စိတ်ကျရောဂါမဖြစ်ခဲ့။ ၂,၂၉၁ဦးတွင် လေဖြတ်ခြင်းမဖြစ်ခဲ့သော်လည်း စိတ်ကျရောဂါခံစားခဲ့ရသည်။ လူပေါင်း ၄၈ ဦးမှာမူ လေဖြတ်ခြင်းအပြင် စိတ်ကျရောဂါပါ ခံစားခဲ့ရသည်။

"လေဖြတ်တဲ့သူသုံးဦးမှာ တစ်ဦးနှုန်းလောက် စိတ်ကျရောဂါခံစားရပါတယ်။ ဒါကို မိသားစုဝင်တွေက သတိထား စောင့်ကြည့်နေမယ်ဆိုရင် ကိုယ်ချစ်တဲ့လူတစ်ယောက်ရဲ့ အသက်ကိုကယ်တင်နိုင်ပါတယ်" ဟုဒေါက်တာ တိုဖီဂီက ကြေညာချက်တစ်ရပ်တွင် ပြောကြားသည်။

နှလုံးရောဂါနှင့်စိတ်ဓာတ်ကျခြင်း ဆက်စပ်နေတတ်ခြင်းကိုလူသိများသော်လည်း လေဖြတ်ခြင်းနှင့် စိတ်ဓာတ်ကျခြင်း ဆက်စပ်မှုရှိသည်ကို သတိမထားမိတတ်ကြကြောင်း အမေရိကန် သုတေသီက ဆက်လက်ပြောကြားသည်။

—Ref: UPI

TRADEMARK CAUTION
PT.TEMPO SCAN PACIFIC Tbk., a company incorporated in Indonesia at Jl. HR. Rasuna Said Kavling 11, Jakarta 12950, Indonesia is the Owner and Sole Proprietor of the following Trademarks:-

Flumol
Reg:No.4/1564/2007
In respect of : Pharmaceutical preparations, medicine for human purposes influenza and/or common cold preparation, to relieve symptoms such as runny nose, nasal congestion, fever, headache, and myalgia.

vidaren
Reg: No.4/1565/2007
In respect of : Health supplement for human health purpose. Health supplement containing vitamins and minerals, to help to prevent and to make correction of vitamins and minerals deficiency. It also beneficial in other conditions like anemia, recovery state/reconvalescence, supporting healthy bone and teeth growth in children.
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph:371990 31.Jan, 2013

MIT
Beyond Innovation
Sales and Marketing Executive
- Degree or Diploma in Engineering/ Business or related area
- Highly motivated and have passion to do sales and marketing
- Possess good command of English
- Good analytical, organizational and interpersonal skills
- Must be able to work in a fast-paced environment where multi-tasking and prioritization are required
Pls apply with detailed resume, contact information, recent photograph and expected salary to recruitment@nirvasoft.com.
Only shortlisted candidate will be notified.

ဆွစ်ဇ်ဖွံ့ဖြိုးရေးနှင့်
ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC)
မူလတန်းကျောင်းများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်း စသော လုပ်ငန်းများအတွက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အခြေချလုပ်ကိုင်နေသော အရည်အသွေးရှိ ဆောက်လုပ်ရေး ကန်ထရိုက်တာများ ပဏာမရွေးချယ်ခြင်း
၁။ အထက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများကို စိတ်ဝင်စားသောသူများသည် စာရွက်စာတမ်းများ (ကုမ္ပဏီဖွဲ့စည်းပုံနှင့် သမိုင်းအကျဉ်း၊ ကုမ္ပဏီလိုင်စင်အမှတ်၊ ဆောက်လုပ်ခဲ့သော အဆောက်အဦး အမျိုးအစားများကို ဓာတ်ပုံများ၊ ၎င်းတို့ တည်နေရာနှင့် ဆောက်လုပ်၍ ပြီးစီးခဲ့သော အချိန်ကာလ စသည်ဖြင့်) အပြည့်အစုံ တင်ပြရပါမည်။
၂။ နောက်ဆုံးပေးပို့ရမည့်ကာလမှာ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့ ဖြစ်သည်။
၃။ ပေးပို့ရမည့် လိပ်စာမှာ - အမှတ် ၂၉၊ မြို့ရှောင်လမ်း၊ ရှမ်းစုရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
(Mail : myomin123456@gmail.com)
၄။ ဆက်သွယ်မေးမြန်းနိုင်သော ဖုန်းနံပါတ် -
Tel/Fax : +95-(0)57 213 81, +95(0)-57 268 96



Regional

7DAY NEWS JOURNAL

Vol.11, No.47 • JANUARY 31 , 2013

# မန္တလေးဘူတာကြီးနှင့် ဂေါဝိန်ဆိပ်သို့ မှောင်ခိုဝင်သည့် ကုန်ပစ္စည်းများ ဖေဖော်ဝါရီတွင် စတင်စစ်ဆေးမည်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ-၂၁**

နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများနှင့် ချိတ်ဆက်မှုရှိသည့် မန္တလေးမြို့ မီးရထားဘူတာကြီးနှင့် ဧရာဝတီမြစ်ဆိပ်ကမ်း ဂေါဝိန်ဆိပ်သို့ အခွန်မဆောင်သော ပစ္စည်းများ မှောင်ခိုဝင်ရောက်နေမှုကို ဖေဖော်ဝါရီလမှစ၍ မှောင်ခိုကုန်သွယ်မှုတားဆီးရေးအဖွဲ့များဖြင့် ဖမ်းဆီးစစ်ဆေး အရေးယူသွားမည်ဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးညွှန့်အောင်ကပြောသည်။

"မန္တလေးနယ်စပ်ကုန်သွယ်ရေးရုံးမှာ အဖွဲ့ဖွဲ့နေတာ မပြီးသေးလို့၊ ဖွဲ့စည်းပြီးတာနဲ့ စတင်ဖမ်းဆီးအရေးယူမယ်"ဟု ဦးညွှန့်အောင်ကပြောသည်။

အခွန်မဆောင်ဘဲ မှောင်ခိုတင်သွင်းလာသော ပစ္စည်းများမှာ မန္တလေးဂေါဝိန်ဆိပ်သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဝင်ရောက်နေကြောင်း၊ မန္တလေးဘူတာကြီးသို့လည်း လားရှိုး-မန္တလေးရထားလမ်းမှတစ်ဆင့် ကုန်ပစ္စည်းများ မှောင်ခိုဝင်ရောက်နေသည်ကို သတင်းရရှိထားသဖြင့် ယခုကဲ့သို့ တရားမဝင် မှောင်ခိုကုန်သွယ်မှုတားဆီးရေးအဖွဲ့များဖြင့် ဖမ်းဆီးစစ်ဆေးရန် စီစဉ်ခြင်းဖြစ်ကြောင်း ဦးညွှန့်အောင်ကပြောသည်။



မန္တလေးမြို့ ဘူတာကြီး

ဓာတ်ပုံ-ညီညီဇော်

စားသုံးသူ အကာအကွယ်ပေးရေးနှင့် အခွန်မဆောင်သည့် တရားမဝင် ကုန်ပစ္စည်းများကြောင့် ပြည်တွင်းမှ စက်မှုလုပ်ငန်းများ၊ မှန်မှန်ကန်ကန် ကုန်သွယ်နေသည့် ကုန်သည်များအပေါ် ထိခိုက်နစ်နာမှုမရှိစေရေးအတွက် တရားမဝင်မှောင်ခိုကုန်သွယ်မှု တားဆီးရေးအဖွဲ့များကို အင်အားပိုမိုတိုးချဲ့ကာ တားဆီးအရေးယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

အေးခဲအသားများနှင့် စားသောက်ကုန်များ မန္တလေးသို့ တရားမဝင် ဝင်ရောက်မှုရှိနေပြီး ၎င်းတို့ကြောင့် ပြည်တွင်းမွေးမြူရေးလုပ်ငန်းများနှင့် စားသုံးသူကျန်းမာရေးအပေါ် ဆိုးကျိုးရှိစေ၍ တားဆီးပေးရန်လိုကြောင်း မြို့ခံများကပြောသည်။

တရားမဝင်ကုန်သွယ်မှု ပပျောက်ရေးအတွက်နယ်စပ်ကုန်သွယ်ရေး စခန်းများနှင့် လမ်းကြောင်းများတွင် ၂၀၁၂နိုဝင်ဘာလမှ စတင်၍ ရွေ့လျားစစ်ဆေးရေးအဖွဲ့များဖြင့် ဖမ်းဆီးစစ်ဆေးခဲ့ရာ နယ်စပ်ကုန်သွယ်မှုပမာဏ နှစ်ဆတိုးလာကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ သတင်းရရှိသည်။

ယင်းအဖွဲ့များဖြင့် ဖမ်းဆီးစစ်ဆေးမှု ပြုလုပ်နေသည့် မူဆယ်-မန္တလေး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အောက်တိုဘာလက တရားဝင်ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၇၇ ဒသမ ၇၈၃ သန်းဖိုးသာ ရှိခဲ့ရာမှ ဒီဇင်ဘာလတွင် ၁၀၅ ဒသမ ၄၇၈ သန်းထိ မြင့်တက်လာကြောင်း၊ မြဝတီ-ပဲခူး လမ်းကြောင်းတွင်လည်း အောက်တိုဘာလက တရားဝင်ကုန်သွယ်မှု ဒေါ်လာ ၁၁ ဒသမ ၈၄၅ သန်းသာ ကုန်သွယ်နိုင်ခဲ့သော်လည်း ဒီဇင်ဘာလတွင် ၃၁ ဒသမ ၈၆၆ သန်းအထိ မြင့်တက်လာကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန စာရင်းဇယားများအရ သိရသည်။

## ဓားထောက်၍ ငွေလုယက်သူအား ဖမ်းဆီး

**စူပါမောင်**

**အောင်ပန်း၊ ဇန်နဝါရီ - ၂၃**

ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့တွင် ဓားထောက်ကာ ငွေလုယက်မှု နှစ်ကြိမ်တိုင် ကျူးလွန်ခဲ့သူအား ယခုလ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခန့်က အောင်ပန်းမြို့၊ ညောင်ပင်ထောင် ရပ်ကွက်နေသူ အမျိုးသမီးတစ်ဦးကို မျက်နှာတွင် အဝတ်စည်းကာ ရုပ်ဖျက်ထားသူက ဓားဦးချွန်ထောက်ကာ ငွေကျပ်နှစ်သိန်း လုယူထွက်ပြေးသွားသည်။

ထို့အတူ ယခုလ ၇ ရက် ည ၉ နာရီအချိန်ခန့်ကလည်း အောင်ပန်းမြို့ ၄ ရပ်ကွက်အတွင်းရှိ ပင်လယ်ပြာ ပင်လယ်စာရောင်းဝယ်ရေးဆိုင်ရှင်ကို ဓားဖြင့်ထောက်ကာ ငွေလုယက်ပြီး ထွက်ပြေးတိမ်းရှောင်မှုဖြစ်ပွားခဲ့သည်။

အောင်ပန်းမြို့နယ်အတွင်း ဓားထောက်လုယက်မှုများဖြစ်ပွားနေသဖြင့် အောင်ပန်းရဲစခန်းမှ တာဝန်ရှိသူများက လုယက်သူအား ဖမ်းဆီးမိရေး ဆောင်ရွက်နေစဉ် ယခုလ ၁၆ ရက် ညနေ ၆ နာရီ ၃၀ မိနစ်ခန့်က မသင်္ကာဖွယ်ရာ လူတစ်ဦး ဆိုင်ကယ်အသစ်တစ်စီးဖြင့် ပြည်သာယာဈေးအတွင်း သွားလာလှုပ်ရှားနေသဖြင့် စစ်ဆေးမေးမြန်းရာမှ ငွေ လုယက်သူ ချစ်ဦးဆို သူ အား ဖမ်းဆီးမိခဲ့သည်။

ထိုသူမှာ အဆိုပါဓားထောက်ငွေလုယက်မှုနှစ်ခုအပြင် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၃ ရက်ည ၇ နာရီဝန်းကျင်ကလည်း ပြည်သာယာဈေး၊ ဦးမှတ်ကြီးပွဲရုံမှ အထုပ်တစ်ထုပ်ကို လုယူထွက်ပြေးဖူးကြောင်း ဝန်ခံပြောကြားခဲ့သဖြင့် ချစ်ဦးဆိုသူကို အောင်ပန်း ရဲစခန်းက (ပ) ၁၀/၂၀၁၃ ပြစ်မှုပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

## ဟားခါးမြို့တွင် လူနေထူထပ်လာ၍ သောက်သုံးရေ အခက်ကြုံ

**သန်းထူး**

**နေပြည်တော်၊ ဇန်နဝါရီ - ၂၃**

ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားသော ချင်းပြည်နယ် ဟားခါးမြို့တွင် မြို့နေလူထုအတွက် သောက်သုံးရေ မလုံမလောက် ဖြစ်နေကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် (ချင်း-၄) က ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်တွင် ပြောကြားသည်။

လက်ရှိ လူဦးရေ ၃၆,၆၁၄ ဦး နေထိုင်လျက်ရှိပြီး အမြင့်ပေ ၆,၁၂၀ ရှိသည့် တောင်ပေါ်မြို့ဖြစ်သော အဆိုပါမြို့၏ သောက်သုံးရေအခက်အခဲနှင့်ပတ်သက်၍

"အရင်တုန်းက လုံလောက်ခဲ့သော်လည်း လူဦးရေ များပြားလာခြင်း၊ လူနေမှုအဆင့်မြင့်ကာ နိုင်ငံခြားညှော်သည်များ လာရောက်ခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီး၍ စမ်းရေထွက်များ ခန်းခြောက်ခြင်းကြောင့် မြို့နေလူထု သောက်သုံးရေမလုံလောက်မှု ဖြစ်ပေါ်လျက်ရှိပါတယ်" ဟူ၍ ဦးစတီဗင်သာဘိတ်က လွှတ်တော်၌ ပြောကြားသည်။

အဆိုပါအကြောင်းအရာနှင့် ပတ်သက်၍ (ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား) သမ္မတ ရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ဖြေကြားရာတွင် မြို့၏ ပတ်ဝန်းကျင်ရှိ ရေထွက်အရင်းအမြစ် ၁၄ ခုမှ တစ်နေ့လျှင် ရေ ၅၆,၄၂၀ ဂါလန်ထွက်ရှိကြောင်း၊ မိုးတွင်းကာလ၌ မြို့နေလူဦးရေအတွက် ရေလွှမ်းခြုံမှု ရာနှုန်းပြည့်ရှိသော်လည်း နှစ်စဉ် ဒီဇင်ဘာလမှ ဇွန်လအထိ ရေလွှမ်းခြုံနိုင်မှုမှာ ၃၉ ရာခိုင်နှုန်းခန့်သာရှိကြောင်း ၎င်းကပြောကြားသည်။

မြို့နေလူထု ရေဖူလုံရေးအတွက် ၂၆ မိုင်အကွာရှိ အထက်သီးမစ်ချောင်းများမှ ပိုက်လိုင်းသွယ်တန်းရန် စီစဉ်ထားသော်လည်း ကုန်ကျငွေ ကျပ်သိန်းပေါင်း ၁၇,၀၀၀ ခန့် ကုန်ကျမည်ဖြစ်၍ လောလောဆယ် မဖြစ်နိုင်သေးကြောင်း၊ ၂၀၁၄-၂၀၁၇ ခုနှစ် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီတွင် ခန့်မှန်းကုန်ကျစရိတ် ဒေါ်လာ ငါးသန်းထည့်သွင်း တောင်းခံထားကြောင်း၊ ၎င်းအပြင် သီးမစ်ဘက်စုံရေလှောင်တမံ တည်ဆောက်ရေးအတွက် အကြိုစူးစမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

၁၉၈၅ ခုနှစ်က ရပ်ကွက်သုံးခုနှင့် လူဦးရေ ၁၈၀၀ ခန့်သာရှိသော ဟားခါးမြို့၌ လက်ရှိအချိန်တွင် ရပ်ကွက်နေ၊ အိမ်ခြေ ၇,၈၄၀ နှင့် လူဦးရေ ၃၆,၆၁၄ ဦးရှိနေပြီး မြို့နေလူအများစုမှာ ကိုယ်ပိုင် စိမ့်စမ်းရေများမှလည်းကောင်း၊ ရပ်ကွက်အစီအစဉ်ဖြင့်လည်းကောင်း၊ ဝယ်ယူ၍လည်းကောင်း ရေကို ခြိုးခြံစွာ သုံးစွဲနေရကြောင်း သတင်းရရှိသည်။

## ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများပိုင်ကုမ္ပဏီ တစ်စုလျှင် ကျပ်တစ်သောင်းဖြင့် ရောင်းမည်

**ထွန်းခိုင်၊ အောင်ခိုင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**

ရခိုင်ပြည်နယ်တွင် ပထမဦးဆုံး အများပိုင်ကုမ္ပဏီဖြစ်သည့် ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း လီမိတက်ကို မတည်ငွေကျပ် သိန်းပေါင်းတစ်သန်းဖြင့် စတင်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အဆိုပါကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌ ဦးရွှေကျော်သိန်းက ပြောသည်။

အဆိုပါကုမ္ပဏီသည် ဟိုတယ်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ရေထွက်လုပ်ငန်းများတွင် အဓိက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး သင်တန်းကျောင်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။"အဓိကကတော့ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိအောင်၊ ဒေသဖွံ့ဖြိုးအောင် ရည်ရွယ်ပါတယ်" ဟု ဦးရွှေကျော်သိန်းက ပြောသည်။

ဇန်နဝါရီလဆန်းကစတင်ဖွဲ့စည်းခဲ့သော အဆိုပါ အများပိုင်ကုမ္ပဏီတွင် အစုရှယ်ယာများကို တစ်စုလျှင် ကျပ်တစ်သောင်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ထို ကော်ပိုရေးရှင်းက ထုတ်ပြန်ကြေညာထားသည်။

"လုပ်ပိုင်ခွင့် နောက်တစ်လလောက်ဆိုရင် ရှယ်ယာတွေ စရောင်းမှာပါ" ဟု ဦးရွှေကျော်သိန်းက ပြောကြားသည်။



7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# အငြင်းပွားသည့် မြေနေရာတွင် တန်ဖိုးနည်း အိမ်ရာစီမံကိန်း ဖော်ဆောင်မည်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ- ၂၆**

နေထိုင်ရေး ခက်ခဲနေသည့် မြို့လူထုအတွက် ပထမဆုံးအကြိမ်အဖြစ် တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခုကို မန္တလေးစည်ပင်က အကောင်အထည်ဖော်ဆောင်လုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒရပ်ကွက်နှင့် အောင်သာယာရပ်ကွက်အတွင်းရှိ နိုင်ငံတော်ပိုင်မြေများပေါ်တွင် တန်ဖိုးနည်း အိမ်ရာစီမံကိန်းအဖြစ် လေးခန်းတွဲလေးထပ်ပါ အဆောက်အအုံအလုံး ၃၄၀ ကျော်၊ အခန်းပေါင်း ၅,၅၀၀ ကျော်ကို မန္တလေးစည်ပင်မှ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ဆောက်လုပ်မည်ဖြစ်ကြောင်း မန္တလေးစည်ပင်အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စီမံကိန်း အကောင်အထည်ဖော် ဆောက်လုပ်ရန် မန္တလေးစည်ပင် လိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများနှင့် မန္တလေးစည်ပင်တို့ ညှိနှိုင်းနေပြီး ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ယခုလ ၂၉ ရက် နောက်ဆုံးထား ညှိနှိုင်းလျှောက်ထားနိုင်ကြောင်းမန္တလေးစည်ပင်က ထုတ်ပြန်ထားသည်။

အခန်းတစ်ခန်း၏ ဈေးနှုန်းကို အတိအကျ မသိရသေးဘဲ ဈေး အသက်သာဆုံးဖြစ်အောင် ဆောက်လုပ်မည်ဖြစ်ကြောင်း၊ ဝယ်ယူလိုသူများအတွက် အရစ်ကျရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိကိုလည်း ဆက်လက် ညှိနှိုင်းရဦးမည်ဖြစ်ကြောင်း မန္တလေးစည်ပင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

တန်ဖိုး ကျပ်သိန်းတစ်ရာအောက်နှင့် အရစ်ကျ ရောင်းချပေးမည်ဆိုလျှင် အတန်သင့် ဝင်ငွေရှိသူများ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း မြို့ခံများက ပြောသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်း အကောင်ထည်ဖော်ဆောက်လုပ်ခြင်းမှာမစတင်ရသေးသော်လည်း ဝယ်ယူလိုသူများပြားနေကြောင်း မန္တလေးစည်ပင် အဆောက်အအုံနှင့် ကုန်ရုံဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခု တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်ရန် စီစဉ်ထားသည့် မြရည်နန္ဒနှင့် အောင်သာယာ ရပ်ကွက်တို့မှာ ၂၀၁၂ ခုနှစ်အတွက် မန္တလေးစည်ပင်နှင့် ကျူးကျော်နေထိုင်သူများ မြေပိုင်ဆိုင်မှုအတွက် အငြင်းပွားခဲ့သော ရပ်ကွက်ဖြစ်ပြီး မန္တလေးစည်ပင်နှင့် ကျူးကျော်များ အပြန်အလှန်တရားစွဲဆိုမှုအထိ ဖြစ်ပွားခဲ့သည်။

မန္တလေးတွင် မြေဈေးနှုန်းများ ကြီးမြင့်လာသလို အိမ်ငှားရမ်းခများလည်း မြင့်တက်လာမှုကြောင့်မန္တလေးစည်ပင်ကဆောက်လုပ်မည့် တန်ဖိုးနည်း အိမ်ရာစီမံကိန်းကို မြို့လူထု စိတ်ဝင်စားကြကြောင်း မန္တလေး မြို့ခံအချို့က ပြောသည်။

တန်ဖိုးနည်း အိမ်ရာစီမံကိန်း ဆောက်လုပ်မှုအတွက် ကြာမြင့်မည့်အချိန်ကို မန္တလေးစည်ပင်နှင့် ဆောက်လုပ်ရေးကုမ္ပဏီများ ညှိနှိုင်းဆဲဖြစ်သည်ဟု သတင်းရရှိသည်။

# မန္တလေးအိမ်ခြံမြေ အငှားသွက်ပြီး မြေကွက်အရောင်းအဝယ် ပြန်လှုပ်လာ

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ- ၂၆**

မန္တလေးမြို့ အိမ်ခြံမြေဈေးကွက်တွင် အဆောက်အအုံ အငှားဈေးကွက် သွက်နေပြီး နှစ်ဆန်းပိုင်းတွင် အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းများပြန်လှုပ်လာကြောင်း မန္တလေးမြို့မှ ဝါရင့်အိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

ရုံးခန်းများ ဖွင့်လှစ်ခြင်း၊ ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ခြင်းတို့အပြင် လိုအပ်ချက်အရ အဆောက်အအုံကြီးများ ငှားရမ်းပြီး ဟိုတယ်၊ တည်းခိုခန်းများ ဖွင့်လှစ်ခြင်းတို့ကြောင့် မန္တလေး အိမ်ခြံမြေ အငှားဈေးကွက် သွက်နေပြီး အဆောက်အအုံ ငှားရမ်းခဈေးများလည်း မြင့်တက်လာကြောင်း မြို့ခံအိမ်ခြံမြေ အကျိုးဆောင်များက ပြောသည်။

"အဆောက်အအုံကြီးတွေကို တစ်လ သိန်းရာချီပေးပြီး ငှားတယ်။ ပြီးတော့ အခန်းဖွဲ့၊ ပြန်ပြင် လိုင်စင်လျှောက်ပြီး ဟိုတယ်၊ တည်းခိုခန်းအဖြစ် ဖွင့်ကြတယ်။ အခု မန္တလေးမှာ အဲဒါမျိုးတော်တော်လုပ်ကြတယ်။ မြို့လယ်က အဆောက်အအုံတွေ အငှားပိုသွက်တယ်" ဟု မန္တလေးမြို့ ရွှေမန္တလေးအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ ကိုနေလင်းအောင်က ပြောသည်။

၂၀၁၁ နှစ်ကုန်ပိုင်းအထိ အရောင်းအဝယ်ကောင်းခဲ့ပြီး ၂၀၁၂ တစ်နှစ်လုံး အရောင်းအဝယ်ငြိမ်နေခဲ့ရာမှ ယခုနှစ်ဆန်းပိုင်းတွင် အရောင်းအဝယ် ပြန်လှုပ်လာကြောင်း ဈေးနှုန်းများမှာလည်း ပြီးခဲ့သည့်နှစ်ထက် အတက်ဘက်သို့ဦးတည်နေကြောင်း အိမ်ခြံမြေ အကျိုးဆောင်ဦးတင်မောင်ကပြောသည်။ မြို့တွင်းပိုင်းရှိ မြေကွက်ကျယ်များ၊ ဟိုတယ်အဆောက်အအုံကြီးများ ဆောက်လုပ်ရန် သင့်တင့်သည့် မြေကွက်များ ကြိုက်ရောင်း ကြိုက်ဝယ် အရောင်းအဝယ်ပြန်လိုက်လာကြောင်းမန္တလေး မြေရာဇာ အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ ဦးကျော်ဝင်းက ပြောသည်။

"တက်ဈေးမျှော်ပြီး ဝယ်ထားကြတာမျိုး မဟုတ်သေးဘဲ အမှန်တကယ် အသုံးလိုတဲ့သူက အသုံးတည့်မယ့် မြေကွက်တွေ ဝယ်ကြတယ်။ နေရာနဲ့ ဈေးသင့်ရင် ဘယ်နေရာမဆို အရောင်းအဝယ်ဖြစ်ပါတယ်" ဟု ဦးကျော်ဝင်းက ဆိုသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့ စွယ်တော်စေတီတော်အနီး အဝေးပြေးကုန်တင်ကားဂိတ်ဝန်းကျင်ရှိမြေကွက်များဖြစ်သည့် ၆၂ လမ်းနှင့် ၆၈ လမ်းကြား၊ လလမြေကွက်များ အရောင်းအဝယ် အသွက်ဆုံးဖြစ်နေကြောင်း မန္တလေး အိမ်ခြံမြေဈေးကွက်မှ သတင်းရရှိသည်။

ဟိုတယ်၊ စက်ရုံများ ဆောက်လုပ်ရန် ဂျပန်၊ မလေးရှား၊ အိန္ဒိယနိုင်ငံများ မြေကွက်ကျယ်များ လာရောက်လေ့လာဈေးစုံစမ်းမှုများရှိနေပြီး အရောင်းအဝယ် မဖြစ်သေးကြောင်းဦးကျော်ဝင်းကပြောသည်။ လတ်တလော မန္တလေး အိမ်ခြံမြေဈေးကွက်တွင် တရုတ်ဝယ်လက်အချို့သာ ရှိနေသေးသည်ဟုမန္တလေးအိမ်ခြံမြေအကျိုးဆောင် အချို့ထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်တို့နှင့် အဓိကကုန်သွယ်သွားလာနိုင်ခြင်း၊ မကြာမီ ဖောက်လုပ်မည့် အာဆီယံ-အိန္ဒိယလမ်းမကြီးနှင့် အာရှ အဝေးပြေးလမ်းမကြီးတို့ပေါ် အချက်အချာကျသည့်နေရာတွင် ရှိခြင်း စသည့်လမ်းပန်းဆက်သွယ်ရေး အချက်ချာကျမှုကြောင့် မန္တလေးမြို့ အိမ်ခြံမြေဈေးနှုန်းမှာ ၂၀၀၀ပြည့်နှစ်နောက်ပိုင်းတစ်ရှိန်ထိုးမြင့်တက်ခဲ့သည်။



*ဝေါတံတားပိတ်ဆို့မှုကြောင့် သွားမရဘဲ ရပ်တန့်ထားရသော ယာဉ်တန်း*

ဓာတ်ပုံ - အိဖြူလွင်

# နှစ်ရက်ကြာပိတ်ထားရသော ဝေါတံတားပြန်ဖွင့်

**သွယ်သွယ်လင်း**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၂၃**

နှစ်ရက်ကြာ ယာဉ်အစီးရေရာနှင့်ချီ၍ ပိတ်မိနေသော ဝေါတံတားသည် ယနေ့နံနက် ၁နာရီမှ စတင်၍ ယာဉ်များ ပြန်လည်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း ဝေါမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သတင်းရရှိသည်။

တံတားပေါ် ပိတ်မိနေသော ဘားအံမြို့ ဘိလပ်မြေစက်ရုံမှ တန် ၆၀ ရှိသည့် ဝန်ချီစက်နှင့် ကွန်ကရစ်တုံးကို ဖယ်ရှားခဲ့ပြီး ယာဉ်များပုံမှန်အတိုင်း သွားလာနိုင်ပြီဟု ဝေါမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

"ခရီးသွားပြည်သူတွေ နေပူလမ်းပေါ်မှာ ဒုက္ခအမျိုးမျိုး၊ ဘာမှန်းမသိရဘဲ စောင့်နေရတယ်" ဟု ခရီးသည်တစ်ဦးက ပြောကြားသည်။

အချို့သော ခရီးသွားယာဉ်များမှာ တံတားပိတ်မိနေသည်ကို မသိဘဲ တံတားရောက်သည့်အခါမှ ပြန်လှည့်မရဘဲ ပိတ်မိနေသည်ဟု ကျိုက်ထီးရိုးဘုရားမှပြန်လာသော ခရီးသည်တစ်ဦးကပြောသည်။ ကျိုက်ထီးရိုးဘုရားသို့သွားသည့် နိုင်ငံခြားဧည့်သည်များပါရှိသော ကားတစ်စီးသည်လည်း လမ်းပိတ်နေ၍ ရန်ကုန်ဘက်သို့ ပြန်လှည့်သွားသည်ဟု ဝေါတံတားအနီး ဓာတ်ဆီဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ဝေါဒေသခံများ စုပေါင်း၍ ခရီးသည်များအားတစ်နေ့စာထမင်းထုပ်များ ပေးလှူခဲ့ကြပြီး ဆန်အိတ် ၅၀ ကျော် ကုန်ခဲ့ကြောင်း ဝေါဒေသခံတစ်ဦးက ပြောသည်။ ယင်းသို့ယာဉ်ကြောပိတ်မိခြင်းကြောင့် ကူးတို့၊ ဆိုင်ကယ်ကယ်ရီနှင့် ဈေးသည်များ အလုပ်ဖြစ်ခဲ့ကြပြီး ထောင်နှင့်ချီသော လူများမှာ ကူးတို့ရေယာဉ်များဖြင့် သွားလာခဲ့ရသည်ဟု ၎င်းကပြောသည်။







Apple Production Co.,Ltd. ရန်ကုန်(ရုံး)-01-570112, 09-49316408, 09-91020596. (ဆိုင်)ယုဇနပလာဇာ၊ ဒုတိယထပ်(စက်လှေကားအနီး) မန္တလေး - 02-5152320, 02-5152321

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# မန္တလေး နွေရာသီအတွက် နေ့စဉ်ရေဂါလန်ဆယ်သန်း ထပ်တိုးဖြန့်ဝေမည်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ- ၂၆**

မန္တလေးမြို့ ရေလိုအပ်ချက် အတွက် ယခုနှစ် နွေရာသီ မတ်လကုန်မှ စတင်၍ နေ့စဉ်ရေဂါလန် ဆယ်သန်း ထပ်တိုးဖြန့်ဝေပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ရေနှင့်ရေသန့်ဌာနမှ သတင်းရရှိသည်။

ရောဝတီမြစ်ရေကို သန့်စင်၍ ရေဂါလန်ထပ်တိုးဖြန့်ဝေပေးနိုင်မည့် အမှတ်(၈)ရေတွန်းစက်ရုံကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၁၉ လမ်းနှင့် ကမ်းနားလမ်း၊ ရောဝတီမြစ်ကမ်းတွင် ၂၀၁၀ပြည့်နှစ်တွင်စတင်တည်ဆောက်ခဲ့ရာ ယခုအခါ စက်ရုံတည်ဆောက်မှု ပြီးစီးပြီဖြစ်၍ မတ်လကုန်မှ စတင်ကာ ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း မန္တလေးစည်ပင် ရေနှင့်ရေသန့်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင်း ပိုက်လိုင်းစနစ်ဖြင့် ရေဖြန့်ဝေပေးမှုအတွက် နေ့စဉ်ရေဂါလန် ၃၅ သန်းခန့် လိုအပ်သော်လည်း လက်ရှိ အချိန်တွင် ရေတွန်းစက်ရုံ ခုနစ်ရုံဖြင့် ရေဂါလန် ၂၄ သန်းခန့်သာ နေ့စဉ် ဖြန့်ဖြူးပေးနိုင်ကြောင်း၊ လိုအပ်သော ရေအတွက် ကျိုးရေမှ နေ့စဉ်ရေဂါလန်နှစ်သန်းခန့်နှင့် ကိုယ်ပိုင် စက်ရေတွင်းများ တူးဖော်သုံးစွဲနေကြကြောင်း မန္တလေးစည်ပင်မှ သတင်းရရှိသည်။

"ဒီအမှတ်(၈)ရေတွန်းစက်ရုံ ပြီးစီးသွားတဲ့အတွက် မြို့အတွက် လိုအပ်နေတဲ့ ရေပမာဏပြည့်မီအောင် ဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။ ချမ်းအေးသာစံမြို့နယ်နဲ့ အောင်မြေသာစံမြို့နယ်နှစ်ခု ရေသုံးစွဲရတာ အများကြီး အဆင်ပြေသွားလိမ့်မယ်" ဟု မန္တလေးစည်ပင် ရေနှင့် ရေသန့်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အမှတ်(၈) ရေတွန်းစက်ရုံ တည်ဆောက်မှုအတွက် ကျပ်သိန်း ၄၅,၀၀၀ ခန့်ကုန်သည်ဟု ဆိုသည်။ နေ့စဉ် ရေဖြန့်ဝေပေးနိုင်မည့် ရေပိုက်လိုင်းစနစ် မရှိသေးဘဲ ကိုယ်ပိုင်စက်ရေတွင်းများကိုသာ အဓိက မှီခိုသုံးစွဲနေရရာ ၎င်းတို့အတွက်လည်း ရေသုံးစွဲမှု အဆင်ပြေအောင်လုပ်ပေးစေလိုကြောင်း ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်မှ မြို့ခံအချို့က ပြောကြားသည်။

ရေပိုက်လိုင်း စနစ်ဖြင့် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေမြို့နယ်တို့ကိုသာ အဓိကရေပေးဝေ ဖြန့်ဖြူးပေးနိုင်ပြီး ရေဖြန့်ဝေမှုအတွက် လျှပ်စစ်ဓာတ်အားမှာ အဓိကလိုအပ်ချက်ဖြစ်ရာ ရေတွန်းစက်ရုံများ လျှပ်စစ်ဓာတ်အားအလုံအလောက်ရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း မန္တလေးစည်ပင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးမြို့တွင် မြေအောက်ရေကိုသာ အဓိကထား သုံးစွဲနေရရာ အချိန်ကြာလာသည်နှင့်အမျှ မြေအောက်ရေသယံဇာတ လျော့နည်းလာ၍ မြစ်ရေကို သန့်စင်ကာရေရှည်သုံးစွဲနိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း မန္တလေးစည်ပင်မှ သတင်းရရှိသည်။

## မိုးညှင်း... 

## မုံရွာမြို့တွင် ပြည့်တန်ဆာလုပ်ငန်းများအား ဖမ်းဆီး

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇန်နဝါရီ - ၂၃**

မုံရွာမြို့ လယ်ဇင်ကျေးရွာအုပ်စု မြို့ပတ်လမ်းရှိ နေအိမ်တစ်အိမ်အား သက်ဆိုင်ရာမုံရွာမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ် ခင်ဇော်လတ်နှင့်အဖွဲ့သည် ဇန်နဝါရီလ ၁၈ ရက် ညနေ ၄ နာရီခွဲအချိန်တွင် ဝင်ရောက်ရှာဖွေရာမှ ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိပါသည်။

ဖြစ်စဉ်မှာ မုံရွာမြို့ လယ်ဇင်ကျေးရွာအုပ်စုနေ မြို့ပတ်လမ်းရှိ အောင်ဇော်မင်း (၂၉) နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပြည့်တန်ဆာလုပ်ငန်း လုပ်ကိုင်ရန် ရောက်ရှိနေသည့် အမျိုးသမီး ၁၂ ဦးအား ဖမ်းဆီးရမိခဲ့သဖြင့် မုံရွာမြို့နယ်အမှတ်(၁)ရဲတပ်ဖွဲ့စခန်းမှ အဆိုပါ အမျိုးသမီးများအား (ပ) အမှတ်-(၅၁/၂၀၁၃) မှ (၆၂/၂၀၁၂) အထိ ရေးဖွင့်ပြီး ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေပုဒ်မ ၇(၁)(ဂ)အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။




## ဘင်္ဂလားဒေ့ရှ်ဖုန်းကတ်ကိုင်ဆောင်သူ အရေးယူခံရ

**မောင်ကံ**

**မောင်တော၊ဇန်နဝါရီ- ၂၃**

မောင်တောမြို့နယ်အတွင်း တရားမဝင် မိုဘိုင်းဖုန်းကိုင်ဆောင်သူတစ်ဦးကို ဇန်နဝါရီ ၁၉ ရက်တွင် မောင်တောရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် နေ့လယ် ၁ နာရီအချိန်တွင် ရွှေဇားတံတားထိပ်၌ လူနှင့်ယာဉ် အဝင်/အထွက် စစ်ဆေးမှုများပြုလုပ်နေစဉ် ရွှေဇားကျေးရွာ အနောက်ဘက်မှ ခရီးဆောင်အိတ် အနက်လွယ်ကာ လမ်းလျှောက်လာသူ ကျော်ငြိမ်းထွန်း (၂၄ နှစ်) အားမသင်္ကာ၍ ရပ်တန့်စစ်ဆေးခဲ့သည်။ ကျော်ငြိမ်းထွန်း၏ ဘောင်းဘီအိတ် အတွင်းမှ SYMPHONY စာတန်းပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ် ဖုန်းတစ်လုံးကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကျော်ငြိမ်းထွန်းအား မောင်တောရဲစခန်းမှ (ပ) ၁၃/၂၀၁၃ ဆက်သွယ်ရေးကြိုးမဲ့ကြေးနန်းဥပဒေ ၆(၁)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## မြန်မာ့စီးပွားရေးဘဏ် (စစ်တွေ) တွင် ပင်စင်ငွေများ စမတ်ကတ်ဖြင့် ထုတ်ယူနိုင်

**မောင်ကံ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**

အငြိမ်းစားပင်စင်စားများ၏ ပင်စင်လစာငွေများကို ဇန်နဝါရီလ ၂၁ ရက်မှစတင်ကာ စမတ်ကတ် (Smart Card) များဖြင့် ထုတ်ပေးနေပြီဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ် (စစ်တွေ) ဘဏ်ခွဲမှ ခရိုင်မန်နေဂျာဦးဘကျော်တင်က ပြောကြားသည်။

"ပင်စင်စားတွေ အများစုက သက်ကြီးပိုင်းတွေဖြစ်တော့ သွားရေးလာရေး ခက်ခဲမှုရှိစေဖို့ သက်သောင့်သက်သာ ထုတ်ယူနိုင်ဖို့အတွက် အခုလို စမတ်ကတ်တွေ အသုံးပြုတာ ဖြစ်ပါတယ်။ အဲဒီ စမတ်ကတ်တွေနဲ့ ရုံးချိန်အတွင်းမှာ ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ ကိုယ်စားလှယ်နဲ့ပဲဖြစ်ဖြစ် ထုတ်ယူနိုင်ပါတယ်" ဟု အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

စမတ်ကတ်များ အသုံးပြုခြင်းအားဖြင့် ပင်စင်လစာများ ထုတ်ယူရာတွင် ယခင်ကလို အချိန် ကြာမြင့်စွာ စောင့်ဆိုင်းရခြင်း၊ လျှောက်လွှာတင်ရန် သီးသန့် လာရောက်ရန် မလိုတော့ကြောင်း ပင်စင်စားတစ်ဦးက ပြောကြားသည်။

"အရင်တုန်းက ပင်စင်ထုတ်မယ်ဆိုရင် လျှောက်လွှာအရင်တင်ရပါတယ်။ လျှောက်လွှာတင်ပြီးလို့ ဘဏ်က ဘယ်နေ့လာခဲ့ပါဆိုမှ သူတို့ပြောတဲ့နေ့ တစ်ခေါက်သွားရပါတယ်။ ပင်စင်တစ်ခါ ထုတ်ဖို့အတွက် ဘဏ်ကိုအခေါက်ခေါက် သွားနေခဲ့ရပါတယ်။ အခုတော့ အဲဒီဒုက္ခတွေ မရှိတော့ပါဘူး" ဟု အဆိုပါ ပင်စင်စားက ပြောသည်။

## တီးတိန်-ကလေးလမ်းပိုင်းတွင် ဆူရိုအက်ဖီဒရင်း အာနိသင်ပါ ဆေးပြားများ ဖမ်းဆီးရမိ

**ကျော်ကျော်အောင်**

**တီးတိန်၊ ဇန်နဝါရီ - ၂၅**

တီးတိန်-ကလေးလမ်းပိုင်းတွင် ဆူရိုအက်ဖီဒရင်း အာနိသင်ပါ ဆေးပြားများအား ဇန်နဝါရီလ ၁၈ ရက်က တန်ပိုစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါရက်က ကလေး-တီးတိန်လမ်းပိုင်း ခိုင်ကမ်းတန်ပိုဂိတ်တွင် မူးယစ်ဆေးဝါးသတင်းများအရ တာဝန်ရှိသူများအဖွဲ့က စောင့်ဆိုင်းနေစဉ် တီးတိန်ဘက်မှ ကလေးဘက်သို့ မောင်းနှင်လာသည့် လန့်ခရူဇာယာဉ်အဖြူရောင်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့သည်။ ယာဉ်နောက်တန်းတွင် ပီနံအိတ် ၁၄ အိတ်တွေ့ရှိကာ ပီနံအိတ်ထဲရှိ ကြွပ်ကြွပ်အိတ်အမဲရောင်အတွင်း ဆူရိုအက်ဖီဒရင်း အာနိသင်ပါ ဆေးပြား ၂၀,၀၀၀ စီပါ ၂၀၆ ထုတ်၊ စုစုပေါင်းအလေးချိန် ၄၁၂ ကီလိုဂရမ်ကိုပီနံအိတ်လေးအိတ်အတွင်း ထည့်သွင်းထားသည်ကိုတွေ့ရပြီး လက်ကိုင်ဖုန်းသုံးလုံး၊ ငွေဆယ်သိန်းကျပ်နှင့် ယာဉ်နှင့်သက်ဆိုင်သော ပစ္စည်းများကိုရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ယင်းအမှုကို ၉ မိုင်ရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

# ကိုရီးယားက နှစ်လယ်ပိုင်းတွင် မြန်မာလုပ်သား ၅,၀၀၀ ကျော် ခေါ်ယူမည်

**သိမ့်သိမ့်စိုး၊ အေးမြတ်သူ**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၄**

ကိုရီးယားနိုင်ငံက ယခုနှစ်လယ်ပိုင်းတွင် မြန်မာနိုင်ငံမှ အလုပ်သမား ၅၀၀၀ ကျော်ကို EPS စနစ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Choi Jung-In က ပြောသည်။

ကုန်ထုတ်လုပ်ငန်းအတွက် မြန်မာအလုပ်သမား ၄,၉၀၀ ခေါ်ယူမည်ဖြစ်ပြီး ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အနည်းငယ်စီ ခေါ်ယူမည်ဖြစ်ကြောင်း ယင်းက ပြောသည်။

လုပ်သားများ ခေါ်ယူရေးအတွက် EPS စာမေးပွဲ ဖြေဆိုနိုင်ရန် လျှောက်လွှာများကို မတ်လ ၁၈ ရက်မှ ၂၁ ရက်အတွင်း၌ ရောင်းချပေးမည်ဖြစ်ပြီး မေ ၁၈ နှင့် ၁၉ ရက်များတွင် စာမေးပွဲ စစ်ဆေးမည်ဖြစ်သည်။ စာမေးပွဲနှင့်သက်ဆိုင်သော အချက်အလက်များကို မတ်လ ၁၁ ရက်တွင် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြေညာပေးသွားမည်ဟု ဆိုသည်။

၎င်းစာမေးပွဲကို ဝင်ရောက်ဖြေဆို၍ ကိုရီးယားနိုင်ငံသို့ သွားရောက်လိုသူများမှာ အနည်းဆုံးပတ်စပို့သက်တမ်းတစ်နှစ် ရှိနေသူဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် ယခုတစ်ကြိမ် ဘာသာစကားကျွမ်းကျင်မှုအတွက် စစ်ဆေးရာတွင် ယခင်နှစ်များက မေးခွန်းပုံစံများအတိုင်း မဟုတ်ဘဲ မေးခွန်းပြောင်းလဲမှုများရှိမည်ဖြစ်ရာ ဘာသာစကား ကျွမ်းကျင်မှု ပိုမိုရှိအောင် လေ့လာထားရန် လိုကြောင်း အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်က ပြောသည်။

"စာမေးပွဲမေးခွန်းတွေပြောင်းမယ်ဆိုတာက အရင်ကလိုမေးခွန်း ၂၀၀၀ ပေးထားတာကိုရရင်ဖြေနိုင်တာမျိုး မဟုတ်ဘဲ မေးခွန်းလွဲမေးတာတွေလည်း ရှိမယ်ဆိုတော့ အတိုကောက် ဒါမြင်ရင် ဒါဖြေဆိုတာ မဟုတ်တော့ဘူး။ မေးခွန်းလွဲတာတွေရှိမယ်ဆိုတော့ တကယ်နားလည်ထားဖို့လိုအပ်တယ်။ ဟိုနိုင်ငံရောက်တော့ တကယ်လက်တွေ့မှ မပြောနိုင်တာတွေရှိတဲ့အတွက်မေးခွန်းပုံစံပြောင်းရခြင်းဖြစ်တယ်" ဟု ဦးဝင်းမြင့်က ပြောသည်။

ကိုရီးယားနိုင်ငံသို့ အလုပ်သမား ခေါ်ယူစေလွှတ်မှုကို ရွှေအင်းဝအနေဖြင့် မဟုတ်တော့ဘဲ အစိုးရ ပြည်ပအလုပ်အကိုင် အေဂျင်စီက ၂၀၁၁ နှစ်ဆန်းပိုင်းမှ ဝန်ဆောင်မှုပေးနေပြီး ယခုအချိန်ထိ အလုပ်သမား ၅,၅၄၇ ဦး စေလွှတ်ခဲ့ပြီးဖြစ်သည်။



*ကိုရီးယားတွင်လုပ်ငန်းခွင်ဝင်နေသောပြည်ပအလုပ်သမားတစ်ဦး*

ဓာတ်ပုံ - 2space.net

ယခုအကြိမ် စာမေးပွဲဖြေဆိုရာတွင် စာရွက်ဖြင့် ဖြေဆိုခြင်း မဟုတ်တော့ဘဲ ကွန်ပျူတာဖြင့် စစ်ဆေးသည့် စနစ်ကို စတင်ပြောင်းလဲတော့မည်ဖြစ်သည်။ သို့သော် စာမေးပွဲဖြေဆိုသူများလွန်ပါက နောက်စစ်ဆေးမှုများတွင် တစ်ကြိမ် ၃၀ အထက် စာရွက်ဖြင့်ပင် ဖြေဆိုရမည်ဖြစ်သည်။

ကိုရီးယားနိုင်ငံက ယခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံမှ အလုပ်သမား ၆၅,၀၀၀ ခေါ်ယူမည်ဖြစ်ပြီး ထိုအထဲမှ ၁၀,၀၀၀ မှာ ယင်းနိုင်ငံတွင် ခြောက်နှစ်နေထိုင်လုပ်ကိုင်ထားသူများထဲမှ ပြန်လည်ခေါ်ယူမည်ဖြစ်သည်။ အဆိုပါ ၁၅ နိုင်ငံ အတွင်း၌ မြန်မာနိုင်ငံအနေဖြင့် ကိုရီးယား နိုင်ငံတွင် အလုပ်သမား သွားရောက်လုပ်ကိုင်မှုမှာ အလည်အပတ်တွင် ရှိနေသေးကြောင်း Mr. Choi Jung-In က ပြောသည်။

ကိုရီးယားအလုပ်သမားစေလွှတ်မှုအတွက် ဝန်ဆောင်ခကို ၂၀၁၁ ခုနှစ်တွင် ကျပ် ရှစ်သိန်း သတ်မှတ်ထားရာမှ ၂၀၁၂ ခုနှစ် ဧပြီတွင် ခုနစ်သိန်းသို့ လျှော့ချခဲ့သည်။ ထို့အတူ ပြီးခဲ့သည့် နိုဝင်ဘာမှစ၍ ဝန်ဆောင်ခကို ကျပ် ခြောက်သိန်းခွဲသို့ လျှော့ချခဲ့၍ လက်ရှိတွင် ထိုနှုန်းအတိုင်းသာ ပေးဆောင်ရမည်ဖြစ်သည်။ ခြောက်သိန်းခွဲထဲတွင် လေယာဉ်လက်မှတ်ခ၊ ဗီဇာကြေး၊ ဆေးစစ်ခ၊ သင်တန်းနှင့်စာရွက်စာတမ်းကြေးများ ပါဝင်ပြီးဖြစ်ကြောင်း သိရသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
**Mans Security Agency**
၁။ Security Guard ကျား (၂၀) ဦး အလိုရှိသည်။
အသက်(၁၈)နှစ်မှ(၅၀)နှစ်အတွင်း၊နယ်ဝန်ထမ်းများ အဆောင်စီစဉ်ပေးမည်။
**အမှတ် ၇၃၊ ၄ လွှာ၊ ၁၆၆ လမ်းတို၊ တာမွေ။**
**ဖုန်း - ၀၉-၇၃၀၆၄၂၉၈၊ ၀၉-၄၂၀၀၀၄၅၀၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အိမ်ခြံမြေကျွမ်းကျင်ဝန်ထမ်း ကျား (၅) ဦး/ မ (၅) ဦး
Machine Manager ကျား (၁) ဦး
လုပ်သက်အနည်းဆုံး (၁)နှစ်ရှိရမည်။
**ဖုန်း - ၀၁-၅၅၇၈၈၆၊ ၀၉-၄၃၀၆၈၁၁၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Education Officer/Customer Services Officer
2. Receptionist
3. Education Editor
4. Marketing Executive/Assistant
5. Secretary
6. Course/Teaching Assistant
7. Admin Executive/Assisant
**အမှတ် (ဘီ-၁၃+၂၃)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ရာ၊ (ရွှေကောင်းဟော့ပေါ့အရှေ့)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်။**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အဆင့်မြင့်အလှကုန်ပစ္စည်းအရောင်းဆိုင်အတွက် အမျိုးသမီးဝန်ထမ်း အလိုရှိသည်။
**ဖုန်း - ၀၉-၅၁၀၇၅၄၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ ရုံးဝန်ထမ်း ကျား/မ (၂) ဦး
အသက်(၂၅-၃၅)၊ Computer Word, Excel ကျွမ်းကျင်
၂။ အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
အသက် (၂၀-၃၅)၊ အဆောင်ပေးမည်။
**အမှတ် ၄၅၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း - ၀၉-၇၃၀၂၇၇၃၃**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ အရောင်းဝန်ထမ်း ကျား/မ (၅) ဦး
၂။ စာရင်းကိုင် မ (၂) ဦး
**ဖုန်း -၀၁-၃၈၂၀၄၇၊ ၀၉-၄၄၈၀၀၉၅၉၉**

--------------------------------

**အလိုရှိသည်**
Allianz (Software & Security Management System)
Admin F (1) post
Age (25-30), English & superior Burmese skill
info@allianz.com.mm
lazumruthhkawnawng@gmail.com

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Cook (Thai & Chinese) 3 posts (1 year exp)
2. Waiter 8 posts (1 year exp)
**No.387/397, Room (k 1), Upper Shwe Bone Thar Road, Pabedan Township. Ph : 01-378166**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Manager (လုပ်ငန်းအတွေ့အကြုံရှိ)
၂။ Sale Staff (လုပ်ငန်းအတွေ့အကြုံရှိသူ)
၃။ Multimedia (လုပ်ငန်း အတွေ့အကြုံရှိသူ)
**အမှတ် (၄၀/က)၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်။**
**ဖုန်း - ၀၉-၇၃၀၅၄၉၈၉၊ ၀၉-၄၂၀၀၅၈၅၈၅**

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
Beauty Polour ဝန်ထမ်းအလိုရှိသည်။ မ (၄) ဦး
**ဖုန်း - ၀၉-၄၂၀၁၇၉၂၆၆၊ ၀၉-၄၂၁၁၁၁၀၆၂**

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
Senior Accountant ကျား/မ (၁)ဦး
LCCI Level-3, Accounting Soft ware (eg. Quick Books) ကျွမ်းကျင်သူ၊ လုပ်သက် (၃) နှစ်
Caritas Thailand (INGO)
**အမှတ် ၆၉၊ အခန်း ၄၀၉/ A ၊ ယုဇနတာဝါ၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်း။**
**ဖုန်း - ၀၁-၅၅၈၁၇၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Engineer B.E or M.E (Civil) M (1) Post
2. Sales & Marketing M/F (10) Posts
3. Import & Export ကျွမ်းကျင် M/F (2) Posts
**အမှတ် ၁၃၇၊ တက္ကသိုလ်ရိပ်သာလမ်း (UFL အနီး)၊ ကမာရွတ်မြို့နယ်။**
**ဖုန်း - ၀၉-၇၃၀၈၃၀၁၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Management employment M (10) posts
2. Maintenance M (5) Posts
3. Chinese-Myanmar-English M (5) Posts
4. Admin officer F (5) Posts
5. Accountant M/F (5) Posts
6. Security M (5) Posts
**rita235163@gmail.com**
**catherine.girl@gmail.com**
**Ph : 09-43161005**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ရွှေဒဂ္ဂိကုမ္ပဏီလီမိတက်တွင် အထွေထွေမန်နေဂျာ မ (၃) ဦး အလိုရှိသည်။ (အင်္ဂလိပ်စာ ရေး/ဖတ်/ပြော ကျွမ်းကျင်၊ Internet/Website ကျွမ်းကျင်)
**Central Hotel ၊ 6 လွှာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။ (နေ့လယ် ၂ နာရီနောက်ပိုင်း)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
၁။ Sales & Marketing Executive ကျား/မ (၃) ဦး
၂။ Sales & Marketing Staff ကျား/မ (၁၀) ဦး
၃။ Data Collector ကျား/မ (၅) ဦး
၄။ Data Entry ကျား/မ (၂) ဦး
၅။ Layout Designer ကျား/မ(၂)ဦး
**အမှတ် ၈၁၊ လှိုင်မြင့်မိုရ်(၁)လမ်း၊ လှိုင်မြို့နယ်။ ဖုန်း - ၅၃၀၀၀၃၊ ၀၉-၄၂၀၇၄၃၇၈၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**THARKI NWE CO., LTD.**
1. Regional Supervisor ကျား/မ (၃)ဦး
2. Retail Supervisor မ (၃) ဦး
3. Senior Supervisor ကျား/မ (၃) ဦး
4. Sale & Marketing ကျား/မ (၆) ဦး
**၄၇/၅၁-က၊ သုမင်္ဂလာလမ်း၊ ကမ္ဘောဇဘဏ်နှင့် Junction Zawana အနီး။**

--------------------------------

**အလိုရှိသည်**
Cashier F (1) post (ကျွမ်းကျင်)
**ဖုန်း -၀၉-၇၃၀၈၃၀၁၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
1. Architectural Designer ကျား/မ (၂) ဦး (B.Arch or B.E (Civil), Auto CAD, 3D Max & SketchUp အသုံးပြုနိုင်သူ)
2. Designer ကျား/မ (၁)ဦး
အဆောက်အဦး Design Drawing ရေးဆွဲနိုင်သူ၊ Auto CAD ကျွမ်းကျင်)
**တိုက် B ၊ အခန်းအမှတ် ၃၀၂၊ ၃ လွှာ၊ ပညာ့ဝတီရိပ်သာ၊ ရန်ကင်း။**
**ဖုန်း -၀၁-၅၄၆၃၀၆၊ ၀၁-၅၅၀၄၇၆**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
**Eye Product INC.**
Japanese Typing ကျွမ်းကျင်အလိုရှိသည်။ (ဂျပန်စာ အရေးအဖတ် ကျွမ်းကျင်)
**အမှတ် ၇၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၅၄၄၈၈၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်တာနက်ဆိုင်တွင်လုပ်ကိုင်ရန်အတွက် (Computer/Internet) ကျွမ်းကျင်ဝန်ထမ်း ကျား (၁) ဦး အမြန်အလိုရှိသည်။ ညနေ ၄း၀၀ နာရီမှ ည ၁၁း၀၀ နာရီထိ (ရှစ်မိုင်နှင့်အနီးတဝိုက်ဦးစားပေး မည်)
**တိုက်(၃)၊ အခန်း (၄)၊ မြို့ပြအိမ်ယာ မြောက်ဘက်ခြမ်း၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း - ၀၁-၆၆၀၁၆၃**

--------------------------------

**အမျိုးသမီးအရောင်းဝန်ထမ်း အလိုရှိသည်။**
၁။ ဘာသာစကားကျွမ်းကျင် မ (၅) ဦး
**အမှတ် ၆၊ ၉၉၊ အရှေ့မျက်နှာစာတန်း၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။**
**ဖုန်း - ၀၉-၅၁၁၇၁၅၂**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


TIGER BALM
နာချင်ရာ နာစမ်း... TIGER BALM®
Reg No. 1308AA599
Reg No. 1402AA1320
Reg No. 1308AA643
TIGER BALM
သင့်ရဲ့ နာကျင်ကိုက်ခဲမှုဝေဒနာအတွက် သက်သာပျောက်ကင်းမှုကို အလျင်မြန်ဆုံးပေးစွမ်းမည်
TIGER BALM® PLASTER
Reg No. 1407AA1734
Reg No. 1407AA1733
• OVER 100 YEARS • OVER 100 COUNTRIES • MILLIONS OF USERS •
WORKS WHEREVER IT HURTS.

Education

7DAY NEWS JOURNAL

Vol.11, No.47 • JANUARY 31 , 2013

# ကိုယ်ပိုင်ကျောင်းများ ပြိုင်ဆိုင်မှု အရှိန်မြင့်လာနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

လာမည့်ပညာသင်နှစ်အတွက် ကိုယ်ပိုင်ကျောင်းတည်ထောင်ရန် အင်အားကြီးပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုက စီစဉ်နေခြင်းကြောင့်ကိုယ်ပိုင်ကျောင်းပြိုင်ဆိုင်မှုအခြေအနေ အရှိန်မြင့်လာနိုင်ကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်သူများက သုံးသပ်သည်။

ပညာရေးဝန်ကြီးဌာနသည် ယခုပညာသင်နှစ်မှစ၍ ကိုယ်ပိုင်ကျောင်း ၆၆ ကျောင်းကို အဆင့်သုံးဆင့်ခွဲခြား သတ်မှတ်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး အဆိုပါ ကျောင်းများသည် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းမှ ကိုယ်ပိုင်ကျောင်း အဆင့်သို့ ပြောင်းလဲဖွင့်လှစ်ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ပြည်တွင်း၌ အင်တာနေရှင်နယ်ကျောင်းတစ်ကျောင်းအနေဖြင့် အောင်မြင်မှုရရှိနေသော ILBC သည် အလင်းရောင်အမည်ဖြင့် နေပြည်တော်၊ တောင်ကြီးနှင့် ဘားအံမြို့များတွင် ကိုယ်ပိုင်ကျောင်းများ ဖွင့်လှစ်ရန် စီစဉ်နေသည်။

"သူက အင်အားကြီးဆိုတော့ ကိုယ်ပိုင်ကျောင်းတွေကြားမှာ စိန်ခေါ်မှုပိုမိုမြင့်တက်လာနိုင်တယ်။ တောင်ကြီးနဲ့ ဘားအံမှာ ကိုယ်ပိုင်ကျောင်းမရှိသေးပေမယ့် နေပြည်တော်မှာက နာမည်ကြီးကိုယ်ပိုင်ကျောင်းတွေ ရှိနေပါတယ်။ ရန်ကုန်မှာ ဖွင့်ရင်တော့ ပြိုင်ဆိုင်မှုအရှိန်ပိုမြင့်လာမယ်လို့ ထင်တယ်"ဟု ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ထားသူတစ်ဦးက ဆိုသည်။




*အလင်းရောင်အမည်ဖြင့် ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ရန် စီစဉ်နေသည့်* ILBC

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကိုယ်ပိုင်ကျောင်း တည်ထောင်လိုသူနှင့် ကိုယ်ပိုင်ကျောင်းဆရာ လုပ်ကိုင်လိုသူများအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်ထက်နောက်မကျစေဘဲ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးများတွင် လျှောက်လွှာတင်သွင်းရန် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြေညာ ထားသည်။

ကိုယ်ပိုင်ကျောင်းများအား ငါးနှစ်သက်တမ်း၊ နှစ်နှစ်သက်တမ်းနှင့် တစ်နှစ်သက်တမ်းဟူ၍ ခွဲခြား သတ်မှတ်ခွင့်ပြုထားရာ တစ်နှစ်သက်တမ်းရှိ ကိုယ်ပိုင်ကျောင်း ၁၉ ကျောင်းသည် လာမည့် ပညာသင်နှစ်အတွက် ထပ်မံလျှောက်ထားကြရမည်ဖြစ်သည်။

လက်ရှိဖွင့်လှစ်ထားသော ကိုယ်ပိုင်ကျောင်းများတွင် ကိုယ်ပိုင်ကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံသည့်ကျောင်း နည်းပါးနေပြီး စာသင်ဆောင်၊ စာသင်ခန်း၊ ဘော်ဒါဆောင်၊ အားကစားကွင်း၊ အားကစားရုံ၊ သိပ္ပံလက်တွေ့ခန်း စသည်တို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်မှုမရှိသေးကြောင်း ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာရေးကဏ္ဍစီမံကိန်းလုပ်ငန်းစာတမ်းတစ်စောင်တွင် သုံးသပ်ထားသည်။

## လီကွမ်ယုကျောင်း မြန်မာကျောင်းသား ကိုးဦးထိ ပညာသင်ဆုပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

စင်ကာပူအမျိုးသားတက္ကသိုလ် (NUS)ရှိလီကွမ်ယုကျောင်းတွင် မဟာဘွဲ့ပညာသင်ယူရန် ယခုနှစ်အတွက် မြန်မာကျောင်းသားကိုးဦးထိ ပညာသင်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းတက္ကသိုလ်မှတာဝန်ရှိသူကပြောသည်။

ယခုနှစ်ဩဂုတ်လတွင် တက်ရောက်ရမည့် မဟာဘွဲ့သင်တန်းအတွက် ပြည်သူ့ရေးရာမူဝါဒ (MPP)၊ ပြည်သူ့ရေးရာစီမံအုပ်ချုပ်မှု(MPA) နှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု(MPM) မဟာဘွဲ့သင်တန်းများ၌ မြန်မာကျောင်းသားများ ပညာသင်ယူခွင့်ရရှိမည်ဖြစ်သည်။

နှစ်နှစ်ပညာသင်ယူရမည့် ပြည်သူ့ရေးရာ မူဝါဒမဟာဘွဲ့နှင့် တစ်နှစ်ပညာသင်ယူရမည့် ပြည် သူ့ရေးရာစီမံအုပ်ချုပ်မှုမဟာဘွဲ့ အတွက် မြန်မာကျောင်းသား ၃ ဦး မှ ၄ ဦးစီ ရွေးချယ်သွားမည်ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိထားရမည်ဖြစ်သည်။

တစ်နှစ်ပညာသင်ယူရမည့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့အတွက် မြန်မာကျောင်းသား တစ်ဦးကိုသာ ရွေးချယ်သွားမည်ဖြစ်ပြီး လုပ်သက် ၈ နှစ်နှင့်အထက်ရှိကာ ခေါင်းဆောင်မှုစွမ်းရည်၊ မိမိတိုင်းပြည်နှင့် ပြည်သူအပေါ် ထိရောက်စွာ အကျိုးပြုနိုင်သူများအတွက် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်ကသတင်းထုတ်ပြန်ထားသည်။

ပညာသင် လျှောက်ထားသူ များအနေဖြင့် အကယ်ဒမစ်နှင့် ပရော်ဖက်ရှင်နယ် မှတ်တမ်းကောင်းများ ရှိထားရမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၅ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကာ ပြည်တွင်းရှိ RV ပညာရေးဝန်ဆောင်မှုမှ တစ်ဆင့်လည်း လျှောက်ထားနိုင်သည်။

## နိုင်ငံခြားပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရန် စီစဉ်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ပြည်တွင်းမှ နိုင်ငံရပ်ခြားသို့ သွားရောက်ပညာသင်ယူမှု သိသိသာသာ နည်းပါးနေခြင်းကြောင့် နိုင်ငံခြားပညာတော်သင်များ ပိုမိုစေလွှတ်နိုင်မည့် အစီအစဉ်များ ဆောင်ရွက်နေကြောင်း အဆင့်မြင့်ပညာရေးကဏ္ဍစီမံကိန်းစာတမ်းမှ သတင်းရရှိသည်။

နိုင်ငံခြားပညာ တော်သင်များ ပိုမိုစေလွှတ်နိုင်ရန် မိမိအစီအစဉ်ဖြင့် ဆက်သွယ်ရရှိသော ပညာသင်ဆုများကို ခွင့်ပြုသွားရန်နှင့် ကိုယ်ပိုင်စရိတ်ဖြင့် ပညာသင်သွားရောက်သူများအား ပညာသင်ကာလ ပြည်ပလစာမဲ့သတ်မှတ်၍ ခွင့်ပြုရန် ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အမေရိကန်နိုင်ငံနိုင်ငံ၌ အရှေ့တောင်အာရှ နိုင်ငံများထဲမှ ထိုင်းကျောင်းသား ၇,၆၂၆ ဦး၊ ဗီယက်နမ်ကျောင်းသား ၁၅,၅၇၂ ဦး၊ စင်ကာပူကျောင်းသား ၄,၅၀၅ ဦး၊ မလေးရှားကျောင်းသား ၆,၇၄၃ ဦး၊ အင်ဒိုနီးရှားကျောင်းသား ၇,၁၃၁ ဦး ပညာသင်ယူနေသော်လည်း မြန်မာကျောင်းသားမှာ ၈၀၇ ဦးသာရှိနေကြောင်း Institute of International Education (IIE) မှ စာရင်းဇယားများတွင် ဖော်ပြထားသည်။

ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် နိုင်ငံခြားပညာသင်ဆု အခွင့်အလမ်းအတွက် ဌာနမှရွေး ချယ်စေလွှတ်မှုကို စောင့်ဆိုင်းနေရပြီး မိမိအစီအစဉ်ဖြင့် ပညာသင်ဆုရရှိပါက နိုင်ငံ့ဝန်ထမ်းအလုပ်မှ နုတ်ထွက်နေကြသည်။

"ကျွန်တော် နိုင်ငံခြားပညာသင်ဆု ရတုန်းကလည်း အစိုးရအလုပ်ကထွက်လိုက်ရတယ်။ တကယ်တော့ နိုင်ငံခြားက ပြန်လာတဲ့အခါကိုယ့်နဂိုအလုပ်မှာပြန်ဝင်လုပ်လို့ မရတော့ဘူးပေါ့။ အဲဒီတော့ ဌာနကလည်း နစ်နာပါတယ်။ နိုင်ငံခြားက ပညာသင်ဆုပေးတဲ့ အဖွဲ့အစည်းတွေကလည်း အဲ့ဒါကို သိသင့်တယ်။ အစိုးရဝန်ထမ်းဆိုပြီး ပညာသင်ဆုပေးလိုက်ပေမယ့် အဲ့လူက အလုပ်ကထွက်နေရတာလေ"ဟု ထိုင်းနိုင်ငံရှိAITတွင် ပညာသင်ယူခဲ့သော အမျိုးသားတစ်ဦးကပြောသည်။

နိုင်ငံခြားတွင် သွားရောက်ပညာသင်ယူသော ဝန်ထမ်းများအနေဖြင့် သတ်မှတ်ခွင့်ပြု ပညာသင်ကာလထက် ကျော်လွန်ခြင်း၊ အပြီးပြန်မလာခြင်းများအတွက် အကြောင်းပြချက် ခိုင်လုံမှုအပေါ် မူတည်၍ လိုအပ်သလို စိစစ်ဆောင်ရွက်ရန် စီစဉ်နေကြောင်း အထက်ပါစာတမ်းတွင် ဖော်ပြထားသည်။

## တက္ကသိုလ်သုံးခုကို နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်၍ အဆင့်မြှင့်တင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၄**

ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်တို့အား နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်း၍ အဆင့်မြင့်ဌာနများ ဖြစ်လာစေရန် ညှိနှိုင်းဆောင်ရွက်နေကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောသည်။

ရန်ကုန်တက္ကသိုလ်အား အမေရိကန်နိုင်ငံမှ ဂျွန်ဟော့ကင်းတက္ကသိုလ်နှင့် ဂျပန်နိုင်ငံမှ နာဂိုရာတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်အား ဂျာမနီနိုင်ငံမှ ကိုလုံးတက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်အား အိန္ဒိယနိုင်ငံမှ ကိုးလ်ကတ္တားတက္ကသိုလ်တို့ပူးပေါင်းပြီး အဆင့်မြင့်ဌာနများ တည်ထောင်ရန် ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရှိBansomdej chao-praya Rajabhat University က စီမံခန့်ခွဲမှု နည်းပညာဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်သော အခမ်းအနားတွင်နိုင်ငံတော်သမ္မတက ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆင့်မြင့်ပညာ ဦးစီးဌာနသည် နိုင်ငံတကာ တက္ကသိုလ်များနှင့် ပြည်တွင်းတက္ကသိုလ်များ အပြန်အလှန် ကျောင်းသားဖလှယ်ရေး၊ သင်ကြားရေးဌာန ဖလှယ်ရေးနှင့် နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခများကို ဧည့်ပါမောက္ခအဖြစ် ဖိတ်ခေါ်၍ ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရန် သင်ခန်းစာပို့ချစေရန် စီစဉ်ဆောင်ရွက်နေ သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံအသုံးစရိတ်(ဘတ်ဂျက်)ခွဲဝေမှုတွင် ပညာရေးကဏ္ဍအတွက် အဆများစွာ တိုးမြှင့်သုံးစွဲရန် စီမံဆောင်ရွက်ထားကြောင်း ပြောကြားခဲ့သည်။

အိမ်နီးချင်းနိုင်ငံအချို့နှင့် ယှဉ်ပြိုင်နိုင်ရန် အချိန်ယူဆောင်ရွက်ရမည့် မြန်မာ့ပညာရေး၏ အကြီးမားဆုံး အားနည်းချက်မှာ ပညာရေးအသုံးစရိတ် သုံးစွဲနိုင်မှုဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ၏ ၅ ရာခိုင်နှုန်းခန့်သာ အသုံးပြုခွင့်ရရှိထားသည်။

၎င်းပညာရေး အသုံးစရိတ်သည် ပညာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း၊ လစာငွေပေးချေခြင်း၊ ပညာရေးအဆောက်အအုံများ ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းစသည့်လုပ်ငန်းများအတွက် အဓိကအသုံးပြုနေရသည်။

7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# နိုင်ငံတကာ စာသင်ကျောင်းများ မြန်မာစာပေ ယဉ်ကျေးမှုတွင် အားနည်း

ဖွဲ့ညက်၊ ရဲနောင်

ရန်ကုန်၊ ဇန်နဝါရီ- ၂၅




ပုဂ္ဂလိက နိုင်ငံတကာ စာသင်ကျောင်းများတွင် တက်ရောက်သော မြန်မာကျောင်းသားများသည် မိမိတို့ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုတွင် အားနည်းမှုများရှိကြောင်း မြန်မာစာပေပညာရှင်များကပြောသည်။

“နိုင်ငံတကာ ကျောင်းက မြန်မာကလေးတစ်ယောက်ဆိုသူ့နာမည်သူမြန်မာလိုမရေးတတ်ဘူး”ဟု မြန်မာစာသင်ကြားပေးနေသူ ဆရာမောင်သာချိုကပြောသည်။

မြန်မာစာနှင့် မြန်မာ့ယဉ်ကျေးမှုအတွက် ပညာရေးဝန်ကြီးဌာန၏ သင်ရိုးအတိုင်း သင်ကြားပေးခြင်း၊ အထွေထွေဗဟုသုတများ ထည့်သွင်းသင်ကြားပေးခြင်း ယဉ်ကျေးမှုအတွက် ပြဇာတ်များကခြင်း၊ အထိမ်းအမှတ်နေ့များတွင် အခမ်းအနားများပြုလုပ်ပေးခြင်းတို့ဖြင့် သင်ကြားပေးလျက်ရှိကြောင်း နိုင်ငံတကာကျောင်းများမှတာဝန်ရှိသူအချို့က ပြောသည်။

အင်္ဂလိပ်စာကို အဓိကဘာသာအဖြစ် သင်ကြားပေးပြီး နိုင်ငံတကာ အဆင့်မီ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော်လည်း မြန်မာစာသင်ကြားမှုမှာ အရန်အဖြစ် မဖြစ်မနေ ထည့်သွင်းသင်ကြားပေးခြင်း၊ ကျောင်းသားကျောင်းသူများ၏ စိတ်ဝင်စားမှုနည်းပါးခြင်း၊ ကျောင်းသားမိဘအချို့ကလည်း မိခင်ဘာသာစကား မကျွမ်းကျင်မှုအပေါ် နားလည်မှု လွဲမှားစွာ ဂုဏ်ယူမှုများ ရှိနေခြင်းတို့ကြောင့်မြန်မာစာပေနှင့် ယဉ်ကျေးမှုအတွက် စိုးရိမ်ရသည်ဟုပညာရှင်များက သုံးသပ်သည်။

“မိဘတွေက ကိုယ့်ကလေး မြန်မာစကား ရေရေလည်လည် မပြောတတ်တာကို ဂုဏ်ယူနေတတ်ကြတယ်။ အဲဒီကိစ္စဟာ မှားယွင်းမှုတစ်ခုပဲ။ အဲဒီလိုသာ ဆက်သွားရင် အမျိုးသားရေး စိတ်ဓာတ်တွေ သဂြိုဟ်လိုက်ရနိုင်တယ်”ဟု မြန်မာစာဆရာ ဂုဏ်ထူးဦးသိန်းနိုင်က ပြောသည်။

“အင်္ဂလိပ် ကျောင်းတက်တယ်ဆိုတော့ Control လုပ်ရတာပေါ့လေ။ ယဉ်ကျေးမှုနဲ့ သိပ်မဝေးအောင် ပြောဆိုဆုံးမရတာပေါ့”ဟု သရုပ်ဆောင်စိုးမြတ်နန္ဒာက သူမ၏ သားပညာရေးနှင့်ပတ်သက်၍ 7Day News နှင့် တွေ့ဆုံစဉ် ပြောထားသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာ့စာပေယဉ်ကျေးမှုများအပေါ် “ကိုယ့်ရဲ့ ဘာသာစကားကို ကိုယ့်ရဲ့ သားသမီးတွေ မမေ့အောင် ကြိုးစားကြပါလို့ ကျွန်မတိုက်တွန်းချင်ပါတယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှုကို ကိုယ်ဂုဏ်ယူနိုင်ရမယ်” ဟု ပြီးခဲ့သည့် စက်တင်ဘာလအတွင်း သွားရောက်ခဲ့သော အမေရိကန်ခရီးစဉ်၌မြန်မာမိသားစုများနှင့်တွေ့ဆုံစဉ်က ပြောခဲ့သည်။

# ဂျပန်အစိုးရက ဘာကကျောင်းလေးကျောင်းကို ဒေါ်လာလေးသိန်း ထောက်ပံ့မည်

ဖွဲ့ညက်

ရန်ကုန်၊ ဇန်နဝါရီ- ၂၅

ဂျပန်နိုင်ငံ အစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ တိုင်းဒေသကြီး သုံးခုအတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း လေးကျောင်းကိုအမေရိကန်ဒေါ်လာလေးသိန်းကျော် ထောက်ပံ့ရေးအတွက် သဘောတူစာချုပ်တစ်ရပ် ဇန်နဝါရီ ၂ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း ဂျပန်သံရုံးမှ သတင်းထုတ်ပြန်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိကာရီထုလွတ် ဘုန်းတော်ကြီးသင်ပညာရေးအမှတ်(၉) မူလတန်းကျောင်း၊ ရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်၊ လေ့လမ်းကျေးရွာ၊ ဗုဒ္ဓရောင်ခြည် ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာ၊ ဒက္ခိဏာရုံဓမ္မမေဒနီဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်းနှင့် ပဲခူးမြို့၊ ရွှေတောင်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းကျောင်းတို့ဖြစ်ပြီး နှစ်စဉ်ကျောင်းသားဦးရေ များပြားလာသောကြောင့် ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ရန် ငွေကြေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်ဟု ၎င်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျပန်အစိုးရသည် အထက်ပါကျောင်းများအတွက် သံကူကွန်ကရစ်ကျောင်းဆောင်များ၊ အိမ်သာများနှင့် ကျောင်းသုံးပရိဘောဂများအတွက် အမေရိကန်ဒေါ်လာ ၄၁၅,၇၀၁ ကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် သက်ဆိုင်ရာ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌများက ဇန်နဝါရီ ၂၂ရက်တွင် အထောက်အပံ့ပေးရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြ သည်။

ဂျပန် အစိုးရသည် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များအဖြစ် မြန်မာနိုင်ငံအတွင်းရှိ အခြေခံလူတန်းစားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အား ၁၉၉၃ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ယခုအချိန်ထိ စီမံကိန်း ခြောက်ရာကျော်ပြီဖြစ်ကြောင်း ဂျပန်သံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ORIENT CLINIC
အရှေ့တိုင်း ဆေးခန်း


ဗိုက်ရက်မရှိပါ။ ဆေးခန်းဖွင့်ချိန် နံနက်(၈း၀၀)နာရီမှ ည(၈း၀၀)နာရီအထိ
ရောဂါဖြစ်နေလား အရှေ့တိုင်းကိုသွား။ အရှေ့တိုင်းကိုလည်းရောက် ရောဂါရုံလည်းပျောက်။
အရှေ့တိုင်း ကျန်းမာရေး ဆေးခန်း
လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း
Ph : 01 226917, 01 227285

GOLDEN PASS
TRAVELS & TOURS CO.,LTD.
ရွှေလက်မှတ် (အိန္ဒိယ+နီပေါ) မဏ္ဍိုင်ဒေသဘုရားဖူးအဖွဲ့
Grand Palace, Emerald Buddha
Dream World, Coral Island,
Alazcar Gay Show,
Nong Nooch Tropical,
Shopping Centers

## သက်ဆိုင်သူများသို့အသိပေးခြင်း

အမှတ်(၄၅)၊ အမှတ်(၃)လမ်းမကြီး၊ ပျဉ်းမပင်စက်မှုနယ်မြေ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံတည်ဆဲဥပဒေများနှင့်အညီ တည်ထောင်ထားသော မြန်မာဘရူဝါရီလီမိတက်သည် ကုမ္ပဏီပိုင်ပစ္စည်းအဖြစ် ကုမ္ပဏီ၏အမည်အမှတ်အသားဖြစ်သော MBL (Property of Myanmar Brewery Ltd) ဖန်သားဖောင်းကြွ စာလုံးများပါရှိသည့် ဖန်ပုလင်းများကို မိမိတစ်ဦးတည်းအနေဖြင့် အသုံးပြုရန်ရည်ရွယ်၍ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သွင်းကုန်လိုင်စင်အရ သီးသန့်မှာယူ တင်သွင်းခဲ့ခြင်းဖြစ်ပြီး မြန်မာဘရူဝါရီလီမိတက်မှ ထုတ်လုပ်ရောင်းချလျက်ရှိသည့် မြန်မာဘီယာ၊ တိုက်ဂါးဘီယာနှင့် ABC စတောက်များအား ထည့်သွင်းရောင်းချရာ၌ အသုံးပြုလျက်ရှိပါသည်။ ၎င်းအပြင် အသုံးပြုပြီးသည့် ဈေးကွက်အတွင်းရှိ အဆိုပါပုလင်းအလွတ်များအား မိမိ၏ကုမ္ပဏီလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်ရန်အလို့ငှာ မြန်မာဘရူဝါရီလီမိတက်မှ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် အသီးသီးတို့တွင် ပြန်လည်ဝယ်ယူလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပုလင်းအလွတ်များ ရောင်းရန်ရှိပါက မည်သူမဆို အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ ပေးသွင်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း။

အထက်မြန်မာပြည် (မန္တလေး)
၀၉-၈၆၂၄၄၄၄၊ ၀၉-၉၁၀-၅၃၇၇၃၆
အောက်မြန်မာပြည် (ရန်ကုန်)
၀၉-၄၃၁-၇၆၃၈၂၊ ၀၉-၅၁၁-၀၉၈၇၊ ၀၉-၅၀၆-၄၂၀၂

မြန်မာဘရူဝါရီလီမိတက်

# Technology

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ဖုန်းဆိုရင် မော်ဒယ်မြင့်မှ ကိုင်ချင်တယ်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၂၅**

ကမ္ဘာလုံးဆိုင်ရာ နည်းပညာမြင့် အမှတ်တံဆိပ်မိုဘိုင်းပစ္စည်းထုတ်ကုန်များ၏ ဈေးကွက်ရေစီးကြောင်းသည် မြန်မာနိုင်ငံသို့လည်း အချိန်တိုတိုအတွင်း အလျင်အမြန် ထိုးဖောက်လာနေပြီဖြစ်ကြောင်း ရန်ကုန်အခြေစိုက် မိုဘိုင်းဝန်ဆောင်မှု လုပ်ငန်းကြီးများက ပြောသည်။

နည်းပညာမြင့်မိုဘိုင်းပစ္စည်းများကိုစွဲလမ်းသည့်မိုဘိုင်းဖုန်းအသုံးပြုသူများပြားလာခြင်းကြောင့် ပြည်တွင်းရှိ တန်ဖိုးမြင့်မားသည့် နည်းပညာမြင့် အဆိုပါဈေးကွက်သည် ပိုမိုခိုင်မာလာပြီဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်စုခန့်က နည်းပညာမြင့်ပြီး ဈေးနှုန်းလည်း မြင့်မားခဲ့သည့် မိုဘိုင်းဆိုင်ရာ ဆက်သွယ်ရေးပစ္စည်းများကို လက်လှမ်းမီသူ အရေအတွက်မှာ အလွန်နည်းပါးခဲ့သည်ဟုပြည်တွင်းကွန်ပျူတာပညာရှင်အချို့က ဆိုကြသည်။

အစိုးရက မိုဘိုင်းဖုန်းများတွင် အင်တာနက်ဆက်သွယ်မှုစနစ်များကို ခွင့်ပေးခဲ့သည့် ၂၀၁၁ ခုနှစ် ဝန်းကျင်မှစတင်၍ ပြည်တွင်း၏ အဆင့်မြင့်နည်းပညာသုံးနိုင်ငံတကာမိုဘိုင်းအမှတ်တံဆိပ်များကို စိတ်ဝင်စားသူ များပြားလာခဲ့သည်ဟု ရန်ကုန်မြို့အခြေစိုက် မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်အချို့မှ ဈေးကွက်ကျွမ်းကျင်သူများက ပြောသည်။




*မြန်မာဈေးကွက်သို့ နောက်ဆုံးဝင်ရောက်လာသော အဆင့်မြင့်စမတ်ဖုန်း* HTC Butterfly

"တစ်နှစ်ပြီး တစ်နှစ် ပြောင်းလဲမြင့်မားလာတဲ့ နည်းပညာနောက်ကို လူငယ်တွေရော လူကြီးတွေပါ အမီလိုက်လာကြတယ်။ ဈေးကြီးလို့ မဝယ်နိုင်ရင်တောင် အသစ်အဆန်းနည်းပညာတွေကို စမ်းသပ်ကြည့် ချင်ကြတယ်။ ကျွန်တော်ဆို တတ်နိုင်လို့မဟုတ်ဘဲ နည်းပညာမြင့်တဲ့ အမှတ်တံဆိပ်တစ်ခုခုက အသစ်ထုတ်တော့မယ်ဆိုလခကြိုစုထားလိုက်တယ်"နောက်ဆုံးပေါ် နည်းပညာမြင့် အမှတ်တံဆိပ်မိုဘိုင်းပစ္စည်းများကို စိတ်ဝင်စားသော ကုမ္ပဏီဝန်ထမ်း လူငယ်တစ်ဦးက ပြောကြားသည်။

နိုင်ငံတကာနှင့် ချိတ်ဆက်မှုများမှာလည်း လက်ရှိအစိုးရလက်ထက်အတွင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်းကြောင့် နောက်ဆုံးပေါ် နည်းပညာပစ္စည်းများသည် အခြားသောနိုင်ငံများနှင့် တန်းတူ မြန်မာပြည် ဈေးကွက်အတွင်းသို့ အချိန်တိုအတွင်း ရောက်ရှိလာပြီဖြစ်သည်။

"နည်းပညာမြင့်မိုဘိုင်းပစ္စည်းတွေကို ဒီနောက်ပိုင်း လူတွေတအား စိတ်ဝင်စားလာကြတယ်။ စွဲလမ်းလာကြတယ်။ နည်းပညာမြင့်ပစ္စည်းအသစ်တစ်ခု ထွက်မယ်ဆို စိတ်လှုပ်ရှားပြီး စောင့်ဆိုင်းလာကြပြီ။ စိတ်ဝင်စားတိုင်း ဝယ်ယူသူချည်း မဟုတ်ပေမယ့် နည်းပညာမြင့်မြင့်လာတဲ့ မိုဘိုင်းပစ္စည်းတွေဟာ ခေတ်နဲ့အညီ လူတွေရဲ့ စိတ်ဝင်စားမှုကို ပိုခံလာရတယ်"ဟု အမေရိကန်ထုတ်ကုန်ဖြစ်သော Apple အမှတ်တံဆိပ် မိုဘိုင်းပစ္စည်းများကိုသာ သီးသန့်ရောင်းသော iMotion မိုဘိုင်းဆိုင်၏ တာဝန်ရှိသူကိုမင်းသန့်က သုံးသပ်ပြောကြားသည်။

နည်းပညာမြင့်မားလာသည့် မိုဘိုင်းပစ္စည်းများကို စိတ်ဝင်တစား စောင့်ကြည့်ဝယ်ယူနေသည့် လူတန်းစားတစ်ရပ်ကြောင့် ပြည်တွင်းဈေးကွက်အတွင်းသို့ရောက်ရှိလာသည့် အဆင့်မြင့် ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများသည် ရက်ပိုင်းအတွင်း ရောင်းကုန်သည်အထိ ထိုးဖောက်လာနိုင်ပြီ ဖြစ်သည်။

**စာမျက်နှာ(၂၄)သို့ »**

# ကမ္ဘာ့စမတ်ဖုန်းဈေးကွက် iPhone နှင့် Samsung စိုးမိုးထားဆဲ

**ဇန်နဝါရီ-၂၇**

အိုင်တီသုတေသန ကုမ္ပဏီ IDC က ကမ္ဘာတစ်ဝန်း နောက်ဆုံးကောက်ယူခဲ့သော စစ်တမ်းအရ iPhone နှင့် Android စနစ်သုံးစမတ်ဖုန်းများရောင်းအားမှာ ဖုန်းရောင်းချနေမှု စုစုပေါင်း၏ ထက်ဝက်ခန့်ရှိကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် မိုဘိုင်းဖုန်းဈေးကွက်မှာ ၁ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာသည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြသည်။




တစ်နှစ်အတွင်း စမတ်ဖုန်းရောင်းချရမှုတွင် ဆမ်းဆောင်က ဦးဆောင်ခဲ့သလို စတုတ္ထသုံးပတ်အတွင်းလည်း ဆမ်ဆောင်းသာ ဆက်လက်ဦးဆောင်ခဲ့သည်။ တရုတ်နိုင်ငံ အနောက်ပိုင်းတွင် လူကြိုက်များလာသောကြောင့်လည်း ပြိုင်ဘက် Apple iPhone များကို စံချိန်တင် တင်ပို့ရောင်းချခဲ့ရသည်။ အမေရိကန်နိုင်ငံတွင်လည်း iPhone များမှာ ရေပန်းစားနေဆဲ ဖြစ်သည်။

၂၀၁၂ ခုနှစ် စတုတ္ထသုံးလပတ်တွင် စမတ်ဖုန်းအလုံးရေ ၂၁၉ ဒသမ ၄ သန်းရောင်းချခဲ့ပြီး ယင်းမှာ မိုဘိုင်းဖုန်းအားလုံးရောင်းချမှု၏ ၄၅ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ဈေးကွက်ကို ကုမ္ပဏီကြီး နှစ်ခုကသာ စိုးမိုးထားသော်လည်း စိန်ခေါ်သူများအတွက် အခွင့်အရေး အများအပြား ရှိနေဆဲဖြစ်သည်ဟု IDC ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

*—Ref:eWeek*

# Android ဖုန်းအသုံးပြုသူများအတွက် ဖုန်းသူခိုးကို ဓာတ်ပုံရိုက်နိုင်မည့် App သစ်ထွက်ရှိ

**ဇန်နဝါရီ-၂၇**

လုံခြုံရေးဆိုင်ရာ ဆော့ဖ်ဝဲများထုတ်လုပ်သော Lookout ကုမ္ပဏီက Android ဖုန်းအသုံးပြုသူများအတွက် စမတ်ဖုန်းသူခိုးများကို လက်ရဖမ်းဆီးနိုင်မည့် app တစ်မျိုး ထုတ်လုပ်လိုက်သည်။

PIN ကုဒ်နံပါတ်(သို့မဟုတ်) Pattern ပုံစံဖြင့် သော့ခတ်ထားသော ဖုန်းတစ်လုံးအား ဖွင့်ရန် သုံးကြိမ်သုံးခါ မအောင်မြင်ပါက ထိုသူကို ဖုန်းတွင်ပါရှိသော မျက်နှာချင်းဆိုင် ကင်မရာက အလိုအလျောက်ဓာတ်ပုံရိုက်ယူထားလိုက်မည်ဖြစ်သည်။ ယင်းနောက်တွင် ယင်းစနစ်တီထွင်သော Lookout ကုမ္ပဏီက အသုံးပြုသူထံသို့ ဖုန်းကိုဖွင့်ရန် ကြိုးစားနေကြောင်းနှင့် ယင်းသို့ ကြိုးစားသူ၏ ဓာတ်ပုံကို အီးမေးလ်ပေးပို့ပေးမည် ဖြစ်သည်။

သို့မဟုတ်ပါကလည်း အသုံးပြုသူများအနေဖြင့် Lookout.com သို့သွားရောက်၍ ဖုန်းတည်ရှိနေသော နေရာနှင့် ရာဇဝင်ကို ရှာဖွေနိုင်မည် ဖြစ်သည်။

ယင်း App အား LockCam ဟု အမည်ပေးထားပြီး Android 2.3 နှင့် အထက် ရှေ့ကင်မရာပါ စမတ်ဖုန်းအသုံးပြုသူများ သုံးစွဲနိုင်မည် ဖြစ်သည်။

Look Cam ကို အသုံးပြုရန် နှစ်စဉ်ကြေးဒေါ်လာ ၃၀ သတ်မှတ်ထားသော်လည်း ယင်းနှင့် အလားသဏ္ဍာန်တူလုံခြုံရေး App များ အခမဲ့ရနိုင်ကြောင်း သိရသည်။

*—Ref: PC Wald*

# မိုဘိုင်းဖုန်း ဆက်စပ်ပစ္စည်းအရောင်းဆိုင်များတိုးလာ



ဓာတ်ပုံ-ကျော်ဇင်သန်း

ယုဇနကိုကို

ရန်ကုန်၊ ဇန်နဝါရီ-၂၅

ပြည်တွင်း၏ မိုဘိုင်းဖုန်းသုံးစွဲသူ ပမာဏ တိုးတက်လာခြင်းကြောင့် ရန်ကုန်မြို့၏ နေရာအနှံ့တွင် မိုဘိုင်းဖုန်း ရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများမှာ လအနည်းငယ်အတွင်း သိသိသာသာ များပြားလာကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

မကြာမီအချိန်တွင် မြန်မာ့ဆက်သွယ်ရေးမှ ကျပ်တစ်သိန်းဝန်းကျင်ဖြင့် ရောင်းမည်ဖြစ်ရာ ဟန်းဆက် ဈေးကွက်မှာ ပိုမိုကြီးမားလာမည်ဟု ကြိုတင်တွက်ကာ ယခုကဲ့သို့ မိုဘိုင်းဖုန်း စီးပွားရေးလုပ်ငန်းများ များပြားလာခြင်းဖြစ်ကြောင်း ဈေးကျွမ်းကျင်သူများက ပြောကြသည်။

ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူအများစုသည် မိုဘိုင်းဖုန်းနှင့်ပတ်သက်သည့် လုပ်ငန်းများထဲသို့ သိသာစွာ တိုးဝင်လာကြသည်မှာ ပြီးခဲ့သည့် လအနည်းငယ်ကပင်ဖြစ်ကြောင်း ဈေးကွက်လေ့လာစောင့်ကြည့်နေသည့် ဝါရင့်လုပ်ငန်းရှင်များက ဆိုသည်။

"လွန်ခဲ့တဲ့ သုံး၊ လေး၊ ငါးနှစ်လောက်အထိကို ရန်ကုန်မှာ မိုဘိုင်းဆိုင်တွေက လက်ချိုးရေလို့ရနေတယ်။ အဲဒီအချိန်တွေတုန်းက ဝယ်ယူလိုသူတွေအနေနဲ့ ရွေးချယ်စရာ အများကြီးမရှိတော့ ကောင်းလည်းခံ၊ ဆိုးလည်းခံပေါ့။ အခု ရန်ကုန်မြို့မှာ မိုဘိုင်းဆိုင်တွေက လက်ညှိုးထိုးမလွဲပဲ။ ဒါက ဝယ်သူတွေအတွက် ရွေးချယ်စရာတွေများလာပြီး ဈေးကွက်အတွက်လည်း ကောင်းမွန်တဲ့ အပြောင်းအလဲလို့မြင်ပါတယ်"ဟု အသက် ၂၅ နှစ်အရွယ် မိုဘိုင်းဖုန်း အသုံးပြုသူ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

ရန်ကုန်မြို့၏ လူစည်ကားရာ လှည်းတန်း၊ မြေနီကုန်း၊ ဆူးလေနှင့်အနီးတစ်ဝိုက်ရှိနေရာများတွင်သာမက လူနေ ရပ်ကွက်များတွင်မိုဘိုင်းဖုန်းရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှု ပေးသည့်ဆိုင်များ ဖြင့် ပြည့်နှက်လာပြီ ဖြစ်သည်။

"မိုဘိုင်းဖုန်းလုပ်ငန်းကို အခုချိန်ကတည်း စထားရင် တစ်နှစ်လောက်အတွင်းမှာကို အလုပ်ဖြစ်လာနိုင်တယ်။ နေ ရာတိုင်းလိုလိုမှာ မိုဘိုင်းဖုန်းဆိုင်တွေ ဖြစ်လာတယ်။ ဒီနှစ်ဆန်းထဲမှာမှ ဖွင့်လာကြတဲ့ ဆိုင်တွေများတယ်။ အများပြည်သူတွေ ရွေးချယ်စရာတွေများလာမှာဆိုတော့ လုပ်ငန်းအချင်းချင်းလည်း ပြိုင်ဆိုင်မှုတွေ ပိုပြီးကောင်းလာမှာပါ"ဟု ရန်ကုန်မြို့တွင်း ဆိုင်ခွဲများစွာ ဖွင့်လှစ်ထားသော Mr.Fone မိုဘိုင်းမှ အထွေထွေမန်နေဂျာ ကိုထက်လင်းကျော်က ဆိုသည်။

ယခုကဲ့သို့ ပြည်တွင်းတွင် မိုဘိုင်းဖုန်းနှင့်ဆက်စပ်လုပ်ငန်းများ အချိန်တိုအတွင်း အပြိုင်အဆိုင် လုပ်လာကြခြင်းကြောင့် ယခင်ဈေးကွက်တွင်း နေရာရပြီးသား မိုဘိုင်းဖုန်းဝန်ဆောင်မှု လုပ်ငန်းကြီးအချို့အတွက် ထိခိုက်မှု မရှိနိုင်ဟု မိုဘိုင်းဖုန်းလုပ်ငန်း လုပ်ကိုင်သူအချို့က သုံးသပ်သည်။

"ပြိုင်ဆိုင်မှုတွေ ပိုပြီး ပြင်းလာတဲ့အခါ သုံးစွဲသူတွေအတွက် ရွေးချယ်စရာတွေ ပိုများလာမယ်။ အခုဆို လက်ညှိုးထိုးရာမှာ မိုဘိုင်းဆိုင်တွေ ဖြစ်နေပြီ။ ရွေးချယ်စရာတွေ ပိုများလာမယ်ဆိုတာ ဝယ်ယူသူတွေအတွက် ကောင်းတာသာမဟုတ်ဘဲ လုပ်ငန်းရှင်တွေအတွက်ပါ ကောင်းသောယှဉ်ပြိုင်မှုတွေ ဖြစ်လာမှာပါ" ဟု Apple အမှတ်တံဆိပ် မိုဘိုင်းပစ္စည်းများကိုသာ ရောင်းချသည့် iMotion မိုဘိုင်းဆိုင်မှ တာဝန်ရှိသူ ကိုမင်းသန့်က ပြောသည်။

ပြည်တွင်း မိုဘိုင်းဈေးကွက်အတွင်းတွင် ယခုလက်ရှိအချိန်အထိ ဈေးနှုန်းများ အပြိုင်လျှော့ကာ ရောင်းချနေသော်လည်း ဝယ်ယူသူများ စိတ်ကျေနပ်မှု အပြည့်အဝရရှိသော ဝန်ဆောင်မှုပေးသည့်ဆိုင်များက နည်းပါးသေးကြောင်း မိုဘိုင်းဖုန်းလုပ်ငန်း လုပ်ကိုင်သူအချို့က ပြောသည်။

"အခုပြည်တွင်း ဈေးကွက်မှာက ဆိုင်တစ်ဆိုင်နဲ့တစ်ဆိုင် ဈေးပဲချပေးနေကြတာ။ ဝန်ဆောင်မှုပေးတဲ့ ဆိုင်ဆိုတာ အရမ်းနည်းနေသေးတယ်။ နောက်ပိုင်း မိုဘိုင်းဈေးကွက် ဒီထက်ကြီးလာရင် ဝန်ဆောင်မှုက အရမ်းအရေးကြီးလာပြီ။ ဝယ်ယူသူက ဈေးနှုန်းကွာလည်း ဝန်ဆောင်မှုသာတဲ့ နေရာကိုသွားမှာ။ သူတို့အတွက် ရွေးချယ်စရာက အများကြီးဖြစ်လာပြီလေ"ဟု Apple အမှတ်တံဆိပ် မိုဘိုင်းပစ္စည်းများကို သီးသန့်ရောင်းချသည့် ဆိုင်တစ်ဆိုင်ဖြစ်သော iNora မှ ကိုထက်မြတ်အောင်က သုံးသပ်သည်။




စာမျက်နှာ(၂၃)မှ

## ဖုန်းဆိုရင် မော်ဒယ်မြင့်မှ ကိုင်ချင်တယ်

ယခုလ ၁၆ ရက်ကမှ ပြည်တွင်းဈေးကွက်အတွင်းသို့ရောက်ရှိလာသောထိုင်ဝမ်အခြေစိုက် HTC အမှတ်တံဆိပ်၏ နောက်ဆုံးထုတ် Butterfly မိုဘိုင်းဖုန်းများသည် Apple ၏ iPhone 5 ဖုန်းဈေးနှုန်းထက်ပိုမိုနေသော်လည်းရက်ပိုင်းအတွင်း ဆိုင်များမှာ ရောင်းကုန်သွားခဲ့သည်။

"အရင်က နည်းပညာမြင့်ပစ္စည်းတွေဆိုတာ ကျွန်တော်တို့ဆီက လူတွေနဲ့ထိတွေ့မှု အရမ်းနည်းခဲ့ပါတယ်။ ဈေးကွက်အနေအထားကိုကလည်း နိုင်ငံတကာနဲ့ချိတ်ဆက်မှုမှာ ပိုမြန်ဆန်လာတယ်။ အခုအချိန်ထိ အိုင်ဖုန်းနဲ့ အိုင်ပေ့ါစီးရီးတွေ ဈေးကွက်မှာ ရောင်းနေရတုန်းပဲ။ အဓိကပြောချင်တာက နည်းပညာမြင့်မိုဘိုင်းပစ္စည်းတွေကို စိတ်ဝင်စား စောင့်ကြည့်ဝယ်သူတွေ များလာတာနဲ့ အမျှ သူ့ရဲ့ပြည်တွင်း ဈေးကွက်ကလည်း တက်လာတယ်"ဟု iNora မိုဘိုင်းမှတာဝန်ရှိသူ ကိုထက်မြက်အောင်က သုံးသပ်ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ မိုဘိုင်းဈေးကွက်အတွင်း သုံးစွဲသူများ စိတ်ဝင်စားနေသည့် အဆင့်မြင့်မိုဘိုင်းထုတ်ကုန်များမှာ Apple, Samsung တို့ဖြစ်ကြပြီး ယင်းတို့၏နောက်တွင် HTC က ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူ မိုဘိုင်းလုပ်ငန်းရှင်အချို့က ဆိုကြသည်။



# ဂန္ဓလရာဇ် ခရီးသည် (၁၀)

ကျော်ဝင်း

တောင်ပိုင်းမြို့တော် (၆၊ နိုဝင်ဘာ ၂၀၁၂)

**နန်ကျင်း**

ကျွန်တော်တို့ နားယဉ်ပြီး အမည်မှာ နန်ကင်း(Nanking)။ နန်ချင်း(Nanching)ဆိုသော မူကွဲတစ်ခုလည်း ရှိသေးသည်။ 'ချင်' နှင့် 'ဟန်' မင်းဆက်ခေတ်များကမူ 'မော်လင်း'(Moling)ဟု အမည်တွင်ခဲ့ဖူးသည်။ ယခုအသံထွက်နှင့် စာလုံးပေါင်းကား 'နန်ကျင်း' (Nanjing)၊ 'တောင်ပိုင်းမြို့တော်' ဟု အဓိပ္ပာယ်ရပါသည်။

သမိုင်းကို ပြန်ကြည့်လိုက်လျှင် "နန်ကျင်း' မှာ မင်းဆက်ခြောက်ဆက်၏ မြို့တော်ဖြစ်ခဲ့ဖူးသည်ဟု အမှတ်အသားရှိသည်။ ဇာတ်၏အစကို ပြန်လှန်ရလျှင် ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀ ဝန်းကျင် 'သုံးပြည်ထောင်ခေတ်' (Three Kingdoms Period) လောက်ကတည်းက စရပါလိမ့်မည်။ 'ဝူ'နိုင်ငံတော် ဘုရင် 'ဆွန်းချမ်'က နန်ကျင်းကို ပထမဆုံးမြို့တော်အဖြစ် တည်ထောင်ခဲ့သည်။ ဤမျှ သမိုင်းကြောင်း ရှည်ကြာခဲ့သည်ဖြစ်ရာ နန်ကျင်းမှာ တရုတ်ပြည်၏ ထင်ရှားသော ယဉ်ကျေးမှု မြို့တော်များထဲမှ တစ်ခုဖြစ်သည်။

ထို့ထက် နန်ကျင်းမှာ တရုတ်ခေတ်သစ် သမိုင်းနှင့်လည်း နီးနီးကပ်ကပ် ဆက်စပ်လျက်ရှိနေပြန်သည်။ ၁၉၁၁ တော်လှန်ရေးအပြီး ပထမဆုံး ထူထောင်ခဲ့သော တရုတ်သမ္မတနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သည်။ (၁၉၁၂)၁၉၃၇ ခုနှစ်တွင် ဂျပန်လက်အောက် ကျရောက်သွားခဲ့ပြီး 'ဝမ်ချိန်ဝေ' ရုပ်သေးအစိုးရ၏ မြို့တော်ဖြစ်ခဲ့ပြန်သည်။ ၁၉၄၀ ဂျပန်လက်နက်ချပြီးသော အခါတွင်မူ သမ္မတနိုင်ငံ၏ မြို့တော်ပြန်ဖြစ်လာသည်။ (၁၉၄၆) ၁၉၄၉ ဧပြီ ၂၃ ရက်တွင် ကွန်မြူနစ်တပ်ဖွဲ့များ (တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်) ကနန်ကျင်းကို သိမ်းပိုက်လိုက်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ပြီးသည့် အခါတွင်မူ ကွန်မြူနစ်အစိုးရက မြောက်ပိုင်းမြို့တော် 'ပေကျင်း'ကိုသာ မြို့တော်အဖြစ် သတ်မှတ်လိုက်သည်။

ဘာရယ်မဟုတ်။ ဟိုတယ်အခန်းဝရန်တာမှ စီးမြင်နေရသော နန်ကျင်းရှုခင်းကို အပေါ်စီးမှ ငေးရင်း ခေါင်းထဲသို့ တိုးဝင်လာသော သမိုင်းအချက်အလက်တွေ ဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်က သိထားသည်မှာ နန်ကျင်းဆိုလျှင် အဖြူမြို့တော်။ ပေကျင်းက အနီမြို့တော်။ ဝန်ခံရလျှင် လက်ဝဲတိမ်းညွတ်စိတ်ဖြင့် ပေကျင်းကိုသာ နန်ကျင်းထက် ပိုစိတ်ဝင်စားမိသည်။ တစ်ခုတော့ ရှိသည်။ အနီရော အဖြူပါ ကြည်ညိုလေးစားကြသည့် တရုတ်အမျိုးသား ခေါင်းဆောင်ကြီး ဒေါက်တာဆွန်ယက်ဆင်၏ ဂူဗိမာန် နန်ကျင်းတွင် ရှိသည်။ ဒါကိုတော့ စိတ်ဝင်စားသည်။

နန်ကျင်းတွင် တစ်ရက်မျှသာ အချိန်ရသည့်တိုင်း ဆွန်ယက်ဆင် ဂူဗိမာန်ကို လိုက်ပို့မည်ဆို၍ တရုတ်မိတ်ဆွေများကို ကျေးဇူးတင်ရသည်။ အစီအစဉ်စာရွက်ကို ကြည့်လိုက်တော့ မနက် ၈ နာရီခွဲတွင် ဟိုတယ်မှ ထွက်မည်ဆိုပါလား။ အခုပဲ ရှစ်နာရီထိုးနေပြီ။ ရေမြန်မြန်ချိုးမှ. . ။ အခန်းထဲ မဝင်မီ၊ ဝရန်တာ မြင်ကွင်းကို တစ်ချက်ကြည့်လိုက်တော့ စောစောကလို နှင်းနှင့် မြူဖြင့် မပီဝိုးဝါးမဟုတ်။ အသော့နှင်လာသော နေခြည်တန်းများ အောက်တွင် နန်ကျင်းမြို့ကြီး ကြည်လင်ဝင်းပစွာ နိုးထလာသည်ကို တွေ့လိုက်ရသည်။

**ခေါင်းကိုင် ဖခင်**

ကျွန်တော်တို့ကိုသယ်ဆောင်လာသော ကားလေးက မြို့လယ်ရပ်ဝန်းကို ကျော်သည်နှင့် မြေလျှိုးသွားသည်။ အတော်လေး ရှည်လျားသော မြေအောက်ဥမင်မှ ထွက်တော့ မိုးပျံတိုက်တာခေတ်မီ အဆောက်အအုံတွေ မမြင်ရတော့။ လမ်းဘေးဝဲယာကြည့်လေရာတိုင်း တောနှင့် တောင်ကိုသာ တွေ့ရတော့သည်။ စိမ်းမြတောအုပ်နှင့် မှိုင်းညို့တောင်တန်းများ။ တရုတ်ပြည်ကြီးတွင် လေထု၊ ရေထု ညစ်ညမ်းမှုများရှိနေပြီ ဆိုသည့်တိုင်း သဘာဝပေးတောတွေ၊ တောင်တွေကား နေရာ အနှံ့လောက် တွေ့နေရဆဲပင်။ အမေရိကမှာဆိုလျှင်လည်း ဒီအတိုင်း။ ကျွန်တော် ရောက်ခဲ့သမျှ နေရာတိုင်းလောက်တွင် တောရှိသည်။ တောင်ရှိသည်။ ပြောရလျှင် ဝါရှင်တန် မြို့တော်မှာပင် စိမ်းမြတောအုပ်ကြီးကို တွေ့ခဲ့ရသည်။

ကျွန်တော်တို့နိုင်ငံတွင်ကား ဤသို့ မဟုတ်တော့ပြီ။ ဖွံ့ဖြိုးမှုနောက်အကျဆုံးဟုဆိုသော နှိုင်းယှဉ်လျှင် လူသူ အရောက်အပေါက်နည်းသော ချင်းပြည်နယ်မှာပင် တောတွေ၊ တောင်တွေမှာ ပကတိအတိုင်း မရှိလှတော့။ ကွက်ကြား၊ ကွက်ကြား အမာရွတ်ထနေချေပြီ။ ကျွန်တော်တို့တစ်တွေ အမြဲလိုလို သွားသွားလာလာ လုပ်နေကြသော နေပြည်တော် ဟိုင်းဝေးကြီးကိုပင် ကြည့်။ သစ်ကြီးဝါးကြီးမမြင်ရတော့။ တစ်ခါက ဤနေရာတွင် သူပုန်ဌာနချုပ်ကြီး တစ်ခုရှိခဲ့ဖူးသည်ဆိုလျှင် ခေတ်လူငယ်များအတွက် ယုံတမ်းသာသာ ဖြစ်နေပေတော့မည်။ စစ်ပွဲတွေ မရှိတော့သည်က ကောင်းပါသည်။ သစ်တောတွေပျောက်သွားသည်ကတော့ မကောင်း။

စိတ်မသက်သာဖွယ်ရာ အတွေးတွေကို ဇွတ်ဖြတ်ပြီး သကာလ။ ယခုဦးတည်သွားနေရာ ဂူဗိမာန်ပိုင်ရှင်ဒေါက်တာဆွန်ယက်ဆင်အကြောင်း အာရုံပြောင်းရသည်။ ကျွန်တော်တို့ ငယ်ငယ်က သင်ခဲ့ရသော ကျောင်းသုံးစာအုပ်များတွင် မော်စီတုန်းအကြောင်းမပါ။ ဆွန်ယက်ဆင် အကြောင်းသာ ပါသည်။ ဒေါက်တာဆွန်ကို တရုတ်တော်လှန်ရေး၏ ဖခင်ကြီးဟု ဖော်ပြထားသည်။ ကွန်မြူနစ်များကတော့ 'ခေါင်းကိုင်ဖခင်' ဟူ၍သာ ညွှန်သည်။

သော် မအောင်မြင်။ ရက်ရက်စက်စက် ဖြိုခွဲခံရသည်။ ဆွန်လည်း နိုင်ငံခြားသို့ ထွက်ပြေးရတော့သည်။ ထိုအချိန်မှစ၍ ၁၆ နှစ်လုံးလုံး တရုတ်ပြည်ပြင်ပမှနေ၍ လာတော့မည် တော်လှန်ရေးကြီး အတွက် မနားမနေ စည်းရုံးလှုပ်ရှားခဲ့သည်။

ဆွန်ခေါင်းဆောင်သော ၁၉၁၁ တော်လှန်ရေးကို 'ဘူဇွာ တော်လှန်ရေး'ဟု သူတို့က သတ်မှတ်သည်။ 'ဒီမိုကရေစီဟောင်း တော်လှန်ရေး'ဟု 'မော်'က ဆိုသည်။ သူဦးဆောင်သော တော်လှန်ရေးကသာ 'ဒီမိုကရေစီသစ် တော်လှန်ရေး'။ 'သမိုင်းဆိုသည်တွင် သမိုင်းရေးသူ၏ အတ္တနောမတိမည်မျှ ပါလေမည်နည်း"။ ထားတော့။

ဆွန်ယက်ဆင်မှာ ကွမ်တုန်းဇာတိ၊ ရှန်ဆန်းသား။ သို့တစေ သူ့အစ်ကိုကြီးရှိရာ ဟိုနိုလူလူတွင် ပညာသင်ခဲ့သည်။ နောက် ဟောင်ကောင်ဆေးကောလိပ်မှ ဆေးသိပ္ပံဘွဲ့ရသည်။ သို့သော် ဆရာဝန်အလုပ်ကို သူစိတ်မဝင်စား။ သူ့အာရုံကို ဖမ်းစားထားသည်က ဥပမိ ပျောက်ဆုံးနေသော အဖနိုင်ငံတော်။ ထိုစဉ်က အနောက်နိုင်ငံ အားလုံးလောက်မှာ တရုတ်ပြည်ကြီးကို ဖရဲသီးစိတ်လို ခွဲဝေယူကြဖို့ အကွက်ချောင်းနေချိန်။ ဒါကို အာဏာရ ချင်မင်းဆက်က မသိကျိုးကျွံပြုကာ ရာဇပလ္လင် မြဲရေးသာ အဓိကလုပ်နေသည်။

၁၈၉၄ တွင် ဆွန်ဦးဆောင်ပြီး 'ရှင်ချန်ဟွေ့' အဖွဲ့ကို ဟာဝိုင်အီတွင် ဖွဲ့သည်။ (ရှင်ချန်ဟွေ့-ဆိုသည်မှာ၊ 'တရုတ်ပြည် ပြန်လည်အားသစ်ရေး' ဟု အဓိပ္ပာယ်ရပါသည်) နောက်တစ်နှစ် ၁၈၉၅ တွင် ဤအဖွဲ့၏ ဦးဆောင်မှုဖြင့် ချင်မင်းဆက်ကို တော်လှန်သည်။ သို့

၁၉၁၁ တော်လှန်ရေးဖြစ်တော့ ဆွန်တစ်ယောက် အမေရိကရောက်နေသည်။ တော်လှန်ရေးတပ်ဖွဲ့များက နန်ကျင်းကို မြို့တော်ပြုပြီး တရုတ်သမ္မတနိုင်ငံ ထူထောင်သည်။ သူတို့အားလုံး သမ္မတသစ်အဖြစ် ရွေးချယ်လိုက်သည်က ဒေါက်တာဆွန်ယက်ဆင်။ သို့တိုင်အောင် တော်လှန်ရေးကား မပြီးသေး။ ချင်မင်းဆက် အစိုးရက ပေကျင်းတွင် အခိုင်အမာ ခုခံနေဆဲရှိသည်။ တစ်ပြည်လုံးတွင်လည်း တစ်ဗိုလ်တစ်မင်းဝါဒ၊ ခေတ်စားပျံ့နှံ့လျက်။ အဆိုးဆုံးကား မြောက်ပိုင်းစစ်မင်း 'ယွမ်ရှီခိုင်'။ တရုတ်လူထုအတွက်တော့ ဒုက္ခပင်လယ်ဝေဆဲပင် ရှိသည်။

ဤသို့သော အခြေအနေမျိုးတွင် ဆွန်က အာဏာကို အသေကိုင်မထားချင်။ သမ္မတနိုင်ငံသစ်၏ ယာယီသမ္မတအဖြစ်သာ လက်ခံသည်။ ချင်မင်းဆက်ကို အေးအေးဆေးဆေး နန်းစွန့်ဖို့ နားချနိုင်သူ ရှိပါက သမ္မတတာဝန်လွှဲပေးမည်ဟု ကြေညာသည်။ ဤတွင် ယွမ်ရှီခိုင်က ဖိအားသုံးပြီး ချင်မင်းဆက်ကို နန်းစွန့်စေခဲ့ရာ ဆွန်က သူ့ကတိအတိုင်း အာဏာလွှဲပေးခဲ့သည်။ ဆွန်လိုချင်သည်က နိုင်ငံရေးအာဏာမဟုတ်။ ပြည်သူလူထုအတွက် ငြိမ်းချမ်းရေး၊ ဘဝလုံခြုံရေး၊ စားဝတ်နေရေး။

**'ပြည်သူ့တရားသုံးပါး'**

ထိုစဉ်က ပြင်သစ်တော်လှန်ရေး အရှိန်အဝါ ကြီးမားဆဲရှိရာ ဆွန်၏ နောက်လိုက်အချို့က သူ့ဆုံးဖြတ်ချက်ကို မကျေနပ်။ ချင်မင်းဆက်ကိုရော၊ ယွမ်ရှီခိုင်ကိုပါ တင်းတင်းမာမာ တုန့်ပြန်စေလိုသည်။ ထိုစဉ်က ပြောခဲ့သော ဒေါက်တာဆွန်ယက်ဆင်၏ စကားမှာခေတ်အဆက်ဆက်တော်လှန်ရေး သမားများအတွက် အလေးထား မှတ်သားစရာ ဖြစ်လိမ့်မည်ထင်သည်။ သူ့စကား။ "တော်လှန်ရေးတိုင်းရဲ့ နံပါတ်တစ် လိုအပ်ချက်ဟာပြည်သူလူထုဆန္ဒကို ဖြည့်ဆည်းပေးဖို့ပါ။ ခေါင်းဖြတ်စက်တွေမလိုပါဘူး"

**၂၁ ရာစု ကွန်မြူနစ် ဒေသနာ**

နောက်တော့ယွမ်ရှီခိုင်ခေတ်။ တရုတ်ပြည်ကြီးမှာကြမ္မာဆိုးမှ ရုန်းမထွက်နိုင်သေး။ ဆွန်ယက်ဆင်လည်း အမိမြေနှင့် ဝေးရပြန်သည်။ နောက်ကူမင်တန်ပါတီ(KMT)၊ ဆိုဗီယက်ယူနီယံနှင့် မဟာမိတ်ဖွဲ့။ ကွန်မြူနစ် ကူမင်တန်ပူးပေါင်း၊ မြောက်ပိုင်းချီတက်ရေး တိုက်ပွဲများ၊ ရှည်လျား၊ ထွေပြား၊ ရှုပ်ထွေးလှသော တော်လှန်ရေး ဝက်ပါထဲ ချာချာလည်ဆဲမှာပင် ကျွန်တော်တို့ ကားလေးက ဂူဗိမာန်တည်ရာတောင်ခြေသို့ရောက်သွားသည်။

"ဟာ . . နည်းတဲ့လူတွေ မဟုတ်ပါလား"

ပွဲတော်တမျှ စည်ကားနေသော လူအုပ်ကြီးကို တွေ့တော့ အံ့ဩသွားသည်။ သူတို့ခေါင်းဆောင်ကြီးကို ဂါရဝပြုဖို့ စုရုံးရောက်ရှိလာကြသူများလား။ သို့မဟုတ် အားလပ်ရက်တွင် မိသားစု အပျော်ခရီးထွက်လာကြသည်လား။ တူညီဝတ်စုံများနှင့် လူငယ်တစ်စုကိုလည်း တွေ့ရသည်။ ကျောင်းတစ်ကျောင်း(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုမှ ဖြစ်လိမ့်မည်ထင်သည်။

လူအုပ်ကိုကျော်၍ တောင်ထိပ် ဂူဗိမာန်ကို မော့ကြည့်လိုက်ရာ သေးသေးငယ်ငယ်လေးသာ မြင်ရသည်။ အတော်မြင့်လိမ့်မည်ဟု မှန်းဆရသည်။ ကျောက်သားလှေကားကျယ်ကြီးမှ တလှုပ်လှုပ် တက်သွားသော လူအုပ်ကြီးမှာ တရွေ့ရွေ့သွားနေသော ပုရွက်ဆိတ်အုံကြီးနှင့်ပင် တူသေးတော့သည်။ ကျွန်တော်တို့အဖွဲ့လည်းအဆိုပါပုရွက်ဆိတ်အုပ်ကြီးထဲသို့တိုးဝင်လိုက်ကြသည်။ လူငွေတွေက သွက်သွက်မြန်မြန်။ ကျွန်တော့်မှာတော့ နှေးကွေးလေးလံ။ လှေကားက ပြေသည့်တိုင် အထစ်တွေက များတော့ မောသည်။ ဖြည်းဖြည်းပေါ့။

"ဖြည်းဖြည်း တက်ပါ။ အချိန်အများကြီး ရပါတယ်"လှည့်ကြည့်လိုက်တော့ 'ကျန်းယီ'။ ကျွန်တော်တို့မြန်မာအဖွဲ့ အခေါ် ချိန်ယွမ်မိန်ဆိုပါတော့။ ကျန်းယီ၊ ကျန်းယင်းဟွာ (မီမီဝင်းဖေ) နှင့် ရှီသုံးမေ (သက်မွန်မြင့်)တို့မှာ ပေကျင်းမှ ခွာကတည်းက မြန်မာအဖွဲ့နှင့်အတူလိုက်ပါလာသူများ။ မစ္စလီ(ချန်ချင်းမျက်နှာနှင့် အမျိုးသမီးကြီး) ကတော့ နောက်တစ်မြို့ (ချီကျိုး) ရောက်တော့မှ လိုက်လာသည်။

"ဒီဗိမာန်ကြီးကို ဘယ်တုန်းက ဆောက်တာလဲဗျ"စပ်စုကြည့်တော့ ကျန်းယီက တွေးတွေးဆဆ ရှင်းပြသည်။

"အင်း. . ဆွန်ယက်ဆင် ကွယ်လွန်တာ ၁၉၂၅ ဆိုတော့ ၁၉၂၆ မှာ စဆောက်တာ ဖြစ်မယ်။ ဟုတ်တယ် ၁၉၂၆။

"ဒါဖြင့် ကွယ်လွန်ပြီး တစ်နှစ်ကြာမှ ဆောက်တာပေါ့"

"ဟုတ်တယ်။ ဒေါက်တာဆွန်ယက်ဆင်က ပေကျင်းမှာ ဆုံးတာလေ။ အလောင်းကို နန်ကျင်းသယ်ပြီးမှ ဒီဗိမာန်ကြီးကို ဆောက်တာ။ ၁၉၂၉ ရောက်တော့မှ အပြီးသတ်တယ်။ သုံးနှစ်လောက် ဆောက်ခဲ့ရတာပေါ့"

"ရာစုတစ်ခုနီးပါး သက်တမ်းကြာလှပြီဖြစ်သော ဗိမာန်တော်ကြီးပါရောလား" တွေးမိတော့ ကျေနပ်သွားသည်။ တစ်မြို့လုံးလောက်ကိုမြင်နိုင်လောက်သော တောင်ကုန်းထိပ် တည်ဆောက်ထားသည်အတွက်ပိုကျေနပ်မိသည်။

"နေပါဦးဗျ။ ဒီတောင်ကုန်းနာမည်က"

"ကျီးကျန်းတောင်လို့ ခေါ်ပါတယ်"

"အဓိပ္ပာယ်က"

"ပန်းရောင်တောင်တန်းတဲ့"

ကြည့်လိုက်တော့ အစိမ်း။ မှိုင်းညိုတစ်ဝက်ပြာလွင်တစ်ဝက် ရောယှက်နေသော အစိမ်း။ 'ဘယ်လိုက ဘယ်လို ပန်းရောင်ဖြစ်ရတာလဲ' စိတ်ထဲက ဇဝေဇဝါ။

"ပန်းရောင်လည်း မဟုတ်ပါလား"

"ဒီလိုပါ။ ဟိုတုန်းကဒီတောင်ကုန်းတစ်ခုလုံး ပန်းရောင် တောပန်းတွေ ပွင့်တယ်တဲ့။ ဒါ့ကြောင့် 'ပန်းရောင် တောင်တန်း" လို့ အမည်တွင်တာ။

ကျန်းယီက ရှင်းပြတော့ မန္တလေး၊ မတ္တရာ ကားလမ်းနှင့် အပြိုင် 'ငွေတောင်တန်း' ကြီးကို ဖျတ်ခနဲ အမှတ်ရလိုက်သည်။ ဤတောင်တန်းကြီးမှာ ရှမ်းရိုးမ၏ အစပ်။ သည်တော၊ သည်တောင်တွင် ဆယ်နှစ်တစ်ကြိမ် ပန်းနုရောင် ပန်းတင်းပန်းတွေ ပွင့်လေ့ရှိသည်ဟု ဆိုရိုး ရှိသည်။ အဆိုပါ ပန်းတင်းပန်းပွင့်ချိန်ရသော ပျားရည်ဆိုလျှင် ပန်းနုဖျော့ ပယင်းရောင်လဲ့လဲ့။ အီအီလည်လည်ကြီး မချို၊ ချိုမြမြ မွှေးရှုံသာ။ ပန်းတင်းပန်းပွင့်ချိန် တစ်နှစ်က ကျွန်တော် ရောက်ဖူးသည်။ တစ်တောလုံး ပန်းရောင်၊ တစ်တောင်လုံး ပန်းရောင်။ တကယ့်ကို ပန်းနုတောင်တန်း။

**စာမျက်နှာ(၄၀)သို့**

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# တန်ဖိုးနည်းအိမ်ရာ နည်းဗျူဟာ

မြင့်မိုရ်ဆွေ


အိန္ဒိယနိုင်ငံရှိ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတစ်ခုကို တွေ့ရစဉ်

**ကွက်** လပ်မည်သို့ ဖြည့်မည်နည်း။ ကွက်လပ်ဟုဆိုရာ၌ တက္ကသိုလ်ဝင်စာမေးပွဲ နီးကပ်လာပြီဖြစ်၍ မြန်မာစာ၊ အင်္ဂလိပ်စာမေးခွန်းပါ ကွက်လပ်များဖြည့်နည်းကို မဆိုလိုပါ။ မြေကွက်လပ်များကို ဆိုလိုပါသည်။ မည်သည့် မြေကွက်လပ်နည်းဟု ဆိုလျှင် စတုရန်းမိုင် ၃၂၀ ခန့်ကျယ်ဝန်းသော ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်မှ မြေကွက်လပ်များကို ဆိုလိုပါသည်။

လူဦးရေ ခြောက်သန်းမျှနေထိုင်သော ရန်ကုန်မြို့ကြီးတွင် အိမ်ဈေး၊ မြေဈေး ကြီးမြင့်မှုကြောင့် နေရေးဒုက္ခနှင့် ရင်ဆိုင်နေကြရကုန်သော ဝင်ငွေနည်းပြည်သူတို့အတွက် တန်ဖိုးနည်းအိမ်ရာ အမြောက်အမြား လိုအပ်လျက်ရှိပါသည်။ နိုင်ငံပိုင်မြေကွက်လပ်များအား အရင်းအနှီးပြု၍ တန်ဖိုးနည်းအိမ်ရာများ အကောင်အထည် ဖော်နိုင်မည့် နည်းဗျူဟာ တစ်ရပ်ကို တင်ပြလိုပါသည်။ ရှုခ့်လည်း လျှောက်သာ၊ ပျားလည်းစွဲသာဆိုသည့်အတိုင်း နိုင်ငံပိုင် မြေကွက်လပ်များလည်း မြို့အင်္ဂါရပ်နှင့်အညီဖွံ့ဖြိုးစေ၊တန်ဖိုးနည်း အိမ်ရာများလည်း ပေါ်ထွန်းစေရန် ဖြစ်ပါသည်။

“နေပါဦး မင်းအခုရေးတဲ့ နိုင်ငံပိုင် မြေကွက်လပ်တွေဟာ ဘယ်မှာကျန်တာတုံး၊ အထူးဇုန်ဆိုပြီး တစ်ကွက်ပြီး တစ်ကွက်ပေးနေတာ ကုန်ရော့မယ်။ မြို့ပြကွက်လပ်ကြီးတွေမှာ စီမံကိန်းလုပ်မယ်ဆိုပြီး မြို့ဆင်ခြေဖုံးနဲ့ လူမသိ သူမသိကျန်နေတဲ့ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ဒဂုံမြို့သစ်တွေထဲက နေရာကောင်းကြားကွက်လပ်တွေကို လက်သင့်ရာ ချပေးတယ်လို့ သတင်းတွေကြားနေရတယ်။ မသိသူကျော်သွား၊ သိသူဖော်စားပေါ့ကွာ။ လာဘ်ပေးလာဘ်ယူလည်း ရှိနိုင်တယ်။ အဲဒါ မပေးသင့်ကြောင်း မင်းဆောင်းပါးမှာ ထည့်ပြီး ရေးသင့်တယ်။ မြန်မြန်ရေး၊ ဒါမှ မင်းရဲ့ တန်ဖိုးနည်းအိမ်ရာ နည်းဗျူဟာလည်း လက်တွေ့လုပ်လို့ရမယ်”

စာရေးသူ၏ ပထမစာပိုဒ်ကို နောက်ကျောဘက်မှ ခိုးဖတ်ရင်းဆက်တိုက်ပေါ် ထွက်လာသော ငယ်သူငယ်ချင်းတစ်ဦး၏ အသံကြောင့် စာရေးသူမှာ ရေးလက်စ စာပိုဒ်ကို တန်းလန်းထား၍ လှည့်ကြည့်မိ၏။ သူက စကားဆုံးသည်အထိ စဉ်ဆက်မပြတ်ပြောဆိုပြီး နောက်အထက်ပါ အတိုင်း နှုတ်ဆက်ထွက်ခွာသွားရာ သူ၏နောက်ကျောကိုသာ ငေးကြည့်ရင်း သူ့စကားများကို စဉ်းစားသုံးသပ်နေမိ၏။ လွန်ခဲ့သော ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင်း တောင်ဥက္ကလာပမြို့၊ လမ်းထောင့်မြေကွက်လပ် တစ်ကွက်ကို လူတစ်စု ခါတ်ပုံလာရိုက်ရာ ရပ်ကွက်အတွင်းမှ လူများက ထွက်လာပြီး “ဘယ်က လာရိုက်တာလဲ၊ ဘယ်အတွက် ရိုက်တာလဲ။ ဒါပန်းခြံကွက်၊ လက်သင့်ရာ ချထားပေးရင် သမ္မတကြီးကို ကျုပ်တို့တိုင်မယ်” ဟု ပြောပြီး ဝိုင်းလာ၍ ခါတ်ပုံရိုက်သူများ သူတို့ကားပေါ် အမြန်တက်မောင်းပြေးသွားခဲ့ကြောင်း သတင်းတစ်ရပ် ကြားသိခဲ့ရသည်ကိုလည်း အမှတ်ရနေမိသည်။ ၁၇-၁-၂၀၁၃ ထုတ် 7Day News ဂျာနယ်ပါ ကာတွန်းဆရာ တာတီး(ပြည်)၏ ကာတွန်းမှ “မြေကွက်ရောင်းမည်၊ ၅၀၀၀ သိန်း၊ ပိုင်ရှင်-လူကြီးသား” ဟူသော ကာတွန်းကိုလည်း လှစ်ခနဲ ပြေးမြင်မိပြန်ပါသည်။ မည်သို့ဆိုစေ သူငယ်ချင်းပြောသော စကားများ မမှန်ပါစေနှင့်ဟု ဆုတောင်းမိပါသည်။

ဆောင်းပါးကို ပြန်ကောက်ပါမည်။ ဒီမိုကရေစီခေတ်သစ်အရုဏ်ဦး၌ အစိုးရပိုင် မြို့ပြမြေကို အများပြည်သူအကျိုးအတွက်မဟုတ်ဘဲ ပိုင်ဆိုင်ခွင့်၊ ငှားရမ်းအသုံးချခွင့် မပေးသင့်တော့ပေ။ မြို့ပြအိမ်ရာ ဈေးကွက်တွင် အရောင်းဈေးကွက်(Purchasing Market) မှာ ဈေးနှုန်းမြင့်မားနေခြင်းကြောင့် အငှားဈေးကွက် (Rental Market)မှာ ပိုမိုတွင်ကျယ်လာ၏။ အငှားဈေးကွက်မှာလည်း ၂၀၁၂ ခုနှစ် ဝါကျွတ်ကာလမှစ၍ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်လာပြန်၏။ လူချမ်းသာများက တစ်လလျှင်ကျပ် ၁၀ သိန်းအထက်ရှိသော မြို့လယ်တိုက်ခန်း အငှားဈေးကွက်တွက် ငှားရမ်းကြကုန်၏။ အများစုမှာ တရုတ်၊ ကုလားများ ဖြစ်ကြ၏။ လူလတ်တန်းစားတို့မှာ တစ်လလျှင် ငှားရမ်းခကျပ် တစ်သိန်းဝန်းကျင်ရှိသော ဆင်ခြေဖုံး၌လည်းကောင်း၊ ဝင်ငွေအသင့်အတင့်နှင့် ဝင်ငွေနည်းသူတို့မှာ တစ်လလျှင်ကျပ်ငါးသောင်းဝန်းကျင်ရှိ မြို့အစွန်အဖျားနှင့် မြို့သစ်များသို့လည်းကောင်း အငှားထွက်ကြကုန်၏။ မြန်မာအများစု ဖြစ်၏။ လက်လုပ်လက်စားများ (Economically Weaker Session) မှာ ကျူးအိမ်ရာများသို့ ခြေဦးလှည့်ကျကုန်၏။ မြန်မာများပင်တည်း။ “အနောက်က ကုလားဝင်၊ အညာတွင် တရုတ်ပွား၊ မြို့လယ်မှာ မြန်မာရှားတယ်၊ သွားပေ့ါ စွန်ဖျား”ဟု စာချိုးရမည် ဖြစ်၏။ ထို့ကြောင့် တန်ဖိုးနည်းအိမ်ရာဟူသည် မြို့ပြနေ မြန်မာများအတွက် အထူးလိုအပ်သော အိမ်ရာဟုလည်း ဖွင့်ဆိုနိုင်ပေသည်။ မြေရှားသော အချိန်အခါ၌ နိုင်ငံပိုင်မြေကွက်လယ်များကို အရင်းပြု၍ တန်ဖိုးနည်းအိမ်ရာ အကောင်အထည်ဖော်မှု နည်းဗျူဟာ လေးရပ်ကို ဆက်လက်တင်ပြလိုပါသည်။

ပထမနည်းဗျူဟာမှာ အချက်အခြာနေရာရှိ မြေကွက်လပ်ကိုပုဂ္ဂလိကနှင့် အကျိုးတူအိမ်ရာ အကောင်အထည်ဖော်၏။ အဆိုပါ အိမ်ရာမှ နိုင်ငံတော်က ရရှိမည့် အိမ်ခန်းများ၏ တန်ဖိုးနှင့်ညီမျှသော ငွေဖြင့်တန်ဖိုးနည်းအိမ်ရာများကို အခြားဆင်ခြေဖုံး (သို့မဟုတ်) မြို့သစ်ဒေသရှိ နိုင်ငံပိုင်မြေကွက်၌ အကျိုးတူ ဆောင်ရွက်သော ကုမ္ပဏီကိုပင် ညှိနှိုင်းဆောက်လုပ်စေခြင်း ဖြစ်၏။ ဥပမာ-လမ်းမတော်မြို့နယ်မှ နိုင်ငံပိုင်မြေကွက်လပ်တစ်ကွက် (သို့မဟုတ်) အဆောက်အအုံအဟောင်းကို အကျိုးတူဆောက်လုပ်ရာ၌ နိုင်ငံတော်မှ ၁၀ ခန်း ရရှိ၏။ တစ်ခန်းလျှင် ပျမ်းမျှပေါက်ဈေး သိန်းတစ်ထောင်နှင့် တန်ဖိုးကျပ်သိန်းပေါင်း တစ်သောင်းတိတိ ရရှိနိုင်မည် ဆိုပါစို့။ အဆိုပါ အခန်းများကို မူလဆောက်လုပ်သည့် ကုမ္ပဏီကိုပင် ဝယ်ယူခွင့်ပြုပြီးနောက် ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်)ရှိ နိုင်ငံပိုင်မြေကွက်လပ်၌ တစ်ခန်းလျှင် သိန်းတစ်ရာတန် အခန်းပေါင်း ၁၀၀ (၄ ခန်းတွဲ ၅ ထပ်တိုက် ၅ လုံး) ဆောက်လုပ်ပေးစေခြင်းဖြင့် တန်ဖိုးနည်း အိမ်ရာများကို ရရှိနိုင်မည်ဖြစ်ပါသည်။ မြင့်သော နေရာမှရသည့် အကျိုးအမြတ် မြစ်ရေကို နိမ့်သောအရပ်သို့ ဖြတ်သန်းစီးဆင်းစေခြင်း ဖြစ်သည်။ အခြေခံ အဆောက်အအုံများကိုပါ ဤနည်းဖြင့် ဖြည့်ဆည်းနိုင်၏။ အစိုးရကလည်း မြေတန်ဖိုးအနည်းငယ်မျှလောက်ကိုသတ်မှတ်ခြင်း၊ အခြေခံအဆောက်အအုံများ ထောက်ပံ့ပေးခြင်းဖြင့် တန်ဖိုးများစွာ ပိုမိုလာခြင်း မရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။

ဒုတိယနည်းဗျူဟာမှာ မြို့ဆင်ခြေဖုံးနှင့် မြို့သစ်နေရာကောင်းများ၌ အစိုးရမြေ ၂၀ ဧကရှိသည် ဆိုပါစို့၊ Multi Housing ဟု ဆိုအပ်သော လုံးချင်းအိမ်ရာများနှင့်အတူ အိမ်ခန်း သုံးခန်းပါ တန်ဖိုးသင့် တိုက်ခန်းများ၊ လူနေဆိုင်ခန်းများစသည်တို့ကို ၁၅ ဧကတွင် ဆောက်လုပ်ရောင်းချပြီး ရရှိသော အမြတ်ငွေကို မတည်၍ ကျန်ရှိသော ငါးဧက၌ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်စေခြင်း ဖြစ်ပါသည်။ အစိုးရ၏ လှည့်ပတ်ရန်ပုံငွေနှင့်ဖြစ်စေ၊ ဘဏ်ချေးငွေနှင့်ဖြစ်စေ၊ ပုဂ္ဂလိကနှင့် အကျိုးတူဖြစ်စေ နည်းလမ်းရှာဖွေ ဆောင်ရွက်နိုင်၏။

အထက်ပါ နည်းလမ်းနှစ်ရပ်မှာ အရှုံးကို အမြတ်နှင့် ထေ၍ ဆောက်လုပ်ပေးမှု (Cross Subsidization)နည်းဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ တတိယနည်းဗျူဟာမှာ မလေးရှားနိုင်ငံ၌ ကျင့်သုံးသော နည်းဖြစ်၏။ မလေးရှားနိုင်ငံတွင် အိမ်ရာစီမံကိန်းတစ်ခုသည် မြေငါးဧကနှင့် အထက် ကျယ်ဝန်းပါက အဆိုပါမြေ၏ ၃၀ ရာခိုင်နှုန်းတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၃၀ ရာခိုင်နှုန်းနှင့်လျော်ညီသော တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်စေခြင်း ဖြစ်၏။ အဆိုပါ တန်ဖိုးနည်းအိမ်ရာများ၏ ရောင်းဈေးကို အစိုးရက သတ်မှတ်ခြင်းဖြင့် ဈေးနှုန်းကိုထိန်းချုပ်ပေး၏။ စာရေးသူတို့နိုင်ငံတွင်လည်း ပုဂ္ဂလိကမြေဖြစ်စေ၊ ဤနည်းဖြင့် တန်ဖိုးနည်းအိမ်ရာကို အကောင်အထည်ဖော်သင့်၏။ အစိုးရမြေကွက်ကို ပုဂ္ဂလိကနှင့် အကျိုးတူဆောင်ရွက်မှုများ၌ ပို၍ သင့်လျော်ကြောင်း တွေ့ရှိရ၏။

စတုတ္ထနည်းဗျူဟာမှာ တန်ဖိုးနည်းအိမ်ရာကို မြေနေရာ၊ အိမ်ခန်းအကျယ်အဝန်း၊ အထပ်လိုက်ဈေးနှုန်းများ ဖော်ပြ၍ အနည်းဆုံး ၃၀ ရာခိုင်နှုန်းခန့်အထိကိုကြိုတင်ပေးသွင်းစေပြီးနောက် ကျန် ၇၀ ရာခိုင်နှုန်းကို အိမ်ခန်းမအပ်မီ အရစ်ကျပေးသွင်းစေသော နည်းဖြင့်ဆောက်လုပ်ရောင်းချပေးခြင်း ဖြစ်သည်။ ဤနည်းမှာ မိသားစုအတွင်း အနည်းဆုံးနှစ်ဦး အလုပ်လုပ်သော ဝင်ငွေ (Double Earning)နှင့်စုဆောင်းငွေအသင့်အတင့်ရှိသော(သို့မဟုတ်)ကျောထောက်နောက်ခံ အထိုက်အလျောက်ရှိသော ဝင်ငွေ နည်းမိသားစုများအတွက် သင့်လျော်သော နည်းဖြစ်ပေသည်။ နှစ်ရှည်လများ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားတို့၏ စုဆောင်းငွေသုံး၍ တန်ဖိုးနည်းအိမ်ခန်းကို အထက်ပါအတိုင်း ဝယ်ယူခြင်းဖြင့် မိဘများ၏ နေရေးကို ဖြည့်ဆည်းပေးနိုင်ကြပေမည်။

အထက်ပါ နည်းဗျူဟာများသည် အစိုးရ၏ လက်ဝယ်ရှိသော မြေကို အဓိကအရင်းအနှီးပြု၍ ဝင်ငွေနည်း ပြည်သူများအတွက် တန်ဖိုးနည်းအိမ်ရာ (Low Cost Housing for Law Income Groups)ဆောက်လုပ်ပေးနိုင်ကြောင်း မိမိဉာဏ်မီသမျှ တင်ပြခြင်း ဖြစ်ပေသည်။ ထိုထက်ကောင်းမွန် သင့်မြတ်သော နည်းဗျူဟာများလည်း ရှိနိုင်ပါသည်။ အထူးသဖြင့် အိမ်ရာဘဏ္ဍာငွေစနစ် (Housing Financing Mechanism)မှာ မြန်မာနိုင်ငံတွင် အခိုင်အမာ မရှိသေးပေ။ ထိုင်းနိုင်ငံ၌ အစိုးရလက်ဝယ်မြေမရှိ၊ ပုဂ္ဂလိကမြေများကို ပေါက်ဈေးဖြင့်ဝယ်၍ အိမ်ရာစီမံကိန်း အကောင်အထည်ဖော်ကြရ၏။ ထိုအခါ အစိုးရအိမ်ရာ ဘဏ် (Govt: Housing Bank) ထူထောင်၍ ပုဂ္ဂလိက ကုမ္ပဏီများအား တန်ဖိုးနည်း အိမ်ရာအတွက် မြေအပါအဝင် ရင်းနှီးမြှုပ်နှံမှု၏ ၈၀ ရာခိုင်နှုန်းကို ထုတ်ချေးပြီး ဆောင်ရွက်စေ၏။ အိမ်ခန်းဝယ်သူများအား အိမ်ပေါင်ချေးငွေ (Mortgage Loan) ကို ထုတ်ပေးပြန်၏။ တစ်ဖက်တွင် အစိုးရက အလုပ်အကိုင်တိုးပွားရေးနှင့် ဝင်ငွေတိုးပွားရေးကို စီးပွားရေးနည်းလမ်းများဖြင့် ဆောင်ရွက်ပေး၏။ စာရေးသူတို့ နိုင်ငံတွင်လည်း သမ္မတကြီးကိုယ်တိုင် စီမံကိန်းကော်မရှင်တွင် ဥက္ကဋ္ဌတာဝန်ယူ၍ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ တစ်ဦးချင်း ဝင်ငွေတိုးပွားရေးကို ဆောင်ရွက်နေခြင်း ဖြစ်၏။ သို့သော် အိမ်ရာပြဿနာဖြေရှင်းရေး၌ အိမ်ရာဘဏ္ဍာရေးစနစ် အခိုင်အမာမပေါ်ထွန်းသေးသည့် အခြေအနေတွင် မြေကွက်လပ်များကို အားပြုနိုင်ပေသည်။ ဤအချက်မှာ အားသာချက်တစ်ရပ်ဟုလည်း ဆိုနိုင်၏။ အဘယ့်ကြောင့်ဆိုသော် တန်ဖိုးနည်း အိမ်ရာအတွင်း အခြေခံလိုအပ်ချက်များမှာ မြေ၊ အိမ်ရာဘဏ္ဍာရေးစနစ်၊ ဆောက်လုပ်ရေးပစ္စည်း၊ ဒီဇိုင်းနှင့် နည်းပညာဟူ၍ လေးရပ်ရှိသည့်အနက် မြေကြီးမှာ လူ့စွမ်းအားဖြင့် ဖန်တီး၍မရသည့်အပြင် တန်ဖိုးအကြီးဆုံးလည်းဖြစ်၏။ ကျန်သုံးရပ်မှာ လူ့စွမ်းအားဖြင့် ဖန်တီး၍ရ၏။

အစိုးရအဖွဲ့အစည်းတစ်ရပ်သည် ငွေကိုစနစ်တကျ သုံးတတ်ဖို့လိုသကဲ့သို့မြေကိုလည်းထိရောက်စွာ သုံးစွဲတတ်ရန် လိုပေသည်။ ငွေရှုံးလျှင် ပြန်၍ရနိုင်၏။ မြေရှုံးလျှင် သံသရာတစ်လျှောက်လုံး ပြန်မရနိုင်တော့ပေ။ မြေလွတ်ကေ ရာနှင့်ချီ၍ ရှိပါလျက် အထက်ပါ နည်းဗျူဟာများကိုလည်း သိပါလျက် တန်ဖိုးနည်း အိမ်ရာများ ဦးစားပေး မဆောက်နိုင်ပါလျှင် ဝင်ငွေနည်း မြို့ပြပြည်သူတို့၏ နေရေးဒုက္ခကို လုံးဝဥပေက္ခာပြုရာရောက်ပေမည်။ ဒီမိုကရေစီခေတ်သစ်အရုဏ်ဦး၌ အိမ်ရာကဏ္ဍတာဝန်မကျေပွန်မှုအဖြစ်လည်း သမိုင်းမော်ကွန်းတင်ခြင်း ခံရပေမည်။ မြို့သစ်မြေလွတ်များ၌ တန်ဖိုးကြီးစေမည့် ခါတ်လှေခါးနှင့် အထပ်မြင့်များကိုဆောက်လုပ်ရန် အလွန်အမင်း အားသန်ကြပါမူ မိုးမျှော်အိမ်ရာ ရူးသွပ်မှု (Sky-scraper Crazy) တစ်မျိုးဟု သာဆိုရန် ရှိပေတော့သည်။ ထို့ပြင်တစ်ဝ “ဆောက်သော်လည်း ဆောက်သော်၊ လိုင်းချော်လို့သွား၊ အိမ်ရှိသူ ထပ်ခါရောင်းတယ်၊ ကောင်းကြရော့လား” ဟု ပြောစမှတ်မတွင်ကြစေရန်လည်း အထူးသတိပြုကြစေလိုကြောင်း စေတနာကောင်းနှင့် အကြံပြုလိုက်ရပါသတည်း။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.47 • JANUARY 31 , 2013

## ငြိမ်းချမ်းရေးအတွက် အလှမ်းဝေးနေဆဲ ကချင်ပြည်နယ်အရေး

**အေးမြကျော်**

**ရန်ကုန်၊ဇန်နဝါရီ- ၂၈**

နိုင်ငံတော်သမ္မတက လဂျားယန်ဒေသတွင် အပစ်အခတ်ရပ်ရန် ကြေညာအပြီး တစ်ပတ်ပြည့်မြောက်သည့်နေ့တွင် ကေအိုင်အို ဌာနချုပ်ရှိရာ လိုင်ဇာမြို့နှင့် ၁၅ မိုင်ခန့်ကွာဝေးသော ခါယာဘွမ်ပို့စ်၁၀၁၂ ကေအိုင်အေတပ်စခန်းကို အစိုးရတပ်များက သိမ်းယူလိုက်ပြီး ကချင်ပြည်နယ်ရှိ စစ်ပွဲများမှာ ဖြေရှင်းမရသောပြဿနာများအဖြစ် ဆက်လက်ဖြစ်ပွားနေသည်။

ခါယာဘွမ်တောင်ကုန်းသည် ကေအိုင်အေအတွက် စစ်ရေးအရ အရေးပါသော တပ်စခန်းတစ်ခုဖြစ်ပြီး အစိုးရတပ်မတော်ဘက်မှ ထိုစခန်းကို သိမ်းယူနိုင်ရန် လက်နက်ကြီးများဖြင့် အချက်ပေါင်းထောင်ချီပစ်၍ သိမ်းယူရရှိခဲ့ကြောင်း ကေအိုင်အေဘက်မှ ပြောကြားသည်။

လက်ရှိဖြစ်နေသော အနေအထားမှာ တစ်ဖက်နှင့် တစ်ဖက် ယုံကြည်မှုပျောက်ကာ အပြန်အလှန် စွပ်စွဲအပြစ်တင်နေကြပြီး ထိုနည်းဖြင့် ပြဿနာကို ဖြေရှင်းမရနိုင်ကြောင်း ကချင်ပြည်နယ်တွင်း စစ်ပွဲများကို အနီးကပ်စောင့်ကြည့်နေသူများက ပြောကြားသည်။

အစိုးရက နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့်ကေအိုင်အေမှမိုင်းခွဲ တိုက်ခိုက်ခြင်းကြောင့်လူသေဆုံးမှုများကိုနေ့စဉ်လိုလို ထုတ်ပြန်ကြေညာခဲ့ပြီး နိုင်ငံတော်သမ္မတ ညွှန်ကြားထားသည့်အတိုင်း ဇန်နဝါရီ ၁၉ ရက်မှစကာ စစ်ဆင်ရေးရပ်ဆိုင်းရန်ဆိုသည့် ညွှန်ကြားချက်ကို လိုက်နာလျက်ရှိကြောင်း ပြောကြားသည်။ ကေအိုင်အေတပ်ဖွဲ့များက အစိုးရတပ်များကို တိုက်ခိုက်ပစ်ခတ်မှုများ ပြုလုပ်လာသဖြင့် ပြန်လည်တုံ့ပြန် တိုက်ခိုက်ရခြင်းသာဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက်က အစိုးရ ဘက်မှ သတင်းထုတ်ပြန်သည်။ ဇန်နဝါရီ ၂၄ရက်က လဂျားယန်စခန်းအနီးတွင် တပ်မတော်စစ်ကြောင်းကို ကေအိုင်အေတပ်ဖွဲ့ဝင်များက လာရောက် တိုက်ခိုက်ခဲ့သောကြောင့် သေကျေဒဏ်ရာရမှုစာရင်းကို ဇန်နဝါရီ၂၆ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။ နိုင်ငံပိုင်သတင်းစာများတွင်လိုင်ဇာအနီး ခါယာဘွမ်စခန်းကို ဇန်နဝါရီ ၂၆ရက် မွန်းလွဲပိုင်းတွင် သိမ်းယူရရှိသည့် အကြောင်းကိုမူ ယခုထိ ထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။

ကေအိုင်အေဘက်မှလည်း ပြည်တွင်းပြည်ပ မီဒီယာများမှ တစ်ဆင့် အစိုးရတပ်မတော်ဘက်မှ ထိုးစစ်ဆင်ကာ လက်နက်ကြီးများဖြင့် တရစပ်ပစ်ခတ်တိုက်ခိုက်နေပြီး ခါယာဘွမ်ကိုသိမ်းယူသည့်နေ့ မတိုင်မီ တစ်ရက်အလိုတွင် အစိုးရတပ် ပစ်ခတ်သော လက်နက်ကြီး အရေအတွက်မှာထောင်နှင့်ချီကြောင်းပြောကြားထားသည်။




*လိုင်ဇာမြို့တွင်း လှည့်လည်နေသော ကေအိုင်အေလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ဒေသခံများကို ၂၀၁၂ ဒီဇင်ဘာလ နောက်ဆုံးပတ်ကတွေ့ရစဉ်*

ကေအိုင်အို ဌာနချုပ်ရှိရာ လိုင်ဇာမြို့အနီးတစ်ဝိုက်မှစစ်ရေးအရအရေးပါသော တောင်ကုန်းအားလုံးလိုလိုကို မြန်မာ့တပ်မတော်မှ သိမ်းယူထားပြီးဖြစ်ပြီး နိုင်ငံတော်သမ္မတက လိုင်ဇာကို မသိမ်းရန် ညွှန်ကြားထားသော်လည်း မကြာမီ အစိုးရတပ်များက လိုင်ဇာမြို့ကို သိမ်းယူမည်ကို ဒေသခံများ စိုးရိမ်လျက်ရှိပြီး ဘုရားကျောင်းများတွင် နေ့စဉ်လိုလို ဆုတောင်းလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ဒီဇင်ဘာ လဆန်းမှစကာ စစ်ရှိန်မြင့်ခဲ့ပြီး တစ်လကျော်ကြာကြာမြင့်လာချိန်တွင် နှစ်ဖက်လုံး အခြေအနေမှာ တင်းမာလာပြီး တစ်ဘက်နှင့်တစ်ဘက် အထိအခိုက်အကျအဆုံးများ ရှိခဲ့သဖြင့် နာကြည်းမှုများ ပိုမိုလာခဲ့သည်။

ကေအိုင်အေ၏ တောင်းဆိုချက်အတိုင်း နိုင်ငံရေးဆွေးနွေးမှုကို အပစ်အခတ်ရပ်စဲမှု မလုပ်ဘဲ ဆက်လုပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၏အဆိုကို သမ္မတရုံးဒုတိယဝန်ကြီး ဦးအောင်သိမ်းက ပြန်လည်ရှင်းလင်းရာတွင် ပြောကြားသွားခဲ့သည်။

ဦးခက်ထိန်နန်၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သော အဆိုကို ဆွေးနွေးရာတွင် ဝင်ရောက်ဆွေးနွေးသော လွှတ်တော်ကိုယ်စားလှယ် အားလုံးနီးပါးက ထောက်ခံဆွေးနွေးခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးလှဆွေက ကေအိုင်အေနှင့်ဖြစ်ပွားနေသောပဋိပက္ခကိုအတိုင်းအတာတစ်ခုထိသာ သည်းခံသင့်ကြောင်း ဆွေးနွေးသွားခဲ့သည်။ "ရွှေလက်နဲ့ခေါ် တုန်းလာပါ။ Bullet (ကျည်ဆန်)နဲ့ခေါ်တာ မလိုချင်ပါနဲ့"ဟု ငြိမ်းချမ်းရေးကမ်းလှမ်းစဉ် လက်ခံရန်၊ မဟုတ်ပါက လက်နက်ဖြင့် တိုက်ခိုက်သွားမည်ဟူသော ကေအိုင်အေကို အပြီးတိုင်ချေမှုန်းရန် သဘောသက်ရောက်သည့်စကားကို လွှတ်တော်တွင် ဆွေးနွေးစဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

ထိုသို့လွှတ်တော်တွင် ပြောဆိုခဲ့ပြီးနောက် ထိုသို့ ပြောကြားခြင်းကို ဝေဖန်မှုများညံ့ခဲ့ပြီး ထိုပြောကြားချက်က နှစ်ဖက်တင်းမာနေမှုကို အခြေအနေ ပိုမိုဆိုးရွားသွားမည်ကို နိုင်ငံရေး လေ့လာစောင့်ကြည့်သူများက စိုးရိမ်ပူပန်ခဲ့သည်။

ထိုသို့ ပြောကြားခြင်းကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင်လည်းဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်က လက်ခံခြင်းမရှိဘဲ "ကွဲပြားခြားနားနေတဲ့ကိစ္စတွေကို ညှိနှိုင်းဆွေးနွေး အဖြေရှာတဲ့နည်းနဲ့ပဲ သွားနိုင်မယ်။ သေနတ်ကျည်ဆန်တွေနဲ့ မသွားနိုင်ဘူး"ဟု ဒေါ်အောင်ဆန်းစုကြည်က ဇန်နဝါရီ၂၆ရက်တွင်ဟာဝိုင်အီကျွန်းတွင်ငြိမ်းချမ်းရေးအကြောင်း ဆွေးနွေးစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က တစ်နှစ်နှင့်ခုနစ်လကျော် ကြာမြင့်ခဲ့ပြီဖြစ်သော မြန်မာနိုင်ငံမြောက်ပိုင်းမှ စစ်ပွဲများနှင့် ပတ်သက်၍လည်း "တိုက်ပွဲတွေကို ရပ်သင့်ပြီ၊ စစ်ပွဲတွေရပ်သင့်ပြီလို့ အပြောသင့်ဆုံးနဲ့ မဖြစ်မနေ ပြောကိုပြောရမယ့်လူတွေကတော့ ဒီတိုက်ပွဲတွေ ပဋိပက္ခတွေကို ဖန်တီးတဲ့သူတွေ၊ အခွန့်ရှည်အောင်လုပ်နေတဲ့သူတွေပါပဲ"ဟု မှတ်ချက်ပြုခဲ့သည်။ နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်လာပြီဖြစ်သော်လည်း ငြိမ်းချမ်းရေးမရနိုင်သေးသည့် နိုင်ငံတွင် ငြိမ်းချမ်းရေးရရန် ယခုလို မငြိမ်းချမ်းအောင် လုပ်နေသူများကပင် ရဲရဲတင်းတင်း ရပ်ပစ်နိုင်သော သတ္တိများ လိုအပ်နေကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဟာဝိုင်အီတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ၂၀၁၁ နောက်ပိုင်း ဆက်ဆံရေးပြန်လည်ကောင်းမွန်လာခဲ့သော အမေရိကန်အစိုးရကလည်း ဇန်နဝါရီ ၂၄ ရက်စွဲဖြင့် ကချင်ပြည်နယ်အတွင်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကိုစိုးရိမ်ပူပန်ပြီး၊လိုင်ဇာအနီး တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကို အပြင်းအထန် ကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုသို့ကြေညာရာတွင် အပြီး နောက်တစ်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနက စာတစ်စောင်ထုတ်ပြန်ကာ အမေရိကန်သံရုံး၏ ထုတ်ပြန်ချက်ကို ကန့်ကွက်ခဲ့သည်။ သံရုံး၏ ကြေညာချက်တွင် ကေအိုင်အေဘက်မှ အကြမ်းဖက်တိုက်ခိုက်မှုများကို ဖော်ပြခြင်းမရှိဘဲ အစိုးရ တပ်မတော်ကသာ တိုက်ခိုက်မှုများ ပြုနေသဖွယ် ဖော်ပြထားသည်ကို ပြင်းထန်စွာ ကန့်ကွက်ပြီး ထုတ်ပြန်ချက်တွင် Burma၊ Burmese Government၊ Burmese Military ဟုခေါ်ဝေါ်သုံးစွဲထားခြင်းကိုလည်းအစိုးရက ကန့်ကွက်ခဲ့သည်။

၁၇ နှစ်ကြာ အပစ်အခတ်ရပ်ပြီးနောက် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်မှစကာ ကေအိုင်အေနှင့် အစိုးရတပ်မတော်အကြား တိုက်ပွဲများပြန်လည်ဖြစ်ပွားလာသည်မှာ တစ်နှစ်နှင့်ခုနစ်လကျော် ကြာမြင့်လာခဲ့ပြီဖြစ်သည်။ နှစ်ဖက်အကျအဆုံးမှာလည်း ရာနှင့်ချီနေပြီး ဒဏ်ရာရသူမှာ တစ်ထောင်ကျော်ပြီဖြစ်ကာ စစ်ကြောင့်စစ်ဘေးဒုက္ခသည်ဦးရေမှာ တစ်သိန်းကျော်လာပြီဖြစ်သည်။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်လာတော့မည်ဟုဆို

**အောင်နိုင်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇန်နဝါရီ – ၂၈**

နောင်လာမည့်ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်ပြည်သူအများ မျှော်လင့်နေကြသော ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ပါဝင်လာမည်ဖြစ်ကြောင်း ဦးအောင်မင်းကပြောသည်။

ဇန်နဝါရီလ ၂၇ ရက်တွင် ပြုလုပ်သောပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် အဖြူရောင်တွဲလက်များမှ မဖြူအိ၏ တရားဝင်ဖိတ်ခေါ်ပါက ငြိမ်းချမ်းရေး ဖြစ်စဉ်များတွင် ပါဝင်မည်ဟု ဒေါ်အောင်ဆန်းစုကြည်၏ ကမ်းလှမ်းထားမှုကို ပြည်ထောင်စုအစိုးရအနေဖြင့် အကြောင်းပြန်ကြားခြင်း ရှိ၊မရှိ မေးခွန်းအား ယင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အစ်မကြီး ဒေါ်အောင်ဆန်းစုကြည်ကိစ္စကလည်း ခင်ဗျားတို့ပြောတာ ကျွန်တော်တို့က ဝိုင်းကူပေးပါ၊ သူ့ကို သမ္မတကြီးက နှုတ်နဲ့လည်းပြောထားပြီးသားဖြစ်ပါတယ်။ ဒီတော့ သူကူညီချင်တဲ့အခန်းကဏ္ဍကဝင်ကူလို့ရပါတယ်။ သူပါမယ်ဆိုရင်ကျွန်တော်တို့က ဝမ်းသာပါတယ်။ သူတစ်နေ့ပါလာမှာဖြစ်ပါတယ်။ သူနဲ့ကျွန်တော်လည်း နီးနီးကပ်ကပ်ဆောင်ရွက်နေပါတယ်။ ဘာပဲဖြစ်ဖြစ် သူလည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ ခင်ဗျားတို့ မျှော်လင့်သလို ပါလာမှာပါ"ဟု ဦးအောင်မင်းက ပြောကြားခဲ့သည်။

ကချင်ငြိမ်းချမ်းရေး အကျိုးဆောင် ဦးလမိုင်ဂွန်ဂျာက ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့်သာမက ပြည်သူအားကိုးသော လူထုခေါင်းဆောင်တစ်ဦးအနေ ဖြင့်ပါ ပါဝင်လာမည်ဟု မျှော်လင့်ထားကြောင်း 7Day News ၏ဆက်သွယ်မေးမြန်းမှုကို ဖြေကြားခဲ့သည်။

လက်ရှိအချိန်တွင် လဂျားယန်ဒေသမှလွဲ၍ KIA တပ်များရှိရာ ဒေသများတွင်တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဇန်နဝါရီ ၂၆ရက်တွင် KIA ဌာနချုပ် လိုင်ဇာအနီး ပို့စ် ၁၀၁၂ ခါယာဘွမ်တောင်ကုန်းကို အစိုးရတပ်များမှ သိမ်းယူခဲ့သည်။ ၎င်းတောင်ကုန်းကို တစ်ပတ်ခန့်အကြာ လက်နက်ကြီးများ ပစ်ခတ်ပြီး သိမ်းယူခဲ့ခြင်းဖြစ်ပြီး အကျအဆုံးများခဲ့ကြောင်း သတင်းရရှိသည်။

သမ္မတကြီးဦးသိန်းစိန်ကမူ KIA လိုင်ဇာဌာနချုပ်ကို သိမ်းယူခြင်းမပြုရန် အမိန့်ညွှန်ကြားထားကြောင်း ဇန်နဝါရီလ ၂၀ ရက်က အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင် ထပ်မံကတိပေးပြောကြားထားသည်။

ကချင်ပြည်နယ်တွင်ဖြစ်ပွားနေသောစစ်ပွဲများပြေလည်ရန်အတွက် "ကျွန်တော်ထင်တယ်။ တစ်ပတ်၊ နှစ်ပတ်လောက် လေး၊ ငါးဆယ်ရက်လောက်ပဲလိုတော့လားလို့။ ဒီလိုတွက်တာပေ့ါဗျာ။ ခင်ဗျားတို့ကလည်း ဒါကို လိုချင်တယ်။ ကြိုးစားနေပါတယ်။ စိတ်ထဲမှာ အားမလိုအားမရမဖြစ်ပါနဲ့။ ကြိုးစားပေးမယ်"ဟုဦးအောင်မင်းက ပြောသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်၏ ငြိမ်းချမ်းရေးအဆိုကို အတိုင်းအတာတစ်ရပ်အထိသာ သည်းခံသင့်ကြောင်း ပါဝင်ဆွေးနွေးခဲ့သော ပြည်ခိုင်ဖြိုးပါတီမှ ဦးလှဆွေ၏ တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ "သူက လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ တင်ပြခွင့်ဆွေးနွေးခွင့်ရှိပါတယ်။ ကျွန်တော်တို့နဲ့လည်း မသက်ဆိုင်ပါဘူး" ဟု ဦးအောင်မင်းက ဆက်၍ပြောသည်။

လက်နက်ကိုင်ပဋိပက္ခတွေကြား အပြစ်မဲ့ပြည်သူများမှာ မြေဇာပင်အဖြစ် အတိဒုက္ခရောက်နေရပြီး ပဋိပက္ခတွေကိုဖန်တီးသူတွေအနေဖြင့် အဆုံးသတ်ရဲသည့် သတ္တိရှိရန်လိုအပ်ကြောင်း၊ ကချင်ဒေသငြိမ်းချမ်းရေးမှာ စေ့စပ်ဆွေးနွေးရန် လုံးဝပျက်ပြယ်သွားခြင်းမဟုတ်သေးကြောင်းနှင့် အားလုံးလိုလားနေသော ငြိမ်းချမ်းရေးရရှိရန် မျှော်လင့်ချက်များ ရှိနေသေးကြောင်း ဟိုနိုလူလူတွင် ရောက်ရှိနေသော နိုဗယ်ငြိမ်းချမ်းရေးဆုရှင်ဒေါ်အောင်ဆန်းစုကြည်က ဇန်နဝါရီ ၂၇ ရက် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ရှုပ်ရှုပ်တွေကို သတိထား



ထွန်းခိုင်၊ ပြည်သိမ်း၊ မိုးညို၊ အောင်သစ်လွင်

“လေကောင်းလေသန့်တွေရဖို့ ပြတင်းတံခါးဖွင့်လိုက်ပြီဆိုရင် ယင်ကောင်တွေ ဝင်လာမယ်ဆိုတာကိုလည်း ကြိုတွက်ထားရမယ်”

-တိန့်ရှောင်ဖိန်

အထက်ပါ စကားစုသည် တရုတ်နိုင်ငံအပေါ် ဩဇာကြီးမားသော ခေါင်းဆောင်တစ်ဦးဖြစ်သူ တိန့်ရှောင်ဖိန်က သူ့နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး ၁၉၈၀ အစောပိုင်းနှစ်များအတွင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာ အထီးကျန်နေခဲ့ရသော မြန်မာနိုင်ငံတွင်လည်း လေကောင်းလေသန့်ဟု ဆိုနိုင်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန် ပြတင်းတံခါးတစ်ခုအဖြစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (FDI)ကို ၂၀၁၂ နိုဝင်ဘာလဆန်းက ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည်။ လက်တွေ့ကျသော ရင်းနှီးမြှုပ်နှံမှုများရရှိရန်အတွက် နည်းဥပဒေကို ယခုလကုန်တွင် ပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ကဆိုသည်။ အခွင့်အလမ်းနှင့် အရင်းအမြစ်များ ကြွယ်ဝဆဲ အပျိုစင်နိုင်ငံမြန်မာနိုင်ငံသို့ အမှန်တကယ်တာဝန်သိစွာ ရင်းနှီးမြှုပ်နှံသူများ ဝင်လာကြတော့မည်။ ၎င်းတို့အပြင် ယင်းပြတင်းတံခါးအဖွင့်တွင် လိမ်လည်အမြတ်ထုတ်မည့်သူများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ပြည်တွင်းသို့ ဝင်ရောက်လာမည်မှာ မလွဲကေန်ဖြစ်သည်။

စီမံခန့်ခွဲမှုအလွဲများကြောင့် ရာစုနှစ်ထက်ဝက်ခန့် ဖရိုဖရဲဖြင့် ရုန်းကန်ခဲ့ရသော မြန်မာ့စီးပွားရေးလောကသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာတစ်ဝန်းမှ စီးပွားရေးလုပ်ငန်းကြီးများ၏ ဈေးကွက်အသစ်အဖြစ် စန်းပွင့်လျက်ရှိသည်။ လူဦးရေသန်းထောင်ချီရှိသော အာရှအင်အားကြီး တရုတ်နှင့် အိန္ဒိယအကြားတွင် တည်ရှိသော ဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းနေသည့် ဈေးကွက်အသစ်ဖြစ်သည့် မြန်မာနိုင်ငံကို လာရောက်စီးပွားရေးလုပ်ကိုင်ရန်အတွက် လုပ်ငန်းရှင်များရော လိမ်လည်သူများပါ မျက်စိကျလျက်ရှိသည်။

“သူတို့က ကိုယ့်ထက်လည်တယ်။ လုပ်တတ်ကိုင်တတ်တယ်။ နိုင်ငံခြားလုပ်ငန်းရှင်တွေပါလာရင် လူလိမ်တွေပါလာမှာပဲ။ သတိထားဖို့ လိုတယ်” ဟု ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)မှ ဒုဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက မှတ်ချက်ပြုသည်။

ရင်းနှီးမြှုပ်နှံမှုများကို အကြောင်းပြပြီး ခြေရှုပ်မည့်သူများမှာ ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများ အဆင်သင့်မဖြစ်မီ အချိန်တွင်ပင် ၎င်းတို့က ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။ ပထမဆုံး အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်ပစ်ဆူဝမ်ကလည်း တံခါးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံထဲသို့ ဝင်ရောက်ရန် ကမ္ဘာတစ်ဝန်းမှ လူရှုပ်များ ဘန်ကောက်မြို့ရှိဟိုတယ်များတွင် စောင့်ဆိုင်းနေကြောင်း ၂၀၁၁ ခုနှစ်တွင် သတင်းဌာနတစ်ခုနှင့်တွေ့ဆုံစဉ် ပြောကြားသတိပေးခဲ့သည်။

လွန်ခဲ့သော ရာစုနှစ်တစ်ဝက်နီးပါး အချိန်တွင် အစိုးရနှင့်နီးစပ်သူများသာ တရင်းတနှီး ရှိခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုသည်ကို မြန်မာနိုင်ငံတွင် မကြာမီအချိန်အတွင်းတွင် ပြည်သူလူထုနှင့် စတင်ထိတွေ့ရတော့မည်ဖြစ်သည်။ ယင်းအပြောင်းအလဲကာလတွင် နိုင်ငံတကာဆက်ဆံမှုတွင် အတွေ့အကြုံရှိပြီးဖြစ်သော အစိုးရ အဆက်ဆက်နှင့် ပနံသင့်သူများထက် သာမန်လူများမှာ ကမ္ဘာ့လှည့်လိမ်လည်သူများ၏ ပစ်မှတ်ဖြစ်ရန် ပိုမိုနီးစပ်နေကြောင်း စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူများက ဆိုသည်။ နိုင်ငံခြားသားကို အထင်ကြီးတတ်သူများ၊ လောဘကြီးပြီး ယုံလွယ်သူများမှာ လိမ်လည်ခံရရန်အတွက် သေချာသလောက်ရှိနေကြောင်း ၎င်းတို့ကဆိုသည်။

“ဒီကလူတွေဖြစ်လေ့ရှိတာ နိုင်ငံခြားသားဆို အလိုလိုနေရင်း ကြောက်နေတတ်တယ်။ အရမ်းကိုလေးစားနေတာ။ ဘယ်ကသူမှန်းတောင် မသိဘဲနဲ့ သူတို့ပြောတဲ့အရာတွေကို အထင်ကြီးပြီး သူတို့က ဘာမှတောင်လုပ်ပြစရာမလိုဘူး။ ကိုယ်ကသွားပြီး ရင်းနှီးမြှုပ်နှံဖို့ သွားပေးတာမျိုးတွေလည်းရှိတယ်”ဟု ထူးထရေးဒင်းမှ ဒါရိုက်တာဦးရဲမင်းဦးကပြောသည်။

နိုင်ငံရပ်ခြားမှလာရောက်ရင်းနှီးမြှုပ်နှံမည့်သူများသည် မြန်မာနိုင်ငံရှိကုမ္ပဏီ (သို့မဟုတ်) လူပုဂ္ဂိုလ်များဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဆိုပါက ၎င်းတို့ပူးပေါင်းမည့် အဖွဲ့အစည်း၏ နောက်ကြောင်းရာဇဝင်နှင့် ငွေကြေးခိုင်မာမှု အပါအဝင် အချက်အလက် အစုံအလင်ကို သေချာလေ့လာမှု ပြုလုပ်လေ့ရှိသော်လည်း မြန်မာနိုင်ငံသားများမှာ ယင်းအချက်တွင် အားနည်းလေ့ရှိကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသော ရှေ့နေများကပြောသည်။ တစ်ဖက်မှလာရောက်ဆက်သွယ်သူများ၏ ခိုင်မာမှုနှင့် နောက်ကြောင်းရာဇဝင်ကို သေချာမစုံစမ်းဘဲ ယုံလွယ်မှုကြောင့် လိမ်လည်ခံခဲ့ရမှုများ အတိတ်ကာလတွင် အများအပြား ရှိခဲ့ကြောင်း ၎င်းတို့ကပြောသည်။

“ကိုယ်နဲ့ပူးပေါင်းမယ့်သူဟာ တကယ်ရှိရဲ့လားဆိုတာ အရင်လေ့လာရမယ်။ တချို့ဆို လိပ်စာကတ်ထဲမှာတော့ အကြီးကြီးတွေရေးထားတယ်။ ဒေါက်တာတို့ဘာတို့နဲ့။ တကယ်လည်း ဟုတ်ချင်မှ ဟုတ်မယ်။ ဒီလို လိမ်နေတာပဲ။ တချို့ဆို လိပ်စာကတ်ထဲမှာပဲ ကုမ္ပဏီကရှိတာတို့၊ Laptop ထဲမှာပဲ ကုမ္ပဏီက ရှိတာတို့နဲ့ အလိမ်ခံရတာ အများကြီးဘဲ”ဟု နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ဥပဒေဆိုင်ရာဝန်ဆောင်မှုများ၊ အကြံဉာဏ်များပေးနေသည့် KELVIN C.H.I.A Law Firm မှ တရားလွှတ်တော်ရှေ့နေ ဦးသန်းမောင်(စစ်တွေ)က ပြောသည်။

စေ့စပ်သေချာသော လေ့လာဆန်းစစ်မှု မပြုလုပ်ဘဲ ယုံလွယ်မှုဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သောကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်ရသလို ဥပဒေကြောင်းအရ ၎င်းတို့က အသာစီးရထားမှုကို မသိရှိဘဲ စာချုပ်စာတမ်းများ လွယ်လွယ်ချုပ်ဆိုမှုကြောင့် ဆုံးရှုံးမှုများ ပေါ်ပေါက်ရသည်များလည်းရှိကြောင်း ၎င်းကဆိုသည်။

စာ(၂၉)သို့



စာ(၂၈)မှ

"နိုင်ငံခြားသားနဲ့လုပ်ရင် လက်မှတ်ထိုးမမှားဖို့က အရေးကြီးတယ်"ဟု ဒေါက်တာမောင်မောင်လေးကဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အကြောင်းပြုပြီး ပြည်သူများ လိမ်လည်မှုမခံရစေရန်အတွက် အစိုးရက ဦးစားပေး အစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများ၏ လုပ်ရပ်များကိုစောင့်ကြည့်မှုများ၊ သတင်းအချက်အလက် ထုတ်ပြန်မှုများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်သင့်ကြောင်း ၎င်းတို့က ဆိုသည်။

ယခင်အစိုးရများလက်ထက်က ချမှတ်ခဲ့သော မူဝါဒအချို့နှင့် လက်တွေ့လုပ်ငန်းခွင်အတွင်းဖြစ်ပေါ်နေမှုများအကြား ကွာဟချက်များကို အသုံးချပြီး လိမ်လည်မှုများပြုလုပ်ခြင်းများကိုသင်ခန်းစာယူပြီး ပြည်သူများ မနစ်နာစေရေးအတွက် အစိုးရဘက်မှ အလေးထားဆောင်ရွက်သင့်ကြောင်း၎င်းတို့ကဆိုသည်။ ယခင်ကာလများတွင် ချမှတ်ခဲ့သည့် ပို့ကုန်ရှိမှ သွင်းကုန်တင်သွင်းခွင့် ရမည်ဆိုသည့် မူဝါဒတွင် လက်တွဲလုပ်ဆောင်သည့် နိုင်ငံခြားသားများ၊ လိမ်လည်မှုကို ပြည်တွင်းလုပ်ငန်းရှင်များ မကြာခဏ ခံစားခဲ့ရကြောင်း ကိုယ်တွေ့ကြုံသူများကဆိုသည်။

"အဲဒီတုန်းက ဒေါ်လာနှစ်သန်းလောက်ပါသွားတယ်။ ဒါကို အစိုးရအကြီးအကဲကို တိုင်တော့ အမည်ပျက်စာရင်းပဲ လုပ်ပေးတယ်။ ငွေကတော့ဆုံးသွားတယ်" ဟု ကိုယ်တွေ့ကြုံခဲ့သူတစ်ဦးဖြစ်သူဒေါက်တာဦးမောင်မောင်လေးကပြောသည်။

တိုင်းပြည်အတွင်း အမြစ်တွယ်နေသော အဂတိလိုက်စားမှုများကလည်း ကမ္ဘာလှည့်လိမ်လည်သူများအတွက် အသာရစရာ အချက်တစ်ခု ဖြစ်လာနိုင်ကြောင်း လေ့လာသူများက ဆိုသည်။ အဂတိလိုက်စားမှုကြောင့် လိမ်လည်သူများ လွယ်လွယ်ကူကူပင် ထွက်ပြေးလွတ်မြောက်ခြင်း၊ မဆိုသလောက်သော ပြစ်ဒဏ်သာခံရခြင်း၊ ကုမ္ပဏီလုပ်ငန်းအတုများ ပေါပေါများများ တည်ထောင်နိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သောကြောင့် ယင်းအချက်ကို အလေးထားကိုင်တွယ်ရန် အရေးကြီးကြောင်းနယ်ပယ်အသီးသီးက ပညာရှင်များကပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီ (MIC) ဘက်ကမူ မသမာမှုများ ပြုလုပ်ပါက ထိထိရောက်ရောက် အရေးယူမည်ဟု ဆိုသည်။ လုပ်ပိုင်ခွင့်ချပေးထားသော ကုမ္ပဏီများကို ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်မည်ဟု MIC က ဆိုသည်။

"အရင်တုန်းက ဒီလိုကွင်းဆင်းစစ်ဆေးခဲ့တာတို့၊ အရေးယူတာတို့ မရှိခဲ့ဘူး။ ဒါကြောင့် ဒါကို အဓိကလုပ်မယ်"ဟု MIC မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး ကပြောသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အကြောင်းပြုပြီး လိမ်လည်မှုမခံရစေရေးအတွက် ယုံကြည်လွယ်ခြင်း၊ အားနာခြင်း၊ အထင်ကြီးခြင်းတို့ကို ခေတ္တမေ့ထားကာ ကိုယ်နှင့်တွဲလုပ်မည့်သူများအကြောင်း ခရေစေ့တွင်းကျ လေ့လာခြင်းက အကောင်းဆုံးနည်းလမ်း ဖြစ်ကြောင်း ဦးသန်းမောင် (စစ်တွေ) ကပြောသည်။

"အမေးအမြန်းမခံရင်တော့ လိမ်တဲ့ကုမ္ပဏီ၊တကယ်မရှိတဲ့ကုမ္ပဏီဖြစ်ဖို့ ၇၅ ရာခိုင်နှုန်းလောက်သေချာနေပြီ"ဟု ၎င်းကဆိုသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အတူ မကြာမီကာလပိုင်းအတွင်း ရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာမည့် အကျိုးအမြတ်များဟူသော လေကောင်းလေသန့်များနှင့်အတူ ကမ္ဘာလှည့်လိမ်လည်သည့် ယင်ကောင်များလည်း ဝင်လာတော့မည်ဖြစ်သည်။ နှစ်ပေါင်းများစွာ နိုင်ငံတကာနှင့် ဆက်ဆံရေးကင်းကွာနေရသော ပြည်သူများအတွက် လေကောင်းလေသန့်များ ခံစားရမည်လား၊ သို့တည်းမဟုတ် ယင်ကောင်များ၏ ဒဏ် ခံစားရမည်လားဆိုသည်မှာ မကြာမီကာလအတွင်း အဖြေပေါ်မည်ဖြစ်ပါသည်။

# စစ်ဘေးဒုက္ခသည်စခန်းမှ ကလေးငယ်အချို့ ဝမ်းရောဂါခံစားရပြီး သေဆုံးမှုများရှိလာ



*လိုင်ဇာမြို့၊ ဝယ်ဂျိုင်စစ်ဘေးဒုက္ခသည်စခန်းမှ ကလေးငယ်များကို တွေ့ရစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အေးမြကျော်**

**ရန်ကုန်၊ဇန်နဝါရီ- ၂၈**

လိုင်ဇာမြို့တွင်ရှိသော စစ်ဘေးဒုက္ခသည် စခန်းအချို့၌ ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါဝေဒနာများ ခံစားနေရပြီး အသက်သေဆုံးသည်အထိ ရှိလာကြောင်း စခန်းတာဝန်ခံများထံမှ သိရသည်။

"ကျွန်တော်တို့ စခန်းမှာဆို ဝမ်းပျက်ဝမ်းလျှောဖြစ်လို့ဆုံးသွားတာ ကလေးနှစ်ယောက်ရှိသွားပြီ" ဟု လိုင်ဇာမြို့တွင် ဖွင့်လှစ်ထားသော ဝယ်ဂျိုင်စစ်ဘေးဒုက္ခသည်စခန်းမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

စစ်ဘေးဒုက္ခသည်စခန်းများတွင် နေထိုင်ကြသောကလေးငယ်များ စားသောက်ရသော အစားအသောက်များမှာ သန့်ရှင်းမှု အားနည်းပြီး ရာသီဥတုဒဏ်ကိုလည်း ဆိုးရွားစွာခံစားနေရကြောင်း သွားရောက်အကူအညီပေးနေသူများ ထံမှ သိရသည်။

ကလေးငယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ ခံစားနေရသည့်အပြင် စခန်းများ၌ နေထိုင်သောကလေးငယ်များမှာယခုရက်ပိုင်းများအတွင်း ချောင်းဆိုးခြင်းများမှာ တစ်ပြိုင်နက်တည်းလိုလိုဖြစ်ပွားလာပြီး ချောင်းခြောက်များ ဆိုးခြင်းဖြစ်ကြောင်း စခန်းတာဝန်ခံများထံမှာ သိရသည်။

"ဒီရက်ပိုင်းမှာ ကလေးငယ်တွေ တော်တော်များများနဲ့ လူကြီးအချို့ချောင်းဆိုးတယ်။ ဆိုးတာပုံမှန်ဆိုးသလိုမဟုတ်ဘဲ ခပ်ခြောက်ခြောက်ကြီးနဲ့။ ပြီးတော့ဆိုးရင်း အသက်ရှုကျပ်ပြီး ပျို့လာတာတွေ ဖြစ်တယ်" ဟု ဝယ်ဂျိုင်စစ်ဘေးဒုက္ခသည်စခန်းတာဝန်ခံကပြောသည်။

လိုင်ဇာဒေသခံများကမကြာမီရက်ပိုင်းများက လိုင်ဇာမြို့နှင့် ၁၅ မိုင်ဝေးသော ခါယာဘွမ်စခန်းတိုက်ပွဲများတွင်သုံးခဲ့သော လက်နက်ကြီးများတွင် ဓာတုအငွေ့ကဲ့သို့ အငွေ့များပါလာသဖြင့် ထိုသို့ ချောင်းဆိုးခြင်းများဖြစ်ပွားကြောင်း ထင်ကြေးပေးပြောဆိုနေကြသော်လည်း ထိုအချက်ကို အတည်ပြုနိုင်ခြင်း မရှိပေ။

စစ်ဘေးဒုက္ခသည်စခန်းများတွင် အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ပြီး ယင်းတို့သည် တိုက်ပွဲများဖြစ်ပွားနေသဖြင့် နေရပ်အား စွန့်ခွာထွက်ပြေးကာ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြရသည်မှာ တစ်နှစ်ခွဲကျော်ကြာမြင့်လာပြီဖြစ်သည်။



7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

စာ(၁၀)မှ

## တဒင်္ဂအတွင်း အသက်ပေါင်းများစွာ

ကားအတွင်း လူလေးဆယ် ကျော်ပါလာခြင်းကြောင့် ကယ်ဆယ်ရန် အင်အားနည်းပါးနေသည့်အတွက် ကူညီနေသူ ခြောက်ဦးက ဖုန်းဆက်၍ အကူအညီများ တောင်းခံကြရသည်။

ထို့နောက် အကူအညီများ တဖြည်းဖြည်းရောက်ရှိလာကြပြီး ကားအတွင်းမှ တစ်ဦးချင်းစီကို ဆွဲထုတ်ကြတော့သည်။ သေဆုံးသူ အလောင်းများနှင့် ဒဏ်ရာရရသူများ ချောက်အတွင်း စုပြုံလာသည်။ “ကားထဲက လူတစ်ယောက်က အရမ်းအော်နေတယ်။ ကယ်တဲ့ လူတွေကလည်း သူ့ဆီသွားဖို့ အခက်အခဲတွေ့နေကြတယ် ထင်တယ်။ မနက်မိုးလင်းခါနီးလောက်မှ သူ့ကို သွားထုတ်နိုင်ကြတယ်။ သူသေသွားသလား၊ ရှင်သလား တော့မသိဘူး” ဟု ကိုဝင်းဇော်က သူမှတ်မိသည့် မြင်ကွင်းတစ်ခုကို ပြောသည်။

တောင်နံရံကို မှီ၍ လဲနေသည့် ကိုဝင်းဇော်အနီးမှ လူတစ်ဦးက ရေဆာသည်ဟု ညည်းညူနေသော်လည်း မည်သူမှ ရေပေးရန် မအားကြ။ ထိုအချိန်က သူတို့အတွက် ရှည်ကြာလွန်းလှသည်။ နံနက် ငါးနာရီခန့်တွင် မိုင်သုံးဆယ်ခန့်ဝေးသည့် တောင်ကုတ်မြို့မှ နာရေးကားတစ်စီးရောက်လာပြီး အသက်ရှင်ကျန်ရစ်ပြီး ဒဏ်ရာပြင်းထန်သူများကို တစ်သုတ်ပြီး တစ်သုတ် တင်ဆောင်လျက်ရှိသည်။ ကိုဝင်းဇော်က နောက်ဆုံးအခေါက်တွင်မှ အလောင်းများနှင့်အတူ လိုက်ပါရသည်။ သူ့နံဘေးမှ ရေတောင်းနေသည့်လူနာလည်းပါလာပြီး နာရေးကားပေါ်မှ လူတစ်ဦးက ရေတစ်ဘူး ထုတ်တိုက်သည်။

“အဲဒီရေဘူးကို သူ့ဘာသာကိုင်သောက်တယ်။ ဆေးရုံရောက်ပြီး မကြာခင် သူဆုံးသွားတယ်”ဟု ကိုဝင်းဇော်က ပြောသည်။

ကိုဝင်းဇော်တစ်ယောက် ချောက်အတွင်းရှိနေစဉ်အချိန်မှာ တောင်ကုတ်မြို့ရှိ သူ၏မိခင်ဖြစ်သူခမျာ မပဋ္ဌာမြေလူးဖြစ်နေခဲ့ရသည်။ ဆေးရုံသို့ တစ်စီးပြီးတစ်စီး ဆိုက်ရောက်လာသည့် လူနာတင်ယာဉ်များကို အပြေးအလွှားသွားကြည့်ပြီး တစ်စီးမှာမှ ပါမလာသည့်အခါ သားအပေါ် စိုးရိမ်မှုက ပိုမိုမြင့်မားလာခဲ့ရသည်။

ဒဏ်ရာရသူများကိုသာ ဦးစွာ ပို့ဆောင်နေခြင်းဖြစ်ပြီး သေဆုံးသည့်အလောင်းများကို နောက်ဆုံးမှ သယ်ဆောင်လိမ့်မည်ဟု တစ်ယောက်တစ်ပေါက်ထင်ကြေးပေးနေကြသည့် စကားသံတို့က စိတ်နှလုံးကို လှုပ်ခါနေခဲ့သည်။

“အရီးရင်ထဲမှာ မီးလာမွှေးသလိုပဲ ပူနေတယ်။ ငိုလိုက်ရတာ မပြောပါနဲ့တော့။ ပါလာတဲ့သူတွေကလည်း အကောင်းပကတိ တစ်ယောက်မှ မပါလာ။ ကျိုးပဲ့အော်ဟစ်နေတာ သွေးသံတရဲရဲ။ သားရဲ့သူငယ်ချင်းက စိတ်မပူပါနဲ့လို့ ဖျောင်းဖျတယ်။ မွေးထားတာမှ သားနှစ်ယောက်ပဲရှိတာ။ ဒီသားက အငယ်ဆုံး။ အမေနဲ့နေတယ်။ အရူး တစ်ယောက်လိုခံစားနေရတယ်” ဟု ကိုဝင်းဇော်၏ မိခင်က ခံစားချက်ကိုပြောသည်။

နောက်ဆုံး လူနာတင်ယာဉ်နှင့် ကိုဝင်းဇော်ပါလာပြီဟု အသိတစ်ဦးက ဖုန်းဖြင့်လှမ်းပြောသော်လည်း မိခင်ဖြစ်သူက မယုံကြည်နိုင်ရှိနေခဲ့သည်။ “သေတဲ့လူက အများကြီးဆိုတော့ ကိုယ်မှမမြင်ရတာ ဘယ်ယုံမလဲ။ ရောက်လာတော့ သားမျက်နှာကို မမှတ်မိဘူး။ ဖူးရောင်နေတယ်။ ကြောင်ပြီးကြည့်နေတာ” ဟု ဆိုသည်။ ထို့နောက် သားအမိနှစ်ဦးဖက်၍ အားပါးတရငိုကြွေးမိကြသည်။

သံတွဲမြို့ခံ အမျိုးသားတစ်ဦးမှာတော့ ထူးထူးခြားခြား ကံကောင်းခဲ့သည်။ ကားစထွက်စဉ်ကတည်းက ယမကာမှီဝဲလာခဲ့ပြီး ထမင်းစားနား၍ ကားဆက်ထွက်ချိန်တွင် ကျောက်ဖြူသို့သွားမည့် တခြားအောင်သစ္စာကားတစ်စီးပေါ်သို့မှားတက်ခဲ့၍ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။



အောင်သစ္စာကားတိမ်းမှောက်သည့် နေရာတွင် တစ်နှစ်လျှင် အနည်းဆုံးမတော်တဆမှု နှစ်ကြိမ်ဖြစ်ပေါ်တတ်ကြောင်း၊ နေပူတောင်ဆင်းလမ်းတွင် နှစ်ဖာလုံခန့် ပေပြစ်သည့်နေရာအလွန်မတ်စောက်သော ဂငယ်ကွေ့ရှိပြီး မောင်းနှင်မှုမကျွမ်းကျင်ပါက တိမ်းမှောက်မှုဖြစ်ပေါ်နိုင်သော နေရာဖြစ်သည်။

“အခုက ရိုးတောင်ပေါ်က ကားမတော်တဆမှုတွေထဲမှာ လူသေတာအများဆုံးနဲ့ ဒဏ်ရာရတာအများဆုံးပဲ။ ၁၉၉၇ တုန်းက တစ်ခါဖြစ်တာ တစ်ယောက်ပဲ သေတယ်။ အဲ့ဒီနေရာမှာ အရှိန်မထိန်းနိုင်လို့ ကုန်တင်ကားတွေ ခဏခဏ ချောက်ထဲကျတယ်။ လူတော့မသေဘူး” ဟု တောင်ကုတ်မြို့ခံတစ်ဦးက ပြောသည်။

အောင်သစ္စာယာဉ်လိုင်းက သေဆုံးသူများအတွက် ကူငွေကျပ် နှစ်သိန်းစီထောက်ပံ့ပေးခဲ့ပြီး သံတွဲ မြို့ဆေးရုံတွင် ကုသမှုခံယူနေသည့် ထိခိုက် ဒဏ်ရာရသူများကို ငွေကျပ်ငါးထောင်နှင့် မုန့်များ လာရောက်ပေးအပ်ခဲ့ကြောင်း သံတွဲ မြို့ခံတစ်ဦးက ပြောသည်။

“လူတစ်ယောက်ရဲ့ အသက်ကို ဘယ်လိုလျော်ရမလဲ။ သိန်းငါးဆယ်ပေးတောင်မရဘူး။ အခုပေးတာက လျော်ကြေးမဟုတ်ဘူး။ အသုဘစရိတ်အတွက် ကူငွေပေးတာပါ။ လျော်တာက အာမခံက လုပ်ပါလိမ့်မယ်”ဟု အောင်သစ္စာ (တောင်ကုတ်) ယာဉ်လိုင်းပိုင်ရှင် ဦးစောရွှေက ပြောသည်။

သေဆုံးသွားသည့် သုံးနှစ်အရွယ်ကလေးငယ်နှင့် ၎င်း၏မိခင်ဖြစ်သူတို့မှာ ကွမ်းခြံကုန်းမြို့နယ်မှဖြစ်ကြပြီး သံတွဲမြို့မှ အမျိုးတစ်ဦးနာရေးသို့လာရောက်ရင်း အဖြစ်ဆိုးကြုံကြရခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကိုတောင်ကုတ်ဆေးရုံ၊ သံတွဲဆေးရုံတို့မှ ကုသပေးခဲ့ကြပြီး အချို့မှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့လာရောက်ကုသနေကြသည်။

“ကျွန်တော့်ဘေးနားက သေသွားတဲ့ သုံးနှစ်ကလေးမလေးကို မြင်ယောင်တိုင်း ဒီလိုအဖြစ်ဆိုးမျိုး မကြုံချင်တော့ဘူး”ဟု ကိုဝင်းဇော်က ပြောရင်း အသံတိမ်ဝင်သွားသည်။ မြင့်မားသော ရိုးမတောင်ပေါ်မှ ကွေ့ကောက်သည့် လမ်းကြီးမှာ ကျဉ်းမြောင်းသည့်အပြင် လမ်းသားမကောင်းခြင်းကလည်း ပြဿနာတစ်ရပ်ဖြစ်သည်။ ရန်ကုန်မှပြန်လာ၍ ရခိုင်ရိုးမပေါ်ဖြတ်သန်းတိုင်း ကိုယ့်ရပ်ကိုယ့်မြေ ပြန်ရောက်ပြီဟူ၍ ကြည်နူးစိတ်ဖြစ်မိသည့်ကိုဝင်းဇော်တစ်ယောက် ယခုအခါမှာတော့ သူချစ်တဲ့ ရိုးမကိုဖြတ်သန်းတိုင်း အဖြစ်ဆိုးကို သတိရသည့် စိုးရိမ်စိတ်များ ဝင်လာတော့မည်ဖြစ်သည်။ ။

PPH နည်းစနစ်ကိုအသုံးပြု၍ လိပ်ခေါင်းရောဂါကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း







ခေတ်မှီ ဆေးကုခန်း ဖုန်း – ၀၉ ၄၂၁၁၈၀၈၀၀
အမှတ် (၈)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

(တိုင်းရင်းအထူးကုဆေးခန်း)
C.T.M.P, M.A.R.P, Ph.D Kolkata (India)
Turell

ဧကော်သူနိုင်ငံ DWG Real Estate Agency (Mandalar Reality Group)မှ
DWG

အသေးစိတ် ဆက်သွယ်ရန် (မြန်မာနိုင်ငံ)
၁။ ဒေါ်ရှိရှိ - ၀၉-၂၀၁၂၈၆၅
၂။ ဒေါ်ဥမ္မာ - ၀၉-၄၅၀၀၀၂၇၂၂

အသေးစိတ် ဆက်သွယ်ရန် (စင်္ကာပူနိုင်ငံ)
၁။ ကိုအောင်
ဖုန်း - (၆၅) ၉၀၂၁၁၀၅၁
Email – davidaung@dwg.com.sg

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ခေါင်းထဲမှာက အမှတ်တစ်ရာ ရင်ထဲမှာက သုညနှင့် အပေါင်းအသင်းများ

မောင်သာချို

**(တစ်)**

စာရေးဆရာကြီး မြသန်းတင့် စိတ်ရှည်လက်ရှည် ဘာသာပြန်ဆိုပေးသော ကျေးဇူးဖြင့် ကမ္ဘာ့ဂန္ထဝင်ဝတ္ထုရှည်ကြီး အများအပြားကို ထိတွေ့မြည်းစမ်းခွင့် ရခဲ့ရာ စာရေးဆရာမ M.M. Kaye ၏ The Far Pavilions ဝတ္ထုရှည်ကြီးသည်လည်း တစ်ပုဒ်အပါအဝင် ဖြစ်သည်။ ဆရာက သည်ဝတ္ထုရှည်ကြီးကို "ရွှေပြည်တော်မျှော်တိုင်းဝေး"အမည်ဖြင့် ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဤဝတ္ထုပါ ဇာတ်လိုက်မင်းသား အက်ရှ်က မိခင်ရော ဖခင်ပါ ကွယ်လွန်ပြီးနောက် ဗြိတိသျှကိုလိုနီ အိန္ဒိယ၌ စစ်ဗိုလ်ကလေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သူဖြစ်ပါသည်။ တစ်နေ့ အိန္ဒိယနိုင်ငံသား ဘီဂျူရန်းက အက်ရှ်ကို အဆိပ်လူးဓားမြှောင်ဖြင့် အလစ်အငိုက်ဝင်ထိုးစဉ် အက်ရှ်က ရှောင်ကာ ခြေထိုးပေးလိုက်သဖြင့် ဘီဂျူရန်း ဝမ်းလျားထိုး လဲကျကာ မထနိုင်ဘဲရှိနေစဉ် ဓားမြှောင်ကိုကောက်ကာ ထိုးရန်လုပ်ပြီးကာမှ မထိုးဖြစ်ဘဲ တုံ့သွားတွန့်သွားသဖြင့် ယင်းကို စာရေးသူက သုံးသပ်ချက်ထည့်ထားပေးခဲ့ပါသည်။ ဤကဲ့သို့ လက်နက်မဲ့ လူတစ်ယောက်ကို နောက်ကျောမှနေ၍ ဓားဖြင့်ထိုးရန် တုံ့သွားတွန့်သွားရခြင်းမှာ **အင်္ဂလိပ်တို့၏ မျိုးရိုးဗီဇနှင့် အင်္ဂလိပ်ပညာရေးကြောင့်**တဲ့။

ဤနေရာတွင် ကျွန်တော်က အင်္ဂလိပ်ပညာရေးတွင် စာသင်ခန်းတွေထဲ၌ ဤကဲ့သို့ လူကြီးလူကောင်းဆန်သည့် စိတ်ဓာတ်မျိုးကို သွတ်သွင်းပေးလိုက်ကြောင်း ဆိုသည့်အချက်ကို အံ့ဩသွားမိခြင်း ဖြစ်ပါသည်။

သြော်. . . စာသင်ခန်းတွေထဲကနေ (သို့မဟုတ်) သင်ရိုးညွှန်းတမ်းတွေ ထဲကနေ တိုင်းပြည်နှင့် လူမျိုးအတွက် အလိုရှိအပ်စွာသော နိုင်ငံတော်သား တစ်ယောက်ကို ပုံသွင်းထုတ်လုပ်ပေးနိုင်သည်ဆိုပဲ့လား။

ဤနေရာ၌ ပုံသွင်းထုတ်လုပ်ပေးလိုက်သည်ဆိုခြင်းမှာ သချ်ာတော်သူ၊ အင်္ဂလိပ်စာတော်သူ၊ ရူပဗေဒတော်သူ၊ ဓာတုဗေဒတော်သူ စသည်စသည်ဖြင့် အသိဉာဏ်ကို ထူးချွန်အောင် ပုံသွင်းပေးလိုက်ရုံမျှသာမက စံမီသော လူသားတစ်ယောက်၏ နှလုံးသားမျိုးရှိနေစေရန် စိတ်ကိုပါ ပုံသွင်းပေးလိုက်သည့် စာသင်ခန်းများနှင့် သင်ရိုးညွှန်းတမ်းများကို ဆိုလိုခြင်းဖြစ်ပါသည်။

**(နှစ်)**

မြန်မာ့ပညာရေးကို စိတ်ဝင်စားသူ စေတနာရှိသူ တချို့တချို့တို့နှင့် အကြောင်းတိုက်ဆိုင်တိုင်း စာသင်ခန်းများနှင့် သင်ရိုးညွှန်းတမ်းများအကြောင်း တောင်ရောက်မြောက်ရောက် ပြောဖြစ်တတ်ရာ အခြေခံပညာ၌ လူငယ်တို့၏ စိတ်ကိုပြင်သည့် သင်ရိုးများအားနည်းကြောင်းကို မကြာခဏကြားရတတ်ပါသည်။ ကိုယ်ချင်းစာတရားရှိဖို့၊ ကိုယ်ကျင့်တရားမားမတ်ခိုင်ခံ့ဖို့၊ မေတ္တာကရုဏာမုဒိတာ ဥပေက္ခာ စသည့် ဗြဟ္မစိုရ်တရားလေးပါးကို ကျင့်ကြံလက်ခံနိုင်ဖို့ အဂတိတရားလေးပါးကနေ သွေဖည်နိုင်ဖို့၊ ဟီရိသြတ္တပ္ပခေါ် မဟုတ်တာကိုလုပ်ရန် ရှက်ကြောက်ဝန်လေးသည့် လောကပါလတရားနှစ်ပါးကို စောင့်ထိန်းဖို့၊ သဘောထားကြီးဖို့၊ တာဝန်ယူတတ်ဖို့၊ ခွင့်လွှတ်သည်းခံတတ်ဖို့၊ လောကဓံတရားရှစ်ပါးကို မတုန်လှုပ်ဖို့ စသည် စသည်ဖြင့် လူ့လောကကို ဖြတ်သန်းရင်ဆိုင်ကြရလေသော အခါ ထားရှိအပ်သည့် စိတ်အခြေခံသဘောတရားများကို ပါးပါးနပ်နပ်ဖြင့် တည်ဆောက်ပေးသော သင်ရိုးများ အားနည်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

အကယ်၍ ရှားတောင့်ရှားပါး ထိုသို့သော သင်ရိုးများ ပါရှိနေသည်ထားဦး ဆရာ၊ ဆရာမ တချို့၏ သင်ကြားပုံနည်းစနစ်က လွဲမှား၍ နေပါသည်။ အချက်အလက်များကို ထုတ်နုတ်ကာ မေးတတ်ဖြေတတ်လျှင် အောင်မြင်ပြီဟု သဘောထားလျက် စိတ်ကိုသင်ရန် မေ့လျော့နေခြင်းဖြင့် အလွဲကြီးလွဲခဲ့ရခြင်းပင် ဖြစ်ပါသည်။

**(သုံး)**

လူတိုင်းလိုလိုနှင့် ရင်းနှီးသည့် ကဗျာကလေးတစ်ပုဒ်ကို ဖော်ပြပါရစေ။ ဆရာမင်းသုဝဏ်၏ လက်ရာကလေး ကဗျာကလေး တစ်ပုဒ်ဖြစ်ပါသည်။

ကြက်တူရွေး ကြက်တူရွေး
ရွှေခဲကြက်တူရွေး။
ညီပုလေးကို စာအံသင်
ရွှေခဲစာအံသင်။
ညီလေးခင်က စာပြန်တုန်း
ရွှေခဲစာပြန်တုန်း။
ဝလုံးရေးဖို့ ညီလေးတိုင်
ရွှေခဲမရေးနိုင်။
ငေးမှိုင်ရှာပေ့ါ ကြက်တူရွေး
ရွှေခဲကြက်တူရွေး။

သည်ကဗျာကို ဆရာမတစ်ယောက် ကလေးတွေကို သင်ကြားပေးနေခဲ့ပုံက အမေးအဖြေပုံစံနှင့် ဖြစ်ပါသည်။ သာဓကဆောင်ပါရစေ။

ကဗျာထဲရှိငှက်ကို ဖော်ပြပါ။
ကြက်တူရွေးငှက်ဖြစ်ပါသည်။
ညီလေးသည် ဦးစွာဘာလုပ်နေသနည်း။
စာအံနေပါသည်။

ညီလေး စာပြန်သောအခါ ကြက်တူရွေးက မည်သို့လုပ်သနည်း။
စာလိုက်အံပါသည်။
ထို့နောက် ညီလေး ဘာလုပ်သနည်း။
ညီလေး ဝလုံးရေးပါသည်။
ထိုအခါ ကြက်တူရွေး ဘာလုပ်သနည်း။
ငိုင်သွားပါသည်. . . တဲ့။

ဤကဲ့သို့ အမေးများနှင့် အဖြေများကို ကွက်တိဖြေနိုင်လျှင် အမှတ် ၁၀၀ ပေးသည်ဟု ဆိုကြပါစို့။ အချက်အလက်တစ်ခုမှားလျှင် အမှတ်အနည်းငယ်စီ လျှော့ကာ လျှော့ကာ သွားခြင်းဖြင့် စာသင်သားကို ကောင်း၊ ဆိုး၊ တော်၊ ညံ့ လုပ်ပစ်သော သင်ကြားနည်းပင် ဖြစ်ပါသည်။ အံ့ဩစရာကောင်းလိုက်တာ။

တကယ့်ကဗျာ၏ ရည်မှန်းချက်က ကလေးများ၏ ရင်တွင်းသို့ ကိုယ်ချင်းစာတရား (Sympathy) သွင်းပေးဖို့ ဖြစ်ပါသည်။

မိမိစာကို သင်အံရွတ်ဆိုစဉ်က တုပကာ လိုက်ပြီးရွတ်ဆိုနိုင်ခဲ့သော ကြက်တူရွေးငှက်ကလေး မိမိ စာပေရေးသားတော့ သူ့ခမျာ လက်မရှိသဖြင့် လိုက်မရေးနိုင်တော့သောကြောင့် ငိုင်တွေကာ သွားရပုံကို ကလေးတို့အား သတိပြုမိစေကာ ကိုယ့်လောက်မဖွံ့ဖြိုးသူ၊ ကိုယ့်လောက် မပြည့်စုံသူ၊ ကိုယ့်လောက်မကြွယ်ဝသူ တစ်ဦးဦး တစ်ယောက်ယောက်အပေါ် စာနာထောက်ထား သနားညှာတာသောစိတ် ဝင်ရောက်လာစေရန်အတွက် ပျိုးထောင်ပေးရမည့် ကဗျာဖြစ်ပါသည်။ Feeling with other, Feeling into other ဟု ဖွင့်ဆိုသကဲ့သို့ အခြားနှင့်အတူ ဝင်ရောက်ခံစားတတ်သော အခြား၏ နေရာကနေ ဝင်ရောက်ခံစားတတ်သော ကိုယ်ချင်းစာတရား (Sympathy)ကို ပျိုးထောင်ပေးရမည့်ကဗျာ ဖြစ်ပါသည်။ ကိုယ်ချင်းစာတတ်သော စိတ်

> ဤနေရာတွင် ကျွန်တော်က အင်္ဂလိပ်ပညာရေးတွင် စာသင်ခန်းတွေထဲ၌ ဤကဲ့သို့ လူကြီးလူကောင်းဆန်သည့် စိတ်ဓာတ်မျိုးကို သွတ်သွင်းပေးလိုက်ကြောင်း ဆိုသည့်အချက်ကို အံ့ဩသွားမိခြင်း ဖြစ်ပါသည်။ သြော်. . . စာသင်ခန်းတွေထဲကနေ (သို့မဟုတ်) သင်ရိုးညွှန်းတမ်းတွေထဲကနေ တိုင်းပြည်နှင့် လူမျိုးအတွက် အလိုရှိအပ်စွာသော နိုင်ငံတော်သား တစ်ယောက်ကို ပုံသွင်းထုတ်လုပ်ပေး နိုင်သည်ဆိုပဲ့လား။

သည် လူနှင့်တိရစ္ဆာန်ကို ခွဲခြားပစ်လိုက်သောစိတ်ဖြစ်သည့်အတွက် လူ့အဖွဲ့အစည်း နေပျော်ထိုင်ပျော်ဖြစ်ဖို့ လူတိုင်း၌ အလိုရှိအပ်စွာသော စိတ်အခြေခံသဘောတရားတစ်ရပ်ဖြစ်ရာ ယင်းကို ကလေးတိုင်း၏ ရင်ထဲသို့ သွင်းပေးနိုင်ပါမှ ဤကဗျာကို သင်ကြားမှု ပေါက်မြောက်အောင်မြင်သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းဘေးအကြော်တဲက လူတစ်ယောက်ကို အနွေးအင်္ကျီချွတ်ပေးတာ၊ ကရုဏာရှင်မကြီး မာသာထရီဆာ (Mother Teresa)ဘဝ တစ်ခုလုံးကို သောကပရိဒေဝသမားတို့အတွက် ထိုးကျွေးပေးတာ၊ ကွန်ပျူတာသမား ဘီလ်ဂိတ် (Bill Gates)ဒေါ်လာ ၅၈ ဘီလီယံကို ကမ္ဘာသူ၊ ကမ္ဘာသားတို့အတွက် ပုံအောပေးတာ စသည် စသည်တို့သည် ထိုကိုယ်ချင်းစာတရား အခြေခံကနေ အကောင်အထည်ပေါ်ကာ ဖွံ့ဖြိုးလာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုစိတ်မျိုးထွန်းကားလာစေရန် ကဗျာကိုမသင်ဘဲ ကျွန်တော် အထက်တစ်နေရာ၌ ရေးပြထားခဲ့သလို အမေးနှင့်အဖြေ ပုံစံဖြင့် သင်ကြားနေခြင်းဖြင့် ဘာများအကျိုးရှိနိုင်ပါသနည်း။

လွယ်ကူသော ဥပမာတစ်ခုကို ထပ်ဆင့်သာဓက ဆောင်ပါရစေဦး။

**တို့တာဝန်**

လယ်သမားကြီး ဦးသာအောင်
စပါးစိုက်ကာ ပြည်ကျိုးဆောင်။
ကိုဖိုးမောင် အလုပ်သမား
ကုန်ထုတ်တိုးဖို့ သူ ကြိုးစား။

ဦးဖိုးကျားက ကျောင်းဆရာ
စာပေတတ်ဖို့ သင်ပေးတာ။
မောင်ထွန်းသာ တပ်မတော်သား
နိုင်ငံ့ရန်ကို ကာကွယ်ထား။

စာဖြန့်ဖြူးရေး မောင်သိန်းတန်
စာပို့ရာတွင် အချိန်မှန်။
ကိုသာဇံ မီးသတ်သမား
မီးသတ်ရာတွင် သူ စွန့်စား။

ရဲသားကြီးက ကိုလှရွှေ
လူဆိုးဖမ်းဖို့ တာဝန်ကျေ။
တို့လုံမေ မခင်မြ
ယာဉ်ထိန်းရာတွင် ကျွမ်းကျင်လှ။

ဦးစိန်ဘက ဆရာဝန်
ကုသရေးမှာ သူ ထူးချွန်။
မလှမွန် သူနာပြု
စေတနာနှင့် သူ ပြုစု။

ဦးသာနုက ခေါင်းဆောင်ကာ
ကျေးရွာကောင်းကျိုးသယ်ပိုးမှာ။
ကားဆရာ ကိုဘသောင်း
ဘေးရန်ကြည့်၍ သတိနှင့်မောင်း။

ကျောင်းသူကျောင်းသား
တို့အဖော်
အရွယ်ရောက်လို့ ကြီးပြင်းသော်။
ပညာတော် မြတ်စိတ်ထား
တာဝန်ကိုယ်စီ ထမ်းစို့လား။

ဤကဗျာကို သင်သောအခါ လယ်သမားကြီး၏အမည်ကို ဖော်ပြပါ။ ဦးသာအောင်။ အလုပ်သမားကြီး၏အမည်ကိုဖော်ပြပါ။ ကိုဖိုးမောင်။ ကျောင်းဆရာကြီး၏အမည်ကို ဖော်ပြပါ။ ဦးဖိုးကျား။ စစ်သားကလေး၏အမည်ကိုဖော်ပြပါ။ မောင်ထွန်းသာ စသည် စသည်ဖြင့် မေးကြရုံ ဖြေကြရုံမျှနှင့် ကဗျာသင်ကြားမှုသည် ဘာများအကျိုးသက်ရောက်ပါစ။

လယ်သမားကြီး၊ အလုပ်သမားကြီး၊ ကျောင်းဆရာ၊ တပ်မတော်သား၊ စာပို့လုလင်၊ မီးသတ်ရဲဘော်၊ ရဲသား၊ ယာဉ်ထိန်းရဲမေ၊ ဆရာဝန်၊ သူနာပြု၊ ရပ်ရွာအကျိုးဆောင်၊ ကားဆရာ စသည်စသည်တို့သည် ကိုယ့်အခန်းကဏ္ဍကနေ ကိုယ့်တာဝန်ကျေစွာ ဆောင်ရွက်နေကြသလို ကလေးတို့လည်း အိမ်တွင် ကိုယ့်တာဝန်ကိုယ်သိကာ ကျေပွန်စွာ ဆောင်ရွက်လိုသော စိတ်မျိုးဝင်သွားအောင် သင်ကြားသွတ်သွင်းပေးပါမှ တာဝန်သိသူ နိုင်ငံသားတစ်ယောက် ဖြစ်ထွန်းလာရေး၌ သင်ကြားမှုက ထောက်ကူနိုင်ပါလိမ့်မည်။

**(လေး)**

ထို့ကြောင့် အထက်တစ်နေရာ၌ ကျွန်တော်ချရေးထားခဲ့သလို အခြေခံပညာ၌ စိတ်ကို သင်သည့် သင်ရိုးများ နည်းပါးကာ ပါဝင်နေခဲ့လျှင်လည်း သင်ကြားပုံ သင်ကြားနည်း အားနည်းချို့ငဲ့ ကာ ဘေးသို့ချော်နေသဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အလိုရှိအပ်စွာသော ပေမီဒေါက်မီ နှလုံးသားပိုင်ရှင် နိုင်ငံတော်သားများကို ဆုံးရှုံးနေခဲ့ရခြင်းဖြစ်ပါသည်။

**"ရွှေပြည်တော် မျှော်တိုင်းဝေး"** ဝတ္ထုထဲက ဇာတ်လိုက်မင်းသား အက်ရှ်က တစ်ဖက်ရန်သူ မလှုပ်သာ၊ မရှားသာသော အနေအထားတွင် နောက်ကျောကနေ ဓားဖြင့်ထိုးသတ်နိုင်ပါလျက် မထိုးဘဲ မျက်နှာချင်းဆိုင် အနေအထားသို့ရောက်အောင် စောင့်နေခဲ့သော စိတ်ဓာတ်ကို M.M.Kaye က အင်္ဂလိပ်တို့၏ ပညာရေးကြောင့်ဟု ဆိုခဲ့ပါပြီ။

စာသင်ခန်းတွေက သူတို့နိုင်ငံသားများ၏ နှလုံးသားပုံစံကို ထုဆစ်ပေးလိုက်ကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့၏ စာသင်ခန်းများထဲ၌ နှလုံးသားလေ့ကျင့်ခန်း သင်ခန်းစာများ အားနည်း၊ မနည်း၊ အကယ်၍ ထိုသင်ခန်းစာမျိုးပါနေခဲ့လျှင်လည်း သင်ကြားပုံ အားနည်း၊ မနည်း ပြန်လည်၍ စောင်းငဲ့ကြည့်ကြသော် ကောင်းလေစွဟု တောင့်တနေမိပါသည် ခင်ဗျား။ ။



ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

# စာမေးပွဲရက်မှာ မီးလာပါစေ




ရဲသူရ(ပုတီးကုန်း)

အဖြူနှင့် အစိမ်းတင့်တယ်လှသော ဝတ်စုံလေးများဖြင့် စာအုပ်ကလေးများ ဖွင့်ကာ လမ်းသွားရင်း စာကျက်၊ စာဖတ်နေသော တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူလေးများကို နေ့စဉ်နှင့်အမျှ တွေ့နေရပါသည်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးအတွက် အသင့်ပြင်ဆင်နေကြသည်။

ပြန်လှန်လေ့ကျင့်ခန်းများ သုံး၊ လေးခေါက် ပြန်ဖြေပြီးသော ဂုဏ်ထူးမှန်း ကျောင်းသားများရှိသလို စာမေးပွဲကြီးကို အောင်အောင်မြင်မြင် ဖြတ်ကျော်ရုံသာ ကြိုးစားနေကြသော ကျောင်းသားများလည်း ရှိသည်။ ညဘက်ဂိုက်၊ စာသင်ဝိုင်း အစရှိသည်တို့ဖြင့် အနီးကပ် ကျက်မှတ်နေသော ကျောင်းသားများကလည်း တစ်ပုံတစ်ပင်။

အဲသည်လိုနတ်ကြီးလှသည်ဆိုသည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးအတွက် မိဘများကလည်း သားသမီးတို့အတွက် ကံ၊ ဉာဏ်၊ ဝီရိယ၊ သုံးမျိုးပေါင်းစပ်နိုင်ရန် ကံ အတွက် အဓိဋ္ဌာန်ဝင်ကာ ဆုတောင်းနေခြင်း၊ ဗေဒင်လက္ခဏာယုံစားသူတို့ကလည်း ဓာတ်ရိုက်ဓာတ်ဆင်များ ပြုလုပ်ခြင်းနှင့် ယတြာချေခြင်းတို့ကို ယခုလို အချိန်မှစ၍ ပြုလုပ်နေကြပြီဖြစ်သည်။ သားသမီးများကိုလည်း ဉာဏ်နှင့် ဝီရိယတို့အတွက် ကောင်းပါပေ့၊ ညွှတ်ပါပေ့ဆိုတဲ့ ဆရာသမားများ၊ ဘော်ဒါဆောင်များ၊ စာကျက်ဝိုင်းများတွင် အနီးကပ်သင်ယူနေစေသည်။ ငွေကြေးမတတ်နိုင်သော ကျောင်းသားများသည်ပင် မိမိတို့၏ အစ်ကို၊ အစ်မတို့က ဂိုက်လုပ်ပေးနေကြသလို ကိုယ်ထူ ကိုယ်ထ လေ့လာနေကြသူတွေလည်း ရှိသည်။ မည်သို့ပင်ဆိုစေကာမူ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူ အပေါင်းကတော့ တစ်မျိုးစီ အစွမ်းကုန်ကြိုးစားနေကြပြီ ဖြစ်သည်။

ထိုသို့ စာမေးပွဲကြီး နီးလာသည်နှင့်အမျှ အစွမ်းကုန်ကြိုးစားနေကြသလို စိုးရိမ်ခြင်းများကလည်း မိဘနှင့် ကျောင်းသားတို့၏ စိတ်တွင်ဖြစ်ပေါ်လာသည်။ သည်လိုအရေးကြီးလှသည့် အနီးကပ်အချိန်များကိုရောက်လာလျှင်ဖြစ်ပေါ်လာသည့် ကိစ္စကြီးကို တွေးမြင်ကာ စိုးရိမ်နေသည်။ တက္ကသိုလ်ဝင်တန်းကျောင်းသားထုအတွက် ဘဝတစ်ဆစ်ချိုး ဟုခေါ်ဆိုနိုင်သည့် ဤစာမေးပွဲကြီး နီးလာတိုင်း မီးပျက်တတ်သည့်ကိစ္စကြီးကို စိုးရိမ်နေကြသည်။ မည်သို့သော အချိန်မျိုးမှာပင် မီးမှန်တတ်ပေမယ့် တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီး နီးလာတိုင်း မီးပျက်တတ်ခြင်း၊ စာမေးပွဲရက်အတွင်း မီးပျက်ခြင်းတို့က မတွက်ချက်ဘဲ အတတ်ပြောနိုင်သော ကိစ္စတစ်ခုဖြစ်နေသည်။

ချို့တဲ့သော ကျောင်းသား မိသားစု အတော်များများကလည်း ဒီကိစ္စကြီးအတွက် ရင်လေးနေကြသည်။ ဟိုးအရင် နှစ်များကလို မီးပျက်ခြင်း သိပ်မရှိတော့သော်လည်း စာမေးပွဲကြီးနီးလာသည့် ယခုလို အချိန်ကာလမှပင် မီးပျက်လိုက်၊ လာလိုက် ဖြစ်လာသည့်အတွက် စာမေးပွဲရက်အတွက် ထုံးတမ်းအစဉ်အလာအတိုင်း မီးပျက်မည်ကို နယ်မြို့များတွင် အတော်စိတ်ပူနေကြသည်။ တစ်ချိန်သော ကာလက စာမေးပွဲမဖြေမီ ရက်အတွင်းနှင့် ဖြေဆိုနေချိန်ရက်အတွင်း မီးပျက်ခြင်းတို့ကြောင့် ကျောင်းသားမိဘများနှင့် ကျောင်းသားများ စိတ်ကသိကအောက်ဖြစ်ခဲ့ကြရသည်။

မီးမလာ၍ ထုံးစံအတိုင်း ဖယောင်းတိုင်ဝယ် စာကျက်ရာမှ ရက်ပေါင်းများစွာ ကြာလာ၍ မျက်စိများ အားနည်းလာကာ အဓိကစာမေးပွဲရက်တွင် မဖြေဆိုနိုင်ဘဲ နစ်နာသွားသော ကျောင်းသားများရှိသလို မိဘငွေကြေးမပြည့်စုံ၍ ဖယောင်းတိုင်ပင် မဝယ်နိုင်သော ကျောင်းသားလည်း ကျေးလက်ဒေသများတွင် တစ်ပုံတစ်ပင်ရှိနေသည်။ ထိုသို့ စာမေးပွဲရက်အတွင်း မီးမလာ၍ ဖယောင်းတိုင်ဝယ်ယူမည်ဆိုသော်လည်း ပွဲလန့်တုန်း ဖျာခင်းသော ကုန်စုံဆိုင်ပိုင်ရှင်အပေါင်းတို့ကလည်း ဖယောင်းတိုင် တစ်ထုပ်ကို မူလဈေးမှ နှစ်ဆလောက်တိုးပြီး ရောင်းချသည်။ ထိုမျှမက ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကလည်း ဘော်ဒါဆောင်ဈေးကွက်အတွက် မှန်းကာ နှစ်ဆတိုး၍ ရောင်းချပြန်သည်။ သည်တော့ ချို့တဲ့သော ကျောင်းသားများဆိုလျှင် ငွေကြေးတတ်နိုင်သော သူငယ်ချင်းများအိမ်သို့ သွားကျက်ကြသလို ဖယောင်းတိုင်အကြွေးဝယ်ကာ မျက်နှာငယ်စွာ ကြိုးစားနေကြရသည်။

ထို့ကြောင့် မီးပျက်မည်ကို အကြောက်ကြီး ကြောက်နေကြသည်။ မီးပျက်ခြင်းကြောင့် မိမိတို့၏ သားသမီးများ တစ်ခုခု တိမ်းစောင်း ချွတ်ချော်သွားမည်ကို မိဘအပေါင်းက စိုးရိမ်နေကြသည်။ မပြည့်စုံသော မိဘများဆိုလျှင်ဖြင့် သားသမီးများကို တစ်နှစ်တည်း စိတ်မညစ်ရဘဲ အောင်မြင်စေချင်သည်။

ငွေနှင့် ဆက်ထားရသည် ဟု ဆိုနိုင်သည့် ယခုလို ပညာခေတ်ကြီးထဲတွင် အောက်ခြေလူတန်းစား မိဘများကတော့ သားသမီးတို့အတွက် နောက်တစ်နှစ်ဆိုသည့်ကာလကို ပြန်ထားရန် မဖြစ်နိုင်ခြင်းကြောင့် တစ်နှစ်တည်း အေးအေးချမ်းချမ်းဖြင့် အောင်မြင်သွားစေချင်သည်။ ထို့ကြောင့် တစ်နှစ်တာ ကြိုးစားခဲ့ပြီး ပန်းတိုင်ရောက်မှ မီးပျက်သည့်ကိစ္စတစ်ခုကြောင့် ချွတ်ချော်သွားမည်ကို အောက်ခြေလူတန်းစား မိဘများ အင်မတန်ပူပန်နေကြရသည်။

တစ်လောက ဈေးသည် နှစ်ဦး ပြောနေသံကို ကြားမိလိုက်သည်။ လမ်းလျှောက်ထွက်လာရာမှ ကြားလိုက်ရသော ထိုအသံကြောင့် ကျွန်တော် ခဏရပ်ပြီး နားထောင်မိသည်။ မကျေနပ်ချက်တို့ကို ဖွင့်ဟနေသည်။ ညက မီးမလာ၍ သားသမီးလေးတွေ စာကျက်ရတာ အဆင်မပြေကြောင်း၊ မနက်ကျောင်းသွားတော့လည်း ထမင်းချိုင့်ပင် ထည့်မပေးလိုက်ရကြောင်း၊ ပိုက်ဆံမရှိ၍ ဖုန့်ဖိုးပင် မပေးလိုက်ရကြောင်း ပြောကာ ဈေးသည်တစ်ဦးက "တို့မှာသာ မီး မလာတာ၊ ဟိုသချိုင်းကုန်းမှာတော့ မီးတွေကို ထိန်ထိန်လင်းနေတာပဲတဲ့"ဟု ပြောနေကြသည်။

သားသမီးတို့အတွက် မခံစားနိုင်၍ ထွက်ကျလာသော စကားများဖြစ်သည်။ "သချိုင်းကုန်း"လို့ ရှိုင်းသည့်နေရာမှာလည်း ဘယ်နေရာ၊ ဘယ်ဒေသကို ပြောသည်တော့ ကျွန်တော် မသိပါ။ သို့ပေမဲ့ ရိုးသားပွင့်လင်းစွာ ရင်ဖွင့်ခြင်းကိုတော့ နားလည်မိပါသည်။ ထို့ကြောင့် ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲရက်အတွင်းမှာလည်း မီးပျက်မည်ကို တွေးကြောက်နေကြသည်။ ထို့အတူ ဖယောင်းတိုင်နှင့် ဓာတ်ဆီများကြိုဝယ်ထားသော မိဘများလည်း ရှိကောင်း ရှိနိုင်လိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ ကျောင်းသားရာခိုင်နှုန်း အများစုသည် အောက်ခြေကျေးလက် လူတန်းစားများဖြစ်၍ စာမေးပွဲကာလအတွင်း မီးလင်းရေးကို လိုလားတောင့်တနေကြပါသည်။ တက္ကသိုလ်ဝင်တန်းသည် ကျောင်းသားများနှင့် မိဘများအတွက်သာ မဟုတ်ဘဲ နိုင်ငံတော်အတွက် အဖိုးတန် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနေသော အတန်းကြီးလည်းဖြစ်သည်။ ဒီမိုကရေစီစနစ်ရှင်သန်ဖို့ရန် အဓိကအချက်မှာ ပညာရည်မြင့်မားကြဖို့ဖြစ်သည်။ ပညာမြင့်မှသာ ဒီမိုကရေစီနိုင်ငံတော်သစ်ကိုထူထောင်နိုင်ပါမည်။

ထို့ကြောင့် နိုင်ငံတော်သစ်ဆီသို့ ဦးတည်ရင်း အနာဂတ်လူငယ်လေးများ၏ ဘဝလှပစေရန်အလို့ငှာဟိုး . . မနှစ်၊မနှစ်တွေနှင့် မတူစေလိုဘဲ မီးလင်းဖို့ရန် ဆန္ဒမှာပြည်သူ့ပြည်သားအပေါင်း စိတ်ဝယ်ပြည့်နှက်လျက် ရှိပါတော့သည်။ ။

Business 7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# အစိုးရဝန်ထမ်းများအတွက် နိုင်ငံတစ်ဝန်း တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်မည်ဟုဆို

**မိုးညို**

**ရန်ကုန်၊ ဇန်နဝါရီ-၂၉**

ပြည်နယ်တိုင်းဒေသကြီး အသီးသီးတွင်နိုင်ငံ့ဝန်ထမ်းများအတွက် တန်ဖိုးနည်း အိမ်ရာစီမံကိန်းများ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှု ဦးစီးဌာန မြို့ပြနှင့် ဒေသစီမံကိန်းဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က ပြောသည်။

အိမ်ရာ စီမံကိန်းအတွက် နိုင်ငံတွင်း ရွှေ့ပြောင်းအခြေချနေထိုင်သူ နိုင်ငံ့ဝန်ထမ်းများ၏ စာရင်းကို သက်ဆိုင်ရာ ဌာနများမှ တစ်ဆင့် အသေးစိတ်ကောက်ယူလျက်ရှိပြီး စီမံချက်ကာလကို ငါးနှစ်အဖြစ် သတ်မှတ်ထားကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှု ဦးစီးဌာနမှ သတင်းရရှိသည်။

"အခန်းအရေအတွက် အတိအကျကိုတော့ ရေးဆွဲနေတုန်းပါ။ ပြည်နယ်နှင့်တိုင်း ၁၄ ခုလုံးမှာ ဆောင်ရွက်သွားမှာပါ"ဟု အထက်ပါ ဒုတိယညွှန်ကြားရေးမှူးကပင် ပြောသည်။

စီမံကိန်းအတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှု ဦးစီးဌာနမှ နိုင်ငံတော်၏ ဘတ်ဂျက်ဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ပြီး ပုဂ္ဂလိကဆောက်လုပ်ရေး ကုမ္ပဏီများကို အဓိက လုပ်ကိုင်ခွင့်ပေးမည် ဖြစ်သည်။

အစိုးရဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာများကို နှုန်းထားသက်သာစွာ ငှားရမ်းပေးသွားမည်ဖြစ်ပြီး အငှားချအိမ်ရာစနစ်ပုံစံဖြင့် ငှားရမ်းပေးသွားမည်ဟုဆိုသည်။

**စာမျက်နှာ(၁၄)သို့ »**

# တရားမဝင်ကုန်သွယ်မှု သတင်းပေးပါက ဖမ်းမိပစ္စည်းတန်ဖိုးအလိုက် ဆုပေးမည်

**မောင်တာ**

**မန္တလေး၊ ဇန်နဝါရီ-၂၀**

စားသုံးသူ အကာအကွယ်ပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုပပျောက်ရေးအတွက် တရားမဝင်မှောင်ခိုကုန်သွယ်မှုများအား သတင်းပေးတိုင်ကြားပါက ဖမ်းဆီးရမိသည့် ပစ္စည်းတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းထက် မနည်းသော ငွေကြေးကို သတင်းပေးတိုင်ကြားသူအား ဆုချီးမြှင့်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောသည်။

"တရားမဝင် ကုန်သွယ်တာကို သိရင် သတင်းပေးတိုင်ကြားပါ။ ကျွန်တော်တို့ ဖမ်းဆီးပါ့မယ်။ သတင်းပေးသူကိုလည်း ဆုချီးမြှင့်မယ်။ ဖမ်းမိတဲ့ ကုန်ပစ္စည်းတန်ဖိုးရဲ့ ၁၅ ရာခိုင်နှုန်းလောက်ပေးမယ်။ ရာခိုင်နှုန်းဘယ်လောက်ပေးမယ်လို့အတိအကျတော့မသတ်မှတ်ရသေးဘူး။ ဆုပေးတာ နည်းသွားမှာစိုးလို့။ အဲဒါ ညှိနှိုင်းနေတယ်"ဟု ဦးဝင်းမြင့်က မူဆယ်-မန္တလေး ကားလမ်းတွင် စစ်ဆေးနေသည့် နောင်ချိုရွှေ့လျားစစ်ဆေးရေးအဖွဲ့နှင့် ဇန်နဝါရီ ၁၈ ရက်တွင် တွေ့ဆုံအပြီး သတင်းထောက်များအား ပြောကြားသည်။



*မြန်မာ-တရုတ်နယ်စပ် ကျယ်ဂေါင်မြို့ရှိ နယ်စပ်ဂိတ်ပေါက်ကို တွေ့ရစဉ်* ဓာတ်ပုံ-အောင်သူရ

တင်သွင်းခွင့် မပြုသည့် ကန့်သတ်ပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကို ဖမ်းဆီးရမိလျှင် ကုန်သည်အား သွင်းကုန်ထုတ်ကုန်ဥပဒေ၊ အကောက်ခွန်ဥပဒေများဖြင့် အရေးယူမည်ဖြစ်ကြောင်း၊ ခွင့်ပြုပစ္စည်း အခွန်မဆောင်ဘဲ မှောင်ခိုတင်သွင်းလာသည်ကိုဖမ်းဆီးရမိလျှင် ဖမ်းမိပစ္စည်း၏ တန်ဖိုးနှစ်ဆကို ဒဏ်ကြေးပေးဆောင်စေမည်ဖြစ်ပြီး တစ်လအတွင်း ဒဏ်ကြေးမဆောင်ပါက ပစ္စည်းသိမ်းမည်ဖြစ်ကြောင်း နယ်စပ်ကုန်သွယ်

**စာမျက်နှာ(၁၄)သို့ »**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၀ | ၇၀၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၃၇ | ၁၁၅၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၆၈ | ၂၉ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၇. ၉၃ | ၁၃၇. ၉၃ | ကျပ် |

၂၀၁၃ ဇန်နဝါရီ ၂၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၂၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၀. ၈၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၂၀၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၇၈၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၄၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၅. ၃၃ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၉၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၅၄. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၅. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၆၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၉၂ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၀၃၇၇ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၅၇. ၅၀ |
| ရေနံစိမ်း | စည် | ၁၁၃. ၄၀ |
| ငွေ | ၁ အောင်စ | ၃၁. ၁၂ |
| ကြေးနီ | ပေါင် | ၃၆၄. ၂၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၄၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇန်နဝါရီ ၁၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ကမ္ဘာ့ဘဏ်အဖွဲ့ဝင် IFC ဘဏ် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန်၊ ဇန်နဝါရီ-၂၃**

မြန်မာနိုင်ငံ၌ အသေးစား ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် ထူထောင်ရန် ပထမဆုံးအကြိမ် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စုဝင် IFC အဖွဲ့က ကြေညာသည်။

ယင်းအဖွဲ့ အစည်းမှနေ၍ ၂၀၂၀ ပြည့်နှစ်အရောက်တွင် အမျိုးသမီးများ ဦးဆောင်သော အသေးစားစီးပွားရေးလုပ်ငန်းများကို ဦးစားပေး၍ လူဦးရေနှစ်သိန်းအတွက် ချေးငွေထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားသည်။

ဂျာမနီအစိုးရပိုင် ဘဏ်တစ်ခုဖြစ်သော KFW ၊ပြင်သစ်နိုင်ငံမှ ဘဏ်လုပ်ငန်းစုမှ COFIBRED လုပ်ငန်းနှင့်အတူ IFC အဖွဲ့က ကမ္ဘောဒီးယားနိုင်ငံမှ ACLEDA Bank Plc. အား ငွေကြေးထောက်ပံ့ ပေးမည်ဖြစ်သည်။ အဆိုပါ ကမ္ဘောဒီးယားဘဏ်က မြန်မာနိုင်ငံ၌ ACLEDA MFI Myanmar အုပ်စုအား ထူထောင်၍ မြန်မာနိုင်ငံမှ အသေးစားနှင့် အလတ်စားလုပ်ငန်းကဏ္ဍ ဘဏ္ဍာရေးလိုအပ်ချက်များကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

ACLEDA MFI Myanmar အုပ်စု၏ လုပ်ငန်းများကို ယခုနှစ်အတွင်းစတင်ရန်စီစဉ်ထားသည်။

ယင်းဘဏ်မှာ ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးဆုံးဘဏ်တစ်ခုဖြစ်ပြီး အသေးစားချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ အတွေ့အကြုံကောင်းများ ရရှိထား၍ မြန်မာနိုင်ငံ၌အသေးစားလုပ်ငန်းများနှင့် ဝင်ငွေနည်းမိသားစုများကို ဝန်ဆောင်မှုကောင်းစွာ ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဘဏ်အမှုဆောင်အရာရှိချုပ် မစ္စတာချန်နီကပြောကြားသည်။

*—Ref: IFC*

# တောင်သူများကို စိုက်ပျိုးစရိတ် တိုးချေးမည်

**ထွန်းနိုင်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၆**

တောင်သူများကို စိုက်ပျိုးစရိတ်အဖြစ် တစ်ဧကလျှင် ကျပ်ငွေနှစ်သောင်းနှုန်းဖြင့် ထုတ်ချေးတော့မည်ဖြစ်ကြောင်းလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဇန်နဝါရီ ၂၅ ရက်က ထုတ်ပြန်ကြေညာသည်။

ယခင် တစ်ဧကကျပ်တစ်သောင်းနှုန်းမှ ထပ်မံတိုးမြှင့်ပေးခြင်းဖြစ်ပြီး ချေးငွေများကို မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ အစေ့ထုတ်ပြောင်းနှင့် ဝါစိုက်ပျိုးကြသော တောင်သူများအား လာမည့် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် လာမည့်ဧပြီ ၁ ရက်နောက်ပိုင်းမှ စတင်၍ ထုတ်ချေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သည်။

**စာမျက်နှာ(၃၅)သို့ »**

စာမျက်နှာ(၃၃)မှ

## အစိုးရဝန်ထမ်းများအတွက် နိုင်ငံတစ်ဝန်း တန်ဖိုးနည်းအိမ်ရာများ ဖော်ဆောင်မည်ဟုဆို

"တကယ်သုံးမယ့်လူနေထိုင်မယ့်သူတွေနဲ့ သဟဇာတဖြစ်နိုင်တဲ့ ဒီဇိုင်းမျိုးဖြစ်ဖို့ လိုတယ်။ အရင်တုန်းက အိမ်ရာတွေမှာ အမှားအယွင်းအချို့ရှိခဲ့တယ်"ဟုမြန်မာနိုင်ငံ ဗိသုကာ ပညာရှင်အသင်း ဒုဥက္ကဋ္ဌ ဦးခိုင်ဝင်းလတ်က ပြောသည်။

လက်ရှိအစိုးရမှ ဆောင်ရွက်မည့်တန်ဖိုးနည်း အိမ်ရာစီမံကိန်းအချို့၌ တန်ဖိုးနည်း အိမ်ရာ အရည်အသွေးနှင့် မညီသည့် စီမံကိန်းများ လုပ်ဆောင်မည့် အနေအထားများကိုလည်း မြင်တွေ့နေရကြောင်း ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှု စီမံကိန်းအကြံပေးပညာရှင်ဒေါက်တာကျော်လတ်က ပြောသည်။

"ဒဂုံဆိပ်ကမ်းဘက်မှာ တည်ဆောက်မယ့် အိမ်ရာစီမံကိန်းက ၁၈ထပ်တဲ့။ တန်ဖိုးက သိန်း ၁၀၀ ကျော်နေပြီ။ အဲဒီလိုပုံစံက ဘယ်လိုမှ တန်ဖိုးနည်း မဖြစ်နိုင်ဘူး"ဟု ၎င်းက ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက မြန်မာနိုင်ငံတစ်ဝန်းရှိပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် မြို့သစ်အိမ်ရာစီမံကိန်းများကို ၁၉၈၈မှ ၂၀၁၀ပြည့်နှစ်အတွင်း မြို့ပေါင်း ၉၈ မြို့နယ်တွင် လူဦးရေ ၁ ဒသမ ၆သန်းအတွက် အိမ်ရာကွက်ပေါင်း ၃၁၅,၇၁၈ကွက် ဖော်ထုတ်နိုင်ရေးအတွက် ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနက ထုတ်ပြန်သည်။

စာမျက်နှာ(၃၃)မှ

## တရားမဝင်ကုန်သွယ်မှု သတင်းပေးပါက ဖမ်းမိပစ္စည်းတန်ဖိုးအလိုက် ဆုပေးမည်

ရေးဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ် ဦးညွန့်အောင်ကပြောသည်။

တရားမဝင် တင်သွင်းဝင်ရောက်နေသည့် ကုန်ပစ္စည်းများကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် အခွန်ပေးဆောင်နေသည့် ကုန်သည်များအပေါ် ထိခိုက်မှုရှိသဖြင့် တရားမဝင် ကုန်သွယ်မှု ပပျောက်ရေးကို ဆုပေး၊ ဒဏ်ပေးစနစ်ဖြင့်ပါ တားဆီးဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ကြီးဦးဝင်းမြင့်က ပြောသည်။

မြို့ရွာများအတွင်း တရားမဝင် ကုန်သွယ်ရောက်ရှိနေသော ပစ္စည်းများကို သတင်းပေးတိုင်ကြား၍ ဖမ်းဆီးရမိလျှင် ၎င်းပစ္စည်းကို နိုင်ငံတော်က ရယူမည် မဟုတ်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးမည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုများအား သိရှိလျှင် မည်သူမဆို သတင်းပေး တိုင်ကြားစေလိုကြောင်း ဦးဝင်းမြင့်က ဆိုသည်။

တရားမဝင် ကုန်သွယ်မှုများ ပပျောက်စေရေးအတွက် မူဆယ်-မန္တလေးကားလမ်းနှင့် မြဝတီ-ပဲခူးလမ်းကြောင်းတို့တွင် ရွေ့လျားစစ်ဆေးရေးအဖွဲ့ နှစ်ဖွဲ့ တားဆီးနေသလို မူဆယ်၊ ချင်းရွှေဟော်၊ တမူး၊ ရိဒ်၊ မြိတ်၊ ကော့သောင်းစသည့် နယ်စပ်ကုန်သွယ်ရေး စခန်းခြောက်ခုတွင်လည်း စခန်း၏ ငါးမိုင်မှ ဆယ်မိုင်ပတ်လည်အတွင်း အခွန်မဆောင်ဘဲ တရားမဝင်ကုန်သွယ်မှုများအား ဌာနဆိုင်ရာများ ပေါင်းစပ်ဖွဲ့စည်းထားသည့်အဖွဲ့များဖြင့် တားမြစ် ဖမ်းဆီးအရေးယူနေကြောင်း သိရသည်။




7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013



# ကိုးလအတွင်း ဓာတ်ငွေ့ပြည်ပတင်ပို့မှုလျော့ကျ

**ပြည်သိမ်း၊ အိဖြူမွန်**
**ရန်ကုန်၊**
**ဇန်နဝါရီ-၂၄**

ပြည်ပနိုင်ငံများသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ ယခုဘဏ္ဍာနှစ်၏ ကိုးလတာကာလတွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော် လျော့နည်းကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကမ်းလွန်ပင်လယ်မှ ထုတ်ယူနေသော ရတနာသဘာဝဓာတ်ငွေ့လုပ်ကွက်တွင် ပင်လယ်ကြမ်းပြင် တဖြည်းဖြည်းနိမ့်ဆင်းလာမှုကို ပြုပြင်နေသည့်အတွက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို အနည်းငယ်လျော့၍ ထုတ်လုပ်ခဲ့ရခြင်းကြောင့် ယခုကဲ့သို့ လျော့နည်းသွားခြင်းဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယခု (၂၀၁၂-၁၃) ဘဏ္ဍာနှစ်၏ ကိုးလတာကာလ (၂၀၁၂ ဧပြီ ၁ မှ ဒီဇင်ဘာ ၃၁ အထိ) အတွင်း ကုန်သွယ်မှုတန်ဖိုးမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ကန်ဒေါ်လာသန်း ၈၀ ကျော် တိုးလာသည်။ ယခုနှစ် ကိုးလတာ ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၁၃ ဒသမ ၆၆ ဘီလီယံရှိပြီး ယခင်နှစ် အလားတူကာလတွင် ၁၃ ဒသမ ၅၇ ဘီလီယံရှိခဲ့သည်။

ကိုးလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးတွင် ကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံရှိပြီး ယခင်နှစ်ထက် သန်း ၇၀ လျော့နည်းသည်။ သို့သော် နယ်စပ်ကုန်သွယ်ရေးတွင် ယခင်နှစ်ကထက် ကန်ဒေါ်လာ သန်း ၁၅၀ ပိုများသည်။

ကုန်းတွင်းလုပ်ကွက်များနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ပျမ်းမျှ ကုဗပေ သန်း ၁၃၀၀ ခန့် ထုတ်လုပ်ပြီး ပြည်တွင်းသုံးစွဲရန်အတွက် တစ်ရက်လျှင် ကုဗပေ သန်း ၂၅၀ ကျော် ထုတ်လွှတ်ပေးနေသည်။ ပြည်တွင်း၌ သဘာဝဓာတ်ငွေ့ လိုအပ်ချက်မှာ ကုဗပေ သန်း ၅၅၀ ကျော်ရှိသဖြင့် ၅၀ ရာခိုင်နှုန်းနီးပါးသာ ဖြည့်ပေးနေကြောင်း သိရသည်။

သဘာဝဓာတ်ငွေ့ ပြည်ပတင်ပို့မှု နှစ်စဉ် ကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိကြောင်း နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့မှ ခေါင်းဆောင် ဦးမြင့်က ဟောပြောပွဲများတွင် မကြာခဏ ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ ၁၈ ဘီလီယံရှိသည်။ သဘာဝဓာတ်ငွေ့မှ ဝင်ငွေသည် တစ်နိုင်ငံလုံး ကုန်သွယ်မှု၏ ၃၀ ရာခိုင်နှုန်းဝန်းကျင်ရှိခဲ့သည်။

စာမျက်နှာ(၃၄)မှ

## တောင်သူများကို စိုက်ပျိုးစရိတ် တိုးချေးမည်

အဆိုပါဝန်ကြီးဌာန၏ ယခုကြေညာချက်မှာ ဇန်နဝါရီလအတွင်း တတိယအကြိမ်မြောက် သီးနှံများ စိုက်ပျိုးရန်အတွက် ချေးငွေတိုးမြှင့်ရန် ကြေညာလိုက်ခြင်းဖြစ်သည်။ ယခင် ထုတ်ပြန်ချက်နှစ်ခုတွင် ကြံနှင့် စပါးတို့အတွက် စိုက်ပျိုးစရိတ်ကို တစ်ဧကလျှင် ကျပ်တစ်သိန်းအထိ ထုတ်ချေးမည်ဟု ကြေညာထားသည်။

လယ်ယာသီးနှံများအတွက် ချေးငွေတိုးတက်လာခြင်းကိုတောင်သူများက ကြိုဆိုကြသော်လည်း အခြားသီးနှံများအတွက် သတ်မှတ်ထားသော ချေးငွေ၏ ငါးပုံတစ်ပုံခန့်သာ ရရှိနေသောကြောင့် ထပ်မံ တိုးမြှင့်ပေးရန် လိုလားကြောင်း ၎င်းတို့က ပြောသည်။

"တောက်လျှောက် ရာသီက မကောင်းလို့ ရှုံးနေတာ။ အစိုးရချေးငွေပိုရရင်တော့ အပြင်မှာ အတိုးကြီးကြီးနဲ့ မချေးရတော့ဘူးပေါ့" ဟု မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

ထိုသို့ ငွေထုတ်ချေးရာတွင် ဘဏ်လုပ်ငန်း ဥပဒေအရ မူလကြွေးကျန်များကို အပြေအလည် ပြန်လည်ပေးဆပ်ပြီးသူများကိုသာလျှင် ထုတ်ချေးပေးသွားမည်ဟု ဆိုသည်။

"ပိုပေးတော့ ကြိုဆိုပါတယ်။ ဒါပေမဲ့ ဒီနှစ်က ရာသီက ဖျက်တော့ ကျပ်တည်းပြီး အကြွေးတောင်း ပြန်မဆပ်နိုင်ကြတာ များတယ်" ဟု မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

ယခင်က အဆိုပါချေးငွေမှာ နည်းပါးလွန်းသည့်အတွက် ချေးငွေမထုတ်သော တောင်သူများစွာရှိကြောင်းလည်း သတင်းရရှိသည်။ ချေးငွေကို အမှန်တကယ် စိုက်ပျိုးစရိတ်အခက်အခဲရှိနိုင်သူများနှင့် ၁၀ ဧကနှင့်အောက် လုပ်ကိုင်နေသော တောင်သူများကိုသာ ထုတ်ချေးသွားမည်ဟုလည်း ဆိုသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 342,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| Explorer | 114,000 |
| Desire One V | 260,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 740,000 |
| iPhone 4S (64 GB) | 605,000 |
| iPhone 4S (32 GB) | 585,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| U 8661 | 77,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 162,000 |
| Ascend P1 | 270,000 |

ဇန်နဝါရီ(၂၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 215,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 240,000 |
| Sony (LED) | 32EX33 | 290,000 |
| **DVD** | | |
| EVD(Sony) | DVK75 | 18,000 |
| I-MAX | DVD-SR81220XDM2 | 25,000 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 155,000 |
| Samsung | RT2ASHMG | 220,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 135,000 |
| Samsung | WT8J | 160,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 175,000 |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၂၇၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၂၇၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၂၇)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၆,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၅၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၈၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၃,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၈၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |

ဇန်နဝါရီ(၂၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jan(20) | 814 | 860 | 880 | 880 |
| Jan(21) | 814 | 860 | 880 | 880 |
| Jan(22) | 814 | 860 | 880 | 880 |
| Jan(23) | 814 | 860 | 880 | 880 |
| Jan(24) | 814 | 860 | 880 | 880 |
| Jan(25) | 814 | 860 | 880 | 880 |
| Jan(26) | 814 | 860 | 880 | 880 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i5 2.5 GHz, 8GB DDR3, 1TB HDD, HD, 15.6" | 571,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 498,000 |
| Intel Core i5 2.3 GHz, 6GB DDR3, 640GB HDD, HD, 15.6" | 854,000 |
| Intel Core i7 2.7 GHz, 4GB DDR3, 500GB HDD, 14" | 699,000 |
| **HP** | |
| Intel Core i7 2.4 GHz, 8GB DDR3, 1TB HDD, 15.6" | 996,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 605,000 |
| Intel Core i7 2.1 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 790,000 |
| Intel Core i5 2.4 GHz, 6GB DDR3, 500GB HDD, 14.5" | 721,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 2GB DDR3, 500GB HDD, HD, 11.6" | 428,000 |
| Intel Core i5 2.5 GHz, 4GB DDR3,750GB HDD,2GB VGA,14" | 626,000 |
| Intel Core i3 2.3GHz, 4GB DDR3, 500GB HDD,2GB VGA,14" | 548,000 |
| Intel Core i7 2.3GHz, 8GB DDR3, 1TB HDD,2GB VGA, 15.6" | 901,000 |

7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013



# ဥရောပနှင့်ဗြိတိန် တွဲရေး၊ ခွဲရေးပြဿနာ

**ကြည်နေဝင်းမင်း**

ဇန်နဝါရီ ၂၄ ရက် ဗြိတိန်အောက်လွှတ်တော် အစိမ်းရောင်ခုံတန်းများပေါ်တွင် ထိုင်နေသူများဆီကနေ အောင်ပွဲခံတဲ့ ခံစားချက်တွေ ထွက်ပေါ်လာပါတယ်။ ကွန်ဆာဗေးတစ်အမတ်များထံမှ တစ်ယောက်ပြီးတစ်ယောက် မတ်တတ်ထရပ်ပြီး ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းဟာ နိုင်ငံရဲ့ ကယ်တင်ရှင်ကြီးဆိုပြီး ချီးကျူးပြောဆိုခဲ့ကြပါတယ်။ ကင်မရွန်းရဲ့ ဥရောပသမဂ္ဂ (EU) ပေါ်လစီတွေကို အပွင့်လင်းဆုံးဝေဖန်တဲ့ မစ္စတာဆီလ်ကက်ရှ်ကတောင်မှ သူ့အပေါ် လေးစားကြောင်း ပြောဆိုပါတယ်။

တကယ်တော့လည်း ဗြိတိန်နိုင်ငံအနေနဲ့ အဖွဲ့ဝင် ၂၇ နိုင်ငံရှိတဲ့ ဥရောပသမဂ္ဂမှာ ဆက်လက်ပါဝင်ရေး၊ မပါဝင်ရေးနဲ့ပတ်သက်ပြီး ၂၀၁၇ ခုနှစ်အကုန်မှာ သဘောထားခံယူချက် ရွေးကောက်ပွဲကျင်းပမယ်လို့ မစ္စတာကင်မရွန်းက ကြေညာခဲ့တာနဲ့ပတ်သက်ပြီး ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂအပေါ် သံသယရှိသူတွေကြား ဝမ်းသာအားရ ဖြစ်ခဲ့ကြပါတယ်။ ကွန်ဆာဗေးတစ်သတင်းစာ ဒေးလီးတယ်လီဂရပ်ကဆိုရင် မစ္စတာကင်မရွန်းဟာ သူတော်စင်တစ်ယောက်လို ဖြစ်နေခဲ့တဲ့ ဝန်ကြီးချုပ်ဟောင်း မစ္စစ်မာဂရက် သက်ချာတောင် မလုပ်နိုင်ခဲ့တဲ့ အခွင့်အလမ်းကို ဖန်တီးခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီကြေညာချက်နဲ့အတူ မစ္စတာကင်မရွန်းဟာ သူ့ရဲ့ပထမဆုံး ရည်မှန်းချက် အောင်မြင်ခဲ့ပါတယ်။ အကွဲကွဲအပြားပြားဖြစ်နေခဲ့တဲ့ သူ့ရဲ့ ကွန်ဆာဗေးတစ်ပါတီကို စည်းလုံးသွားစေခဲ့ပါတယ်။ ဥရောပကြောင့် သူ့ရဲ့ ကွန်ဆာဗေးတစ်ပါတီကို စည်းလုံးသွားစေခဲ့ပါတယ်။ ဥရောပအပေါ် သံသယရှိသူ ကွန်ဆာဗေးတစ်မာ့ခ်မရစ်ချက်က ဒါဟာ ကြီးမားတဲ့ အောင်ပွဲဖြစ်တယ်၊ သေသေချာချာစဉ်းစားထားပြီး စိတ်ကူးကောင်းတဲ့ လုပ်သင့်တာကြာပြီဖြစ်တဲ့ ကိစ္စလို့ဆိုပြီး ဥရောပနဲ့ပတ်သက်ပြီး ပါတီအတွက် ညီညွတ်မှုအသစ်တစ်ရပ် တည်ဆောက်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။

မစ္စတာကင်မရွန်းဟာ ပြည်တွင်းနိုင်ငံရေးမြင်ကွင်းမှာ ဒုတိယအောင်မြင်မှုလည်း ရရှိခဲ့ပြီး ယူရိုကိစ္စနဲ့ပတ်သက်ပြီး ပြိုင်ဘက်လေဘာပါတီတွင်း သွေးကွဲမှု သပ်တစ်ချောင်း ရိုက်သွင်းနိုင်ခဲ့ပါတယ်။ အောက်လွှတ်တော်မှာ စကားပြောကြားရာမှာ အတိုက်အခံလေဘာပါတီခေါင်းဆောင် အက်ဒ်မီလီဘန်းက ဆန္ဒခံယူပွဲကျင်းပမယ့်ကိစ္စကို ဝေဖန်ပြီး အဖြူအမည်းမသဲကွဲမှုနဲ့ ဗြိတိန်စီးပွားရေးအပေါ် ထိခိုက်မှုဖြစ်လာစေလိမ့်မယ်လို့ ပြောကြားပါတယ်။ ဒါပေမဲ့လည်း သူ့ပါတီထဲက တခြားလူတွေက သူနဲ့အမြင်မတူဘဲ နောက်လာမယ့် ရွေးကောက်ပွဲမဲဆွယ်တဲ့နေရာမှာ သူတို့ပါတီကလည်း ဆန္ဒခံယူပွဲလုပ်ပေးမယ်ဆိုတဲ့ ကတိထည့်သွင်းဖို့တောင် ပြောကြားနေကြပါတယ်။

ဒါပေမဲ့လည်း ပြည်တွင်းမှာရရှိတဲ့ အောင်မြင်မှုတွေအပေါ် မစ္စတာကင်မရွန်းရရှိတဲ့ စိတ်ကျေနပ်မှုတွေဟာ ကြာကြာခံမှာတော့ မဟုတ်ပါဘူး။ အီးယူပြဿနာက သူ့ကို အမီလိုက်လာပါလိမ့်မယ်။ တစ်နည်းပြောရရင်တော့ ဥရောပသမဂ္ဂရုံးချုပ်ရှိရာ ဘရပ်ဆဲလ်မြို့က သူ့တောင်းဆိုချက်တွေကို ဥရောပက ဘယ်သူမှ ဂရုမစိုက်ဘူးလို့ ထင်ရှားလာတဲ့အချိန်မှာ သိသာလာပါမယ်။

ဆန္ဒခံယူပွဲကျင်းပပေးမယ်လို့ ပြောပြီးနောက်တစ်ရက်မှာပဲ မစ္စတာကင်မရွန်းက နိုင်ငံတကာဖိုရမ်တစ်ခုမှာ သူ့ကိုယ်သူ ကာကွယ်နေရပါပြီ။ ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှာ စကားပြောကြားရာမှာ ဥရောပခေါင်းဆောင်တွေအနေနဲ့ တခြားအီးယူအဖွဲ့ဝင်နိုင်ငံတွေကို နိုင်ငံရေးအရ ပိုပြီး နက်နက်ရှိုင်းရှိုင်းပေါင်းစည်းရေးဖိအားပေးတာတွေကို သတိပေးလိုက်ပါတယ်။ ဥရောပတိုက်က နိုင်ငံတွေမှာ သူတို့ရဲ့ ကိုယ်ပိုင်သမိုင်း၊ ကိုင်ပိုင် ရိုးရာအစဉ်အလာ၊ ကိုယ်ပိုင်အချုပ်အခြာ ပိုင်ဆိုင်မှုတွေရှိပြီး သူတို့ဟာ သူတို့ရွေးချယ်မှုတွေ လုပ်နိုင်တယ်ဆိုပြီး မစ္စတာကင်မရွန်းက သတိပေးပြောကြားပြီး ဒီနိုင်ငံတွေအားလုံးကို နိုင်ငံရေးအရ အားလုံးပေါင်းစည်းတာဟာ ဥရောပအတွက် အမှားကြီးမှားလိမ့်မယ်၊ ဗြိတိန်နိုင်ငံက အဲဒီထဲမှာ ပါမှာမဟုတ်ဘူးလို့ ဆိုလိုက်ပါတယ်။

မစ္စတာကင်မရွန်းက ဥရောပသမဂ္ဂဝင်ဖို့ ဗြိတိန်နိုင်ငံအတွက် အဆင့်နှစ်ဆင့် စီစဉ်ထားတာပါ။ ဥရောပသမဂ္ဂ (EU) စည်းမျဉ်းစည်းကမ်းတွေထဲက ဗြိတိန်နိုင်ငံအတွက် ခြွင်းချက်တွေကောင်းပြီး ပိုကောင်းတဲ့သဘောတူညီချက်ရရေး ကနဦးဆွေးနွေးဖို့ပါ။ အဲဒါပြီးတော့မှ ဒီလိုသဘောတူညီချက်အသစ်နဲ့ဆိုရင် ဥရောပသမဂ္ဂထဲ ဆက်နေမလားဆိုပြီး သူ့နိုင်ငံသားတွေကို မဲခွဲဆုံးဖြတ်ခိုင်းမှာပါ။

ဗြိတိန်ကို ဥရောပသမဂ္ဂထဲ ဆက်လက်ရှိနေစေချင်တဲ့ ဆန္ဒကြောင့်ပဲ တခြားဥရောပနိုင်ငံတွေက အလျှော့ပေးလိုက်လျောတာတွေ လုပ်ကြလိမ့်မယ်ဆိုပြီး ကင်မရွန်းက လောင်းကြေးထပ်နေတာဖြစ်ပါတယ်။ ဒီလိုအလျှော့ပေးမှုတွေဟာ ပြုပြင်ပြောင်းလဲရေးဘက် စိတ်အားထက်သန်တဲ့ ဂျာမနီ၊ နယ်သာလန်နဲ့ စကင်ဒီနေးမီးယန်း နိုင်ငံအုပ်စုတွေဆီကနေပြီး လာလိမ့်မယ်လို့ သူက မျှော်လင့်နေပါတယ်။

ဒါပေမဲ့လည်း အဲဒီနိုင်ငံတွေရဲ့ ကနဦးတုံ့ပြန်မှုတွေဟာ အလားအလာမကောင်းလှပါဘူး။ ဂျာမနီနိုင်ငံမှ အဓိပတိအန်ဂျလာမာကယ်လ်က "ဗြိတိန်နိုင်ငံရဲ့ လိုအင်ဆန္ဒတွေကို ဆွေးနွေးပြောဆိုဖို့ရာ အသင့်ပြင်ထားပါတယ်" လို့ ပြောပါတယ်။ ဒါကို ဗြိတိန် မီဒီယာတွေက မစ္စတာကင်မရွန်း ရဲ့ တွန်းတွန်းတိုက်တိုက် အပေးအယူ ဈေးဆစ်တဲ့စတိုင် မှန်ကန်ကြောင်း သက်သေပြတာပဲလို့ အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ဥပမာအားဖြင့် ဒေးလီးတယ်လီဂရပ် သတင်းစာက မစ္စမာကယ်လ်ရဲ့ မှတ်ချက်စကားကိုကြည့်ပြီး 'အောင်ပွဲ' ရတယ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။

ဒါပေမဲ့ မစ္စမာကယ်လ်ရဲ့ တုံ့ပြန်မှုဟာ ဂျာမနီနဲ့ ဗြိတိန်အရာရှိတွေကြား တင်းမာမှုတွေ ဆက်ပြီး ဖြစ်မလာစေဖို့ ရည်ရွယ်ပြီး အတုပ်အနှောင်မရှိ ယဉ်ယဉ်ကျေးကျေးပြောကြားလိုက်တယ်ဆိုတာထက် ဘာမှမပိုပါဘူး။ တကယ်တမ်းလည်း ဖေဖော်ဝါရီလစောစောပိုင်းမှာ နောက်ခုနစ်နှစ်တာ အီးယူရဲ့ ဘတ်ဂျက်ကို အတည်ပြုဖို့အတွက် အဖွဲ့ဝင် ၂၇ နိုင်ငံလုံးရဲ့ လက်မှတ် လိုအပ်နေတဲ့ အချိန်မှာ မစ္စတာကင်မရွန်းနဲ့ အချေအတင် ဖြစ်ရမယ့်ကိစ္စဟာ လိုလားစရာမဟုတ်ပါဘူး။

ပြုပြင်ပြောင်းလဲမှုတွေ လိုလားတယ်လို့အထင်ခံရတဲ့တခြားခေါင်းဆောင်တွေရဲ့ မစ္စတာကင်မရွန်း မိန့်ခွန်းအပေါ် တုံ့ပြန်မှုကလည်း အေးတိအေးစက်ပါပဲ။ နယ်သာလန်ဝန်ကြီးချုပ် မာ့ခ်ရပ်တီက ဗြိတိန်နိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးကိစ္စမှာ ဝင်ရောက်မစွက်ဖက်ချင်ဘူးလို့ ပြောပါတယ်။ ဒါဗို့စ်ဖိုရမ်မှာတော့ ကင်မရွန်းရဲ့ တချို့ထုတ်ပြန်ချက်တွေကို ထောက်ခံတယ်လို့ သူက ဆိုလိုက်ပါတယ်။ ဗြိတိန်လိုပဲ ယူရိုငွေကြေးသုံးစွဲတဲ့ နိုင်ငံမဟုတ်တဲ့ နောက်တစ်နိုင်ငံဖြစ်တဲ့ ဒိန်းမတ်နိုင်ငံရဲ့ ဝန်ကြီးချုပ် မစ္စစ်ဟယ်လီသောနစ်က မတူညီတဲ့ လမ်းကြောင်း လိုက်ဖို့ ရွေးချယ်ခဲ့ပြီး ဥရောပသမဂ္ဂ ဗဟိုမဏ္ဍိုင်နဲ့ နီးကပ်နိုင်သမျှ နီးကပ်စွာနေခြင်းဟာ ဒိန်းမတ်နိုင်ငံ အကျိုးစီးပွားအတွက် အကောင်းဆုံးလို့ ဆိုထားပါတယ်။ နောက်ဆုံးအနေနဲ့ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး ကားလ်ဘစ်က "ပြောင်းလွယ်ပြင်လွယ်ရှိတာဆိုတာ ကောင်းသလိုလိုပါပဲ။ ဒါပေမဲ့လည်း ဥရောပသမဂ္ဂဟာ ဂီတာ ၂၈ ချက်နဲ့သာ သွားနေရင် ဥရောပဆိုတာ ရှိမှာမဟုတ်ဘဲ အားလုံးရှုပ်ကုန်မှာပဲ" လို့ ပြောကြားပါတယ်။

မစ္စတာ ကင်မရွန်းကို ဗြိတိန်ပြည်တွင်းက ဆန့်ကျင်မှုတွေ လျော့သွားတယ်ဆိုတဲ့ လက္ခဏာလည်း မတွေ့ရပါဘူး။ အနှေးနဲ့အမြန်ဆိုသလို သူ့ရဲ့ မဟာဗျူဟာအပေါ် သံသယရှိကြောင်းပြောတဲ့ အသံတွေ ကျယ်လောင်လာပါလိမ့်မယ်။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ သူတို့သာ အနိုင်ရခဲ့ရင် ၂၀၁၇ အစောပိုင်း လောက်မှာ ဥရောပသမဂ္ဂမှာ ဆက်နေရေး၊ မနေရေး ဆန္ဒခံယူပွဲ လုပ်ပေးမယ်လို့ ကင်မရွန်းက ဆိုထားပါတယ်။ ၂ နှစ်ဆိုတဲ့ အချိန်ဟာ အကြာကြီးလိုပါသေးတယ်။ အကယ်၍သာ ဒီနှစ်နှစ် အတွင်းမှာ ဥရောပဆီက လိုက်လျောမှုတွေ မရဘူးဆိုရင်တော့ မစ္စတာကင်မရွန်းဟာ သူ့ရဲ့ပါတီထဲကနေ ထွက်လာတဲ့ အမျက်ဒေါသတွေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ ရွေးကောက်ပွဲပြီးတဲ့အချိန်မှာ မစ္စတာကင်မရွန်း တစ်ယောက် ပါတီခေါင်းဆောင်၊ နိုင်ငံ့ခေါင်းဆောင်အဖြစ် ဆက်မရှိနိုင်တော့ဘူးဆိုတာလည်း ဖြစ်နိုင်တဲ့ အလားအလာတစ်ခုပါပဲ။

လောလောဆယ်မှာတော့ ကွန်ဆာဗေးတစ်လှိုင်းစီးနေတဲ့ မစ္စတာကင်မရွန်းတစ်ယောက် ဥရောပနဲ့ ဗြိတိန်တွဲရေး၊ ခွဲရေးကို ပွဲ့ကိုင်လျက်ရှိနေပါတယ်။


*—Ref: Cameron Faces Heat from Continent*


Nestlé
Good Food, Good Life
NESCAFÉ®
Creamy Delight 3 IN 1
ဆိမ့်သက်သက် နို့အရသာ


SOLO®
COLLECTION
PD012
PD014
Hot Line - 09 73192104
WHEREVER YOU GO SOLO WILL FOLLOW

7DAY BOOK REVIEW

## အက်ဆေး လှည်းတန်း(၂)




ဦးစွာအင်ဂျင်နီယာများ ရောက်လာသည်။ မှန်ပြောင်းတွေ၊ ကွန်ဗတ်စ်တွေနှင့် ကြည့်ကြ၊ တိုင်းကြသည်။ ထို့နောက် သံပိုက်လုံးကြီးတွေ၊ မြေတူးစက်ကြီးတွေ ရောက်လာသည်။ ကရိန်းလို ဝန်ချီစက်ကြီးတွေ ရောက်လာသည်။ ပြည်လမ်းမကြီးအား ယာဉ်များဖြတ်သန်းနေခြင်းကို အကာအရံတွေနှင့် ကန့်သတ်လိုက်သည်။ Safety First ဆိုင်းဘုတ်အနီတွေ ထောင်လိုက်ကြသည်။ ဧရာမလွန်တူးစက်ကြီးတွေက အသွားတမြမြဖြင့် နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီဖြစ်သော ကတ္တရာလမ်းကြီးအလယ်မှ ထိုးခွဲခြေမွလိုက်သည်။ တစ်စစီ ဆုတ်ဖြဲကော်ထုတ်လိုက်သည်။ နဂိုကတည်းက ယာဉ်ကြောကျပ်တည်းနေသော နေရာတွင် အကာအရံတွေ၊ အတားအဆီးတွေ ပြုလုပ်လိုက်တော့ သွားရေး၊ လာရေးအချိန်ပိုမို ကြာမြင့်လာသည်။ ကားသမားတွေ လှည်းတန်းဝန်းကျင်ဆို မလိုက်ချင်။ သို့သော် ယတိပြတ်လည်း ရှောင်ကွင်း၍မရ။ လှည်းတန်းခုံးကျော် တံတားကြီး တည်ဆောက်နေချိန် ကာလပတ်လုံး ဖုံအလိမ်းလိမ်း ထနေတော့သည်။ လမ်းလျှောက်သွားလာသူအချို့ မြောင်းတွေ၊ စက်ကိရိယာတွေကို ရှောင်ကွင်းသွားရသည်။ နောက်ဘက်မှ ဝှီးခနဲ လေတိုးသံနှင့်အတူ မော်တော်ယာဉ်ကြီးတွေက အသည်းတယားယားဖြင့် ဖြတ်သန်းသွား၊ ဤသည်မှာယနေ့ ၂၀၁၃ နှစ်ဦး လှည်းတန်းမြင်ကွင်းဖြစ်ပါသည်။

လှည်းတန်းနှင့် ပတ်သက်၍ ဘဝတွင် အမှတ်တရရှိသူများ၊ ပတ်သက်ဖူးသူများ၊ ဆက်နွယ်နေဆဲ ပုဂ္ဂိုလ်များက လွန်ခဲ့သည့် ၂ နှစ်ကျော်က အက်ဆေးလှည်းတန်းဆိုသည့် စာအုပ်လေးထုတ်ခဲ့ဖူးသည်။ တစ်ကြိမ်မက ပြန်ရိုက်ရသည် ကြားရ၏။ သို့သော် သူတို့မှာ ချင်ခြင်းပြေပုံမရ၊ အက်ဆေးလှည်းတန်း(၂)ဆိုသည့်စာအုပ်ကို ထပ်မံစီစဉ်ကြသည်။ ၂၀၁၃ နှစ်ဦးတွင်ပေါ်ထွက်လာပြီဖြစ်သည်။ ယခုစာအုပ်တွင် နောင်ကျော်၊ မောင်ကိုကို(အမရပူရ)၊ မင်းလူ၊ အရိုး၊ ထွန်းဝေမြင့်၊ အောင်ဘညို၊ မောင်ခင်မင်(ဓနုဖြူ) အစ ရှိသည့် ပုဂ္ဂိုလ်များ၏ အက်ဆေး (၂၄) ပုဒ် ပါဝင်ပြီး အားလုံးလိုလိုမှာ တစ်ချိန်က လွမ်းမက်ပတ်သက်ခဲ့ဖူးသော လှည်းတန်းပုံရိပ်တွေ ဖော်ကျူးထားသည်။ စာအုပ်တစ်နေရာတွင် "တကယ်တော့ ကမာရွတ် လှည်းတန်းဟာ 'ကမ္ဘာမကြေဘူး' သီချင်းကို စတင်သီဆိုခဲ့တဲ့ နေရာပါ။ တကယ်တော့ ကမာရွတ် လှည်းတန်းဟာ ခွပ်ဒေါင်းအလံကို စတင်လွှင့်ထူခဲ့တဲ့ အရပ်ပါ။ တကယ်တော့ ကမာရွတ် လှည်းတန်းဟာ သဘော်ာကျောင်း အလုပ်သမားတွေရဲ့ ညသြသံတွေ စတင်မြည်ဟီးခဲ့တဲ့ အရပ်ပါ။ လှည်းတန်းထိပ်က နွေဦးမှာ တော်လှန်ပန်းတွေ ပွင့်ဝေခဲ့ဖူးတယ်။ လှည်းတန်းထိပ်က နွေဦးမှာ မျက်ရည်နဲ့သွေးတို့ မိတ်ဆွေ ဖြစ်ခဲ့ဖူးတယ်။ လှည်းတန်းထိပ်က နွေဦး မှာ ချစ်ဦးသူတို့ ဝေးကွာခဲ့ကြဖူးတယ်။

လှည်းတန်းမှာ 'ဂန်ဂျာ' နဲ့ 'ကော်မက်သာဇင်' ခေတ်ဦးရှိခဲ့သလို ခရစ္စတယ်လ် အမှုန့်တွေ အလုအယက် သုံးစွဲခဲ့ကြတဲ့ အချိန်တွေလည်း ရှိခဲ့ဖူးတယ်။ လှည်းတန်းမှာ ဒစ္စကိုဒီဇိုင်းနဲ့ 'ဒဗလျူ' ကြောင်နေတဲ့ ငနဲတွေ ရှိခဲ့သလို နှစ်ပင်လိမ်ပြီး တစ်နေကုန်အောင် လက်ဖက်ရည်ဆိုင် ထိုင်နေတတ်တဲ့ ရေဘင်မျက်မှန် အမည်းနဲ့ 'ဘစ'တွေလည်း ရှိခဲ့ဖူးတယ်။

ခုတော့ လှည်းတန်းဟာ ကော်ရှူတယ်။ ကြယ်သီး ရှူတယ်။ ညနေတိုင်း သေသောက်ကြူးသူတွေ အပြည့်နဲ့။ ပေါင်သားအလှပြ ချာတိတ်မတွေ ဖြတ်သွားတိုင်း ဘယ်သူမှ သိပ်မငေးတော့။ လှည်းတန်းဟာ 'ယိုးဒယား' သိပ်ဆန်လွန်းတယ်လို့ ကမ္ဘာပတ်ခဲ့တဲ့ သင်္ဘောကပ္ပတိန်က ဖုန်းခေါ်နေရင်း လှမ်းပြောတယ်" ဟု ဖော်ပြထားသည်။ အက်ဆေးကောင်းဖတ်လိုသူများ၊ ကမာရွတ်လှည်းတန်းနှင့်မကင်းနိုင်သူများအတွက် ယခုစာအုပ်သည် အတွေးကို အတိတ်သို့ခေါ် ယူသွားပါမည်။ ညီမလေး စာအုပ်တိုက်က တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့အရှည်ဆုံးတံတား ဘယ်နိုင်ငံမှာရှိသလဲ


ကမ္ဘာ့အရှည်ဆုံးတံတားများကို ရှာဖွေကြည့်လိုက်လျှင် အများစုမှာ တရုတ်ပြည်၌ တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အရှည်နှင့် အလျားအရရေပေါ်၊ မြေပေါ် သွယ်တန်းထားသော ကမ္ဘာ့အရှည်ဆုံးတံတား ၁၀ စင်းတွင် တရုတ်ပြည်မှ တံတားပေါင်းခုနစ်စင်း ပါဝင်နေပြီး အမေရိကန်တွင် နှစ်စင်း၊ ထိုင်းတွင် တစ်စင်းရှိသည်။ တရုတ်တွင်သာမက ကမ္ဘာတွင် အရှည်ဆုံးတံတားမှာ ဘေဂျင်း-ရှန်ဟိုင်းအမြန်ရထားလမ်းကြောင်း ပြေးဆွဲရာ တန်ယန်-ကန်ရှန်းတံတားဖြစ်သည်။ အရှည် ၁၆၄,၀၀၀ မီတာ (၅၄၀,၇၀၀ ပေ) ရှိပြီး ၂၀၁၀ တွင် အပြီးသတ်ကာ ၂၀၁၁ တွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၀၆ မှစ၍ ငါးနှစ်တာခန့် ဆောက်လုပ်ခဲ့ရသော ယင်းရထားလမ်းရှိရာ တံတားသည် ယန်ဇီမြစ်ဝကျွန်းပေါ်တွင် တည်ရှိပြီး တည်ဆောက်မှုကုန်ကျစရိတ်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံရှိခဲ့သည်။ လုပ်သားအင်အားတစ်သောင်းခန့်ဖြင့် တည်ဆောက်ခဲ့ရသော ယင်းတံတားကို ဂင်းနက်စ်ကမ္ဘာ့စံချိန်အဖွဲ့က ၂၀၁၁ ဇွန်လတွင် ကမ္ဘာ့အရှည်ဆုံးတံတားအဖြစ် သတ်မှတ်ပေးခဲ့သည်။

—Ref:Wiki

## တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက် အထိ

စံဇာကိုဘို




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လိုရာပြည့်စုံ၍ အောင်မြင်တိုးတက်မှုကို ဖန်တီးနိုင်သည်။ ခက်ခဲသော ပြဿနာများကို ဖြေရှင်းနိုင်မည်။ ခရီး ကိစ္စအဆင်ပြေမည်။ အလုပ်အကြံအစည် အောင်မြင်မည်။ ပစ္စည်းပျောက်တတ်သည်။ မတော်တဆ ထိရှမှု ဂရုစိုက်ပါ။ ခြံစကား၊ အခန်းဟောင်းထွက်၍ အသစ်ဝင်မည်။ သီးသန့် အသစ်ရမည်။ ရန်အတိုက်အခံများတတ်သည်။ ထူးခြားသော ပြဿနာသစ်များ ဖြေရှင်းရန် ကြုံမည်။ လူယုံထား၍ မရ။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မပြီးမပြတ် ကြန့်ကြာနေသော အလုပ်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ မိသားစုအတွင်း ကျန်းမာရေးအညံ့များ ရှိနေသည်။ ငွေကြေးနှင့် ပတ်သက်၍ အခါတိုင်းထက်ပို၍ ဝင်ကိန်းရှိသည်။ စီးပွားကံကောင်းမည်။ သို့သော် အရင်းအနှီးများ လွန်းသော လုပ်ငန်းများ စတင်ရန် မသင့်ပါ။ အရဲစွန့်ပြီး လုပ်ရသော ကိစ္စများရှောင်ပါ။ အရာရာကို ပုံမှန်အေးချမ်းစွာ ဆောင်ရွက်ရမည့်ကာလ ဖြစ်ပါသည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ထူးခြားသော အပြောင်းအလဲများ ဖြစ်လာမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ရည်ရွယ် ချက်များ အောင်မြင်မည်။ အရပ်တစ်ပါးမှ ရောက်ရှိလာသည့် မိတ်ဟောင်း၊ ဆွေဟောင်းများနှင့် ခရီးကိစ္စ ဆောင်ရွက်ရန်ရှိမည်။ လက်လွှန်ထားသည်များ ပြန်လည်ရရှိမည်။ ငွေအစုလိုက်ဝင်ခြင်းများ ရှိမည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ အရေးကြီးသော အလုပ်ကိစ္စ များကို ဆုံးဖြတ်ဆောင်ရွက် အကျိုးရှိမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အပြောင်းအလဲနှင့် တိုးတက်မှုရှိမည်။ မိဘအကြီးအကဲ ကျန်းမာရေး ချူချာမည်။ ပစ္စည်းပျောက်တတ်သည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် ဆက်ဆံအကျိုးပေးခြင်း ရှိမည်။ မရည်ရွယ်ဘဲ ခရီးသွားရမည်။ ရုတ်တရက် ဆောင်ရွက်လိုက်သော ကိစ္စများမှ ထူးထူးခြားခြား အဆင်ပြေမည်။ ခြံ၊ ကား၊ အခန်းကိစ္စပြောဆို ဆောင်ရွက်မှု အဆင်ပြေမည်။ တစ်ပါးသူ ကတိစကား မယုံရ။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အပြိုင်အဆိုင် အနှောင့်အယှက်များနှင့် ယှဉ်ပြီးလုပ်နေရမည်။ စိတ်ရှုပ်စရာ သတင်းများ ကြားသိရမည်။ တစ်ပါးသူ ကတိပျက်၍ စိတ်ရှုပ်ရမည်။ မထင်မှတ်ထားသောသူမှ အနီးကပ်ဒုက္ခပေးတတ်သည်။ အေးအေးဆေးဆေးနေရမည် ကြုံလိုက်တိုင်း ပြဿနာတစ်ခုမဟုတ် တစ်ခုကြုံမည်။ ငွေကုန်မည်။ စကားရှုပ်သောသူများနေအိမ်သို့ အဝင်အထွက်များမည်။ ရည်ရွယ်ထားသည်များ လက်တွေ့ဆောင်ရွက် ၍ အကျိုးရှိမည်။




### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

လုပ်သမျှ အဆင်ပြေမည်။ ရည်မှန်းထားသည်များ ပြည့်စုံပြီးမြောက် အဆင်ပြေမည်။ မျှော်လင့်ချက်ကုန်ပြီးဟု ယူဆထားသည့်ကိစ္စများပင် အဆင်ပြေမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ပျိုရွယ်သူများ စန်းပွင့်မည်။ ဤကာလအတွင်း လက်ဆောင်ရပါက အမြတ်တနိုးသိမ်းဆည်းပါ။ ကံပွင့်ခြင်း၊ လာဘ်ပွင့်စေခြင်းနှင့် ပီယကောင်းမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ဖရိုဖရဲဖြစ်နေသည့်ကြားမှ တိုးတက်မှုကို ဖန်တီးနိုင်မည်။ အစီအစဉ်တကျ မဟုတ်ဘဲ ရုတ်ချည်းထိုးဖောက်သည့် လုပ်ငန်းမှ အောင်မြင်မည်။ ခရီးနှင့် အပြောင်းအလဲကိစ္စများ အဆင်ပြေအောင် ဆောင်ရွက်နိုင်သည်။ တစ်ပိုင်းတစ်စ ဖြစ်နေသည့် ကိစ္စများပြီးမြောက်အောင် အဆုံးသတ်ဆောင်ရွက်နိုင်မည်။ လက်လွှန်ထားသည်များ ပြန်ရမည်။ လူမျိုးကွဲ အကျိုးပေးမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပြဿနာ ဟောင်းများ တစ်ခုပြီးတစ်ခု ဖြေရှင်းနေရမည်။ သူတစ်ပါးပြဿနာကိုယ်ပြဿနာ ဖြစ်တတ်သည်။ ရန်နှင့် ယှဉ်ပြီး လုပ်နေရသော ကာလဖြစ်၍ တွေဝေဒွိဟဖြစ်ခြင်းကြောင့် အခွင့်ကောင်းများ လက်တလုံး ခြားဆုံးရှုံးတတ်၏။ သေချာပေါက် ပိုင်ပိုင်နိုင်နိုင် ပြောဆိုစီစဉ်ထားသော ကိစ္စများ နောက်ဆုံးအဆင့်ရောက်မှ အံ့ချော်သွားတတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကောင်းသော အပြောင်းအလဲများ ဖြစ်ပေါ်မည်။ ကိုယ်က ကောင်းသလောက် တစ်ပါးသူ အနှောင့်အယှက်ပေးခြင်း ကြုံမည်။ လမ်းကြောင်းဟောင်းကို စွန့်၍ လမ်းသစ်ပေါ် ဦးတည်မည်။ မူလလုပ်သော အလုပ်ထက်ပို၍ အကျိုးပေးသော လမ်းသစ်သို့ ရောက်ရှိမည်။ မေတ္တာရေး ကောင်းသည်။ အထီးကျန်သူများပင် စန်းကောင်းသည့် အနေအထားရှိသည်။




### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လမ်းသစ်ဖွင့်မည်။ အကြံအစည် အောင်မည်။ ကြိုတင်ပြင်ဆင်ခြင်း မရှိဘဲ လုပ်လိုက်သော ကိစ္စမှ ထူးခြားစွာ တိုးတက်ခြင်း ကြုံမည်။ အပြောင်းအလဲကောင်းများရှိမည်။ အတိတ်က မိမိအား အပြစ်ဆိုသူများပင် ချီးမြှောက်ခြင်းပြုမည်။ ဆုံးဖြတ်ချက်မှားတတ်သည်။ ငွေကုန်ခြင်းများကြုံမည်။ အရာရာသတိနှင့် ဆောင်ရွက်သင့်သည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ဘဝတိုးတက်မည်။ အလုပ်အကြံ အောင်မြင်မည်။ စိတ်ကူးသစ်များ အကောင်အထည်ဖော် တိုးတက်မည်။ ငွေကြေးကိစ္စ စာရွက်စာတမ်းကိစ္စ ပြောဆိုဖြေရှင်းရခြင်းမျိုး ကြုံမည်။ စေတနာ၊ ဝေဒနာ ဖြစ်တတ်သည်။ အလွန်စိတ်ရှည်သည်းခံရမည်။ ကိုယ်က စေတနာထားသလောက် သူတစ်ပါးက ရန်ပြုခြင်း၊ ဝေဖန်တိုက်ခိုက် ခြင်းမျိုး ကြုံမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စကားများရမည်။ အပြိုင်အဆိုင်များမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ လူယုံဒုက္ခပေးတတ်သည်။ အခက်အခဲများ ဖြေရှင်းအောင်မြင်မည်။ ခရီးသွား၍ အကျိုးရှိမည်။ ရပ်ဝေးမှ စာ၊ လူ၊ ပစ္စည်းများ လက်ခံရရှိမည်။ ငွေကြေးနှင့် ပတ်သက်သောကိစ္စ ပြောဆိုအောင်မြင်မည်။ စကားအတိုက်အခိုက် ပြောရမည်။ လိုရာပြည့်မည်။ ဘဝတိုးတက်မည်။

7 DAY NEWS JOURNAL
Vol.11, No.47 · JANUARY 31 , 2013

စာမျက်နှာ(၂၅)မှ

## ဂန္ထလရာဇ်ခရီးသည်(၁၀)

ကျိုးကျန်းတောင်မှာ ပန်းနုရောင် မသမ်းတော့ သည့်တိုင် သူ့အလှနှင့်သူဖြစ်ပါသည်။ သဘာဝအလှကို အထွတ်တင်ထားသည့် ကတောင်ထိပ်မှဂူဗိမာန်ပင်။ ဆွန်ယက်ဆင်၏ ထာဝရ လဲလျောင်းရာမှာ တရုတ်ဘုရားကျောင်းလို၊ အမိုးကော့လေးနှင့် ကျောက်သားဖြူဖြူ အဆောက်အအုံဖြစ်သည်။ အဝေးက ကြည့်တော့ ပန်းချီကားတစ်ချပ်ကို လွမ်းချင်စရာ။ အနားတိုးတိုးလာတော့မှ အခန့်အညားနှင့်ဂါရဝတရားကို အပီအသ တွေ့ရတော့သည်။

ဂူဗိမာန် အတွင်းပိုင်းတွင် ဒေါက်တာဆွန်ယက်ဆွန်၏ အုတ်ဂူရှိသည်။ ပြီးတော့ ကျောက်သားဖြူ ရုပ်ထုကြီး။ ဝမ်းသာအားရ ဓာတ်ပုံရိုက်လိုက်မိသည်။ အစောင့်စစ်သားလေးက "ဓာတ်ပုံရိုက်ခွင့်မပြုပါ"လာပြောတော့ အားနာနာနှင့်တောင်းပန်ရသည်။ ဓာတ်ပုံက ရိုက်ပြီးသွားပြီ။ နှစ်ပုံတောင်။ တစ်ပုံက ခေါင်းမပါ။ နောက်တစ်ပုံကတော့ ကောင်းသည်။

ဆွန်၏ မျက်နှာကျမှာ တကယ့် တရုတ်သွင်ပြင် အတိုင်းပင်။ စူးရဲသော မျက်ဝန်းများက သူ၏ အမြော်အမြင်ကို ဖော်ပြနေသလို တင်းတင်းစေ့ထားသော နှုတ်ခမ်းတွင် သူ့သံန္နိဋ္ဌာန်ကို မြင်ရသည်။

ကျွန်တော်တို့ အဖွဲ့သားတွေမှာ ဂူဗိမာန်မှ မခွာနိုင်။ တော်တော်နှင့် ဆင်းကြဦးမည့်ပုံ မရှိ။ ကျွန်တော်သူတို့အရင် ဆင်းနှင့်ပါသည်။ ကိုယ့်အကြောင်းကို သိသည်လေ။ ခါးက နာ၊ ဒူးက မကောင်းသည်မို့ အဆင်းက ပိုအန္တရာယ်ကြီးသည်။ ပိုသတိထားရသည်။ ပိုအချိန်ယူရမည်။ ဖြည်းဖြည်းဆင်း၊ မကြာမကြာ နားပေါ့။

လှေကားကျယ်ကြီးဘေး၊ ကျောက်တန်းလျားခုံငယ်တွင် ခေတ္တနားနေစဉ် ကြည်မြပီသသော အင်္ဂလိပ်ဘာသာ စကားသံက လှုပ်နှိုးလိုက်သလို ရှိသည်။

"ဘယ်လိုလဲမောနေပြီလား"

မော့ကြည့်လိုက်တော့ မီမီဝင်းဖေ မျက်နှာနှင့် ကျန်းမိန်းကလေး။ ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။

"လာ ဖြည်းဖြည်းဆင်းရင်း စကားပြောရအောင်"

ကောင်းတာပေါ့။ စကားပြောရတာပေါ့။ ထိုကလေးမမှာ ကွန်မြူနစ်ပါတီဝင်မှန်း ကျွန်တော်သိထားသည်။ ကျွန်တော်က မျိုးဆက်သစ် တရုတ်ကွန်မြူနစ်လူငယ်တွေကို စိတ်ဝင်စားသည်။ သူတို့နှင့် စကားပြောကြည့်ချင်သည်။ ကျွန်တော်စိတ်ပါ လက်ပါ ထရပ်လိုက်သည်။

"သမီးနာမည်က ကျန်းယင်းဟွာနော်"

သူမက အပြုံးဖြင့် ခေါင်းညိတ်ပြသည်။

"သမီးတို့ကျန်းမျိုးနွယ်ထဲက ကျန်းကိုးထောင်ကို သိလား"

"ဟင့်အင်း မသိဘူး။ သူက ဘယ်သူလဲ"

အပြုံးမပြယ်သည့်တိုင် မျက်မှောင်နည်းနည်း ကျုံ့သွားသည်။

"တရုတ် ကွန်မြူနစ်ပါတီ ခေတ်ဦးက ခေါင်းဆောင်တစ်ယောက်ပါ။ ခရီးရှည် ချီတက်ပွဲအစမှာပဲ ဥက္ကဋ္ဌမော်နဲ့ ကွဲသွားတာ။

ကလေးမ အပြုံးပြယ်သွား။ ခေါင်းတခါခါ။

"သမီးတစ်ခါမှ

မကြားဖူးဘူး"

တရုတ်ပြည်တွင် မတ်ဝါဒ စာပေစတင်ဖြန့်ချိခဲ့သည့် 'လီတာချို' အကြောင်းပြောတော့လည်း သူမ မသိ။ တရုတ်ကွန်မြူနစ်ပါတီ၏ ပထမဆုံး အထွေထွေအတွင်းရေးမှူး ပါမောက္ခ ချင်ကူးရှုကိုလည်းမကြားဖူး။ ဘာရယ်မဟုတ်။ သူတို့ပါတီအကြောင်း ဒီကလေးမ ဘယ်လောက် သိထားလဲ သိလို၍ သွေးတိုးစမ်း မေးကြည့်မိခြင်းဖြစ်သည်။ သို့တစေ ထိုကလေးမ မျက်နှာပျက်ချင်ချင် ဖြစ်လာတော့ အားနာလာသည်။ စကားလမ်းကြောင်း ပြောင်းရသည်။

"ဟုတ်ပါပြီ။ ဒေါက်တာ ဆွန်ယက်ဆင်အကြောင်းဦးကိုပြောပြစမ်းပါ။ သိချင်လို့"

ကျန်းမိန်းကလေး မျက်နှာချက်ချင်း ပြန်ကြည်လာ။ သွက်သွက်လက်လက်ဖြေ။

"ကျွန်မတို့ တရုတ်တော်လှန်ရေးရဲ့ ခေါင်းကိုင် ဖခင်ကြီးလေ"

"ဒါဖြင့် ဖခင်ရင်းတော့ မဟုတ်ဘူးပေါ့"

မျက်နှာချက်ချင်း မျက်နှာပြန်ညှိုး။ ပျာပျာသလဲ ဖြေ။

"ဂုဏ်ထူးဆောင် ဖခင်ကြီးလို့ ပြောတာပါ။ ဒေါက်တာဆွန်ယက်ဆင်က ပဒေသရာဇ်စနစ်ကို ချုပ်ငြိမ်းစေခဲ့တာလေ။ ဥက္ကဋ္ဌမော်ကတော့ ခေတ်သစ်တရုတ်ပြည်ကြီးကို စုစည်းပေးခဲ့တာ။ ခေါင်းဆောင်ကြီး တိန့်ကတော့ တရုတ်ပြည်ကြီးကိုခေတ်မီအောင် လုပ်ပေးခဲ့တာ။ အားလုံးဟာ တရုတ်တော်လှန်ရေးရဲ့ဖခင်ကြီးတွေပေါ့ရှင့်"

"အော် ဒီလိုကိုး" မျိုးဆက်သစ် ကွန်မြူနစ်ကလေးမ၏ 'လောဂျစ်'ကို ကျွန်တော်စောဒက မတက်လိုတော့ပါ။ မေးခွန်းများဖြင့် နှိပ်စက်သလိုဖြစ်သွား၍ သူမကို တလှည့်တရားဟောခွင့်ပေးမှ တော်လိမ့်မည်။ သည်အတွေးနှင့်ပင် စကားလမ်းကြောင်း ပြောင်းရသည်။

"သမီးက ဘယ်တုန်းက ကွန်မြူနစ်ပါတီဝင် ဖြစ်တာလဲ"

"ဘွဲ့ရပြီးမှ ဖြစ်တာပါ"

"ဘာ့ကြောင့် ကွန်မြူနစ်ပါတီ ဝင်တာလဲ"

ကျန်းမိန်းကလေးက မျက်လုံးပြူးကြီးဖြင့် မော့ကြည့်သည်။ သူမ အသံက ခပ်စွာစွာ . .

"ယုံလို့ပေါ့"

"ဘာကို ယုံတာလဲ"

မျက်လုံးတွေ ပိုပြူးလာ၊ အသံပိုစွာလာ။

"ဦး ဗုဒ္ဓဘာသာကို ယုံသလို၊ သမီးလည်း ကွန်မြူနစ်ဝါဒကို ယုံတာပေါ့"

ကျွန်တော် အသံထွက်၍ပင် ရယ်မိသည်။ သဘောကျလို့ပါ။ သည်တော့မှ မိန်းကလေးလည်း ရယ်နိုင်၊ ပြုံးနိုင်တော့သည်။

"ဟုတ်ပါပြီလေ။ ကွန်မြူနစ်ဝါဒအကြောင်း ဦးကို ရှင်းပြပါလား"

မျက်ဝန်းတစ်ချက် လက်သွားသည်။ ခေါင်းတစ်ချက် ဆတ်သွားသည်။ ပြီး အသံငြိမ်ငြိမ်နှင့် ခပ်တည်တည် လက်ချာရိုက်ပါတော့သည်။

ကျွန်တော်က ကျွန်တော်တို့ ငယ်စဉ် ရင်တလှပ်လှပ်လှေ့လာခဲ့ရသော DM. HM အကြောင်း နားစွင့်နေသည်။ ကျန်းမိန်းကလေးက ကွန်ဖြူးရှပ် အကြောင်း ပြောသည်။ (DM ဆိုသည်မှာ 'အနုပဋိလောမ ရုပ်ဝါဒ'၊ ကွန်မြူနစ်တို့၏ ဒဿနပိုင်း၊ HM ဆိုသည်က 'သမိုင်းရုပ်ဝါဒ' ကွန်မြူနစ်တို့၏ သမိုင်းအမြင်) ကျွန်တော်က ဆိုရှယ်လစ်ဘောဂဗေဒ အကြောင်း မျှော်လင့်ထားသည်။ ကလေးမက ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးအကြောင်း ပြောသည်။ ကျွန်တော်က ဆိုရှယ်လစ်တော်လှန်ရေးအကြောင်း ပစ္စည်းမဲ့ အာဏာရှင်စနစ်အကြောင်း လီနင်ပါဝင်တည်ဆောက်ရေးအကြောင်း'တွေ ပြောလေမည်လား ထင်ထားသည်။ မိန်းကလေးက 'တရုတ်ပြည်ကြီး ငြိမ်းချမ်းစွာ အင်အားကြီးမားရေး'ဆိုသည်ကို စိတ်ရှည်လက်ရှည် ဖွင့်ဆိုပြသည်။

တောင်ခြေရောက်တော့ တရားဟော ဆရာမလေး မောနေပြီ။ သိတတ်စွာဖြင့် လက်ထဲ ရေသန့်ဘူးအသစ်ကို ကမ်းလိုက်ပါသည်။

"ရေသောက်လိုက်ဦး သမီး။ အခုလို စိတ်ရှည်လက်ရှည် ရှင်းပြတာ ကျေးဇူးတင်တယ်"

တကယ်လည်း ကျေးဇူးတင်ပါသည်။ သမီးအရွယ် မိန်းကလေး၏ ကျေးဇူးကြောင့် တရုတ်ပြည်အရွေ့ကို ခြေရာခံမိလေပြီကော။

ယနေ့ တရုတ်ပြည်ကြီးကို မောင်းနေသည်မှာ ကွန်မြူနစ်အိုင်ဒီအိုလိုဂျီ မဟုတ်တန်ရာ။ အမျိုးသားရေးဝါဒနှင့် ကွန်ဖြူးရှပ်ဒဿနဖြစ်ပါလိမ့်မည်။

ယနေ့ တရုတ်ကွန်မြူနစ် မျိုးဆက်သစ် လူငယ်များမှာလည်း ယုံကြည်ချက်အတွက် အသက်စွန့်ကြမည်ဆိုသော 'အိုယန်ဟိုင်'လို၊ 'ကျန်းစီးတက်'လို့ 'လွေဖုန်း'လို သေခြင်းကို သစ္စာနှံထားကြသူများမဟုတ်။ ကျန်းယင်းဟွာကို ပညာတတ်သော အင်္ဂလိပ်စကားမွတ်နေအောင် ပြောတတ်သော ခေတ်မီတက္ကနိုလိုဂျီများနှင့် ယဉ်ပါးသော၊ စမတ်ကျသော မျိုးဆက်သစ်တွေသာ ဖြစ်ပါလိမ့်မည်။ ဤသို့ဆိုလျှင် တရုတ်ပြည်၏ အနာဂတ်သည်ကော ဘာလဲ၊ ဘယ်ကိုလဲ။

**ခရီးဆက်**

ညနေပိုင်း အစီအစဉ်မှာ နန်ကျင်းဆောက်လုပ်ရေး ပြခန်းသို့ သွားကြဖို့ဖြစ်သော်လည်း အချိန်မရတော့ပါ။ သွက်သွက်သွား၊ မြန်မြန်ကြည့်၊ ချက်ချင်းပြန် အသော့နှင်ကြရတော့သည်။ ခရီးဆက်ရဦးမည်လေ။ ဒီတစ်ခါ ရှေ့ခရီးမှာ အန်ဟွေးပြည်နယ်၊ ချီကျိုးမြို့။

ဒီတစ်ခါ ခရီးစဉ်မှာ မီးရထားမဟုတ်။ ဗင်ကား။ ဗင်ကား အငြိမ့်တွင် အတော်များများ အိပ်ငိုက်နေကြသည့်တိုင် စာရေးသူမှာ အိပ်စက်ဖို့မေ့နေမိသည်။ စိတ်မှတ်က ငယ်ငယ်က ဖတ်ခဲ့ဖူးသော ဝတ္ထုတစ်ပုဒ်ကို ပြန်သတိရရင်း မနက်က စကားလက်ဆုံ ကျခဲ့သော ကျန်းမိန်းကလေးကို ပြန်မြင်နေသည်။

ဆရာ လူထုစိန်ဝင်း (ဝင်းဇော်အမည်ဖြင့်) ဘာသာပြန်ခဲ့သော တရုတ်ဝတ္ထုတစ်ပုဒ် ရှိသည်။ 'အလံမလှဲစတမ်း'။ ထိုဝတ္ထုထဲမှ အမျိုးသမီးဇာတ်လိုက် 'ချောအိမန်'ဆိုလျှင် မြန်မာလူငယ်တွေ အတော်စွဲခဲ့ကြဖူးသည်။ (ထိုအမည်ကို ကလောင်အမည်ယူထားသော စာရေးဆရာမ တစ်ဦးပင် ရှိသည်) ကျွန်တော် ကွန်မြူနစ်တရုတ်ပြည်ကြီးတွင်တွေ့ခဲ့ရသည်ကား။ နီသော၊ ပြတ်သော၊ အလံမလှဲသော တော်လှန်ရေး မယ်ချောအိမန် မဟုတ်။ လှသော၊ တက်သော၊ စမတ်ကျသော၊ ပညာတတ် မိန်းကလေး ကျန်းယင်းဟွာ ဖြစ်ပေသည်တကား။ ။

(ဆက်လက်ဖော်ပြပါမည်)

JOKE

### အရေးပေါ်အခြေအနေ

ဩစတြေးလျနိုင်ငံတွင် ခရီးသည်တင် လေယာဉ်တစ်စီး ပျံသန်းနေစဉ် ရုတ်တရက်လေယာဉ်တုန်ခါမှု များပြားလာသဖြင့် လေယာဉ်မှူးက အရေးပေါ် ဆင်းသက်ရန် ဆုံးဖြတ်လိုက်ပြီး လုံခြုံရေးခါးပတ်များပတ်ကြရန် အချက်ပေးခလုတ်ကို နှိပ်ထားလိုက်သည်။

ထိုအချိန်မှာပင် လေယာဉ်တုန်ခါမှု ချက်ချင်းဆိုသလို ရပ်သွားပြီး အမျိုးသားတစ်ဦး လေယာဉ်၏ရေအိမ်ထဲမှ ထွက်လာကာ ကျန်းမာရေးအတွက် အိမ်သာထဲ၌ ရှူရှူလေးပေြးနေကြောင်း ပြောပါသည်။

### သွားသုံးချောင်း

သွားဆရာဝန်က လူနာအား အောက်ပါအတိုင်း မေးမြန်းပါသည်။

"ဖြစ်ရလေဗျာ၊ ခင်ဗျားသွားသုံးချောင်းစလုံး ဘယ်လိုလုပ် တစ်ပြိုင်နက်တည်း ကျိုးသွားတာလဲ"

"ကျွန်တော့်မိန်းမလေဗျာ ပီဇာမုန့်ကို အရမ်းမာမာကြီး လုပ်ထားတယ်"

"ဟာဗျာ ပီဇာမုန့်က မာလွန်အားကြီးရင် မစားနဲ့ပေါ့ဗျ"

"ဟုတ်တယ်။ အဲဒါကြောင့်ပဲ ကျုပ်သွားတွေ ကျိုးသွားတာပေါ့။ ပီဇာမုန့်ကမာလို့ကျုပ်က မစားဘူးဆိုပြီး ပြောလိုက်လို့မိန်းမက သူလုပ်ကျွေးတာ မစားရကောင်းလားဆိုပြီး လက်သီးနဲ့ ပိတ်ထိုးလိုက်တာ သွားသုံးချောင်း ကျိုးသွားတာပေါ့" ဟု ပြောပါလေတော့သည်။

လည်းပင်း၊ ပုခုံး၊ ခါး၊ ဒေါင်း၊ အဆစ်အမြစ် ရောင်းရမ်းနာကျင် အထူးကု



အိပ်ပျော်ရေးသုခ ပန်းသေရောဂါ သုတ်လွှတ်မြန်ခြင်း အထူးကု



ကုသမှုအကျိုးရှိရန် အာမခံချက်ပေးသည်။
ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈ နာရီထိ
ပိတ်ရက်မရှိ
ဟောင်ကောင်ဆေးကုခန်း
အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၆၁၀၅၁၀

Environment

7 DAY NEWS JOURNAL

Vol.11, No.47 • JANUARY 31 , 2013

# အင်းလေးဟိုတယ်ဇုန်ကိုနေရာပြောင်းရွှေ့ရန် ဒေသခံများ လိုလား

**အိဖြူမွန်၊ ခိုင်ခိုင်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

အင်းလေးကန်ဟိုတယ်ဇုန်ဆောက်လုပ်ရန် မြေယာသိမ်းယူခဲ့ရသောကျေးရွာများက လျော်ကြေးငွေထက် အခြားမြေနေရာတွင် ဟိုတယ်ဇုန်ကိုပြောင်းရွှေ့တည်ဆောက်ရန်ကိုလိုလားလျက်ရှိကြောင်း၊ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းရှိ Homeခန်းမတွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ တောင်းဆိုလိုက်သည်။

အင်းလေးကန်ဒေသရှိ မြေယာများသည် ယခင်ကတည်းက အနိမ့်ဆုံးဈေး တစ်ကေလျှင် ကျပ်သိန်း ၁၀၀ ပေါက်ဈေးရှိခဲ့သော်လည်း ဘိုးဘွားပိုင်မြေများကို ရောင်းဝယ်ခြင်းမပြုခဲ့ကြောင်း၊ ထို့ကြောင့် လျော်ကြေးမည်သည့်ပမာဏမျှပေးပေး လျော်ကြေးငွေထက် ဟိုတယ်ဇုန်ကို အခြားနေရာရွှေ့ကာ အခြားဒေသခံများ မထိခိုက်သော မြေနေရာတွင် အကောင်အထည်ဖော်ရန် လိုလားကြောင်းကျေးရွာခြောက်ရွာမှကိုယ်စားလှယ်များနှင့် ရွာဦးကျောင်းဆရာတော်များက တညီတညွတ်တည်း ပြောသည်။

“လျော်ကြေးငွေထက် မြေပဲလိုချင်တယ်။ မြေရှိမှ သားစဉ်မြေးဆက် အမွေပေးလို့ရမယ်”ဟု ကန်ဘဲ ကျေးရွာသား ဦးဇော်မင်းက ပြောသည်။

ယခုအဖွဲ့က ယင်းကဲ့သို့ တောင်းဆိုထားသော်လည်း လက်ရှိအခြေအနေတွင် အင်းလေးကန်ဟိုတယ်ဇုန်ဒေသ၌ သီးနှံလျော်ကြေးများကို ဇန်နဝါရီလ ၁၇ ရက်က ကျေးရွာခြောက်ရွာအား ပေးလျော်ခဲ့ပြီး မြေလျော်ကြေးပေးရန်သာ ကျန်ရှိတော့ကြောင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ရှမ်းပြည်နယ် အစိုးရအဖွဲ့က မှန်ကန်ရမယ်။ မျှမျှတတနဲ့ win win ဖြစ်ရမယ်။ ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်ရမယ် စတဲ့ အချက်သုံးချက်နဲ့ ဆောင်ရွက်ခဲ့တာကြောင့် စီမံကိန်းကို တောင်းဆိုသလိုမျိုး နေရာရွှေ့ပြောင်းပေးဖို့ အစီအစဉ်မရှိပါဘူး။ ဒါပေမဲ့လည်း တစ်ဖက်က ဒေသခံတွေအနေနဲ့ အင်းလေးဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ပြီးနားလည်ပေးပါလို့ ပြောချင်ပါတယ်” ဟု ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးရဲနိုင်အောင်က ပြောသည်။

# ရာသီဥတုပြောင်းလဲမှုက မြန်မာနိုင်ငံရှိ ဆင်များကို ခြိမ်းခြောက်နေ



ဓာတ်ပုံ - mpmurthy.wordpress.com

**ရန်ကုန်၊ဇန်နဝါရီ- ၂၆**

မြန်မာနိုင်ငံမှ ဆင်ရိုင်းများမှာ အစွယ်နှင့် အသားအတွက် ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ သစ်တောပြုန်းတီးမှုကြောင့် နေစရာပျောက်ဆုံးလာခြင်းများအပြင် ရာသီဥတုပြောင်းလဲမှုကြောင့်ပါ အသက်ရှင်သန်ရေး ရုန်းကန်နေရသည်ဟု သုတေသနအသစ်တစ်ရပ်က ဖော်ပြသည်။

‘ရာသီဥတု ပြောင်းလဲမှုကြောင့် အပူချိန်ဒီဂရီအနည်းငယ်မြင့်တက်ခဲ့မယ်ဆိုရင်တောင်မှ ဒီဆင်တွေရဲ့ အသက်ရှင်သန်နိုင်မှုကိုသိသိသာသာလျော့ကျသွားစေနိုင်ပါတယ်’ဟု ရှက်ဖီးလ်ဒ်တက္ကသိုလ်မှ ဟန်နာမန်ဘီ ဦးဆောင်သောသုတေသနတွင်ဖော်ပြသည်။

ရာသီဥတုပြောင်းလဲမှုကြောင့်ဆင်ရိုင်း အရေအတွက်ကို သိသိသာသာ ထိခိုက်နိုင်ကြောင်း သုတေသနက လေ့လာတင်ပြထားသည်။

မြန်မာနိုင်ငံ နေရာဒေသလေးခုမှ ဆင်ကောင်ရေ ၁,၀၀၀ ကျော်အား နှစ်ပေါင်း ၄၀ နီးပါး စုဆောင်းရရှိသော အချက်အလက်များကို အသုံးပြု၍ လအလိုက် ရာသီဥတု အပြောင်းအလဲများကြောင့် ယင်းအာရှဆင်များ အသက်ရှင်မှု၊ သေဆုံးမှုတို့ကို သုတေသီများက လေ့လာခဲ့ကြသည်။

တစ်လသားမှ အသက် ၁၇ နှစ်ရှိ ဆင်ကြီးများအထိ အပူချိန် ၂၄ ဒီဂရီစင်တီဂရိတ် (၇၅ ဒီဂရီဖာရင်ဟိုက်)မှာ ရှင်သန်မှုနှုန်း အမြင့်မားဆုံးဖြစ်ပြီး ယင်းထက်ပိုသော အပူချိန်မှတ်များတွင် သေဆုံးမှုနှုန်းမြင့်မားလာကြောင်း သုတေသနက တွေ့ရှိခဲ့ကြသည်။

ရာသီဥတုအေးချိန်တွင် ဆင်များသေဆုံးမှု ရှိသော်လည်း အပူချိန်မြင့်မားချိန်များကဲ့သို့ အရေအတွက်မများကြောင်း၊ ထို့အပြင် အပူများချိန်၌ ဆင်များ သေဆုံးရခြင်းအကြောင်းရင်းမှာ ကူးစက်နေရာများနှင့် အပူရှိန်ကြောင့် လေဖြတ်ခြင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု သုတေသီများက ရှင်းလင်းထားသည်။ ထို့အတွက် ရာသီဥတုပြောင်းလဲခြင်းမှနေ၍ ကူးစက်ရောဂါ ပြန့်ပွားခြင်း၊ မိုးခေါင်ရေရှားဖြစ်ခြင်း သန့်ရှင်းသော ရေရရှိမှု အကန့်အသတ်ရှိလာခြင်းများ ဖြစ်ပေါ်ကာ ဆင်များ၏ အသက်ရှင်မှုကို ထိခိုက်မည်ဟု သုတေသနတွင် ဖော်ပြသည်။

မြန်မာနိုင်ငံတည်ရှိရာဒေသမှာ နောင်လာမည့်နှစ်ပေါင်း ၃၀ နှင့် ၄၀ အတွင်း အပူချိန် ၀ ဒသမ ၁ ဒီဂရီမှ ၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာမည်ဟု ဟောကိန်းထုတ်ထားပြီး မိုးရွာသွန်းသော လများလည်း လျော့နည်းလာမည်ဟု မျှော်လင့်ထားသဖြင့် ယင်းအခြေအနေများမှာ အာရှဆင်များအတွက် အလားအလာမကောင်းနိုင်ဟု သုတေသနကဆိုထားပါသည်။

-Ref: Environment News Network

# နာဂဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် UNDP က ဒေါ်လာသုံးသိန်းထောက်ပံ့မည်

**အိဖြူမွန်**

**ရန်ကုန်၊**

**ဇန်နဝါရီ-၂၅**

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP)က ကန်ဒေါ်လာသုံးသိန်းထောက်ပံ့မည်ဖြစ်ကြောင်း UNDP (ရန်ကုန်) ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်ယာရွှေ့ပြောင်း စိုက်ပျိုးသော ဒေသခံများအား ပညာပေးခြင်း၊ သစ်တော သစ်ပင်ထိန်းသိမ်းခြင်း နည်းပညာနှင့် နည်းလမ်းများပေးခြင်း၊ သစ်ပင်ထိန်းသိမ်းသော ဒေသခံများ၏ စားဝတ်နေရေး ထောက်ပံ့ခြင်းစသော အစီအစဉ်များကို စီမံကိန်းကာလ နှစ်နှစ်အတွင်း လုပ်ကိုင်ပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

“REDD လုပ်ဆောင်ရမယ့် ခေါင်းစဉ်ကနေ လုပ်ပေးတာပါ။ လုပ်ဆောင်ပေးတဲ့ အရာအားလုံးက REDD နဲ့ ပတ်သက်မှု ရှိပါတယ်။ ဘယ်အချိန်ဆိုတာတော့ အုပ်ချုပ်ခွင့် ဒေသက အကြီးအကဲတွေနဲ့ ညှိနှိုင်းပြီးတော့မှ ပြောလိုရမယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ဒေသသည် ဆင်းရဲသော ဒေသများတွင်ပါဝင်သောကြောင့် အကူအညီများလည်း များစွာလိုအပ်နေကာ အကူအညီများရမည်ဆိုပါက ကြိုဆိုပါကြောင်း နာဂ ကိုယ်ပိုင်အုပ်ချုပ်ဒေသ ဥက္ကဋ္ဌ ရူဆံကြူးက ပြောသည်။

“အခုအချိန်ထိတော့ မဆက်သွယ်သေးဘူး။ လာမယ်ဆိုရင်တော့ အရမ်းကို ဝမ်းသာပါတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ထိုဒေသတွင် လူနေနည်းပါးပြီး၊ တောတောင်များ ပေါ်များကာ သစ်တော ပျက်စီးဆုံးရှုံးမှု နည်းပါးသော ဒေသတစ်ခုလည်း ဖြစ်သည်။ ဝန်ကြီးဌာနမှ ကြိုးဝိုင်း၊ ကြိုးပြင်၊ ဘေးမဲ့တောမသတ်မှတ်ရသေးသော အပတော(တောကောင်း) ခန့်မှန်းခြေ ဧက ၅,၀၀၀ ကျော် ကျန်ရှိနေသေးကြောင်း ဥက္ကဋ္ဌရူဆံကြူးက ပြောသည်။

# တပ်မတော်ယာဉ်တစ်စီးအား စစ်ဆေးရာမှ တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်များဖမ်းမိ

**ရန်နိုင်ကျော်**

**မုံရွာ၊**

**ဇန်နဝါရီ- ၂၆**

မုံရွာမြို့နယ် အလုံတပ်မြို့တောင်ဘက် ချင်းတွင်းတံတား(မုံရွာ)အရှေ့ဘက် တန်ပိုဂိတ်အနီး သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များက ဇန်နဝါရီ ၁၈ ရက် ည ၈ နာရီခွဲအချိန်တွင် တပ်မတော်မော်တော်ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာ တရားမဝင် သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားများအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ပိုင်ရှင်အား မုံရွာမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

ဖြစ်စဉ်မှာ တပ်မတော်သုံး ယာဉ်ဖြင့် တရားမဝင် ကျွန်းသစ်များသယ်ဆောင်လာကြောင်း သတင်းအရ မုံရွာခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့၊ အလုံတပ်မြို့ရဲစခန်းမှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန တာဝန်ရှိသူများ ပူးပေါင်း၍ ချင်းတွင်းတံတား (မုံရွာ)အရှေ့ဘက် တန်ပိုဂိတ်အနီး စောင့်ဆိုင်းစဉ် တပ်မတော်သုံး ဟီးနိုးယာဉ်တစ်စီးအား မောင်းနှင်လာသည်ကို ရပ်တန့်စစ်ဆေးခဲ့ရာ တရားမဝင် တင်ဆောင်လာသော ကျွန်းသစ်များ တွေ့ရှိခဲ့ရကြောင်း သတင်းရရှိသည်။

အဆိုပါ ယာဉ်သည် ထပရ (၉၂၉)တပ်မှ ဒုတပ်ကြပ် တစ်ဦး မောင်းနှင်လာပြီး မော်တော်ယာဉ်ပေါ်မှ တရားမဝင် ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၁၁ ချောင်း ၂ ဒသမ ၅၂၈၈ တန်အား ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင် သယ်ဆောင်လာသော ကျွန်းတုံးနှင့် ကျွန်းခွဲသားများ ပိုင်ရှင်မှာ မုံရွာမြို့ သလ္လာမြို့သစ်ရပ်ကွက်၊ နယ်မြေ (၆) တွင်နေထိုင်သော မြင့်ဌေး၏ ပစ္စည်းများဖြစ်ကြောင်း ပုလဲမြို့နယ် ပုထိုးသာကျေးရွာမှ သယ်ဆောင်လာခြင်းဖြစ်ကြောင်း ယာဉ်မောင်း၏ ထွက်ဆိုချက်များအရ တရားမဝင် ကျွန်းသစ် သယ်ဆောင်သူ မြင့်ဌေး (၅၀ နှစ်) (ဘ) ဦးမြင့်စိုး၊ အရောင်းအဝယ် နယ်မြေ ၆ သလ္လာရပ်ကွက် မုံရွာမြို့နေသူအား မုံရွာမြို့နယ် အမှတ်(၁) ရဲတပ်ဖွဲ့စခန်း (ပ) အမှတ် ၆၄/၂၀၁၃အရ အမှုဖွင့်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ တရားမဝင်ကျွန်းသစ်များ သယ်ဆောင်လာသူ ထပရ (၉၂၉)တပ်မှ ယာဉ်မောင်းအား စစ်တပ်စည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတပ် တော်တပ်ထိန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# Tourism

7 DAY NEWS JOURNAL

Vol.11, No.47 • JANUARY 31 , 2013

## ကျိုက်ထီးရိုးဘုရား မဖူးမြော်ရ၍ ခရီးသွားများ မချင့်မရဲဖြစ်

**ရဲနောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**

ကျိုက်ထီးရိုးဘုရားအား သုံးနှစ်တစ်ကြိမ်ပြုလုပ်သော ရွှေသင်္ကန်းကပ်လှူရန် ဆောင်ရွက်နေမှုများကြောင့် လာရောက်ကြသော နိုင်ငံခြားခရီးသွားနှင့် ပြည်တွင်းဧည့်သည်များမှာ ထူးခြားအံ့သြဖွယ်ဖြစ်သည့် ဘုရားအား မြင်တွေ့ဖူးမြော်ခွင့်ရနိုင်မည် မဟုတ်ကြောင်း နိုင်ငံခြား ခရီးသွားဧည့်သည်ဝန်ဆောင်မှု ကုမ္ပဏီများထံမှ သတင်းရရှိသည်။

ကျိုက်ထီးရိုးဘုရားရွှေသင်္ကန်းကပ်လှူရန် ပတ်ပတ်လည်တွင် ဖျာများ ကာရံခြင်းကို ဇန်နဝါရီ ၂၅ ရက်က အပြီးကာရံလိုက်ပြီး ကြိုတင် သိရှိထားခြင်းမရှိဘဲ လာရောက်ကြသောနိုင်ငံခြားခရီးသွားများနှင့် ပြည်တွင်းခရီးသွားများမှာ စိတ်မကျေနပ်ခဲ့ကြကြောင်း မကြာမီက ဘုရားဖူးပြန်လာသူ တစ်ဦးက ပြောသည်။

ယခုကဲ့သို့ရွှေသင်္ကန်းကပ်လှူသော အချိန်မျိုးတွင် လာရောက်ကြသော နိုင်ငံခြား ခရီးသွားဧည့်သည်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းဒုဥက္ကဋ္ဌ ဦးဇော်ဝင်းချိုက "ဧည့်သည်တွေအတွက် ဘယ်အဆင်ပြေနိုင်ပါ့မလဲ၊ လာရကျိုး မနပ်ဘူးပေါ့။ ပွင့်လင်းရာသီမှာ မလုပ် သင့်ဘူး" ဟု ပြောသည်။

"ထိုင်းဧည့်သည်တွေက ဒီရက်တွေမှာ အရမ်းများတယ်။ အများစုက အုံ့ဖွယ်တစ်ခုအနေနဲ့လာကြတာ။ အဲဒါကြီးကာနေတဲ့ အတွက် ဧည့်သည်တွေ အရမ်းစိတ်ပျက်ရတယ်" ဟု ထိုင်းဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် ဗုဒ္ဓဘာသာ အဆောက်အအုံများကို စိတ်ဝင်တစား လာရောက်လေ့လာသောအခါအဓိကဖြစ်သော ဘုရားကို မြင်ချင်ကြပြီး ဂေါပကအဖွဲ့က ရွှေသင်္ကန်းကပ်လှူမည့်ရက်ကို ကြိုတင်၍ အတိအကျ ထုတ်ပြန်ပေးပါက ခရီးစဉ်များ အပြောင်းအလဲပြုလုပ်၍ ခရီးသွားလေ့လာသူများ အဆင်ပြေစေရန် ဆောင်ရွက်၍ ရနိုင်သည်ဟု Bagan Princess ခရီးသွား ဝန်ဆောင်မှု ကုမ္ပဏီမှ တာဝန်ရှိသူဒေါ်အေးအေးကပြောကြားသည်။

"အဓိကကတော့ Golden Rock ကို ကြည့်ချင်လို့လာတာ။ ကြည့်ခွင့်ရမယ်ဆိုရင် ပိုပြီးတော့ ပြည့်စုံတဲ့ စိတ်ကျေနပ်မှု ဖြစ်မှာပေါ့" ဟု ဒေါ်အေးအေးက ပြောသည်။

ပွင့်လင်းရာသီတွင် ရွှေသင်္ကန်း ကပ်လှူသည့်အတွက် ဗုဒ္ဓဘာသာ ဘုရားဖူးများအနေဖြင့် အလှူငွေပို၍ ပါဝင်လှူဒါန်းနိုင်ပြီး အလှူငွေရရှိမှုလည်း အဆင်ပြေနိုင်သည်ဟု ကျိုက်ထီးရိုးခရီးသွား မြန်မာအမျိုးသမီးတစ်ဦးက ပြောသည်။ ၂၀၁၂ခုနှစ်တွင်ကျိုက်ထီးရိုးဘုရားသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည် သုံးသောင်းခွဲနီးပါး လာရောက်ဖူးမြော်လေ့လာခဲ့သည်။



ရွှေသင်္ကန်းကပ်လှူရန် ပြမ်းများကာရံထားသော ကျိုက်ထီးရိုးဆံတော်ရှင်နှင့် ဘုရားဖူးများကို ဇန်နဝါရီ ၂၅ ရက်က တွေ့ရစဉ် ဓာတ်ပုံ - sstm

## ထိုင်းဧည့်လမ်းညွှန်များမလုံလောက်

**ခန့်ထက်**

**ရန်ကုန်၊ဇန်နဝါရီ-၂၃**

ရန်ကုန်လေဆိပ်မှတစ်ဆင့်မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားဧည့်သည်များတွင် ထိုင်းနိုင်ငံသား အများဆုံးဖြစ်ပြီး ထိုင်းဧည့်လမ်းညွှန်များ လုံလောက်မှုမရှိသေးကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း၏ တာဝန်ရှိသူ ဒေါ်စံကားဝါစိုးကပြောသည်။

၂၀၁၂ ခုနှစ်အတွင်း ရန်ကုန်လေဆိပ်သို့ ထိုင်း ဧည့်သည် ၉၁,၈၁၇ ဦး ဝင်ရောက်ခဲ့ကြောင်း ယင်းလေဆိပ်၏ စာရင်းများအရ သိရသည်။

လက်ရှိအချိန်တွင်ပြည်တွင်း၌ မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များ အသင်းသို့စာရင်းသွင်းထားသော ထိုင်းခရီးသွား ဧည့်လမ်းညွှန် ၇၀ ကျော်ရှိနေပြီး အရေအတွက်အားဖြင့်နည်းပါးနေသေးကြောင်း ထိုင်းဧည့်လမ်းညွှန်များ အဖွဲ့ခေါင်းဆောင် ဒေါ်စကားဝါစိုးက ပြောကြားသည်။

"ထိုင်းက မြန်မာနိုင်ငံနဲ့နယ်နိမိတ်ချင်း ထိစပ်နေတဲ့ နိုင်ငံဖြစ်တဲ့အတွက် အလာများကြတယ်။ ဒါကြောင့် ပြည်တွင်းမှာ ထိုင်းဧည့်လမ်းညွှန်များများရှိနေဖို့လိုတယ်" ဟု ဒေါ်စံကားဝါစိုးက ပြောကြားသည်။

ထိုင်းလူမျိုး အများစုသည် ရန်ကုန်မြို့ရှိ ရွှေတိဂုံနှင့် ဗိုလ်တထောင်စေတီများသို့ အဓိကသွားကြပြီး အဓိဋ္ဌာန် ဝင်ရန်အတွက် သွားလေ့ရှိကြောင်း ထိုင်းခရီးသွား ဧည့်လမ်းညွှန်တစ်ဦးကဆိုသည်။

ထိုင်းလူမျိုးများသည် ရန်ကုန်သို့ လေကြောင်းဝင်ပေါက်မှ တစ်ရက်လျှင် ပျမ်းမျှလူဦးရေ ၂၀၀ ကျော်ဝင်ရောက်ပြီး တစ်လလျှင် ပျမ်းမျှ ခုနစ်ထောင်ကျော် ဝင်ရောက်လျက်ရှိကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ သတင်းရရှိသည်။

ထို့အပြင် ရန်ကုန်လေဆိပ်သို့ ပြီးခဲ့သည့် နှစ်အတွင်း ဒုတိယအများဆုံးအဖြစ် ဂျပန် လူမျိုး ၄၅,၀၀၀ ကျော် ဝင်ရောက်ပြီး တတိယ အများဆုံးအဖြစ် တရုတ်လူမျိုး ၄၀,၀၀၀ ကျော် ဝင်ရောက်ခဲ့သည်။



7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

The Cartoon Logo



























7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ကမ္ဘောဒီးယားတွင် ငှက်တုပ်ကွေးကြောင့် လူနှစ်ဦးသေဆုံး

**ဖနွမ်းပင်၊ဇန်နဝါရီ-၂၆**

ကမ္ဘောဒီးယားနိုင်ငံသားနှစ်ဦး သည် ငှက်တုပ်ကွေးရောဂါ ကူး စက်ခံထားရသောကြက်သားစား သုံးရန် ပြင်ဆင်ရာမှ ယင်းရောဂါ ဖြင့် သေဆုံးသွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က အတည်ပြုပြောကြားသည်။

အဆိုပါသေဆုံးသူနှစ်ဦးမှာ ၁၅ နှစ်အရွယ်မိန်းကလေးတစ်ဦး နှင့် အသက် ၃၅ နှစ်အရွယ် အမျိုး သားတစ်ဦးဖြစ်ပြီး H5N1 ဗိုင်း ရပ်စ် ကူးစက်ခံရမှုဖြင့် သေဆုံးရ ခြင်းဖြစ်သည်ဟု ကမ္ဘောဒီးယား ကျန်းမာရေးဌာနနှင့် ပူးတွဲထုတ် ပြန်သော ကြေညာချက်ထဲတွင် WHO က ဖော်ပြထားသည်။ ဖ နွမ်းပင်တွင် ဇန်နဝါရီ ၉ ရက်က လည်း H5N1 ရောဂါကူးစက်ခံရ သော ရှစ်လသားအရွယ် ကလေး ငယ်တစ်ဦး ဆေးရုံရောက်ခဲ့ပြီး နောက်ပိုင်းတွင် ကုသမှုကြောင့် ပြန်ကောင်းခဲ့ကြောင်း ကြေညာ ချက်က ဖော်ပြထားသည်။

ကမ္ဘောဒီးယားတွင်ငှက်တုပ် ကွေးရောဂါပိုး ကူးစက်ခံရမှုမှာ ၂၀၀၃ မှစ၍ ၂၄ မှုရှိခဲ့ပြီး ယင်းမှ လူသုံးဦးမှာ သေဆုံးခဲ့ရသည်။ WHO ၏ စာရင်းများအရ ယင်း H5N1 ဗိုင်းရပ်စ်ကြောင့် ၂၀၀၃ မှ စ၍ ကမ္ဘာတစ်ဝန်း သေဆုံးသူ ၃၆၂ ဦးရှိပြီဖြစ်ကြောင်း သိရ သည်။ —*Ref: AFP*



Photo - AFP

*ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ ဈေးတစ်ခုတွင် အလုပ်သမားတစ်ဦးကြက်များသယ်ယူသွားစဉ်။ ရောဂါရှိသောကြက်တစ်ကောင်အားပြင်ဆင်ချက် ပြုတ်ပြီးနောက် ၃၅ နှစ်အရွယ် အမျိုးသားနှင့် ၁၅ နှစ်အရွယ်မိန်းကလေးတစ်ဦးကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးခဲ့သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြီးက ပြောကြားသည်။*

# အရှေ့တောင်အာရှတွင် အစ္စလာမ်မစ်စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုကို ပူးပေါင်းနှိမ်နင်းနိုင်ခဲ့ဟု မလေးရှားဝန်ကြီးချုပ်ပြော

**ဒါးဗို့စ်၊ဇန်နဝါရီ-၂၆**



အရှေ့တောင်အာရှဒေသအတွင်း အစ္စလာမ်မစ်စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုကို ဒေသတွင်းနိုင်ငံ များ၏ ပူးပေါင်းအားထုတ်မှု ကြောင့်မိမိတို့နှိမ်နင်းနိုင်ခဲ့ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာ ဇက်က ပြောကြားလိုက်သည်။

ဒါးဗို့စ်မြို့၌ ပြုလုပ်သော ကမ္ဘာ့စီးပွားရေးဖိုရမ်၌ဝန်ကြီးချုပ် ရာဇက်က အာဆီယံဒေသတွင်း အင်ဒိုနီးရှား၊ ဖိလစ်ပိုင် အပါအဝင် အခြားနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့မှုများက ဒေသတွင်း ၌ အယ်လ်ကိုင်ဒါဆက်နွယ်သော အကြမ်းဖက်အုပ်စုများကို နှိမ်နင်း ရေးတွင် အကူအညီရခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်က "အစ္စလာမ် မစ်စစ်သွေးကြွတွေရဲ့ ခြိမ်းခြောက် မှုတစ်ခုလုံးဟာ နောက်ပြန်ဆုတ် သွားပြီလို့ ကျွန်တော်ထင်ပါတယ်။ သူတို့အများစုဟာ ကျွန်တော်တို့ နောက်မှာ ရှိနေတာပါ။ ကျွန်တော် တို့ဟာ အစွန်းရောက်အစ္စလာမ် မစ်တွေနဲ့ ပတ်သက်ခဲ့ရတယ်လို့ ထင်ပါတယ်"ဟု ပြောသည်။

၎င်းက မလေးရှားသည် ဖိ လစ်ပိုင်တောင်ပိုင်းမှ မွတ်ဆလင် သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေး နွေးပွဲများကို လက်ခံကျင်းပပေးခဲ့ ပြီး ဒေသတွင်း နိုင်ငံတကာငြိမ်း ချမ်းရေး ထိန်းသိမ်းမှု စောင့်ကြည့် ရေးတွင်လည်း တပ်ဖွဲ့ဝင်များ ချ ထားပေးခဲ့ကြောင်း ဆိုသည်။ ဖိ လစ်ပိုင်သည် ၁၉၇၀ နှစ်များမှစ၍ နိုင်ငံတောင်ပိုင်းတွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်အတွက် တိုက်ပွဲဝင် နေသော မိုရိုအစ္စလာမ်မစ်လွတ် မြောက်ရေးတပ်ဦး MILF နှင့် ပြီး ခဲ့သောနှစ် အောက်တိုဘာတွင် ငြိမ်းချမ်းရေးသဘောတူညီချက် ချုပ်ဆိုနိုင်ခဲ့သည်။ မလေးရှား သည်လည်း အရှေ့တောင်အာရှ တွင် အစ္စလာမ်မစ်စစ်သွေးကြွများ ၏ ခြိမ်းခြောက်မှုခံရသော နိုင်ငံ များထဲမှ တစ်ခုဖြစ်ပြီး ၎င်းတို့ကို အင်ဒိုနီးရှားတွင် ဘာလီဗုံးခွဲမှု ပြု လုပ်ခဲ့သော ဂျမားအစ္စလာမ်မီး ယားအဖွဲ့က အဓိကခြိမ်းခြောက် ခဲ့သည်။ —*Ref: AFP*

# ဂျပန်နိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး နျူစက်ရုံ အသစ်ပြဋ္ဌာန်းသည့် စံနှုန်းသစ်များကြောင့် ပိတ်ရဖွယ်ရှိ

**တိုကျို၊ဇန်နဝါရီ-၂၆**

ကမ္ဘာတွင် အကြီးမားဆုံး နျူခါတ် အားပေးစက်ရုံဟု သတ်မှတ်ခံရ သော ဂျပန်အလယ်ပိုင်းရှိ ကာရှီ ဝါဇာကီကာရီဝါစက်ရုံသည် ငလျင်ဒဏ်ပြဿနာများကြောင့် အသစ်ပြဋ္ဌာန်းထားသော ဂျပန်နျူ စွမ်းအင်သုံးစွဲမှု စောင့်ကြည့်ရေး အဖွဲ့သစ်၏ တင်းကျပ်သောစံနှုန်း များအရ ပိတ်သိမ်းရဖွယ်ရှိနေ ကြောင်း သိရသည်။

အဆိုပါစက်ရုံသည် ငလျင် ကြောနှင့် မလွတ်ဖြစ်နေပြီး အောက်ခြေတွင် လှုပ်ရှားနေသော ပြတ်ရွေ့လှိုင်းတစ်ခုရှိနေကြောင်း ဆိုသည်။ ဂျပန်နျူကလီးယားထိန်း ချုပ်ရေး အာဏာပိုင်အဖွဲ့သည် ယင်းပြတ်ရွေ့လှိုင်းအရှင် Active Fault တစ်ခု၏ သက်တမ်းကို လက်ရှိသတ်မှတ်ထားသော နှစ် ၁၂၀,၀၀၀ မှ ၁၃၀,၀၀၀ ကာလအ တွင်း ပြန်လှုပ်ရှားနိုင်ကြောင်း သတ်မှတ်ထားရာမှ နှစ်ပိုတိုးကာ နှစ် ၄၀၀,၀၀၀ ကာလအတွင်းဟု ပြန်လည်သတ်မှတ်ရန် ပြင်ဆင် နေသည်။

ဂျပန်သတင်းစာ ယိုမီယူရီ ရှင်မ်ဘွန်းတွင်ပါဝင်ခဲ့သောသတင်း တစ်ပုဒ်အရ စက်ရုံ၏ နျူခါတ် ပေါင်းဖိုများအောက် မြေကြီး တွင်း၌ လှုပ်ရှားမှုမရှိတော့သည့် ပြတ်ရွေ့ကြောအသေနှစ်ခု အထိ အနည်းဆုံး ရှိနေနိုင်ကြောင်း ဖော်ပြထားသည်။ အဆိုပါ ခါတ် ပေါင်းဖိုနှစ်လုံးကို ငလျင်ပညာရှင် များက လေ့လာဆန်းစစ်ထားပြီး နောက်ပိုင်းတွင်လည်း လည်ပတ် နေသည်။ ၂၀၁၁ တွင် ဂျပန်အရှေ့ မြောက်ကမ်းရိုးတန်း၌ လှုပ်ခဲ့ သော ပြင်းအား ၉ ဒသမ ၀ မဂ္ဂနီ ကျုဒ်အဆင့်ရှိ ငလျင်ကြောင့် ဆူ နာမီဖြစ်ပေါ်ပြီး လူပေါင်း ၁၉,၀၀၀ သေဆုံးခဲ့ရာ ဖူကူရှီးမားနျူစက်ရုံ ကိုလည်း ပိတ်ပစ်ပြီး အရေးပေါ် အခြေအနေ ကြေညာခဲ့ရသည်။ —*Ref: AFP*



7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

နောက်ကျောဖုံး မှ

## နျူပုံးဖောက်ခွဲစမ်းသပ်ရန် မြောက်ကိုရီးယား အသင့်ပြင်ထားဟု ဂြိုဟ်တုဓာတ်ပုံများတွင် ဖော်ပြ



ထပ်မံပြုလုပ်မည်ဟု ခြိမ်းခြောက်ပြီးနောက်တွင် မြောက်ကိုရီးယားကို ဂြိုဟ်တုမှ လေ့လာမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မကြာမီက စစ်တပ်အကြီးအကဲ ယွန်ယောင်ချိုု ထောက်လှမ်းရေးအကြီးအကဲ ကင်ဝမ်ဟောင်၊ ပေါ်လစ်ဗျူရို စစ်ရေးအကြီးအကဲ ချိုယန်ဟေးတို့နှင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး အရေးကြီးသောနိုင်ငံတော်ကိစ္စများဆွေးနွေးခဲ့သည်ဟု ပြုံယမ်း၏ နိုင်ငံပိုင်ရုပ်သံတွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သောအပတ်က ချမှတ်ခဲ့သည့် ကုလ၏မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများတွင်နောက်ထပ်နျူစမ်းသပ်မှုထပ်မံပြုလုပ်ပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဟု ဖော်ပြပါရှိသည်။ မြောက်ကိုရီးယားသည် ၂၀၀၆ နှင့် ၂၀၀၉ ခုနှစ်တို့တွင် ဒုံးကျည်ပစ်လွှတ် စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီး နျူစမ်းသပ်မှု တစ်ကြိမ်လည်း ပြုလုပ်ခဲ့သည်။

—*Ref: AFP*

## Leader's Profile

# ဖောက်စ်ဝက်ဂွန်ကုမ္ပဏီဥက္ကဋ္ဌ မာတင်ဝင်တာကွန်



ရဲမင်း

မစ္စတာမာတင်ဝင်တာကွန်သည် ဖောက်စ်ဝက်ကွန်ကားကုမ္ပဏီအုပ်စု (Volkswagen AG) ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌနှင့် အော်ဒီနှင့်ပိုရှေးကားကုမ္ပဏီများ ကြီးကြပ်ရေးဘုတ်အဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် Volkswagen AG ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ယူခဲ့ပြီး ယင်းမတိုင်မီ Volkswagen အုပ်စု ကုမ္ပဏီခွဲဖြစ်သော Andi AG ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ဝင်တာကွန်သည် ဂျာမနီနိုင်ငံ လီယွန်ဘာ့ဂ်မြို့တွင် မွေးဖွားခဲ့သည်။ ၁၉၉၆ မှ ၁၉၇၃ ခုနှစ်အထိ သတ္တုဗေဒနှင့် သတ္တုရူပဗေဒ အထူးပြုဘာသာရပ်ဖြင့် စတုဂတ်တက္ကသိုလ်တွင် သင်ယူခဲ့သည်။ ၁၉၇၃ မှ ၁၉၇၇ ခုနှစ်အထိ Max-Plank အင်စတီကျူဒ်ရှိ သတ္တုသုတေသနနှင့် သတ္တုရူပဗေဒဌာနတွင် တက်ရောက်၍ ဒေါက်တာဘွဲ့ ရရှိခဲ့သည်။

သတ္တုဒေါက်တာဘွဲ့ ရရှိပြီးနောက် မစ္စတာဝင်တာကွန်သည် Robert Bosch ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစဉ်အင်ဂျင်နီယာဌာန၌ လက်ထောက် ကျွမ်းကျင်ပညာရှင်အဖြစ် တာဝန်ယူရသည်။ ထို့နောက် ၁၉၇၇ မှ ၁၉၈၁ ခုနှစ်အတွင်း သုံးစွဲပစ္စည်းနှင့် လုပ်ငန်းစဉ်များဌာနကို ဦးဆောင်သည်။

၁၉၈၁ ခုနှစ်တွင်မူ မစ္စတာဝင်တာကွန်သည် Audi ကားကုမ္ပဏီတွင် ပြောင်းရွှေ့လုပ်ကိုင်ကာ အရည်အသွေးအာမခံဌာန လက်ထောက်ဘုတ်အဖွဲ့ဝင်ဖြစ်လာသည်။ ယင်းကုမ္ပဏီမှာပင် Measuring Technology and Sampling ဌာနအကြီးအကဲနေရာ ရရှိလာသည်။ ၁၉၈၈ ခုနှစ်မှစ၍ အရည်အသွေးအာမခံ ဗဟိုဌာန မန်နေဂျာအဖြစ် တာဝန်ယူခဲ့သည်။

၁၉၉၃ ခုနှစ်တွင် မစ္စတာဝင်တာကွန်သည် ဖောက်စ်ဝက်ဂွန်ကားကုမ္ပဏီသို့ ရောက်ရှိလာကာ အုပ်စုတစ်ခုလုံး၏ အရည်အသွေးအာမခံဌာန အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် အထွေထွေမန်နေဂျာဖြစ်လာသည်။ ၁၉၉၅ ခုနှစ်တွင် ဖောက်စ်ဝက်ဂွန်အုပ်စု၏ ထုတ်ကုန်စီမံခန့်ခွဲရေးအတွက် တာဝန်ယူခဲ့သည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင်မူ မစ္စတာဝင်တာကွန်သည် ဖောက်စ်ဝက်ဂွန် ကုမ္ပဏီ၏ အမှတ်တံဆိပ်စီမံခန့်ခွဲရေးဘုတ်အဖွဲ့တွင် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအဖွဲ့ဝင်အဖြစ် ပါဝင်လာသည်။ ၂၀၀၀ ပြည့်နှစ်ဇူလိုင်လတွင်မူ မစ္စတာဝင်တာကွန်သည်ဖောက်စ်ဝက်ဂွန်အုပ်စုတစ်ခုလုံး၏ ဘုတ်အဖွဲ့၌ အဖွဲ့ဝင်တစ်ဦး ဖြစ်လာသည်။

ထို့အပြင်မစ္စတာဝင်တာကွန်သည် ၂၀၀၂ မတ်လ ၁ ရက်နေ့မှစ၍ Audi AG ကားကုမ္ပဏီ အုပ်ချုပ်ရေးဘုတ်အဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၀၃ ဇန်နဝါရီ ၁ ရက်မှ စ၍ Volkswagen AG ၏ အမှုဆောင်အရာရှိချုပ်အဖြစ် စတင်တာဝန်ယူခဲ့ပြီး ဘုတ်အဖွဲ့ဥက္ကဋ္ဌ ရာထူးကိုပါ ရရှိခဲ့သည်။ —*Ref: Wikipedia*

နောက်ကျောဖုံး မှ

## ဘရာဇီးနိုက်ကလပ် မီးလောင် လူ ၂၃၃ ဦး သေဆုံး

"မီးခိုးတွေ အခန်းထဲမှာ ချက်ချင်းပြည့်သွားပြီး အပူရှိန်ကလည်း မခံနိုင်အောင် ဖြစ်လာတယ်"ဟု ဆေးကျောင်းသားတစ်ဦးဖြစ်သူ မူရီလိုတိုင်ချာက ဒေသခံရုပ်သံသတင်းဌာနအား ပြောကြားသည်။

"တစ်ခုတည်းရှိတဲ့ ထွက်ပေါက်ကိုလူတွေက ရှာမတွေ့ဘူး။ အိမ်သာဘက်ကို ထွက်ပေါက်ထင်ပြီး သွားကြလို့ အဲဒီနေရာမှာ အများကြီးပဲသေတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အရေးပေါ်ထွက်ပေါက်မှာလည်း သော့ခတ်ထားပြီး လူအများ စတင်ထွက်ပြေးချိန်တွင် ကလပ်အစောင့်ဝန်ထမ်းများက ထွက်ခွင့်မပေးခဲ့ဘဲ မျက်နှာကြက်မီးလောင်နေသည်ကို တွေ့မှသာ ထွက်ခွင့်ပေးခဲ့ကြောင်း မီးသတ်သမားများကပြောသည်။

အချင်းဖြစ်ပွားရာ ဆန်တာမာရီတာမြို့မှာ တက္ကသိုလ်အများအပြားရှိပြီး ဘရာဇီးနိုင်ငံ၏ ကြွယ်ဝချမ်းသာမှုအရှိဆုံးပြည်နယ်တစ်ခုတွင် တည်ရှိသည်။ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲနှင့် ၂၀၁၆ အိုလံပစ်ပွဲတော်အတွက် လုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေး အစရှိသောလုပ်ငန်းများအတွက် ပြင်ဆင်နေစဉ် ယခုကဲ့သို့ ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

လူဦးရေ ၂၇၅,၀၀၀ နေထိုင်သော ဆန်တာမာရီယာ၏ ကြေကွဲဖွယ်ရာဖြစ်ရပ်တွင်ကယ်ဆယ်ရေးလုပ်သားများနှင့် အရာရှိများမှာ သေဆုံးသူများ၏ မိတ်ဆွေများ၊ မိသားစုဝင်များနှင့်အတူ မျက်ရည်လည်ရွဲဖြစ်နေကြသည်။

ဆန်တာမာရီယာမြို့တည်ရှိရာ ပြည်နယ်မှ နိုင်ငံရေးစတင်လုပ်ခဲ့သော သမ္မတဒီလ်မာရူးဆက်ဖ်ကလည်း ချီလီနိုင်ငံသို့ သွားရောက်နေသော အလည်အပတ်ခရီးကို လျှော့ချကာ အခင်းဖြစ်ပွားရာမြို့သို့ အပြေးအလွှား သွားရောက်ခဲ့သည်။ "လောလောဆယ် ကျွန်မ အရမ်းကိုဝမ်းနည်းနေတယ်လို့ပဲ ပြောပါရစေ"ဟု မစ္စစ်ရူးဆက်ဖ်ကပြောသည်။

ယခုမီးလောင်ကျွမ်းမှုမှာ ၁၉၆၁ ခုနှစ်က အလုပ်ရှင်ကို မကျေနပ်သော အလုပ်သမားတစ်ဦးက ဆပ်ကပ်ပွဲတစ်ခုအား မီးရှို့ခဲ့ရာမှ လူပေါင်း ၃၀၀ ကျော် သေဆုံးခဲ့ပြီးနောက် ဘရာဇီးနိုင်ငံတွင် ဖျော်ဖြေမှုနေရာတစ်ခု အဆိုးရွားဆုံး မီးလောင်မှုဖြစ်သည်။

—Ref: Reuters



*ဘရာဇီးနိုင်ငံတောင်ပိုင်း ဆန်တာမာရီယာမြို့ နိုက်ကလပ်မီးလောင်ကျွမ်းမှုတွင် သေဆုံးသူများ၏ ဈာပနအခမ်းအနား၌ ဆွေမျိုးများငိုကြွေးနေကြစဉ်*

**Photo - AFP**

နောက်ကျောဖုံး မှ

## ဩစတြေးလျ ပြည်နယ်နှစ်ခုတွင် ရေကြီးမှုများကြောင့် လူဒါဇင်ပေါင်းများစွာ အိမ်ခေါင်မိုးများပေါ် တက်နေရပြီး သုံးဦးသေဆုံး

ဘန်ဒဘာ့ဂ်မြို့ရှိအိမ်ခြေနှစ်ထောင်ခန့်မှာ ရေမြုပ်နေပြီး လူရာပေါင်းများစွာမှာ ကယ်ဆယ်ရေးအဖွဲ့များကိုစောင့်မျှော်နေရကြောင်း ၎င်းက ဆိုသည်။

မုန်တိုင်းကြောင့် ဘရစ္စဘိန်းမြို့မှာ နောက်တစ်ကြိမ် ရေကြီးနိုင်မည်ဟု ခန့်မှန်းကြပြီး မြို့ရှိ အနည်းဆုံးအိမ်ခြေ ၃၀၀၀ ခန့်နှင့် စီးပွားရေးလုပ်ငန်းပေါင်း ၁၂၅၀ ခန့်မှာ အန္တရာယ်ကျရောက်ဖွယ်ရှိနေသည်။ ကွင်းစလန်ပြည်နယ်တွင် အိမ်ခြေ ၂၅၀,၀၀၀ ခန့်မှာ လျှပ်စစ်မီးပြတ်တောက်ခဲ့ရသည်ဟု သိရသည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013



# ဆီးရီးယားမှာ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ဖို့ ရည်ရွယ်ချက်မရှိပါဘူး

## နေတိုးတပ်ဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

နေတိုးတပ်ဖွဲ့ကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ခန့်ကစလို့ ဆိုဗီယက်ပြည်ထောင်စုရဲ့စစ်ရေးအင်အားကို တန်ပြန်ထိန်းညှိနိုင်ဖို့အတွက် ဖွဲ့စည်းခဲ့တဲ့ စစ်ရေးဆိုင်ရာအဖွဲ့ကြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဖွဲ့ဟာ ကမ္ဘာမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားပြီးနောက် အမေရိကန်နဲ့အတူ စစ်ဆင်ရေးတွေကို နေရာအနှံ့အပြားမှာ ဝင်ရောက်ဆင်နွှဲနေတဲ့ အဖွဲ့ကြီးလည်း ဖြစ်လာနေပါတော့တယ်။ ဒါကြောင့် ပြီးခဲ့တဲ့ရက်ပိုင်းက အယ်လ်ဂျီးရီးယားနိုင်ငံမှာဖြစ်ပေါ်ခဲ့တဲ့နိုင်ငံတကာဓားစာခံများအကျပ်အတည်းပြီးနောက် နေတိုးအနေနဲ့ လက်ရှိရင်ဆိုင်နေတဲ့ အဓိက ပဋိပက္ခတွေဖြစ်တဲ့ အာဖဂန်နစ္စတန်၊ မာလီ၊ ဆီးရီးယားကိစ္စတွေကြားမှာ ယခု ၂၀၁၃ နှစ်အတွင်း နေတိုးအဖွဲ့ကြီးရဲ့ အနေအထားကို သိရအောင် နေတိုးရဲ့ အထွေထွေအတွင်းရေးမှူးချုပ် အန် ဒါစ် ဖော့ဂ် ရပ် စ် မြူဆင် နဲ့ ယူရိုသတင်းဌာနတို့ မကြာသေးမီက တွေ့ဆုံမေးမြန်းထားတာကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ မေးမြန်းသူကတော့ ယူရိုသတင်းက အန်ဒရေဘီကီတော့ဗ် ဖြစ်ပါတယ်။

**ကျွန်တော်တို့အားလုံးဟာ မြောက်အာဖရိကဒေသမှာ လက်ရှိဖြစ်ပေါ်နေတာတွေကို စောင့်ကြည့်နေပါတယ်။ အရင်ဆုံးအနေနဲ့ အယ်လ်ဂျီးရီးယားမှာ ဖြစ်ခဲ့တဲ့ ဓားစာခံ အကျပ်အတည်းကို အတွင်းရေးမှူးရဲ့ အကဲဖြတ်ချက်ကဘာများဖြစ်မလဲ။**

ဒီတိုက်ခိုက်မှု၊ လူသတ်မှုနဲ့ ဓားစာခံဖမ်းဆီးမှုတွေကို ကျွန်တော်ဖြစ်နိုင်သမျှ အပြင်းထန်ဆုံး အသုံးအနှုန်းတွေနဲ့ ရှုတ်ချလိုပါတယ်။ အသတ်ခံရတဲ့ ဓာတ်ငွေ့စက်ရုံလုပ်သားတွေရဲ့ မိသားစုတွေ၊ သူတို့ချစ်ရတဲ့သူတွေကို စာနာထောက်ထားကြောင်း ပြောလိုပါတယ်။ ဒီပြဿနာကြောင့် ထိခိုက်ရတဲ့ နိုင်ငံတွေနဲ့အတူ ကျွန်တော်ဟာ ခိုင်မာစွာရပ်တည်စည်းလုံးနေကြောင်း ဖော်ပြလိုပါတယ်။

**အခုလိုပြဿနာတွေကြောင့် ဆိုမာလီနဲ့ မာလီမှာ အခုဆို အယ်လ်ဂျီးယားမှာ စသဖြင့် နိုင်ဂျာနဲ့ မော်ရီတန်နီးယားမှာလည်း ဖြစ်မယ်ပေါ့လေ။ ဒေသတစ်ခုလုံးမှာ နေတိုးအတွက် စစ်မျက်နှာတစ်ရပ်ဖွင့်လှစ်နေပြီလို့ တောင်းဆိုပြောဆိုမှုတွေလည်း ရှိလာနေပါတယ်။ အတွင်းရေးမှူးချုပ်အနေနဲ့ရော ဒီလိုမျိုးမြင်နေမိပါပြီလား။**

နေတိုးအတွက် အဲဒီလိုအခန်းကဏ္ဍမျိုးတော့ ကျွန်တော်မမြင်မိပါဘူး။ ဒီအခြေအနေကို ကျွန်တော်တို့စောင့်ကြည့်နေတာတော့ အထင်အရှားပါပဲ။ အဲဒီဆာဟဲလ်ဒေသအတွင်း အခြေအနေကို တကယ်ပဲ နှစ်ပေါင်းများစွာကြာအောင် ကျွန်တော်တို့ စိတ်ပူနေခဲ့ရပါတယ်။ အဲဒီမှာ အကြမ်းဖက်အုပ်စုတွေ၊ အစွန်းရောက်တွေ၊ ရာဇဝတ်ဂိုဏ်းတွေရဲ့ လှုပ်ရှားမှုတွေ ရှိနေခဲ့ပါတယ်။ ဒီအကြောင်းကြောင့်ပဲ မာလီသမ္မတရဲ့ တောင်းဆိုမှုနဲ့ မာလီမှာ ပြင်သစ်က လျင်လျင်မြန်မြန် စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်တာကို ကျွန်တော်ကြိုဆိုရခြင်းပါပဲ။ အခုလိုမျိုး လမ်းကြောင်းဖော်ဖို့အတွက် အရေးယူဆောင်ရွက်တာ လိုအပ်တယ်ဆိုတာရယ်၊ အာဖရိကတပ်ဖွဲ့တွေ ဦးဆောင်တဲ့ တည်ငြိမ်မှုထိန်းသိမ်းရေးတပ်ဖွဲ့တွေ လိုအပ်တယ်ဆိုတာရယ်ဟာ ကျွန်တော်ရဲ့ ရှင်းလင်းတဲ့ အကဲဖြတ်ချက်ပါပဲ။

**ပြင်သစ်ဟာ နေတိုးတပ်ဖွဲ့ဝင်နိုင်ငံဖြစ်တာ အထင်အရှားပါပဲ။ နေတိုးဟာ ဒီ(မာလီ)စစ်ဆင်ရေးကို အာဖရိကနိုင်ငံစုံတပ်ဖွဲ့တွေရဲ့ လေယာဉ်တွေ၊ ဒါမှမဟုတ် မောင်းသူမဲ့ ဒရုန်းလေယာဉ်တွေ၊ ဒါမှမဟုတ် ထောက်လှမ်းရေးတပ်ဖွဲ့တွေနဲ့အတူ ကူညီဖို့ စဉ်းစားနေပါသလား။ ဘာပဲဖြစ်ဖြစ် အတွင်းရေးမှူးချုပ်တို့ရဲ့ နေတိုးကပဲ အထောက်အပံ့ပေးတဲ့ ရင်းမြစ်တွေ ဝေမျှပေးနေတာပဲ မဟုတ်လား။**

နေတိုးကို အဖွဲ့အစည်းတစ်ရပ်အနေနဲ့တော့ ဒီအခန်းကဏ္ဍမှာ မမြင်မိပါဘူး။ ဒါပေမဲ့ နေတိုးရဲ့မဟာမိတ်နိုင်ငံတွေ တစ်ခုချင်းကတော့ ပြင်သစ်ကို လက်နက်ရိက္ခာထောက်ပံ့မှု၊ သယ်ယူပို့ဆောင်ရေး၊ စောင့်ကြပ်ရေးနဲ့ ကင်းထောက်ပေးရေး စတာတွေကိုတော့ ကူညီနေပါတယ်။

**ဒါပေမဲ့ သူတို့ဟာ တစ်နည်းနည်းနဲ့တော့ သူတို့ရဲ့ အားထုတ်မှုတွေအတွက် ပူးပေါင်းဆောင်ရွက်ဖို့ ဘရပ်ဆဲလ်(နေတိုးဌာနချုပ်)က နေပဲ ပူးပေါင်းဆောင်ရွက်နေရတာပဲမလား။ ဒါကြောင့် ဒီလိုအမြင်မျိုးနဲ့ဆိုရင် နေတိုးဟာ ဗဟိုချက်အနေနဲ့ ပါဝင်နေတာပဲပေါ့။**

အဖွဲ့အစည်းတစ်ရပ်အနေနဲ့တော့ နေတိုးဟာ မပါဝင်ပါဘူး။

**အခုဆို ဥရောပသမဂ္ဂဟာ မာလီက စစ်သားတွေကို လေ့ကျင့်ပေးနေတာပဲလေ။ အီးယူဟာ ဆေးဝါးထောက်ပံ့မှုတွေကစလို့ အခြားဟာတွေလည်း ပေးနေတာပဲ။ ဒါက နေတိုးရဲ့ အလုပ်မဟုတ်ဘူးလား။ ဘာကြောင့် ဥရောပယူနီယံက လုပ်နေရတာလဲ။**

အဲဒီမှာ မာလီတပ်ဖွဲ့တွေဟာ ပညာရေးနဲ့ လေ့ကျင့်ပေးရေးကို အထူးလိုအပ်နေတာပါ။ ဒါ့ကြောင့် အီးယူရဲ့ ဒီလေ့ကျင့်ရေးကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ မာလီကို အကြမ်းဖက်ဝါဒ မွေးမြူရေးနေရာတစ်ခု ဖြစ်လာမှာကို ကျွန်တော်တို့ ခွင့်မပြုနိုင်ပါဘူး။

**နေတိုးဟာ အာဖဂန်မှာလည်း 'အကြမ်းဖက်ဝါဒ မွေးမြူရေးနေရာကိစ္စ'ကိုကိုင်တွယ်နေရတာပဲလေ။ ဘာကြောင့် မာလီမှာ မဖြစ်ရပါသလဲ။**

နေတိုးဟာပြဿနာအားလုံးကို ဖြေရှင်းဖို့ တစ်နိုင်ငံကနေတစ်နိုင်ငံ ခရီးသွားနေရတဲ့ ကမ္ဘာ့ပုလိပ်ကြီး မဖြစ်နိုင်ပါဘူး။ ဒါကြောင့် လုပ်အားခွဲဝေလုပ်တာဟာ ကောင်းတဲ့အိုင်ဒီယာလို့ထင်ပါတယ်။ မာလီမှာ အာဖရိကန်တပ်ဖွဲ့တွေ ဦးဆောင်တဲ့ စစ်တပ်တွေကို ဝင်ရောက်ကြဖို့ ကုလလုံခြုံရေးကောင်စီက တရားဝင်ခွင့်ပြုပြီးသား ဖြစ်တယ်ဆိုတာလည်း ခင်ဗျားတို့ကို ကျွန်တော် သတိပြုစေချင်ပါတယ်။

**ဒီနေ့ကာလမှာ နေတိုးဟာ ၎င်းရဲ့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ (ဆီးရီးယားနဲ့ နယ်စပ်ချင်းကပ်နေတဲ့) တူရကီကို**



**သူ့ဘာသာ ကာကွယ်နိုင်ဖို့ ဒုံးခွင်းဒုံးတွေ ချထားပေးပြီး ကူညီနေပါတယ်။ ဒါပေမဲ့ တူရကီက စနစ်တကျ ဗုံးကြဲတိုက်ခိုက်ခံနေရတာမျိုး ဒါမှမဟုတ် စစ်ရေးအရကျူးကျော်ဖို့ ခြိမ်းခြောက်ခံနေရတာမျိုးက မရှိဘူး။ ဒီတော့ ဒီလိုမျိုး ခြိမ်းခြောက်မှုလေးအတွက် ဒုံးခွင်းဒုံးတွေ ချထားပေးတာက အားကောင်းတဲ့ လက်နက်မျိုးဖြစ်မနေဘူးလား။**

ဟင့်အင်း။ ဒါက ကာကွယ်ရေးသက်သက် ဆောင်ရွက်မှုဖြစ်ပြီး လုံးဝသင့်တော်တဲ့ ဆောင်ရွက်မှုတစ်ခုပါ။ ဆီးရီးယား-တူရကီနယ်စပ်မှာ လုံခြုံရေးဆိုင်ရာ မတော်တဆမှုတချို့ ကျွန်တော်မြင်တွေ့ပြီးပါပြီ။ နယ်စပ်တစ်လျှောက် ဗုံးကြဲတာတွေ မြင်ခဲ့ရပြီး လူ့အသက်ဆုံးရှုံးတာတွေလည်း တွေ့ခဲ့ရပါတယ်။ ဆီးရီးယားနယ်စပ်ဘက်မှာ ဒုံးကျည်တွေ ပစ်နေတာလည်း တွေ့ခဲ့ရတယ်။ ဒါပေမဲ့ အဲဒါတူရကီနယ်စပ်ဘက်နဲ့နီးနေပါတယ်။ ဒါကြောင့် ဒါဟာ တကယ်အလားအလာရှိတဲ့ ခြိမ်းခြောက်မှုတစ်ရပ်ပါ။ ဒါကြောင့် နေတိုးမဟာမိတ်တွေဟာလည်း တူရကီနဲ့နီးကပ်စွာရှိနေတာ ပြသဖို့ ဆုံးဖြတ်ခဲ့တာပါ။

**ဒါပေမဲ့ ပတ်ထရီယော့ဒုံးတွေကို လေယာဉ်မပျံသန်းရဇုန်လို နေရာမျိုးတွေကို ထိန်းချုပ်စောင့်ကြပ်ဖို့ အပြင် တိုက်ခိုက်ရေးအတွက် သုံးကောင်းသုံးနိုင်တယ်မဟုတ်လား။ ဆီးရီးယားပြည်တွင်းနဲ့ ဝန်းကျင်မှာ အခြေအနေဆိုးလာတယ်ဆိုရင် နောက်ထပ်စစ်ရေးကိစ္စတွေမှာ ဒီဒုံးတွေကိုသုံးဖို့ ဒါမှမဟုတ် အခြားလက်နက်တွေကိုသုံးဖို့အစီအစဉ်များရှိပါသလား။**

ဆီးရီးယားမှာ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ဖို့ ကျွန်တော်တို့မှာ ရည်ရွယ်ချက်မရှိပါဘူး။ ပတ်ထရီယော့ဒုံးတွေ ချထားကတည်းက ဒါဟာ ကာကွယ်ရေးအတွက် ဆောင်ရွက်ချက်သက်သက်ပါလို့ ကျွန်တော်တို့ ပြောပြီးသားပါ။

**ကျွန်တော်တို့အာဖဂန်အကြောင်း ပြောခဲ့ပါတယ်။ အဲဒီမှာ နေတိုးရဲ့ စစ်ဆင်ရေးကလည်း နောက်ဆုံးအဆင့် ရောက်နေပါပြီ။ ၂၀၁၄ လွန်သွားရင် အာဖဂန်မှာ နေတိုးတပ်ဖွဲ့ဝင်တွေများ ရှိနေဦးမလား။ ဒါမှမဟုတ် အမေရိကန်အာဏာပိုင်တွေ ပြောသလို "သုညအခြေအနေ"ဖြစ်လာမလား။**

၂၀၁၄ ကျော်သွားလည်း အာဖဂန်မှာ ဆက်နေမယ်လို့ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်။ ကိုယ့်အစီအစဉ်အတိုင်းပဲ ကျွန်တော်တို့လုပ်မှာပါ။ ကျွန်တော်တို့အစီအစဉ်က အာဖဂန်တပ်တွေလက်ထဲကို လုံခြုံရေးတာဝန်တွေ တစ်ဆင့်ချင်း လွှဲသွားပေးဖို့ပါ။ ၂၀၁၅ ဇန်နဝါရီကစလို့ကျွန်တော်တို့အနေနဲ့ အာဖဂန်တပ်ဖွဲ့တွေကို အကြံပေးလေ့ကျင့်ပေးမယ့် လေ့ကျင့်သင်ကြားပေးရေးအထူးအစီအစဉ်တစ်ခုတည်ထောင်ပေးသွားပါမယ်။ *—Ref: Interview-Rasmussen - No role for NATO in Mali. Euro news, 18 Jan.*

# Entertainment

7 DAY NEWS JOURNAL

Vol.11, No.47 · JANUARY 31 , 2013


## အမိမြေမှာ ခေါင်းချဖို့ ဆုံးဖြတ်ထားတယ်ဆိုတဲ့ လားရှိုးသိန်းအောင်



ဓာတ်ပုံ-ထက်ဝိုင်းဦး(စနေ)

**အေးသူစံ**

ရန်ကုန်၊ဇန်နဝါရီ-၂၃

အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသို့ ပြည်ဝင်ခွင့်တစ်နှစ်ဗီဇာဖြင့် ရောက်ရှိနေသော အဆိုတော်လားရှိုးသိန်းအောင်က အမိမြေတွင်သာ ပြန်လည်နေထိုင်ရန် ဆုံးဖြတ်ထားကြောင်း ပြောကြားသည်။

"ငါးလပြည့်ရင် ခဏပြန်မယ်။ တစ်ခေါက်အဆင်ပြေသွားရင် နောက်ပိုင်း ဝင်ထွက်သွားလာဖို့ လွယ်သွားမှာပါ။ တစ်နေ့ကျရင်တော့ အမိမြေမှာပဲ ခေါင်းချမယ်လို့ ဆုံးဖြတ်ထားပါတယ်"ဟု ၎င်း ကပြောသည်။

လားရှိုးသိန်းအောင်၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ယခုလ ၁၉ ရက်က ရန်ကုန်မြို့ MCC ခန်းမတွင် ကျင်းပခဲ့ပြီး မန္တလေးမြို့ စွမ်းဟိုတယ်၌ ဖေဖော်ဝါရီ ၁၀ ရက်တွင် တစ်ကိုယ်တော်ပွဲ ထပ်မံပြုလုပ်မည်ဖြစ်သည်။ လားရှိုးသိန်းအောင်သည် ရန်ကုန်ဖျော်ဖြေပွဲပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော် ခွဲခွာခဲ့သည့် လားရှိုးမြို့ရှိ မိခင်ကြီးနှင့်အတူ သွားရောက်နေထိုင်နေကြောင်း သတင်းရရှိသည်။

"အိမ်မှာလုပ်စရာရှိတာ၊ ပြုပြင်စရာတွေ အမေစိတ်ချမ်းသာမှုလေးတွေအတွက် အနှစ်လေးဆယ်ကင်းကွာသွားခဲ့တဲ့ သားတစ်ယောက်အနေနဲ့ ကျေးဇူးဆပ်ဖို့ ရှိပါတယ်"ဟု ၎င်းကပြောသည်။

မန္တလေးမြို့ တစ်ကိုယ်တော်ဖျော်ဖြေပွဲတွင် ရန်ကုန်ပွဲနှင့်မတူညီသည့် ဖျော်ဖြေတင်ဆက်မှု ပြုလုပ်ရန် အစီအစဉ်ရှိသည်ဟု သတင်းရရှိသည်။

အမေရိကန်ပြည်ထောင်စုတွင် နေထိုင်စဉ် နှစ်ပေါင်းလေးဆယ်ကျော်အတွင်း ရေးသားခဲ့သည့် သီချင်းအပုဒ်ပေါင်း တစ်ရာကျော်ကို ၎င်း၏ဖေ့စ်ဘွတ်ခ်တွင် နားဆင်နိုင်ရန် တင်ဆက်ထားသော်လည်း မြန်မာပရိသတ်များ အနေဖြင့် အင်တာနက်မှ ရယူနားဆင်ရန် ခက်ခဲနေခြင်းကြောင့် ယင်းသီချင်းများကို စုစည်းထုတ်ဝေရန် စီစဉ်မည်ဟု လားရှိုးသိန်းအောင်က ပြောသည်။



## တစ်နှစ်ပြည့်ရွှေပိုင်

အဆိုတော်ဇော်ပိုင်နှင့်မမီမီနေမင်းဝင်းတို့၏ သားငယ်လေးရွှေပိုင်၏ တစ်နှစ်ပြည့်မွေးနေ့ကိုဇန်နဝါရီ၂၅ရက်က ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်ခဲ့သည်။

ဓာတ်ပုံ-ကျော်ဇင်သန်း



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## "မင်းသမီးတွေ ရွေးပိုင်ခွင့်ရှိတဲ့ခေတ်ဖြစ်လာဖို့ တော်တော်လေး လိုဦးမယ်"

**သရုပ်ဆောင်အကယ်ဒမီ ချစ်စနိုးဦးနှင့် တွေ့ဆုံခြင်း** အေးသူစံ

"ရင်ကွဲနာ" ရုပ်ရှင်ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ရရှိခဲ့သူ ချစ်စနိုးဦးဟာ အနုပညာသက်တမ်း ကိုးနှစ်အတွင်းမှာ ရိုက်ကူးရတဲ့ ရုပ်ရှင်ဇာတ်ကား နည်းနည်းလေးထဲကမှ ရလာတဲ့ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်နိုင်ခဲ့သူပါ။ ချစ်စနိုးဦးအကယ်ဒမီရသွားခြင်းဟာ စူပါတန်းဝင် မဟုတ်တဲ့ ပထမတန်းမင်းသမီးတွေအတွက် အကယ်ဒမီရနိုင်ခြေ မျှော်လင့်ချက်ရောင်ခြည်လေးတွေ သန်းစပြုလာခဲ့ပါတယ်။ အကယ်ဒမီမရခင်ရော ရပြီးခုအချိန်ထိ သီချင်းဆိုဖို့အတွက် ကမ်းလှမ်းမှုတွေပဲ ဆက်တိုက်ရရှိထားပြီး ကိုယ်ပိုင်သံစဉ်တစ်ကိုယ်တော်ခွေကတော့ ဒီနှစ်သင်္ကြန်အပြီးမှာ ထွက်နိုင်ဖို့ စီစဉ်နေပါပြီ။ ဖူးငွန်ဇာ တိုင်းရင်းဆေးကြော်ငြာကတစ်ဆင့် အနုပညာလောကထဲ ရောက်လာခဲ့ပြီး ဗီဒီယိုဇာတ်ကားတစ်ရာကျော်၊ ရုပ်ရှင်ဇာတ်ကားခြောက်ကား ရိုက်ကူးထားပြီး အကယ်ဒမီမှတ်တိုင်စိုက်ထူနိုင်ခဲ့တဲ့ ချစ်စနိုးဦးနဲ့ ဒီကနေ့ ရုပ်ရှင်မင်းသမီးများရဲ့ အခက်အခဲ၊ စျေးကွက်အနေအထားတို့ကို မေးမြန်းထားပါတယ်။

**အနုပညာသက်တမ်း ကိုးနှစ်အတွင်းမှာ အကယ်ဒမီရခဲ့တာဟာ လုပ်ခဲ့သမျှထဲမှာ အရာအထင်ဆုံးလို့ ပြောလို့ရမလား။**

ဟုတ်ကဲ့။ အရာအထင်ဆုံးပါ။ ဒီ ကိုးနှစ်မှာ အခွင့်အရေးလည်းသိပ်မရခဲ့ဘူး။ ဒီအခွင့်အရေးကလည်း ဘဝမှာ ပထမဆုံးရခဲ့တဲ့ အခွင့်အရေးပါ။ အကုန်လုံးပြောင်းတဲ့နှစ်မှာ ပထမဆုံးရခဲ့တဲ့ သဲသဲရဲ့အကယ်ဒမီက အမှတ်ရဆုံးပါ။

**ကိုယ့်လိုမျိုး အခွင့်အရေးတောင်ရဖို့ခက်ခဲတဲ့ သရုပ်ဆောင်တွေမှာ သဲသဲဆုရခဲ့တာက ဘယ်လိုမျှော်လင့်ချက်တွေ ရှိလာစေခဲ့လဲ။**

အကုန်လုံးကတော့ တော်ကြတဲ့သူချည်းပါပဲ။ အခွင့်အရေးလေးသာ မရခဲ့ကြတာပါ။ ခုခေတ်ကတော့ စူပါတွေပဲ အခွင့်အရေးတွေရပြီး ရိုက်ကြရတာဆိုတော့ ကိုယ်တွေလိုမျိုး ဖြည်းဖြည်းနဲ့ မှန်မှန်လျှောက်နေတဲ့ သူတွေကျတော့ အခွင့်အရေးလည်း သိပ်မရှိဘူး။ ကိုယ့်ဘက်ကလည်း အကယ်ဒမီရရချည်ရဲ့လို့ အက်တင်တွေ လုပ်ခဲ့တာလည်း မဟုတ်ဘူး။ သဲနဲ့အတူတူသွားနေတဲ့သူတွေအကုန်လုံးလည်း တော်ကြပါတယ်။ အရင်ကတော့ရှေ့မှာ စီနီယာတွေ ရှိတယ်။ ကိုယ်တွေတော့ မရနိုင်ဘူးလို့အားလျော့ကြတာလေးတွေ ရှိပေမယ့် အခု သဲကစလို့ ဒီလိုရသွားပြီဆိုတော့ မျှော်လင့်ချက်တွေတော့ ရှိသွားကြတာပေါ့။

**ပြည်တွင်း ရုပ်ရှင်ဗီဒီယိုစျေးကွက်မှာ ကျော်ကြားမှုနဲ့ ပေါ်ပြူလာဖြစ်မှုပေါ် မူတည်ပြီး လုပ်ကိုင်နေကြတာများတော့ ဒီကြားထဲမှာ သဲသဲတို့က ဘယ်လိုပုံစံနဲ့ ဖြတ်သန်းနေပါသလဲ။**

သဲကတော့ အရည်အချင်းရှိရှိနဲ့ပဲ ဖြတ်သန်းချင်တယ်။

စာ(၄၉)သို့


JISHUGAKKAN TOKYO JAPAN

**Jishugakkan Yangon Japanese Center (JYJC)**

**"Big Chance to Study in Tokyo"**

✓ 2013 July တန်းအတွက် ကျောင်းလျှောက်လိုသူများ JYJC နှင့် JMJC ကျောင်းများသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။
✓ တစ်နှစ်စာ ပညာသင်စရိတ် (¥703,500) မြန်မာကျပ်သိန်း (၇၀) အထက်ဝန်းကျင်ခန့်ဖြင့် ပညာသင်ကြားနိုင်မည်။
✓ ယနေ့တိုင်မြန်မာနိုင်ငံမှ ကျောင်းသား/သူ စုစုပေါင်း (136) ယောက်သည် Jishugakkan Japanese School (JSG) တွင် သွားရောက်ပညာသင်ယူပြီး ဖြစ်ပါသည်။
✓ JSG တွင် ကျောင်းသား/သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နှင့် ပညာသင်ကြားရင်း အချိန်ပိုင်းအလုပ်များ လုပ်ကိုင်နိုင်ရန် အတွက် တာဝန်ခံဆရာ/ဆရာမများထားရှိပေးပါသည်။
✓ JLPT နှင့် Nat-Test ဂျပန်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ထားသော Level များအလိုက်အနည်းဆုံး N5, $500 မှ စ၍ Big Promotion များရရှိပါမည်။
✓ ဂျပန်နိုင်ငံ Tokyo မြို့ Jishugakkan (JSG) မှ ကျောင်းအုပ်ကြီးကိုယ်တိုင် လာရောက်၍ JYJC တွင် Seminar နှင့် Interview များကို Feb 7, 10, 11, 12 (10:00 ~ 12:00) တွင် ပြုလုပ်ပါမည်။ (ကြိုတင်၍ နာမည်စာရင်းပေးပါရန်)
✓ Promotion ကာလမှာကန့်သတ်ချက်ရှိပါ၍ (JSG) ၏ ကျောင်းခွဲများဖြစ်သော JYJC နှင့် JMJC တွင် အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။
"Big Promotion for July" (8-2-2013) တွင် ဂျပန်စာ တန်းခွဲသစ်များကို စတင်ပါမည်။

စုံစမ်းရန် ။ ။ JYJC (Yangon) : No (101), Building A, Highway Complex, Kamayut Township, Yangon. Ph : 01-504268, Mobile : 09 43139339
JMJC (Mandalay) : 71 Street, 27×28 between, Mandalay. Ph :02-31858, Mobile : 09 402533803

7DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013



# ကမ္ဘာကျော်ပေါ့ပ်အဆိုတော် ရှာကီရာ သားဦးလေးမွေးဖွား

**မက်ဒရစ်၊ဇန်နဝါရီ- ၂၃**

ကိုလံဘီယာမှ ကမ္ဘာကျော်ပေါ့ပ် အဆိုတော် ရှာကီရာနှင့် သူမ၏ လက်တွဲဖော် ဘာစီလိုနာနောက်ခံလူဂျရတ်ပီကေးတို့၏ရင်သွေး သားဦးလေးကို ယမန်နေ့က မွေးဖွားခဲ့ကြောင်း သိရသည်။

၎င်းတို့၏ လူမှုကွန်ရက်ဝက်ဘ်ဆိုက် တွစ်တာစာမျက်နှာတွင် ပီကေးနှင့် ရှာကီရာတို့က "ကျွန်တော် ကျွန်မတို့ဟာ သားလေးမီလန်ပီ ကေးမီဘာရက်ကို ဘာစီလိုနာမှာ မွေးဖွားခဲ့ကြောင်း ဝမ်းမြောက်စွာ ကြေညာလိုက်ပါတယ်"ဟု ရေးသားထားသည်။

၎င်းတို့က ကလေးအမည် 'မီလန်' ဆိုသည်မှာဆလားဗစ်ဘာသာစကားအရ "ချစ်စရာကောင်းသော၊ကျက်သရေရှိသော"ဟူသည့် အနက်များထွက်ပြီး ရှေးခေတ်ရောမဘာသာစကားတွင် "တက်ကြွသော၊ အလုပ်ကြိုးစားသော"ဟု အဓိပ္ပာယ်ရကာ၊ သက္ကတဘာသာတွင် 'ညီညွတ်ခြင်း'ဟု အဓိပ္ပာယ်ထွက်ကြောင်းဆိုသည်။ ကလေးမှာ ကိုယ်အလေးချိန် ၆ဒသမ ၆ ပေါင်ရှိပြီး မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်ကြောင်း သိရသည်။

ရှာကီရာ မီးဖွားခဲ့ပြီးနောက် ကိုလံဘီယာသမ္မတ ဟွမ်မန်နူရယ်ဆန်းတို့စ်ကလည်း ချီးကျူးဂုဏ်ပြုစာ ရေးသားပေးပို့ခဲ့သည်ဟုသိရသည်။

—Ref: AFP

# ကလေးတွေအားလုံး အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားတယ်ပြောတဲ့ နိုင်းနိုင်း

ကြူကြူဟန်

**ရန်ကုန်၊ ဇန်နဝါရီ- ၂၆**


အနုပညာသက်တမ်း ၁၀နှစ်ကျော်ခဲ့ပြီဖြစ်ပြီး မကြာမီကမှ သမီးလေးတစ်ဦး ထပ်မံပိုင်ဆိုင်ထားကာ ရင်သွေးသုံးဦး၏ ဖခင်ဖြစ်လာသော နိုင်းနိုင်းက ကလေးငယ်များကို အမေရိကန် နိုင်ငံသားအဖြစ်သာ ခံယူထားရသေးကြောင်း နိုင်းနိုင်း၏ဇနီးသည်က ပြောကြားသည်။

"လောလောဆယ်တော့ကလေးတွေကဟိုမှာကျောင်းပြန်တက်ချင်တက်မှာပေါ့။သူ့အမေကလည်းကျောင်းမပြီးသေးတော့ ကျောင်းပြန်တက်ဖို့တော့ အစီအစဉ်ရှိတယ်" ဟု နိုင်းနိုင်းက ပြောသည်။

၎င်းတို့၏ သမီးအငယ်ဆုံးကို ဇန်နဝါရီ၈ ရက်က ပန်းလှိုင်ဆေးရုံတွင် မွေးဖွားခဲ့ပြီး သမီးနှစ်ယောက်၊သားတစ်ယောက်ရရှိထားသည်။

နိုင်းနိုင်းသည် ထုတ်လုပ်ရေးနှစ်ခုဖြင့် လက်တွဲကာ ဇာတ်ကားများ ရိုက်ကူးရန် ဆွေးနွေးတိုင်ပင်နေပြီး ကြော်ငြာများလည်း ရိုက်ကူးနေကြောင်း သိရသည်။

"မရိုက်ခင်ဘဲ ဆွေးနွေးလို့ရမှာ။ ရိုက်ပြီးရင်တော့ ဘာမှ ဆွေးနွေးလို့ မရတော့ဘူး။ သိပ်ကွဲကွဲပြားပြားကြီး လုပ်နိုင်သေးတဲ့ အခြေအနေလည်း မရှိသေးဘူးဆိုတော့ ဇာတ်လမ်းက အရင်ပုံစံမျိုးဆင်တူယိုးမှားဆို မရိုက်ချင်တော့ဘူး။ ကျွန်တော် မလုပ်ဖူးသေးတဲ့ဇာတ်ရုပ်၊ မရိုက်ဖူးသေးတဲ့ ဇာတ်လမ်းဆို စိတ်ဝင်စားတယ်" ဟု နိုင်းနိုင်းကပြောသည်။











စာ-(၄၇)မှ

# သရုပ်ဆောင်အကယ်ဒမီ ချစ်စနိုးဦးနှင့် တွေ့ဆုံခြင်း

သဲဆိုရင်ဘဝမှာအကယ်ဒမီရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ ရိုးရိုးသားသား မှန်မှန်ကန်ကန်နဲ့အလုပ်ပေါ် စေတနာရှိရှိလုပ်ရင် တစ်ချိန်ချိန်မှာတော့ ဘုရားက အခွင့်အရေးပေးမှာပါ။ ကိုယ်ကတော့ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ရမှာပါ။

**အကယ်ဒမီရပြီးတဲ့နောက် ကိုယ့်ပတ်ဝန်းကျင် လူမှုဆက်ဆံရေး ပြောင်းလဲသွားတာမျိုး ကြုံရလား။**

ပြောင်းလဲသွားတာတော့ မဟုတ်ပါဘူး။ ဖြစ်တတ်တဲ့ သဘာဝလေးတွေပါ။ (ရယ်လျက်) စူပါတွေပဲ ရိုက်နေရတဲ့အချိန်မှာ ထုတ်လုပ်သူတွေကလည်း သူတို့မြတ်မယ့်သူ၊ အကျိုးအမြတ်ကိုက်မယ့်သူကို ရိုက်တာသူတို့လည်း မမှားပါဘူး။ ပရိသတ်ကလည်း သူတို့ဆီ မျှားမျှားရောက်တဲ့ သူကိုပဲ ကြည့်ကြမှာပဲ။ ကိုယ်အကယ်ဒမီရမှ ကိုယ့်နောက်ကို သူတို့တွေ လိုက်လာကြတယ်ဆိုတာလည်း အပြစ်တင်လို့ မရပါဘူး။ လောကတိုင်းမှာ ဒီလိုပါပဲ။ တရားနဲ့ပဲ ဖြေပါတယ်။ အရင်ကတည်းက ငါလိုအပ်နေသေးလို့၊ ငါမတော်သေးလို့လို့ဘဲ ကိုယ့်ကိုယ်ကိုယ်အပြစ်တင်ခဲ့တာပါ။

**ပြည်တွင်း ရုပ်ရှင်ဈေးကွက်မှာ မင်းသမီးတွေဟာ အရွေးချယ်ခံ အဆင့်ပဲဖြစ်နေခဲ့တော့ မင်းသမီးတွေက ပြန်ရွေးရတဲ့ အဆင့်ဖြစ်ဖို့ ဘယ်လောက်ထိ စောင့်ရဦးမလဲ။**

အဲဒီလိုမျိုးဖြစ်ဖို့ တော်တော်အချိန်ယူရမယ်။ ဒီလောကက ဒီလိုဖြစ်နေတာ ကြာနေပြီ။ ဒါရိုက်တာတွေ၊ မင်းသားတွေကလည်း ဒီဇာတ်ရုပ်ကဒီမင်းသမီးနဲ့တော့လိုက်တယ်ဆိုပြီး လာကြတာများတယ်။ မင်းသမီးက မင်းသားကိုအကြံပြုပြီး ရိုက်ဖို့ခေါ်တယ်ဆိုတာ တစ်ခါမှမကြားဖူးဘူး။ မင်းသမီးတွေက ရွေးပိုင်ခွင့်ရှိတဲ့ ခေတ်ဖြစ်လာဖို့က တော်တော်လေး လိုဦးမယ်။ ပြောင်းတော့ ပြောင်းလာပေမယ့် ချက်ချင်းကြီးတော့ မဖြစ်နိုင်သေးပါဘူး။

**မင်းသမီးရှားတယ်လို့ ပြောကြတယ်။ မင်းသမီးသစ်တွေလည်း စူပါမင်းသားတွေ ပေါင်းပြီးတင်ကြတော့ တကယ်ပဲ မင်းသမီးရှားနေပြီလား။**

မင်းသမီးက မရှားပါဘူး။ ရှိပါတယ်။ (ရယ်လျက်) မတွေ့ကြတာပါ။ ကိုယ့်နီးစပ်ရာ နီးစပ်ရာတွေနဲ့ ရိုက်ကြတာပါ။ သဲသဲတို့တန်းမှာဆို မင်းသမီးတွေအများကြီးပဲ။ မင်းသားထုနဲ့ယှဉ်ရင် မင်းသမီးတွေကတောင် ပိုများသေးတယ်။ မင်းသမီးအသစ်တင်တာက အသစ်တွေရဲ့အရသာကိုပဲ လိုချင်လို့လား။ အဟောင်းတွေရဲ့ သရုပ်ဆောင်မှုကိုပဲ မကြိုက်တာလား တော့ မသိနိုင်ဘူးပေါ့လေ။

**အကယ်ဒမီလည်း ရလာပြီဆိုတော့ ထိုက်တန်တဲ့အနုပညာတင်ဆက်မှုတွေအတွက် ဝမ်းစာကို ဘယ်လိုဖြည့်ဆည်းနေပါသလဲ။**

နိုင်ငံခြားကားတွေတော့ ကြည့်ပါတယ်။ သူတို့က အက်တင်ကို ပါးပါးလေးပဲ လုပ်တယ်။ ဒီမှာက စိတ်မကောင်းဘူးဆို မျက်ရည်ပေါက်ပေါက်ကျငို၊ ဒီလိုလုပ်မှ အက်တင်လုပ်တယ်လို့ ထင်ကြတယ်။ ဒါရိုက်တာတွေရော ပရိသတ်တွေရောပေါ့။ ခုနောက်ပိုင်း ပရိသတ်ကတော့ တော်တော်လေးတော့ကြည့်တတ်လာကြပါပြီ။ အရင်ပရိသတ်တွေကတော့ ရိုးတော့ အထူကြီးလုပ်ပြမှ ကြိုက်ကြတယ်။ ပရိသတ်တွေရဲ့ကြည့်တဲ့ စံကတော့ မြင့်လာပါပြီ။

**တစ်လသုံးကား သတ်မှတ်လိုက်တော့ သဲသဲတို့မင်းသမီးတန်းတွေ အနေနဲ့ ဘယ်လိုအပြောင်းအလဲတွေ ဖြစ်လာနိုင်ပါသလဲ။**

တစ်လသုံးကားက ကောင်းပါတယ်။ အရင်ကဆို လေးရက်၊ ငါးရက်နဲ့ ရိုက်ကြတယ်။ သဲလည်း ရိုက်ဖူးပါတယ်။ အဲဒီလို လေးရက်နဲ့ရိုက်တော့ တစ်ကားဆိုတစ်ကား သေချာစိတ်မနှစ်နိုင်ဘူး။ လူတိုင်းကတော့ အက်တင်လုပ်တတ်တယ်။ လုပ်ကြတယ်။ ဒါပေမဲ့ ဆယ်ရက်ပေးပြီး ရိုက်တဲ့ကားနဲ့ ကွာမှာပဲ။ ဆင်းရဲသားခန်း ရိုက်ပေမယ့် လက်သည်းနီတွေ ဆိုးထားတာတို့၊ အင်္ကျီတွေ လွဲသွားတာတို့ ဖြစ်တာပေါ့။

**ရုပ်ဝတ္ထုပိုင်း ဦးစားပေးတယ်လို့ ထင်ရတဲ့ ဒီလောကမှာ အဆောင်အယောင်ကြောင့် တချို့ ရှေ့တန်းရောက်လာတဲ့ သူတွေနဲ့ ကြုံရတဲ့အခါ သဲသဲတို့ ဘယ်လိုရင်ဆိုင်ဖြတ်သန်းခဲ့ရလဲ။**

ကလေးတွေဆိုတော့ ကိုယ်ပဲ သည်းခံလိုက်တာ များပါတယ်။ သူတို့ကဖြစ်တာ အရမ်းမြန်လို့ ထင်ပါတယ်။ သဲတို့က အောက်ခြေကနေ တက်ရတော့ အပေါ်ရောက်တဲ့အခါ ဘယ်သူကိုဘယ်လို ဆက်ဆံရမလဲ အားလုံးသိသွားပြီ။ သူတို့ကျတော့ အခွင့်အရေးက အရမ်းသာသွားတယ်။ ကိုယ်လည်းခုမှ မင်းသမီးဖြစ်တာဆိုရင်တော့ သူတို့လိုဖြစ်ချင်ဖြစ်မှာပေါ့။ အခုကလေးတွေက သရုပ်ဆောင်တတ်ရင် အပြိုင်လည်း ဖြစ်တယ်။ ခေါင်းဆောင်လည်း ရတယ်။ မင်းသားအစ်ကိုတွေကလည်း သင်ပေးတယ်လေ။ သဲတို့တုန်းကျတော့ သူငယ်ချင်း၊ ပြီးရင် မင်းသမီးသူငယ်ချင်း၊ ပြီးတော့မှ အပြိုင်၊ နောက်ဆုံးမှ ခေါင်းဆောင်ဖြစ်လာတာလေ။ အနေ အထားလေးတွေတော့ ကွာတာပေါ့။ ဒါပေမဲ့ ကိုယ်က အကြီးဆိုတော့ သည်းခံလိုက်ပါတယ်။ (ရယ်လျက်)

**အဲဒီလို အဆောင်အယောင်နဲ့ ဟန်တွေ များခြင်းကရော ဒီခေတ်အနုပညာလောကမှာ ရှေ့တန်းရောက်နိုင်မယ့် အထောက်အပံ့တွေလို့ ထင်ပါသလား။**

အဲဒီလိုဆိုရင်တော့ ရေရှည်တော့ ကြာကြာရပ်တည်နိုင်မယ် မထင်ဘူး။ အဆောင်အယောင်နဲ့ဟန်က သူတင်လုပ်လို့ရတာ မဟုတ်ဘူး။ ကိုယ်လည်း လုပ်တတ်တယ်။ ဒါပေမဲ့ ဒီလောကက လူအများနဲ့ နေရတဲ့လောက။ လူချစ်လူခင်များအောင် လုပ်ရတဲ့လောက။ ဒီကောင်မလေးက လူချစ်လူခင်များတယ်။ အက်တင်လည်း တော်တယ်ဆိုမှ ကိုယ့်အဆင့်ကတက်မှာလေ။ ရုပ်လေးကတော့ ချောပါရဲ့။ 'ချော'လိုက်တာဆိုရင်တော့ သူအောင်မြင်နေတုန်း သာသည်းခံကြမှာ။ ကျသွားရင်တော့ လှည့်တောင်ကြည့်ကြမှာ မဟုတ်ဘူး။ ကြာကြာရပ်တည်ချင်ရင်တော့ အရည်အသွေးလည်း ရှိရမယ်။ လူချစ်လူခင်လည်း များမှရမယ်။

**အကယ်ဒမီ ချစ်စနိုးဦးဖြစ်သွားတော့ ဇာတ်ရုပ်ရွေးချယ်တဲ့ စနစ်ကို ပြောင်းလိုက်ပြီလား။**

ပြောင်းလိုက်တာတော့ အကယ်ဒမီ မရခင်ကတည်းကပါ။ ခုနောက်ပိုင်း ငါးခန်းလောက်ပဲ ပါပါစေ ဇာတ်တစ်ခုလုံးမှာ လုပ်ကွက်ရရင် ရိုက်ပါတယ်။ ရိုးရိုး သူငယ်ချင်း အဖြည့်ခန်းဆိုရင်တော့ သဲတို့ရိုက်လို့ အဆင်မပြေပါဘူး။

**တစ်ကိုယ်တော်ခွေ အကြောင်း ပြောပါဦး။**

တစ်ကိုယ်တော်ခွေက အားလုံးသွင်းပြီးပြီ။ ဒီလကုန်မစ်ဇင်ဆွဲပြီး သင်္ကြန်အပြီး ထွက်မယ်။ တေးရေးတွေက လင်းလင်း၊ အောင်လ၊ တွတ်ပီ၊ ဖိုးကာ၊ အောင်ကိုမြင့်၊ အစိုင်း၊ ဇဝါ၊ R ခိုင်တို့ပါ။ ကိုမိချောက စီစဉ်သူပေါ့။ သူပဲသီချင်းရွေးပေး၊ ရှာပေး၊ စတူဒီယိုဒိတ်ယူပေးပေါ့။ ပေါ့ပ်၊ ရော့ခ်နဲ့ အီလက်ထရိုရော့ခ်ပုံစံ ပါပါတယ်။ အကုန်ကိုယ်ပိုင်သံစဉ် တွေချည်းပဲ။ အရင်က ကော်ပီတစ်ဝက်၊ ကိုယ်ပိုင်သံစဉ်တစ်ဝက် လုပ်နေရင်းနဲ့ ကိုယ်ပိုင်သံစဉ်ချည်းပဲ သီးသန့်လုပ်ချင်လာတယ်။ နောက်ပိုင်းမူပိုင်ခွင့်တွေလည်း လာတော့မှာဆိုတော့ ကိုယ်ပိုင်သံစဉ် လုပ်ထားတာ ပိုကောင်းပါတယ်။



## ၂၁ ခွေမြောက်စီးရီး အထိမ်းအမှတ်အဖြစ် ဇော်ဝင်းထွဋ် ကုသိုလ်ပြု

**အေးသူစံ**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၃**

၂၁ ခွေမြောက် တစ်ကိုယ်တော် စီးရီး 'လူ' ထွက်ရှိသည့် အထိမ်းအမှတ်အဖြစ် မိဘမဲ့အမျိုးသမီးငယ် ၅၀ ဦးကို တိရစ္ဆာန်ဥယျာဉ်သို့ ကုသိုလ်ပြု ပို့ဆောင်ပေးခဲ့ကြောင်း အဆိုတော်ဇော်ဝင်းထွဋ်ကပြောသည်။

စီးရီးထွက်သည့်နေ့တွင် ပရိသတ်နှင့်လည်း တိုက်ရိုက်တွေ့ဆုံခဲ့ပြီး မေခလမ်းရှိ မိဘမဲ့အမျိုးသမီးစောင့်ရှောက်ရေးဂေဟာမှ အရွယ်စုံ အမျိုးသမီး ၅၀ ဦးကို အခွေစတင်ဖြန့်ချိသည့် ဇန်နဝါရီ ၂၀ ရက်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ကုသိုလ်ဖြစ် ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ဂေဟာရှိ ကျန်ကလေးများကိုလည်း အပတ်စဉ် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဇော်ဝင်းထွဋ်ကပြောသည်။

"ကျွန်တော် ရန်ကုန်မှာနေပေမယ့် တိရစ္ဆာန်ရုံကို မရောက်ဖြစ်ဘူး။ ဒီပွဲလေးကို တိရစ္ဆာန်ရုံမှာ လုပ်တာက လောကမှာ လူတွေတင်ရှိတာမဟုတ်ဘူး။ တိရစ္ဆာန်ဆိုတဲ့ သတ္တဝါတွေပါ ရှိသေးတယ်ဆိုတာကို အနည်းဆုံးသတိရရင် မဆိုးဘူး။ လူမှုရေးတွေလည်း တွဲလုပ်ရင်းပေါ့"ဟု ၎င်းကပြောသည်။

စီးရီးသစ်တွင် တေးရေးအဆိုတော်ဆောင်းဦးလှိုင်တစ်ဦးတည်း ရေးသားထားသော တေးသီချင်းများ သီဆိုထားပြီး စီးရီးခေါင်းစဉ်အဖြစ် 'လူ'ဟု ပေးထားခြင်းကို ဇော်ဝင်းထွဋ်က ယခုကဲ့သို့ရှင်းပြသည်။

"လူတွေမှာ မာန်မာနတွေ များနေတယ်။ လူတွေဆိုတာ မှားကြမှာပဲ။ ကိုယ်လည်းမှားနိုင်တယ်။ သူများ အမှားကိုတော့ အားမပေးနဲ့ဆိုတဲ့ အကျိုးပြုပုံစံ သီချင်းလေးပါ"ဟု ပြောသည်။

ယခုအခွေအတွက် သီချင်းများကို ဇော်ဝင်းထွဋ်၏ အသက်အရွယ်နှင့် လိုက်ဖက်အောင် ဆောင်းဦးလှိုင်က ရည်ရွယ်ရေးထားခြင်းဖြစ်သည်။ 'လူ' စီးရီးအတွက် အမ်တီဗီကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ပခုက္ကူနှင့် ပုံတောင်ပုံညာဒေသတို့တွင် ရိုက်ကူးသွားမည်ဖြစ်ပြီး ရောက်ရှိသည့်ဒေသများတွင် တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ပြုလုပ်ရန် စီစဉ်ထားသည်ဟု သတင်းရရှိသည်။


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Mama | Universal Pictures | ၃၂,၁၄၇,၈၀၀ | ၁ |
| ၂။ | Zero Dark Thirty | Sony Pictures Releasing | ၅၆,၉၄၅,၁၀၀ | ၅ |
| ၃။ | Silver Linings Playbook | The Weinstein Company | ၅၆,၆၉၉,၆၀၀ | ၁၀ |
| ၄။ | Gangster Squad | Warner Bros. Pictures | ၃၃,၂၃၈,၂၀၀ | ၂ |
| ၅။ | A Haunted House | Open Road Films | ၃၁,၀၈၅,၂၀၀ | ၂ |
| ၆။ | Broken City | 20th Century Fox Distribution | ၉,၄၅၉,၄၆၀ | ၁ |
| ၇။ | Django Unchained | The Weinstein Company | ၁၃၉,၃၃၅,၀၀၀ | ၄ |
| ၈။ | Les Miserables | Universal Pictures | ၁၃၁,၅၇၂,၀၀၀ | ၄ |
| ၉။ | The Hobbit: An Unexpected Journey | Warner Bros. Pictures | ၂၈၈,၆၁၃,၀၀၀ | ၆ |
| ၁၀။ | The Last Stand | Lionsgate | ၇,၂၁၃,၃၃၀ | ၁ |

## Movie Review

### Girls Against Boys




Shae သည် ရိုးရိုးအအကောလိပ်ကျောင်းသူတစ်ဦးဖြစ်ပြီး ရက်အနည်းငယ်အတွင်း အမျိုးသားအတော်များများက ဒုက္ခပေးခဲ့သောကြောင့် ပေါက်ကွဲလုဖြစ်နေချိန်တွင် သူမနှင့် အလုပ်အတူလုပ်သူသူငယ်ချင်း စီစဉ်နေသော ယောက်ျားများကို လက်စားချေရေး စီမံကိန်းတွင် ပါဝင်လိုက်သည်။ မိန်းကလေးနှစ်ဦးက သူတို့ကို ဒုက္ခပေးခဲ့သူတွေကိုသာမက တခြား သူတို့ သဘောမတွေ့သော အမျိုးသားများကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ကြသည်။ သို့သော် တကယ်တမ်း Shae အတွက်ပြဿနာမှာ ယောက်ျားများမဟုတ်ဘဲ သူငယ်ချင်းမိန်းကလေးကိုယ်တိုင် ဖြစ်နေသောအခါ Shae တစ်ယောက် ရုန်းထွက်နိုင်မည်လားဆိုတာ. . .

သည်းထိတ်ရင်ဖို ဇာတ်ကားအား ဒါရိုက်တာ Austin Chick က ရိုက်ကူးထားပြီး Danielle Panabaker, Nicole Laliberte, Liam Aiken တို့ ပါဝင်သရုပ်ဆောင်ထားသည်။ Anchor Bay Entertainment က ဖေဖော်ဝါရီ ၁ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.11, No.47 • JANUARY 31 , 2013


## ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ဆယ်နှစ်ဆက်တိုက် ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ဇန်နဝါရီ-၂၅

ယခုနှစ်မှ စတင်ကျင်းပသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ဆယ်နှစ်ဆက်တိုက် ကျင်းပသွားရန် စီစဉ်ထားကြောင်း ပြိုင်ပွဲ၏ အဓိကစပွန်ဆာဖြစ်သည့် ရိုးမ Strategic Holding လီမိတက်ဥက္ကဋ္ဌ ဦးသိမ်းဝေက ပြောသည်။

"ဒီနှစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ပထမဆုံးအကြိမ်ပါ။ ကျွန်တော်တို့ စုစုပေါင်းကတိပေးထားတာ ဆယ်နှစ်ဆက်တိုက် နှစ်တိုင်းကျင်းပမယ်"ဟု ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည့် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ အကြိုသတင်းစာရှင်းလင်းပွဲတွင် ဦးသိမ်းဝေကပြောသည်။

မြန်မာအားကစားသမားများ အနေဖြင့် နိုင်ငံတကာအသိအမှတ်ပြုပြိုင်ပွဲကို မိမိမြေတွင် ယှဉ်ပြိုင်ခွင့်ရရှိရေးအတွက် ကျင်းပခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်း အကျိုးအမြတ်ရရှိရန် ရည်ရွယ်ခြင်းမရှိပါကြောင်း၊ သို့သော် စပွန်ဆာများအတွက်လည်း နောက်ပိုင်းတွင် စီးပွားရေးအခွင့်အလမ်းများ ရရှိပါကလည်း ဝမ်းသာမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။



*မာရသွန်ပြိုင်ပွဲဝင်များကို တွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပထမအကြိမ် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲအမျိုးအစားသုံးမျိုးတွင် ပြည်တွင်း၊ ပြည်ပမှ ပြိုင်ပွဲဝင်တစ်ထောင်ဝန်းကျင်ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်ဦးရေများအနေဖြင့်လည်း တစ်နှစ်ထက်တစ်နှစ်တိုးတက်လာရန်နှင့် တစ်နေ့တွင် ရန်ကုန်မာရသွန်သည် အပြည်ပြည်ဆိုင်ရာ နာမည်ကျော်ပြိုင်ပွဲများကဲ့သို့ ပြိုင်ပွဲဝင်ဦးရေသိန်းသောင်းချီဝင်ရောက်ယှဉ်ပြိုင်လာနိုင်ရန် မျှော်လင့်ထားကြောင်း ဦးသိမ်းဝေက ဆိုသည်။ အဆိုပါ မာရသွန်ပြိုင်ပွဲမှ ရရှိသည့် မှတ်ပုံတင်ကြေးများကိုလည်း ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## ပထမဆုံးအပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ကင်ညာနှင့် မြန်မာအပြေးသမားများ အောင်ပွဲခံ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ - ၂၇

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသည့် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲတွင် ကင်ညာနိုင်ငံနှင့် မြန်မာနိုင်ငံမှ အပြေးသမားများ ဆုတံဆိပ်များ ရရှိခဲ့သည်။

ဇန်နဝါရီလ ၂၇ ရက်က ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်မှ စတင်တာထွက်ခဲ့သည့် ၎င်းပြိုင်ပွဲ၏ ၄၂ကီလိုမီတာ အမျိုးသားမာရသွန်ပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ Gitau Kariuki က စံချိန် ၂ နာရီ ၁၉ မိနစ် ၁၃ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ဒုတိယနေရာကို ကင်ညာနိုင်ငံသား Onesmus Muindi နှင့် မြန်မာနိုင်ငံမှ သောင်းအေးက တတိယနေရာရရှိခဲ့သည်။ ၄၂ ကီလိုမီတာ အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင်မူ မြန်မာနိုင်ငံမှ မြင့်မြင့်အေးက စံချိန် ၂ နာရီ ၄၆ မိနစ် ၀၇ စက္ကန့်ဖြင့် ပထမ၊ ပပက ဒုတိယနှင့် တတိယဆုကို နီလာစန်းတို့က ရရှိခဲ့သည်။

၁၀ ကီလိုမီတာ အမျိုးသားအပြေးပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ Charles Kipkorir Kipsang က စံချိန် ၃၁ မိနစ် ၁၁ စက္ကန့်ဖြင့် ပထမ၊ မြန်မာနိုင်ငံမှ သိန်းလှိုင်ဦးက ဒုတိယ၊ မောင်ချက်က တတိယနေရာရရှိခဲ့သည်။ ၁၀ ကီလိုမီတာ အမျိုးသမီးအပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဖြူဝါသက်က စံချိန် ၃၅ မိနစ် ၀၈ စက္ကန့်ဖြင့် ပထမရရှိခဲ့ပြီး ခင်မာလာဆယ်က ဒုတိယ၊ စောမာလာနွယ်က တတိယရရှိခဲ့သည်။

၄၂ကီလိုမီတာ မာရသွန်ပြိုင်ပွဲအတွက် ပထမဆုကန်ဒေါ်လာ ၂၅၀၀၊ ၁၀ ကီလိုမီတာ အပြေးပြိုင်ပွဲအတွက် ပထမဆု ကန်ဒေါ်လာ ၈၀၀ ချီးမြှင့်ခဲ့သည်။ အဆင့် ၁ မှ ၅ အတွင်း ပန်းဝင်သူများကို ဆုကြေးငွေများ ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားနှစ်ရပ်အတွက် စုစုပေါင်း ဆုကြေးငွေမှာ ကန်ဒေါ်လာ ၁၃,၄၀၀ ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲများအပြင် ၃ ကီလိုမီတာ အပျော်တမ်း အပြေး/လမ်းလျှောက်ပြိုင်ပွဲကိုလည်း ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ စုစုပေါင်း အပြေးသမားတစ်ထောင်ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်တွင်းပြည်ပမှ ဝင်ရောက်ယှဉ်ပြိုင်သူဦးရေ တစ်ဝက်စီခန့်ရှိကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် နေပြည်တော် Gold Camp တွင် စခန်းသွင်းလေ့ကျင့်နေသော ပဏာမလက်ရွေးစင်အားကစားသမား ၂၆ ဦးသည် အဆိုပါပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

*၄၂ကီလိုမီတာအမျိုးသားမာရသွန်ပြိုင်ပွဲတွင် ပထမရရှိခဲ့သည့် ကင်ညာနိုင်ငံမှ အပြေးသမား*

"ဒီပြိုင်ပွဲမှာ ပြည်ပက အမျိုးသားအားကစားသမားတွေအနေနဲ့ ကမ္ဘာ့အဆင့် ကစားသမားတွေပါလာပေမယ့် အမျိုးသမီးအားကစားသမားတွေ အနေနဲ့ကတော့ အပျော်တမ်းတွေ များတယ်လို့ သိရပါတယ်။ ဒါပေမဲ့ မြန်မာ့လက်ရွေးစင်အပြေးသမားတွေရဲ့ ဒီပြိုင်ပွဲမှာရတဲ့စံချိန်တွေဟာ ပြီးခဲ့တဲ့ ဆီးဂိမ်းရွှေတံဆိပ်ရစံချိန်ကို မမီသေးပေမယ့် နီးစပ်တဲ့စံချိန်တွေ ဖြစ်ပါတယ်" ဟု နေပြည်တော် Gold Camp ပြေးခုန်ပစ်နည်းပြဆရာ ဦးလမင်းအောင်က ပြောသည်။

## ဖိလစ်ပိုင်နှင့် ခြေစမ်းပွဲအတွက် ကစားသမားအသစ် လေးဦးခေါ်ယူ

### ဒဏ်ရာကြောင့် ခြောက်လကျော် အနားယူခဲ့ရသော ကျော်ကိုကိုအား ပြန်လည်ရွေးချယ်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဇန်နဝါရီ-၂၆

ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင် လူစာရင်းကို ထုတ်ပြန်ခဲ့ရာ ကစားသမားသစ်လေးဦးပါဝင်လာခဲ့ပြီး ဆူဇူကီးဖလားပြိုင်ပွဲဝင်အသင်းမှ ဝါရင့်ကစားသမားအချို့ မပါဝင်တော့ကြောင်း သတင်းရရှိသည်။

နည်းပြပတ်ဆောင်ဟွာသည် ပဏာမ လက်ရွေးစင် ကစားသမား ၂၅ ဦးစာရင်းတွင် ရန်ကုန်ယူနိုက်တက်ကွင်းလယ်ကစားသမား စည်သူအောင်၊ မကွေးအသင်းမှ နန္ဒကျော်၊ ထူးထူးအောင်နှင့် မောင်မောင်စိုးတို့ကို ပထမဆုံးအကြိမ်လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခဲ့သည်။ ပြီးခဲ့သည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် ဒဏ်ရာကြောင့် လွဲချော်ခဲ့သည့် တိုက်စစ်မှူးကျော်ကိုကို၊ နောက်ခံကစားသမား ရန်အောင်ဝင်းနှင့် ကွင်းလယ်ကစားသမား ကျော်ဇေယျာဝင်းတို့မှာလည်း ပြန်လည်ရွေးချယ်ခံရသည်။

သို့သော် ကွင်းလယ်ကစားသမားကြည်လင်းနှင့် ဒေးဗစ်ထန်းတို့မှာ ဒဏ်ရာပြဿနာများကြောင့် ပါဝင်လာခြင်း မရှိဘဲ ရန်ပိုင်၊ ခင်မောင်လွင်၊ ပိုင်စိုး၊ မိုးဝင်း စသည့် ဝါရင့် ကစားသမားများသည်လည်း ပတ်ဆောင်ဟွာ၏ ၂၀၁၃ ခုနှစ် ပထမဆုံး မြန်မာ့လက်ရွေးစင်လူစာရင်းတွင် ပါဝင်လာခြင်း မရှိပေ။

လက်ရှိ လူစာရင်းတွင် ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်းတို့မှ ကစားသမား ၆ ဦးစီ၊ မကွေးနှင့် ဧရာဝတီမှ ၄ ဦးစီ၊ ကမ္ဘောဇမှ ၃ ဦးနှင့် ဇေယျာရွှေမြေနှင့် ဆောက်သမ်းမြန်မာတို့မှ တစ်ဦးစီ ပါဝင်လျက်ရှိသည်။ ဖေဖော်ဝါရီ ၁ ရက်တွင် စတင်စခန်းသွင်းမည့် မြန်မာလက်ရွေးစင်အသင်းအား ကိုရီးယားလူမျိုးပတ်ဆောင်ဟွာက နည်းပြချုပ်အဖြစ် တာဝန်ယူမည်ဖြစ်ပြီး ဦးဇော်ဝင်းထွန်းနှင့် ဦးမျိုးချစ်တို့က လက်ထောက်နည်းပြများအဖြစ် တာဝန်ယူမည်ဖြစ်သည်။

လာမည့် မတ်လအတွင်း၌ ရန်ကုန်မြို့တွင် လက်ခံကျင်းပမည့် AFC Challenge Cup ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာအသင်းသည် ဖေဖော်ဝါရီ ၆ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့်လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် မလေးရှားယူ-၂၃ အသင်းနှင့်လည်းကောင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်စာရင်း၌ ဂိုး-သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ နောက်တန်း-ရန်အောင်ဝင်း၊ ရဲဇော်ထက်အောင်၊ ဇော်မင်းထွန်း၊ သက်နိုင်၊ အောင်ဟိန်းကျော်၊ ဇော်ဇော်ဦး၊ ပြည့်ဖြိုးအောင်၊ နန္ဒကျော်၊ သိန်းသန်းဝင်း၊ အလယ်တန်း-ဖြိုးကိုကို သိန်း၊ ညီညီမင်း၊ နန္ဒလင်းကျော်ချစ်၊ ရန်အောင်ကျော်၊ အောင်မိုး၊ စည်သူအောင်၊ ရာဇဝင်းသိန်း၊ မောင်မောင်စိုး၊ ထူးထူးအောင်၊ ရှေ့တန်း-ကျော်ကိုကို၊ ကောင်းစည်သူ၊ ကျော်ဇေယျာဝင်း၊ စိုးမင်းဦး တို့ဖြစ်သည်။

## ဇေယျာရွှေမြေ အမှတ်ပေးဇယား စတင်ဦးဆောင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ဇန်နဝါရီ-၂၇

ထိပ်ဆုံးမှ ရမှတ်တူနှစ်သင်း တွေ့ဆုံခဲ့သည့် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၄)တွင် ဇေယျာရွှေမြေအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို (၁-၀)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား ပထမနေရာတွင် ဦးဆောင်ခွင့်ရရှိခဲ့သည်။

ဇန်နဝါရီ ၂၆ ရက်က မုံရွာကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ပွဲချိန် ၈၅ မိနစ်၌ ဇေယျာရွှေမြေတိုက်စစ်မှူး ဆာဆာ၏ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးဖြင့် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုနှစ် ဘောလုံးရာသီ၏ ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့ရပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာကိုလည်း ဇေယျာရွှေမြေအသင်းထံလွှဲပြောင်းပေးခဲ့ရသည်။

ယခုတစ်ပတ်တွင် ပရိသတ်များအတွက် အံ့သြဖွယ်ရာ ရလဒ်ပွဲစဉ်အဖြစ် ဇွဲကပင်အသင်းက ချန်ပီယံဟောင်း ရတနာပုံအသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်ဖြစ်သွားခဲ့ပြီး ကမ္ဘောဇအသင်းကလည်း ဧရာဝတီအသင်းကို (၃-၀)ဂိုးဖြင့် ဂိုးပြတ်အနိုင်ယူကာ အမှတ်ပေးဇယားထိပ်ပိုင်းသို့ တက်ရောက်လာခဲ့သည်။

အခြားပွဲစဉ်များတွင် နေပြည်တော်အသင်းက ဟံသာဝတီအသင်းကို (၂-၀)ဂိုးဖြင့်လည်းကောင်း၊ ဆောက်သမ်းမြန်မာအသင်းက ရခိုင်ယူနိုက်တက်အသင်းကို(၂-၀)ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြပြီး မကွေးအသင်းနှင့် မနောမြေအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ဖြစ်ပေါ်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ဆီးဂိမ်းကြော်ငြာဘုတ် ဒီဇိုင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)အတွက် လှုံ့ဆော်ကြော်ငြာဘုတ်များ ဒီဇိုင်းပြိုင်ပွဲကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

လာမည့် ဒီဇင်ဘာလတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီနှင့် ပြိုင်ပွဲကာလအတွင်း ပြည်သူများအား လှုံ့ဆော်အသိပေးနိုင်ရေးအတွက် မြို့ကြီးများ၌ စိုက်ထူမည့် လမ်းဖြတ်ပိုစတာများ၊ မြေစိုက်ပိုစတာများ၊ လမ်းလယ်ကျွန်းပိုစတာများ၊ ခါတ်တိုင်ကပ်ပိုစတာများ၊ အားကစားကွင်း/ရုံများတွင် အလှဆင်မည့် ကြော်ငြာဘုတ်များနှင့် မုခ်ဦးများ၌ အလှဆင်မည့် ဒီဇိုင်းများအတွက် ပြိုင်ပွဲပြုလုပ်ခြင်းဖြစ်ကြောင်း အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပြိုင်ပွဲဝင်တစ်ဦးလျှင် ဒီဇိုင်းအရွယ်အစား တစ်မျိုးအတွက် ဒီဇိုင်းပုံစံဆယ်မျိုးစီနှင့် သတ်မှတ်အရွယ်အစားအားလုံးအတွက်ဝင်ရောက်ရေးဆွဲယှဉ်ပြိုင်နိုင်သည်။ ဒီဇိုင်းပုံစံအများဆုံး ရွေးချယ်ခံရသူအား ပထမဆု ကျပ်သိန်း ၃၀၊ ဒုတိယ ကျပ် ၂၅ သိန်း၊ တတိယ ကျပ်သိန်း ၂၀၊ စတုတ္ထ ကျပ် ၁၅ သိန်း၊ ပဉ္စမ ကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆုရရှိသူများ သုံးဦးအား ကျပ်ငါးသိန်းစီချီးမြှင့်မည် ဖြစ်သည်။

ဆုရမှုရင်း ဒီဇိုင်းများအပေါ် လိုအပ်ပါက အားကစားဝန်ကြီးဌာနက ပြန်လည်ပြင်ဆင်ရေးဆွဲခွင့်ပြုကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးကြရမည်ဖြစ်ကြောင်းနှင့် နမူနာပုံစံများ၊ ဒီဇိုင်းအတွင်း ထည့်သွင်းရေးဆွဲနိုင်ရန် Logo နှင့် Mascot ပုံစံများနှင့် အခြားလိုအပ်သည့် ပုံများအား လျှောက်လွှာဝယ်ယူရာဌာနတွင် တောင်းခံနိုင်ကြောင်း သတင်းရရှိသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာများနှင့်စည်းကမ်းချက်များကို အားကစားနှင့် ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ နေပြည်တော် ရုံးအမှတ်(၃၁)နှင့် လူထုအားကစားနှင့် ပညာပေးဌာနခွဲ (ရန်ကုန်) ကျိုက္ကဆံကွင်းတို့၌ တစ်စောင်လျှင် ကျပ် ၁,၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်သည်။

ပြိုင်ပွဲဝင်ဒီဇိုင်း (Soft Copy) တစ်စုံနှင့် (Hard Copy) နှစ်စုံစီကို ဖေဖော်ဝါရီလ ၁၅ ရက် နောက်ဆုံးထား၍ လျှောက်လွှာဝယ်ယူရာဌာနများသို့ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။



*ဆီးဂိမ်းပြိုင်ပွဲ ကြော်ငြာများ* ဓာတ်ပုံ - ကျော်ဇင်သန်း

## အားကစားသတင်းတိုများ

### မြန်မာနေရှင်နယ်လိဂ်-၂ ဖေဖော်ဝါရီ ၁၅ ကျင်းပမည်

စုစုပေါင်းအသင်းကိုးသင်းပါဝင်ယှဉ်ပြိုင်မည့် မြန်မာနေရှင်နယ်လိဂ်-၂ (ဆီမီးပရို)ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အောင်ဆန်း၊ စလင်း၊ ပဒုမ္မာကွင်းများတွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲမှာ လေးလကြာမြင့်မည်ဖြစ်ပြီး ယခုနှစ် ဇွန်လ ၂၆ ရက်တွင် အမှတ်အများဆုံး အသင်းနှစ်သင်းက သုဝဏ္ဏကွင်းတွင် ဗိုလ်လုပွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။ အမှတ်အများဆုံးနှစ်သင်းသည် ၂၀၁၄ မြန်မာနေရှင်နယ်လိဂ်-၁ ပြိုင်ပွဲသို့ တက်ရောက်ကစားခွင့်ရှိမည်ဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံးလေးသင်းသည် ရှုံးထွက်ဖလားပြိုင်ပွဲသို့ ဝင်ရောက်ကစားခွင့်ရရှိမည်ဖြစ်သည်။

### နေပြည်တော် အိမ်ကွင်းတွင် ညပွဲများ ကစားနိုင်ပြီ


နေပြည်တော်အသင်းအိမ်ကွင်းတွင် မီးမောင်းများတပ်ဆင်ပြီး၍ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များကို ညနေ ၃ နာရီခွဲ အချိန်အစား ညနေ ၆ နာရီမှ စတင်လက်ခံကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ မြန်မာလိဂ်ပွဲစဉ်များကို ရန်ကုန်နှင့် နယ်မြို့များတွင် လက်ခံကျင်းပနေရာ ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက နေပြည်တော်အသင်းအိမ်ကွင်း (ပေါင်းလောင်းကွင်း)တွင် မီးမောင်းများ တပ်ဆင်ထားမှုကို သွားရောက်စစ်ဆေးခဲ့ပြီးနောက်ပြိုင်ပွဲကျင်းပရန် လုံလောက်မှုရှိသည့်အတွက် ညပွဲလက်ခံကျင်းပရန် လက်ခံအတည်ပြုခဲ့ခြင်းဖြစ်သည်။

### ယူ-၁၆ အောက်မြန်မာပြည်ဇုန် လူရွေးပွဲ ဖေဖော်ဝါရီလဆန်းစတင်မည်

မြန်မာ့လက်ရွေးစင် ယူ-၁၆ ဖွဲ့စည်းရေးအတွက် အောက်မြန်မာပြည်ဇုန်လူရွေးပွဲကို လာမည့်ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ဘောလုံးအဖွဲ့ချုပ်နည်းစနစ် ကော်မတီသည် ဇန်နဝါရီလ တတိယအပတ်တွင်း အထက်မြန်မာပြည်ဇုန်လူရွေးချယ်ပွဲကို မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)တွင်ပြုလုပ်ခဲ့ပြီး အထက်/အောက်ဇုန်နှစ်ခုမှ ထွက်ပေါ်လာသည့်လူငယ်လေးများဖြင့် ပဏာမလက်ရွေးစင်ယူ - ၁၆ အသင်းအား ဖွဲ့စည်းသွားမည်ဖြစ်သည်။

### လက်ရွေးစင်ဟောင်းများ အေအက်ဖ်စီလိုင်စင် နည်းပြသင်တန်းတက်မည်

လက်ရွေးစင်ကစားသမားဟောင်းများဖြစ်သည့် စိုးမြတ်မင်း၊ မင်းသူ၊ နေသူလှိုင်တို့ တက်ရောက်ရန် စာရင်းပေးထားသည့် အေအက်ဖ်စီလိုင်စင်နည်းပြသင်တန်းကို လာမည့် ဖေဖော်ဝါရီလ ၅ ရက်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် အဆိုပါသင်တန်းသို့တက်ရောက်လိုသူများမှာ ဖေဖော်ဝါရီလ ၄ ရက် နောက်ဆုံးထားကာ ဘောလုံးအဖွဲ့ချုပ်နည်းစနစ်ဌာနသို့ ဆက်သွယ်စာရင်းပေးရမည်ဖြစ်သည်။



# မန်စီးတီး – လီဗာပူး ဗလင်စီယာ – ဘာစီလိုနာ

## ပွဲကောင်းတွေနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ ပွဲကြိုခန့်မှန်းချက်



**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်ပွဲတွေထဲမှာတော့ ပရီးမီးယားလိဂ်မှာ နယူးကာဆယ်–ချယ်လ်ဆီး၊ မန်စီးတီး–လီဗာပူး ပွဲကောင်းတွေ ကြည့်ရမှာပါ။ စီးရီးအေမှာတော့ နာပိုလီကလွဲလို့ ကျန်ထိပ်သီးသုံးသင်းဖြစ်တဲ့ ဂျူဗင်တပ်၊ အင်တာ၊ လာဇီယိုအသင်းတွေ အဝေးကွင်းကစားရမှာကြောင့် မထင်မှတ်တဲ့ရလဒ်တွေလည်းဖြစ်လာနိုင်တယ်။ စပိန်ပွဲတွေထဲမှာတော့ အမှတ်ဖြတ်ထားနိုင်ဆဲ ထိပ်ဆုံးက ဘာကာတို့ အဝေးကွင်း ဗလင်စီယာနဲ့တွေ့နေသလို အက်သလက်တီကိုနဲ့ ရီးရဲလ်ဘက်တစ်တို့ပွဲကလည်း အကြိတ်အနယ်ဖြစ်လာနိုင်ပါတယ်။

**ပရီးမီးယားလိဂ်**

**<u>၂၊ ဖေဖော်ဝါရီ၊ စနေ။</u>**

**အာဆင်နယ်–စတုတ်စီးတီး**
**(ည ၉း၃၀ နာရီ)**

ပကျော့ရလဒ် (၀–၀)

စတုတ်ဟာ အာဆင်နယ်အတွက် ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်ပါတယ်။ ယမန်နှစ်က နှစ်ကျော့စလုံးသရေကျခဲ့တာဟာ အာဆင်နယ်အတွက် စိတ်ဓာတ်ပိုင်း အဟန့်အတားဖြစ်နေပါလိမ့်မယ်။ အာဆင်နယ်ကိုပိုကြိုက်ပေမယ့် အမြင့်ဆုံးတစ်ဂိုးအသာလောက်ပဲ ရနိုင်ပါလိမ့်မယ်။ သရေလည်းဖြစ်နိုင်တယ်။

**နယူးကာဆယ်–ချယ်လ်ဆီး**
**(ည ၉း၃၀ နာရီ)**

ပကျော့ရလဒ် (၀–၂)

နယူးကာဆယ်တို့ ချယ်လ်ဆီးနဲ့တွေ့တိုင်း အိမ်ကွင်းရလဒ်မကောင်းတတ်ပါဘူး။ ဇယားမှာ နယူးကာဆယ်တို့ ရှုံးပွဲဆက်နေပြီး ညွှဲ့သည်ချယ်လ်ဆီးက အဝေးကွင်း နိုင်ပွဲရသွားဖို့များတယ်။ ချယ်လ်ဆီး နှစ်ဂိုးလောက် ရနိုင်ပါတယ်။

**<u>၃၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ။</u>**

**ဖူလ်ဟမ်–မန်ယူ**
**(နံနက် ၀၀း၀၀ နာရီ)**

ပကျော့ရလဒ် (၂–၃)

မန်ယူတို့ ဖူလ်ဟမ်ကို ခက်ခက်ခဲခဲ ကစားရဖို့ရှိပါတယ်။ အိမ်ကွင်းရလဒ်ပိုင်းအရ ဖူလ်ဟမ် အကောင်းကြီးမဟုတ်တာကြောင့် ညွှဲ့သည်မန်ယူပဲ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်သွားပါလိမ့်မယ်။

**မန်စီးတီး–လီဗာပူး**
**(ည ၁၀း၃၀ နာရီ)**

ပကျော့ရလဒ် (၂–၂)

အကြိတ်အနယ်ကစားမယ့်ပွဲပါပဲ။ လီဗာပူးတို့ နောက်ပိုင်းမှာ နိုင်ပွဲပြန်စိတ်လာပေမယ့် မန်စီးတီးအိမ်ကွင်းမှာ ယှဉ်ဖို့ ခက်နေပါတယ်။ မန်စီးတီး အရင်တွေ့ဆုံမှု ရလဒ်တွေကို ချေဖျက်ပြီး ကပ်နိုင်သွားဖို့ရှိတယ်။ သွင်းဂိုးနည်းနိုင်တယ်။

**စီးရီးအေ**

**<u>၃၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ။</u>**

**နာပိုလီ–ကာတာနီးယား**
**(နံနက် ၂း၁၅ နာရီ)**

ပကျော့ရလဒ် (၀–၀)

ဂိုးပြတ်ဖို့ မလွယ်ပါဘူး။ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ သုံးကြိမ်သရေကျပြီး တစ်ကြိမ်စီ အပြန်အလှန်နိုင်ထားတဲ့ နှစ်သင်းပါ။ နာပိုလီ အိမ်ကွင်းမှာ အနိုင်ရဖို့ ဖိအားဝင်နေပြီး အလွန်ဆုံး တစ်ဂိုးအသာလောက်နဲ့ပဲ ကပ်နိုင်မှာပါ။ သရေလည်းဖြစ်သွားနိုင်တယ်။



**ချီယေဗို–ဂျူဗင်တပ်**
**(ညနေ ၆း၀၀ နာရီ)**

ပကျော့ရလဒ် (၀–၂)

ချီယေဗို သရေပွဲနဲ့ရှုံးပွဲတချို့ကြုံတွေ့နေပြီး ဂျူဗင်တပ်က ဒီရာသီမှာ အဝေးကွင်းတစ်ပွဲပဲ ရှုံးဖူးသေးတာပါ။ ဂျူဗီတို့နှစ်ဂိုးလောက်ရနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်မယ်။

**ဆီနာ–အင်တာမီလန်**
**(ည ၈း၃၀ နာရီ)**

ပကျော့ရလဒ် (၂–၀)

ပထမအကျော့ရှုံးကြွေးကို အင်တာတို့ ပြန်ဆပ်ဖို့ ခက်ခဲနေမှာပါ။ ဆီနာ ဇယားအောက်ခြေရောက်နေပေမယ့် ခံစစ်ကစားပြီး ဂိုးနည်းအောင် ကြိုးစားမှာမို့ အင်တာတို့ အများဆုံးနှစ်ဂိုးလောက် အနိုင်ပါ။

**လာလီဂါ**

**<u>၄၊ ဖေဖော်ဝါရီ၊ တနင်္လာ</u>**

**ဗလင်စီယာ–ဘာစီလိုနာ**
**(နံနက် ၀၀း၃၀ နာရီ)**

ပကျော့ရလဒ် (၀–၁)

ဗလင်စီယာတို့ ဘာစီလိုနာကို မနိုင်တာကြာပါပြီ။ ဘာကာတို့ ပြီးခဲ့တဲ့ ဆိုစီဒက်နဲ့ပွဲမှာ ကပ်ရှုံးခဲ့ပေမယ့် ဒီအဝေးကွင်းပွဲမှာ ကပ်နိုင်ဖို့ အခွင့်အလမ်းများနေပါတယ်။ ဘာစီလိုနာကို ရွေးသင့်ပါတယ်။

**ဂရာနာဒါ–ရီးရဲလ်မက်ဒရစ်**
**(နံနက် ၃း၃၀ နာရီ)**

ပကျော့ရလဒ် (၀–၃)

ဂရာနာဒါတို့ အိမ်ကွင်းမှာ ရှုံးပွဲများတဲ့အသင်းပါ။ ရီးရဲလ်ကပဲ တိုက်စစ်အားကောင်းကောင်းနဲ့ နှစ်ဂိုးပြတ်လောက် နိုင်သွားနိုင်တယ်။ ဂရာနာဒါ ပြန်သွင်းနိုင်လည်း တစ်ဂိုးပါပဲ။

**အက်သလက်တီကိုမက်ဒရစ်–ရီးရဲလ်ဘက်တစ်**
**(နံနက် ၂း၃၀ နာရီ)**

ပကျော့ရလဒ် (၄–၂)

အက်သလက်တီကိုဟာ ဒီရာသီရဲ့ လာလီဂါမှာ အိမ်ကွင်း နိုင်ပွဲအများဆုံးအသင်းပါ။ ဘက်တစ်တို့ ဂိုးပေးနည်းစေဖို့ပဲ ဂရုစိုက်ရပါမယ်။ အက်သလက်တီကိုဘက်က နှစ်ဂိုးအသာနဲ့နေလို့ရတဲ့ပွဲပါ။




# အယ်လ်ဂျီးရီးယား ဓားစာခံအကျပ်အတည်းတွင် ဒုတိယမြောက် မလေးရှားနိုင်ငံသားတစ်ဦး သေဆုံးကြောင်း အတည်ပြု

**ကွာလာလမ်ပူ၊ဇန်နဝါရီ-၂၆**
အယ်လ်ဂျီးရီးယားတွင် မကြာမီက ဖြစ်ပွားခဲ့သော ဓားစာခံအကျပ်အတည်း၌ သေဆုံးသူများတွင် မလေးရှားနိုင်ငံသား နောက်ထပ်တစ်ဦး ပါဝင်ကြောင်း အတည်ပြုနိုင်ခဲ့ရာ ၎င်းမှာ ဒုတိယမြောက် သေဆုံးရသည့် မလေးလုပ်သားဖြစ်ခဲ့ကြောင်း သိရသည်။ တန်ပင်းဝီဟုခေါ်သည့် ယင်းမလေးရှားလုပ်သား၏ အလောင်းကို ခန္ဓာကိုယ်တွင်ရှိသော ဆေးမင်ကြောင်များနှင့် သွားများကို မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးရာမှ ဟုတ်မှန်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ၎င်းသည် ဇန်နဝါရီ ၁၆ ရက်က အယ်လ်ဂျီးရီးယားနိုင်ငံ သဲကန္တာရတစ်ခုထဲမှ အမင်နတ်စ် ဓာတ်ငွေ့စက်ရုံကို အစ္စလာမ်မစ်စစ်သွေးကြွများက စီးနင်းတိုက်ခိုက်ပြီး ဓားစာခံလုပ်ထားစဉ်ကပင် ရှိနေခဲ့ပြီး ထိုစဉ်က မလေးရှားဘက်မှ ၎င်းတို့၏ လုပ်သားစာရင်းတွင် ထည့်သွင်းသတ်မှတ်ရခြင်း မရှိသေးဟု သိရသည်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်ထဲတွင် အဆိုပါ ဓာတ်ငွေ့စက်ရုံ၌ အလုပ်လုပ်သော မလေးရှားလုပ်သားနှစ်ဦးမှာ ယမန်နေ့က အိမ်ပြန်ရောက်ခဲ့ကြပြီး အခြားတစ်ဦးမှာ တန်ပင်းဝီနှင့်အတူနေခဲ့ကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားအာဏာပိုင်များ၏ ခန့်မှန်းချက်အရ ယင်းဓာတ်ငွေ့စက်ရုံအား စီးနင်းကာ ဓားစာခံများ ထိန်းသိမ်းထားခဲ့မှုတွင် နိုင်ငံခြားသားဓားစာခံ ၃၇ ဦးနှင့် ပြန်ပေးဆွဲသူ စစ်သွေးကြွများက မာလီတွင် ပြင်သစ်တပ်များ ဝင်ရောက်တိုက်ခိုက်မှု အဆုံးသတ်ရန်နှင့် ဖမ်းဆီးထားသော စစ်သွေးကြွများကို ပြန်လွှတ်ပေးရန် အကျပ်ကိုင်တောင်းဆိုခဲ့သည်။ *—Ref: AFP*



# လူသေဆုံးမှုများ ရှိခဲ့ပြီးနောက် အီဂျစ်နိုင်ငံ စူးအက်စ်မြို့တွင် တပ်ဖွဲ့ဝင်များချထား

**ကိုင်ရို၊ဇန်နဝါရီ-၂၆**
အီဂျစ်သမ္မတ မိုဟာမက်မော်စီ အပေါ် နိုင်ငံတစ်ဝန်း ဆန့်ကျင်ကန့်ကွက်မှုများရှိနေစဉ် လူကိုးဦး သေနတ်ဖြင့် ပစ်ခတ်ခံရကာ သေဆုံးခဲ့ပြီးနောက် စူးအက်စ်မြို့တွင် စစ်ဘက်တပ်ဖွဲ့ဝင်များ ချထားလိုက်ကြောင်း သိရသည်။

စူးအက်စ်မြို့၌ ရဲတပ်ဖွဲ့ဝင်တစ်ဦး အပါအဝင် လူရှစ်ဦးသေဆုံးခဲ့ပြီး အစ္စလာမီးယားမြို့၌လည်း တစ်ဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ အရာရှိများက ပြောသည်။ နိုင်ငံတစ်ဝန်းဆန္ဒပြမှုများတွင်လည်း လူပေါင်း ၄၅၆ ဦး ဒဏ်ရာရရှိခဲ့သည်။

မစ္စတာမော်စီနှင့် အစ္စလာမ်မစ်မဟာမိတ်များက ၎င်းတို့၏ တော်လှန်ရေးကို သစ္စာဖောက်ခဲ့သည်ဟု ဆန္ဒပြကန့်ကွက်သူများက အမျက်ဒေါသထွက်ခဲ့ကြသောကြောင့်လည်း အီဂျစ်တော်လှန်ရေး ဒုတိယမြောက်နှစ်ပတ်လည်တွင် ပေါက်ကွဲမှုများ ပြင်းထန်ခဲ့ခြင်းဖြစ်သည်။

သမ္မတမော်စီက နိုင်ငံသို့မိန့်ခွန်းပြောကြားရာတွင် ပြစ်မှုကျူးလွန်သော ရာဇဝတ်သားများကို လိုက်လံဖမ်းဆီး၍ ဥပဒေရှေ့မှောက် ပို့ဆောင်ရန် ဝန်လေးနေမည်မဟုတ်ဟူ၍ ပြောကြားသည်။ အီဂျစ်နိုင်ငံသားများအနေဖြင့် တော်လှန်ရေးခံယူချက်များကို လေးစားလိုက်နာ၍ ၎င်းတို့၏ အမြင်များကို ငြိမ်းချမ်းစွာ ဖော်ထုတ်ကြရန် တိုက်တွန်းသည်။

စူးအက်စ်မြို့အတွက် လုံခြုံရေးတပ်ဖွဲ့များ ထပ်မံအားဖြည့်ပေးရန် ပြည်နယ်ရဲတပ်ဖွဲ့မှူးက တောင်းဆိုခဲ့ပြီးနောက် ယင်းမြို့၌ စစ်ဘက်တပ်ဖွဲ့များ ချထားလိုက်ခြင်းဖြစ်သည်။ *—Ref: Reuters*

# ဆီးရီးယားအစိုးရက နိုင်ငံအလယ်ပိုင်း အရေးပါသောမြို့ကိုသိမ်းရန် တပ်ဖွဲ့များစေလွှတ်


**အမန်၊ ဇန်နဝါရီ - ၂၆**
ဆီးရီးယားစစ်ဘက်သည် နိုင်ငံအလယ်ပိုင်းရှိ အရေးပါသော မြို့ဖြစ်သော ဟွမ်းမြို့ အတိုက်အခံဆွန်နီမွတ်ဆလင် အမာခံနယ်မြေများတွင် ထိုးစစ်ဆင်မှု တိုးမြှင့်နေကြောင်းနှင့် ၎င်းတို့တပ်ဖွဲ့များ ဖြတ်သန်းသွားလာရေး လုံခြုံမှုရှိစေရန် မြေပြင်တပ်ဖွဲ့များပါ ခေါ်ဆောင်လာကြောင်း အတိုက်အခံသတင်းရင်းမြစ်များက ပြောကြားသည်။

ဟွမ်းမြို့အနောက်ဘက်စွန်းနိုင်ငံ၏ အရှေ့နှင့် အနောက်တောင်နှင့်မြောက် အဝေးပြေးလမ်းမကြီးများ ဆုံတွေ့ရာလမ်းဆုံမှာ ဆီးရီးယားတပ်ဖွဲ့များ မြို့တော်ဒမတ်စကပ်နှင့် မက်ဒီတရေးနီးယန်းပင်လယ်ကမ်းရိုးတန်းသို့ သွားလာရန် အရေးပါသည်။ ယင်းလမ်းဆုံမှာပင် ဆွန်နီအရပ်သား ၁၅,၀၀၀ ခန့် ပိတ်မိနေသည်ဟု ဟွမ်းမြို့ အတိုက်အခံအဖွဲ့များက ပြောသည်။

ဝေဟင်မှ ဗုံးကြဲမှု၊ လက်နက်ကြီးများ၊ ရော့ကတ်များဖြင့် ပစ်ခတ်မှုကြောင့် လွန်ခဲ့သော ငါးရက်အတွင်း ယင်းဒေသ၌ အရပ်သား ၁၂၀ နှင့် အတိုက်အခံတိုက်ခိုက်ရေးသမား ၃၀ သေဆုံးခဲ့သည်။ ဆီးရီးယားအာဏာပိုင်များက အမှီအခိုကင်း မီဒီယာများကို ပိတ်ပင်ထားရာ မြေပြင်မှ သတင်းများကို အတည်ပြုရန် ခက်ခဲသည်။

ဒမတ်စကပ်မြို့ မြောက်ဘက်မိုင် ၉၀ အကွာတွင် တည်ရှိသော စီးပွားရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အချက်အချာကျသော ဟွမ်းမြို့တွင် ဆွန်နီမွတ်ဆလင်အများစု နေထိုင်ပြီး သမ္မတအာဆတ်အစိုးရအား တော်လှန်ပုန်ကန်ရာတွင် အဓိကနေရာမှ ပါဝင်သည်။

*—Ref: Reuters*



7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ပြင်သစ်နှင့် မာလီတပ်ဖွဲ့များ ဂါအိုမြို့ကို သိမ်းပိုက်ပြီး တင်ဘွတ်ကုမြို့သို့ ဆက်လက်ချီတက်

**ဂါအို၊ဇန်နဝါရီ- ၂၈**

မာလီနိုင်ငံမြောက်ပိုင်းရှိ သူပုန်များ၏ အမာခံမြို့ဖြစ်သော ဂါအိုမြို့ကို ဇန်နဝါရီ ၂၇ ရက်က သိမ်းပိုက်ခဲ့ပြီးနောက် ပြင်သစ်တပ်ဖွဲ့များနှင့် မာလီတပ်ဖွဲ့များသည် မြောက်ပိုင်းတွင် အခြားအရေးပါသော တင်ဘွတ်ကုမြို့သို့ ဆက်လက်ချီတက်နေကြသည်။

မာလီနိုင်ငံသို့ တပ်ဖွဲ့များ ထပ်မံစေလွှတ်ရေးအတွက် အာဖရိကခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးနေစဉ်အတွင်း ယခုကဲ့သို့ ဆက်လက်ချီတက်နေကြခြင်းဖြစ်သည်။

အစ္စလာမ်မစ်များက ၂၀၁၂ အတွင်း မာလီနိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ခဲ့ကြသည်။ သို့သော် ယခုလအစောပိုင်းတွင်ပြင်သစ်တပ်ဖွဲ့များက စစ်ဆင်ရေးတစ်ရပ် စတင်ဆင်နွှဲခဲ့ပြီးနောက် အစ္စလာမ်မစ်သူပုန်များမှာ ထိုးစစ်များရပ်တန့်ပြီး နောက်ဆုတ်ခဲ့ရသည်။


ပြင်သစ်ဝန်ကြီးချုပ်ဂျင်မာ့စ်အားရော့က ပြင်သစ်နှင့် မာလီတပ်ဖွဲ့များ တင်ဘွတ်ကုမြို့အနီးသို့ မကြာမီ ရောက်လာတော့မည်ဟု ဇန်နဝါရီ ၂၈ ရက် အစောပိုင်းကပြောကြားသည်။ ယင်းတပ်ဖွဲ့များသည် တင်ဘွတ်ကုလေဆိပ်ကို သူပုန်များလက်မှ ပြန်လည်ရယူခဲ့သည်ဟုလည်း အယ်လ်ဂျာဇီးယား သတင်းကဆိုသည်။

လက်နက်ကြီးများ တပ်ဆင်ထားသော လူတင်သံချပ်ကာယာဉ်များသည်တင်ဘွတ်ကုမြို့မှ မိုင် ၄၀ ခန့်အကွာတွင် ရောက်ရှိနေပြီဖြစ်ကြောင်း France 24 ပြင်သစ်သတင်းဌာနက ပြောကြားသည်။ ပြင်သစ်တိုက်လေယာဉ်များက မြို့ကိုသိမ်းပိုက်ရန် ဗုံးကြဲတိုက်ခိုက်နေကြောင်းနှင့် မြို့အနီး သဲကန္တာရ သူပုန်စခန်းများကို ချေမှုန်းနေကြကြောင်းသိရသည်။

တင်ဘွတ်ကုမြို့အား ၂၀၁၂ အတွင်း အန်ဆာဒိုင်းအစ္စလာမ်မစ်များက သိမ်းပိုက်ခဲ့ပြီး သမိုင်းဝင် ရှေးဟောင်းဂူဗိမာန်များအား ဖျက်ဆီးခဲ့သည်။ ယင်းဒေသခံပြည်သူများမှာလည်း အစ္စလာမ်မစ်များ ချမှတ်သည့် တင်းကျပ်သော ရှာရီးယားဥပဒေကို လိုက်နာခဲ့ရသည်။

*—Ref: BBC/France 24*

# အောက်မေ့ဖွယ် အခမ်းအနားတွင် ဘာလူစကိုနီက မူဆိုလီနီအား ကာကွယ်ပြောဆို



**ရောမ၊ဇန်နဝါရီ- ၂၈**

နာဇီတို့က ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော Holocaust ဖြစ်ရပ် သေဆုံးသူများအတွက် ပြုလုပ်သော အောက်မေ့ခြင်းအခမ်းအနားတွင် အီတလီဝန်ကြီးချုပ်ဟောင်း ဆီဗီယိုဘာလူစကိုနီက ဖက်ဆစ်အာဏာရှင် ဘီနစ်တိုမူဆိုလီနီအား ကာကွယ်ပြောဆိုခဲ့ပြီးနောက် ဂျူးလူမျိုးအုပ်စုများက ၎င်းအား ပြစ်တင်ရှုတ်ချခဲ့ကြသည်။

မီလန်မြို့တွင် ကျင်းပသော နိုင်ငံတကာ Holocaust အောက်မေ့သတိရဖွယ်နေ့ ဆက်စပ်ပွဲ၌ စကားပြောကြားရာ၌ ဂျာမနီနိုင်ငံမှ အဒေါ့ဖ်ဟစ်တလာနှင့် မဟာမိတ်ဖွဲ့ရန် မူဆိုလီနီ၏ ဆုံးဖြတ်ချက်ကို ဘာလူစကိုနီက ကာကွယ်ပြောဆိုခဲ့သည်။

"အဲဒီအချိန်က ဆုံးဖြတ်ချက်ချခဲ့တဲ့ သူ့ရဲ့နေရာကို အခုအချိန်မှာ ဝင်ကြည့်ဖို့ တော်တော်ခက်ခဲပါတယ်"ဟု ဖေဖော်ဝါရီရွေးကောက်ပွဲများမတိုင်မီ မဲဆွယ်နေသော မစ္စတာဘာလူစကိုနီ (၇၆ နှစ်)က ပြောကြားသည်။ ဂျာမန်တို့၏ အင်အားကြောင့် အောင်ပွဲရရှိသွားမည်ကို စိုးရိမ်၍ ထိုစဉ်ကာလ အစိုးရက ဂျာမနီကို ဆန့်ကျင်ခြင်းထက် မဟာမိတ်ဖွဲ့ရန် ရွေးချယ်ခဲ့သည်ဟု ၎င်းကပြောသည်။

ခေါင်းဆောင်တစ်ဦးအနေဖြင့် လူမျိုးရေးဥပဒေများ ချမှတ်ခဲ့ခြင်းမှာ မူဆိုလီနီ၏ အကြီးမားဆုံးအမှားဖြစ်သော်လည်း အခြားနေရာများတွင် စွမ်းဆောင်မှုကောင်းခဲ့သည်ဟု မစ္စတာဘာလူစကိုနီက ပြောကြားသည်။ ၁၉၄၃ ခုနှစ်အတွင်း ဂျာမနီက အီတလီနယ်မြေအချို့အား သိမ်းပိုက်ထားစဉ် မူဆိုလီနီက ဂျူးလူမျိုး ၇,၀၀၀ ကျော်အား နာဇီချွေးတပ်စခန်းများသို့ နယ်နှင်ခဲ့ပြီး ၎င်းတို့ထဲမှ အများအပြားမှာ နာမည်ဆိုးဖြင့် ကျော်ကြားသော အော်ဇဝစ်အကျဉ်းစခန်း၌ သေဆုံးခဲ့ရသည်။ *—Ref: LA Times*

# ဟောင်ကောင်တွင် ဆင်းရဲမွဲတေမှုနှင့် အိမ်ရာအကျပ်အတည်း ဖြေရှင်းရန် ပြည်သူ ၁,၀၀၀ ခန့် ဆန္ဒပြ

**ဟောင်ကောင်၊ဇန်နဝါရီ- ၂၈**

တရုတ်နိုင်ငံပိုင် ဟောင်ကောင်ကျွန်းတွင် ပြည်သူ ၁,၀၀၀ ခန့်သည် လက်ရှိ ရင်ဆိုင်နေရသော ဆင်းရဲမွဲတေမှုနှင့် အိမ်ရာအကျပ်အတည်းကို မဖြေရှင်းပေးသော မြို့တော်ခေါင်းဆောင်၏ ပေါ်လစီမိန့်ခွန်းကို ကန့်ကွက်သောအားဖြင့် လမ်းများပေါ်သို့ ချီတက်ဆန္ဒပြခဲ့ကြောင်း သိရသည်။ ဟောင်ကောင်အုပ်ချုပ်ရေးမှူး အမှုဆောင်အရာရှိချုပ် လျန်ချွန်ယင်းသည် မကြာသေးမီက ၎င်း၏ ဇန်နဝါရီပေါ်လစီမိန့်ခွန်းတွင် ဆန္ဒပြသူများအား ဟန့်တားနိုင်ရေးအတွက် လူဦးရေထူထပ်သော မြို့တော်တွင် အိမ်ရာချထားပေးမှုများ တိုးမြှင့်ပေးသွားမည်ဟု ကတိပြုခဲ့ဖူးသည်။

ယခုဆန္ဒပြသူများသည်လျန်ချွန်ယင်းအား သွေးစုပ်ဖုတ်ကောင်တစ်ဦးအဖြစ် သရုပ်ဖော်ထားသောပုံများ ကိုင်စွဲကာ ဆန္ဒပြခဲ့ပြီး ပါဝင်သူတစ်ဦးကလည်း ၎င်းမှာ ဟောင်ကောင်ပြည်သူများ၏ ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် နှလုံးသားနှင့် စွမ်းရည်မရှိကြောင်း ပြောကြားဝေဖန်ခဲ့သည်။ ဆန္ဒပြသူများက အစိုးရအား အထွေထွေသပိတ် မှောက်ကြရန်လည်း နှိုးဆော်ခဲ့သည်။




Photo - AFP

*ဇန်နဝါရီ ၂၇ ရက်က ဟောင်ကောင်တွင် အမှုဆောင်အရာရှိချုပ် လွမ်ချွန်ယင်အပေါ် ကန့်ကွက်ဆန္ဒပြနေသူများ။ လူပေါင်း ၁၀၀၀ ခန့်ချီတက်ခဲ့သော ကန့်ကွက်မှုတွင် ဆန္ဒပြသူများက မစ္စတာ လွမ်ချွန်ယင်၏ ပေါ်လစီများ ထူးခြားဆန်းသစ်မှုမရှိဘဲ ပြည်သူလူထုနေထိုင်ရေးကို တိုးတက်မှုမရှိဟု ဆိုကြသည်။*

ဟောင်ကောင်သည် ၂၀၀၇ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ တရုတ်လက်ထဲ ပြန်ရောက်ခဲ့ပြီး တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရထားသော်လည်း ကျွန်းအကြီးအကဲ အုပ်ချုပ်ရေးမှူးကို ပြည်သူ့ဆန္ဒဖြင့် ရွေးချယ်ပိုင်ခွင့်မရှိဘဲ တရုတ်အစိုးရကသာ ရွေးချယ်ခန့်အပ်ခဲ့သည်။ ဘေဂျင်းကမူ ဟောင်ကောင်ပြည်သူများသည် ၂၀၁၇ တွင် ကျွန်းအုပ်ချုပ်ရေးမှူးကို တိုက်ရိုက်ရွေးချယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။ လက်ရှိအုပ်ချုပ်ရေးမှူးလျန်ကို ဘေဂျင်းထောက်ခံသည့် ခေါင်းဆောင်အများစုကြီးစိုးထားသော အဖွဲ့ဝင် ၁,၂၀၀ ပါဝင်သည့် ရွေးကောက်ပွဲကော်မတီဖြင့် ရွေးချယ်ထားခြင်းဖြစ်သည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## အီဂျစ်မြို့ကြီးသုံးမြို့တွင် အရေးပေါ်အခြေအနေနှင့် နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်

နှစ်ပတ်လည်ဖြစ်သည့် ဇန်နဝါရီ ၂၅ ရက်မှ စတင်ဖြစ်ပေါ်ခဲ့သော မငြိမ်မသက်မှုများ အဆုံးသတ်ရန် အရေးယူမှုများ ထပ်မံလုပ်ဆောင်ရန် အသင့်ရှိကြောင်း မစ္စတာမော်စီကပြောသည်။

၂၀၁၂ ခုနှစ် ဘောလုံးပွဲ ရမ်းကားမှုတွင် ပါဝင်ခဲ့သူများအား သေဒဏ်ချမှတ်ခဲ့ခြင်းကြောင့် ပေ့ါဆိုက်ဒ်မြို့တွင် လူအများ ထကြွသောင်းကျန်းပြီး အဓိကရုဏ်းဖြစ်ပွားကာ လူခြောက်ဦးသေဆုံးပြီး ၄၆၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ လူအုပ်စုကြီး က ရဲစခန်းသုံးခုအား စီးနင်းရန် ကြိုးစားခဲ့ကြပြီး စစ်ဘက်က ဖွင့်လှစ်ထားသော လူမှုရေးကလပ်ကို မီးရှို့ခဲ့ကြသည်။

စူးအက်ဇ်မြို့တွင်လည်း ကန့်ကွက်ဆန္ဒပြသူများက ရဲစခန်းအား ဝန်းရံကာ ပုလင်းမီးလောင်ဗုံးများဖြင့် ပစ်ပေါက်ခဲ့ကြကြောင်း လုံခြုံရေးအရာရှိများက ပြောကြားခဲ့သည်။

မြို့တော်ကိုင်ရိုတွင်လည်း သမ္မတမော်စီအပေါ် မကျေနပ်သူများနှင့် ရဲတပ်ဖွဲ့များအကြား ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ယင်းမှာ အစ္စလာမ်မစ်များ အုပ်ချုပ်နေသော တိုင်းပြည်တွင် နိုင်ငံရေးအရ ကွဲပြားမှုများ ရှိနေခြင်းကို မီးမောင်းထိုးပြနေကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ *—Ref: Reuters*



# မာလီတပ်ဖွဲ့များ ပြင်သစ်အထောက်အပံ့ဖြင့် သူပုန်အမာခံနယ်မြေသို့ဆက်လက်ချီတက်

**ဘာမာကို၊ဇန်နဝါရီ-၂၆**

မာလီအစိုးရတပ်ဖွဲ့များသည် ပြင်သစ်တပ်ဖွဲ့များ၏ အထောက်အပံ့ဖြင့် နိုင်ငံမြောက်ပိုင်း အစ္စလာမ်မစ်သူပုန်များ၏ အမာခံနယ်မြေဂါအိုဒေသသို့ ဆက်လက်ချီတက်တိုက်ခိုက်ကြသည်။ မာလီတပ်ဖွဲ့များက ဟွန်ဘိုရီမြို့အား ပြန်လည်သိမ်းပိုက်ကာ ပြင်သစ်တို့၏ ဝေဟင်မှ တရစပ်ဗုံးကြဲတိုက်ခိုက်မှုများကလည်း အယ်လ်ကိုင်ဒါအနွယ် သူပုန်များအား ဆုတ်ခွာသွားစေခဲ့သည်။

ကိုလိုနီဟောင်းနိုင်ငံတွင် နိုင်ငံမြောက်ပိုင်းအား သိမ်းပိုက်ထားသော အစ္စလာမ်မစ်သူပုန်များ နိုင်ငံတောင်ပိုင်းသို့ ချီတက်လာခြင်းကို တားဆီးရန် ပြင်သစ်နိုင်ငံက လွန်ခဲ့သော နှစ်ပတ်က တပ်ဖွဲ့များနှင့် လေယာဉ်များ ပေးပို့ခဲ့သည်။

ပြင်သစ်နှင့် မာလီတပ်ဖွဲ့များသည် နိုင်ဂျာမြစ်တစ်ဖက်တစ်ချက်ဆီမှ ချီတက်၍ လမ်းကြောင်းတစ်လျှောက် လယ်ယာစိုက်ပျိုးရေးမြို့လေးများကို ပြန်လည်သိမ်းပိုက်ခဲ့သည်။



*မာလီစစ်သားများ*

Photo - AFP

အာဖရိကသမဂ္ဂ ခေါင်းဆောင်များကလည်း ယခင်ရက်သတ္တပတ်အတွင်း အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့၌ တွေ့ဆုံ၍ အင်အား ၆,၀၀၀ အထိရှိမည့် အာဖရိကတပ်ဖွဲ့များအတွက် သယ်ယူပို့ဆောင်ရေးနှင့် စက်ပစ္စည်းများ ထောက်ပံ့ပေးရန် ကုလသမဂ္ဂအား တိုက်တွန်းလိုက်သည်။

ဂါအိုဒေသမှ မိုင် ၁၀၀ ခန့်ကွာဝေးသော ဟွန်ဘိုရီမြို့အား အစိုးရတပ်ဖွဲ့များ ဝင်ရောက်လာပြီဖြစ်ကြောင်းနှင့် အစ္စလာမ်မစ်များ၏ အမာခံနယ်မြေဂါအိုဒေသအားရှေ့လာမည့်ရက်အနည်းငယ်အတွင်း ထိုးစစ်ဆင်မည်ဖြစ်ကြောင်း မာလီအရာရှိများက ပြောကြားသည်။ *—Ref: Reuters*

# အငြင်းပွားကျွန်းစုများအရေး တရုတ်က ပြမည့်သက်သေ ကုလ လက်ခံစဉ်းစားမည်

**နယူးယောက်၊ဇန်နဝါရီ-၂၆**

ကုလသမဂ္ဂအဖွဲ့သည် အရှေ့တရုတ်ပင်လယ်အတွင်းမှ ဂျပန်နှင့် ပိုင်ဆိုင်မှုအငြင်းပွားနေသော ကျွန်းစုအုပ်စုကို တရုတ်က ပိုင်ဆိုင်ကြောင်း သိပ္ပံနည်းကျအထောက်အထားနှင့် ပြသမည်ကို ယခုနှစ်ကုန်တွင် လက်ခံစဉ်းစားပေးသွားရန် ပြင်ဆင်နေကြောင်း သိရသည်။

ယင်းသို့တရုတ်ဘက်မှတင်ပြမှုနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက အငြင်းပွားမှုတွင် ကုလအဖွဲ့အနေဖြင့် မပါဝင်သင့်ကြောင်း ကန့်ကွက်ထားသည်။ လူမနေသော ယင်းကျွန်းစုများသည် ငါးဖမ်းလုပ်ကွက်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ ကြွယ်ဝသည့် နေရာများအနီး တည်ရှိနေသည်။ နှစ်နိုင်ငံကြား ပိုင်ဆိုင်မှုအငြင်းပွားခြင်းများမှာ ၂၀၁၂ စက်တင်ဘာတွင် ယင်းကျွန်းငယ်များကို ပိုင်ဆိုင်သည့် ဂျပန်လူမျိုးတစ်ဦးထံမှ ဂျပန်အစိုးရက ပြည်သူပိုင်အဖြစ် ဝယ်ယူလိုက်ပြီးနောက် ပိုမိုပြင်းထန်လာခဲ့သည်။

ကုလသမဂ္ဂ၏ တိုက်ကြီးများ၏ နယ်နိမိတ်အကန့်အသတ်ဆိုင်ရာ ကော်မရှင်သို့ တင်ပြခဲ့မှု၌ တရုတ်ဘက်က အရှေ့တရုတ်ပင်လယ်အတွင်း အာရှ၏ နယ်နိမိတ်သည် တရုတ်မြေပိုင်နက်အတွင်း ကျရောက်နေကြောင်း၊ ယင်းတွင် အငြင်းပွားကျွန်းစုများလည်း ပါဝင်နေကြောင်းဆိုသည်။ ကုလသမဂ္ဂ၏ ယင်းနယ်နိမိတ်အကန့်အသတ်ဆိုင်ရာ ကော်မရှင်သည် သိပ္ပံနည်းကျသက်သေပြချက်များကို လက်ခံစစ်ဆေးပေးမည်ဖြစ်သော်လည်း မည်သည့်နယ်နိမိတ် အငြင်းပွားမှုများကိုမဆို ဖြေရှင်းပေးမည်မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံများအကြား၌သာ ဖြေရှင်းရမည်ဟု သိရသည်။ အဆိုပါ ကျွန်းစုများကို တရုတ်က ဒိုင်အိုယုကျွန်းများဟုခေါ်ပြီး ဂျပန်က ဆင်ကာကူကျွန်းများဟု ခေါ်ဝေါ်သုံးနှုန်းသည်။ *—Ref: Reuters*





**INTERVIEW**

ဆီးရီးယားမှာ စစ်ရေးအရ ဝင်ရောက်စွက်ဖက်ဖို့ ရည်ရွယ်ချက်မရှိပါဘူး

နေတိုးတပ်ဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »

**NEWS ANALYSIS**

ဥရောပနှင့်ဗြိတိန် တွဲရေး၊ ခွဲရေးပြဿနာ

စာမျက်နှာ(၃၆)သို့ »



**MALI**

မာလီတပ်ဖွဲ့များ ပြင်သစ်အထောက်အပံ့ဖြင့် သူပုန်အမာခံနယ်မြေသို့ ဆက်လက်ချီတက်

စာမျက်နှာ(၅၅)သို့ »



၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

# International

Vol.11, No.47 • JANUARY 31 , 2013

## နျူပုံးဖောက်ခွဲစမ်းသပ်ရန် မြောက်ကိုရီးယား အသင့်ပြင်ထားဟု ဂြိုဟ်တုဓာတ်ပုံများတွင် ဖော်ပြ

**ဆိုးလ်၊ဇန်နဝါရီ-၂၈**

ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်ရှိ အမေရိကန်-ကိုရီးယား အင်စတီကျူဒ်မှ ဖော်ပြခဲ့သော ဂြိုဟ်တုရုပ်ပုံများတွင် မြောက်ကိုရီးယားသည် မကြာသေးမီက ၎င်းကြွေးကြော်ထားသည့်အတိုင်း နျူပုံးဖောက်ခွဲစမ်းသပ်ရန် နေရာတစ်ခုကို အသင့်ပြင်ဆင်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၂၃ ရက်စွဲဖြင့် ရိုက်ကူးထားသော ယင်းဓာတ်ပုံများတွင် ဗုံးစမ်းသပ်မည့်နေရာတစ်ခုမှာ အမိန့်ရသည်နှင့် ရက်သတ္တပတ်အနည်းငယ်အတွင်း ဖောက်ခွဲရန် အသင့်ဖြစ်နေဖွယ်ရှိကြောင်း အဆိုပါအင်စတီကျူဒ်၏ 38 North ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ဝက်ဘ်ဆိုက်တွင် "နှင်းကျနေတာတွေနဲ့ နှင်းရှင်းလင်းရေးလုပ်နေတာတွေ၊ပြီးတော့ ဗုံးခွဲနိုင်ဖွယ်ရှိတဲ့နေရာဖြစ်တဲ့ စမ်းသပ်ရေးတူးမြောင်းအနားက ကားလမ်းတွေနဲ့ အဆောက်အအုံတွေကို ရှင်းလင်းနေတာ တွေ့ရပါတယ်"ဟု ဖော်ပြထားသည်။

အမေရိကန်-ကိုရီးယား အင်စတီကျူဒ်သည် ၂၀၁၂ ဒီဇင်ဘာလတွင် မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်မှုများကို ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့ပြီးနောက် ထပ်မံတုံ့ပြန်သည့် အနေဖြင့် မြောက်ကိုရီးယားက ပြီးခဲ့သောရက်ပိုင်းအတွင်း တတိယမြောက်နျူစမ်းသပ်မှုကို **စာမျက်နှာ(၄၅)သို့ »**

## ဘရာဇီးနိုက်ကလပ် မီးလောင် လူ ၂၃၃ ဦး သေဆုံး

**ဆန်တာမာရီယာ၊ဇန်နဝါရီ-၂၈**

ဘရာဇီးနိုင်ငံတောင်ပိုင်း နိုက်ကလပ်တစ်ခု၌ တီးဝိုင်းအဖွဲ့က မီးရှူးမီးပန်းများ ပစ်ဖောက်ဖျော်ဖြေစဉ် အဆောက်အအုံ မီးစွဲလောင်ပြီး ပါတီတက်ရောက်သူများ ကြောက်အားလန့်အားနှင့် အလုအယက်ထွက်ပြေးကြရာမှ တက်နင်းမိကာ လူအများအပြား သေဆုံးခဲ့သည်။

မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ရာတွင် နိုက်ကလပ်မျက်နှာကြက်မှ အသံလုံရန် တပ်ဆင်ထားသော ပစ္စည်းများအား မီးလောင်ရာမှ အခန်းအတွင်း မီးခိုးငွေ့များ ပြည့်နှက်သွားပြီး လူအများအပြား အသက်ရှူကျပ်ပြီး သေဆုံးခဲ့ကြောင်း ဒေသခံမီးသတ်အရာရှိများက ပြောသည်။ **စာမျက်နှာ(၄၅)သို့ »**



*ဇန်နဝါရီ ၂၇ ရက်က ဘရာဇီးနိုင်ငံ ဆန်တာမာရီယာမြို့ နိုက်ကလပ်မီးလောင်စဉ် ငြိမ်းသတ်ရန် ကြိုးစားနေသော မီးသတ်သမားများကို တွေ့ရစဉ်*

Photo - AFP

## ဩစတြေးလျပြည်နယ်နှစ်ခုတွင် ရေကြီးမှုများကြောင့် လူဒါဇင်ပေါင်းများစွာ အိမ်ခေါင်မိုးများပေါ် တက်နေရပြီး သုံးဦးသေဆုံး

**ဆစ်ဒနီ၊ဇန်နဝါရီ-၂၈**

ဩစတြေးလျအရှေ့မြောက်ပိုင်း ပြည်နယ်နှစ်ခုတွင် ရေကြီးမှုများကြောင့် အိမ်ခြေရာနှင့်ချီ၍ ပျက်စီးကာ လူဒါဇင်ပေါင်းများစွာမှာ အိမ်ခေါင်မိုးများပေါ်တွင် သောင်တင်နေရပြီး သုံးဦးသေဆုံးခဲ့ရကြောင်း သိရသည်။ သေဆုံးသူများထဲမှ အမျိုးသားနှစ်ဦး၏ အလောင်းများကို ယနေ့နံနက်ပိုင်းတွင် တွေ့ရှိခဲ့ရပြီး ကျန်တစ်ဦးကို ကွင်းစလန်ပြည်နယ် မြို့တော် ဘရစ္စဘိန်းတွင် တွေ့ခဲ့ရကြောင်း သိရသည်။



Photo - AFP

*ဘရစ်ဘိန်းမြို့ ဆင်ခြေဖုံး နယူးမားကတ်ရပ်ကွက်တွင် အသက် ၇၆ နှစ်အရွယ်မိခင်အား ရေဘေးလွတ်ရာသို့ ကူညီခေါ်ဆောင်လာသူတစ်ဦး*

ကွင်းစလန်ပြည်နယ်ဝန်ကြီးချုပ် ကမ့်ပ်ဘဲလ်နယူးမင်းက အပူပိုင်းမုန်တိုင်း အော့စ်ဝဲလ်ကြောင့် မြို့ပေါင်းလေးခုတွင် ရေကြီးမှုပြဿနာ ရင်ဆိုင်နေရပြီး ဘန်ဒဘာ့ဂ်မြို့တွင် စံချိန်တင်ရေကြီးကာ လူပေါင်း၁,၂၀၀ ခန့်မှာ ရေထဲ၌ နေထိုင်နေရပြီး အနည်းဆုံး လူသုံးဆယ်ခန့်မှာ နေအိမ်ခေါင်မိုးများပေါ်၌သောင်တင်နေကြောင်း ပြောသည်။ ဝန်ကြီးနယူးမင်းက "ကျွန်တော်တို့ဟာ ဒီမနက်ခင်းမှာပဲ အဲဒီလူတွေကို ကယ်တင်ဖို့ကြိုးစားနေပါတယ်။ ကျွန်တော်တို့မှာ ရဟတ်ယာဉ်တွေရှိပေမယ့် ရာသီဥတုအခြေအနေက ပျံသန်းဖို့ ဆိုးရွားနေပါတယ်။ ရေကြီးတာ သိပ်မြန်နေလို့ လှေတွေနဲ့ သွားကယ်ဖို့ဟာ အလွန်အန္တရာယ်ကြီးနေပါတယ်"ဟု ပြောသည်။

**စာမျက်နှာ(၄၅)သို့ »**

## အီဂျစ်မြို့ကြီးသုံးမြို့တွင် အရေးပေါ်အခြေအနေနှင့် နေဝင်မီးငြိမ်းအမိန့်ထုတ်ပြန်

**ကိုင်ရို၊ဇန်နဝါရီ-၂၈**

ပဋိပက္ခများ ဖြစ်ပေါ်ပြီး လူပေါင်းများစွာ သေဆုံးခဲ့သော အီဂျစ်နိုင်ငံ၏ ခရိုင်သုံးခုတွင် အီဂျစ်သမ္မတ မိုဟာမက်မော်စီက အရေးပေါ်အခြေအနေ ကြေညာထားပြီး လုံခြုံရေးအတွက် ထပ်မံအရေးယူမှုများ လုပ်ဆောင်မည်ဟုလည်း သတိပေးပြောကြားလိုက်သည်။

ပေါ့ဆိုက်ဒ်၊ စူးအက်စ်နှင့် အစ္စလာမီးယား ခရိုင်ဒေသကြီးများတွင် သန်းခေါင်ယံအချိန်မှ စတင်၍ အရေးပေါ်လုပ်ငန်းများ စတင်အသက်ဝင်လာမည်ဖြစ်ကြောင်း နိုင်ငံတော်ရုပ်သံမိန့်ခွန်းတွင် မစ္စတာမော်စီက ပြောကြားသည်။ ယင်းခရိုင်များတွင် နံနက် ၆ နာရီမှ ည ၉ နာရီအထိ နေဝင်မီးငြိမ်းအမိန့်ကိုလည်း ကျင့်သုံးသွားမည်ဟု ၎င်းကပြောသည်။

သမ္မတဟောင်း မူဘာရက်အား ရာထူးမှ ပြုတ်ကျသွားစေခဲ့သော အီဂျစ်တော်လှန်ရေး ဒုတိယ **စာမျက်နှာ(၅၄)သို့ »**

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.47 • JANUARY 31 , 2013

# တောင်သူလယ်သမားအသင်းဖွဲ့ရန် လယ်ဆည်ဝန်ကြီးထောက်ခံချက်မပေး

## လယ်သမားများကို အမှန်တကယ်ကူညီပါက အသင်းကို အားပေးထောက်ခံမည်ဟု ပြည်ထောင်စုဝန်ကြီးပြောကြား

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၈**

မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းမှာ လယ်သမားများအတွက် ငွေကြေးနှင့် နည်းပညာ အမှန်တကယ် ထောက်ပံ့ပေးမည့် အဖွဲ့အစည်းဆိုလျှင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေးထောက်ခံကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားသည်။

"အပြောမဟုတ်ဘူး။ တကယ်လုပ်ဖို့လိုတယ်" ဟု မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း ဥက္ကဋ္ဌ ဒေါက်တာ စိုးထွန်းက ဆိုသည်။

သို့သော် တောင်သူလယ်သမားများ စုစည်းမိပါက နိုင်ငံရေးလှုပ်ရှားမှုဖြစ်လာမည်ကို စိုးရိမ်သည်ဟူသော အကြောင်းပြချက်ဖြင့် မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း မှတ်ပုံတင်ခြင်းကို လယ်ဆည်ပြည်ထောင်စုဝန်ကြီးက ထောက်ခံမှုမပေးကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတောင်သူလယ်သမားအသင်း မှတ်ပုံတင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသို့ ၂၀၁၂ အောက်တိုဘာလမှစတင်၍ လျှောက်ထားခဲ့သည့် မှတ်ပုံတင်ကိစ္စနှင့်ပတ်သက်၍ အခြားလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ပြီး နောက်ဆုံးအဆင့်တွင် ဝန်ကြီးက ထောက်ခံမပေးသဖြင့် ခွင့်ပြုချက်မရသေးကြောင်း ဒေါက်တာစိုးထွန်းက ဆိုသည်။

"သမ္မတကြီးက အရပ်ဘက်အဖွဲ့တွေ အားပေးနေတဲ့အချိန်မှာ ဒီလိုမျိုးလုပ်တာ မကောင်းဘူး" ဟု မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းဥက္ကဋ္ဌက ၎င်း၏ အမြင်ကို ပြောသည်။

"အစိုးရက အဖွဲ့အစည်းတွေဖွဲ့ဖို့အားပေးနေတဲ့အချိန်မှာ လယ်သမားတွေ စုစည်းတာ လက်မခံဘူးဆိုတာ အံ့အားသင့်မိတယ်။ လယ်သမားတွေကို အစိုးရဘက်ကမှမယုံဘူးဆိုရင် လယ်သမားတွေကလည်း အစိုးရကို ယုံမှာမဟုတ်ဘူး"ဟု မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများက အရေးကြီးသဖြင့် မပြတ်တွေ့ဆုံရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရရုံးတွင် ပြုလုပ်သည့် အရပ်ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့သည်။

လူထုဗဟိုပြုဖွံ့ဖြိုးရေးဆိုသည့် ပြည်ထောင်စုအစိုးရ၏ သဘောထား၊ နိုင်ငံတော်သမ္မတ၏ အရပ်ဘက်အဖွဲ့အစည်း၏ အရေးပါမှုပေါ် ထားရှိသည့် သဘောတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု သုံးသပ်ရကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားအသင်းက ဝန်ကြီးထောက်ခံချက်မပေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးဌာနမှ အဖွဲ့စည်း ဖွဲ့စည်းရေးကို ထောက်ခံမှုမပြုသော်လည်း ဒီမိုကရေစီနည်းကျ အဖွဲ့အစည်းဖြစ်၍ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဟု အသင်း၏ကြေညာချက်တွင် ဖော်ပြထားသည်။

လက်ရှိမှတ်ပုံတင်မရရှိသေးသော အဆိုပါအသင်းတွင် မြို့နယ်တစ်ရာမှ တောင်သူလယ်သမား နှစ်သိန်းကျော် အသင်းဝင်အဖြစ် အဆိုပြုထားသည်။

# ကော်ဖီဆိုင်သစ် မူပိုင်ခွင့်နှင့်ပတ်သက်ပြီး ပြဿနာမတက်လို၍ Starbucks အမှတ်တံဆိပ်ပြန်ဖြုတ်

**ဆွေမွန်၊ သွယ်သွယ်လင်း**

**ရန်ကုန်၊ဇန်နဝါရီ- ၂၆**

Starbucks ကော်ဖီစေ့တင်သွင်းပြီး ကော်ဖီရောင်းချမည့် K ကော်ဖီဆိုင်တွင် Starbucks ကော်ဖီအမှတ်တံဆိပ် အသုံးပြုရန် စီစဉ်ခဲ့ရာမှ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပွားလာမည်ကို စိုးရိမ်သောကြောင့် ပြန်လည်ဖြုတ်ထားလိုက်ကြောင်း K Cafe ဆိုင်မှ လက်ထောက်မန်နေဂျာ ဦးသက်နိုင်ကပြောသည်။

အမေရိကန်နိုင်ငံမှ နာမည်ကြီးအမှတ်တံဆိပ် Starbucks ကော်ဖီစေ့ကုန်ကြမ်းတင်သွင်းပြီး ကော်ဖီရောင်းချမည့် K Cafe ကော်ဖီဆိုင်မှာ ဇန်နဝါရီ ၂၄ ရက်မှစ၍ Starbucks Logo (အမှတ်တံဆိပ်) တပ်ဆင်ခဲ့ရာ ဆိုင်ခွဲဖွင့်လှစ်ခြင်းမျိုးမဟုတ်ဘဲ ကော်ဖီစေ့သာ ဝယ်ယူရောင်းချခြင်းသာဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

" Starbucks က ပြန်သုံးမယ်။ ဒါပေမဲ့ ဒီလိုပုံစံမျိုးမဟုတ်တော့ဘူး။ လူတွေလည်း အထင်မမှားအောင် အောက်မှာဒီကော်ဖီစေ့ကို သုံးတယ်ဆိုတဲ့ အကြောင်းကိုပဲ ပြောင်းပြီးတော့ရေးဖို့ စီစဉ်ထားတယ်"ဟုကိုသက်နိုင်ကပြောသည်။



K Cafeတွင်Starbucksအမှတ်တံဆိပ်မဖြုတ်ရသေးခင်တွေ့ရစဉ်

ဓာတ်ပုံ - ကျော်ဇင်သန်း

အမှတ်တံဆိပ် ပြန်လည်အသုံးပြုမည့်အချိန်ကို မသတ်မှတ်သေးဘဲ မလိုလားအပ်သည့် မူပိုင်ခွင့်ပြဿနာများ မရှိအောင် လုပ်ကိုင်နိုင်မည့်နည်းလမ်းကို စဉ်းစားနေကြောင်း ၎င်းကပြောသည်။

"သိရသလောက် မူပိုင်ခွင့်ဥပဒေက ဒီမှာမရှိတော့မရှိသေးဘူးပေါ့။ ဒါပေမဲ့ ဖြစ်လာခဲ့ရင် မရှင်းချင်လို့ ဖြုတ်လိုက်တာပါ"ဟု ၎င်းကပြောသည်။

Starbucks အမှတ်တံဆိပ်ကို ထိုဆိုင်သစ်တွင် ဇန်နဝါရီ ၂၄ ရက်က စတင်တပ်ဆင်ခဲ့ပြီး နောက်တစ်နေ့ ၂၅ ရက် ညနေ ၃ နာရီတွင်ပြန်လည်ဖြုတ်ချခဲ့သည်။

လက်ရှိတွင် အမေရိကန်နိုင်ငံမှ ကော်ဖီစေ့ကို ဝယ်ယူ၍ ပြည်တွင်း၌ ရေရှည်ရောင်းချသွားမည်ဖြစ်ပြီး ယခုလ ၂၈ ရက်တွင် စတင်ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

K Cafe ၌ မြေညီထပ်တွင် Pool Bar (ရေကူးကန်ဘား)၊ ပထမထပ်တွင် ကော်ဖီဘား၊ ဒုတိယထပ်တွင် ကာရာအိုကေ၊ တတိယထပ်တွင် စားသောက်ဆိုင်နှင့် မင်္ဂလာခန်းမတို့ ပါဝင်မည်ဟု သတင်းရရှိသည်။ ရန်ကုန်မြို့တွင် ခေတ္တမျှသာဖွင့်ခဲ့သော 7 Lakker ကော်ဖီဆိုင်ကလည်း Starbucks ကော်ဖီစေ့ကို ဝယ်ယူ၍ ကော်ဖီရောင်းချခဲ့ဖူးသည်။

# အပစ်ရပ်ဒေသများတွင် မိုင်းရှင်းလင်းရေးစတင်ဆောင်ရွက်

**အိဖြူလွင်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၇**

အပစ်ရပ်ဒေသများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နှစ်ဖက်တပ်များ ပူးပေါင်း၍ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ပြုလုပ်သော အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ကရင်ပြည်နယ်ရှိ မိုင်းထူထပ်သော နယ်မြေတစ်ခုဖြစ်သည့် ကမမောင်း၊ ဖာပွန်ဒေသတွင် အစိုးရတပ်များနှင့် ကေအင်န်ယူအဖွဲ့တို့ ပူးပေါင်းပြီး မြှုပ်နှံထားသောမိုင်းများကို ပြန်လည်တူးဖော်နေပြီဖြစ်ကြောင်း သိရှိရသည်။

"အခုဖာပွန်ကို ကြိုက်တဲ့အချိန်သွားပါ၊ သွားလို့ရပါပြီ" ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မိုင်းကင်းစင်သော နယ်မြေတစ်ခုဖြစ်လာသည့် ဖာပွန်ဒေသသို့ ပြည်သူများ အန္တရာယ်ကင်းစွာ သွားနိုင်လာမှုကို ပြောသည်။

မြေမြှုပ်မိုင်းများတွင် စက်ရုံများမှ ထုတ်လုပ်သည့် မိုင်းများနှင့် လက်လုပ်မိုင်းများရှိရာ လက်နက်ကိုင်တပ်ဖွဲ့များ အများဆုံးအသုံးပြုသည့် လက်လုပ်မိုင်းများမှာ ခြောက်လခန့်သာ သက်တမ်းရှိသည့်အတွက် ငြိမ်းချမ်းရေးရရှိပြီးသည့် အချိန်တစ်နှစ်ရှိသော ဒေသ များတွင် အဆိုပါမိုင်းများ သက်တမ်းကုန်နေပြီဖြစ်ကြောင်း ဦးအောင်မင်းက ဆက်လက်ပြောသည်။

မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့က မိုင်းစင်တာကိုဖွဲ့စည်းထားပြီး ပြည်ပအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်း၍ ဆောင်ရွက်နေသည်။

မိုင်းရှင်းလင်းရေး အဖွဲ့များ၌အသုံးပြုမည့် စက်ကိရိယာများ တင်သွင်းရာတွင် အကောက်ခွန်မဲ့ တင်သွင်းခွင့်ပြုထားကြောင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ ဒုဥက္ကဋ္ဌ ဦးအောင်မင်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတိုင်းနှင့်ပြည်နယ်ကိုးခုမှ မြို့နယ်ပေါင်း ၄၇ ခုတွင် မြေမြှုပ်မိုင်းဖြန့်ကြက်မှု အန္တရာယ်ရှိနေသည်ဟု မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာတွင် ပါရှိသည်။

လွန်ခဲ့သော ခြောက်နှစ်အတွင်း ကောက်ယူထားသည့် စာရင်းများအရ ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်သေဆုံးမှုအများဆုံးနိုင်ငံများ စာရင်း၌ မြန်မာနိုင်ငံသည် တတိယအဆင့်ရှိကြောင်း အဆိုပါအစီရင်ခံစာတွင် ပါရှိသည်။

၁၉၉၉ မှ ၂၀၁၂ ခုနှစ်အထိ စာရင်းများအရ မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရသူ ဦးရေသည် ၃,၂၄၂ ဦးရှိသည်ဟုလည်း စာရင်းများတွင် ဖော်ပြထားသည်။

# ငါးလအတွင်း ဆင်လေးကောင် ဦးကင်းဖြတ်ခံရ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ဇန်နဝါရီ- ၂၈**

ရောဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၂ ဩဂုတ်လမှ ၂၀၁၃ ဇန်နဝါရီလဆန်းအထိ ငါးလကျော်အတွင်း ဆင်လေးကောင် ဦးကင်းပြတ် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးအေးကြည်ကပြောသည်။

၂၀၁၂ ဩဂုတ်လ၌ သစ်ပုတ်ကြိုးဝိုင်း အကွက်အမှတ် (၁၁၄) တွင် ဆင်တစ်ကောင်ဦးကင်းပြတ်သေဆုံးမှုဖြစ်ပွားခဲ့ပြီး စက်တင်ဘာလက တောကြီးရွာအနီးတွင်လည်းကောင်း၊ ဒီဇင်ဘာလက မြစ်တစ်ရာကြိုးဝိုင်းနှင့် ၂၀၁၃ ဇန်နဝါရီလတို့တွင် ဆင်မှုံကြိုးဝိုင်းတို့တွင်လည်းကောင်း ဦးကင်းပြတ်၍ သေဆုံးခဲ့ကြောင်း ၎င်းကပြောသည်။

ထိုသို့ ငါးလကျော်အတွင်း ဆင်လေးကောင်ဦးကင်းပြတ်သေဆုံးမှုဖြစ်ခဲ့ရာ ရေရှည်တွင် ဆင်များ အန္တရာယ်ဖြစ်နိုင်သည့်အတွက် ဆင်များကို မည်သို့ထိန်းသိမ်းမှုပေးမည်ဆိုသည်ကို ဧရာဝတီတိုင်းဒေသကြီး ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"လွှတ်တော်မှာတင်သွင်းဖို့ အထောက်အထားတွေ ရှာနေတယ်"ဟု ဦးအေးကြည်က ပြောသည်။

ဆင်စွယ်သည် ပြည်ပတွင် အရောင်းအဝယ်များသည့်အတွက် ဆင်စွယ်ကုန်သွယ်မှုမရှိပါက ဆင်များ သေဆုံးမည်မဟုတ်ကြောင်း ထူးဖောင်ဒေးရှင်းမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးသိန်းအောင်ကပြောသည်။

"ဆင်စွယ်တွေက ပြည်ပမှာအရောင်းအဝယ်များနေတယ်။ နယ်စပ်ဘော်ဒါဂိတ်တွေဖြတ်ပြီး အရောင်းအဝယ်ဖြစ်နေတာ။ ကုန်သွယ်မှုမရှိရင် ဖြစ်လာမှာမဟုတ်ဘူး"ဟု ၎င်းကပြောသည်။

# အချပ်ပို

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

## ဦးဆန်းဆင့် သာသနာရေးဝန်ကြီး ရာထူးလက်ခံရန် မသေချာ

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၉**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးအား လက်ခံရန်ကိစ္စကို ပြည်သူများ၏ ဆန္ဒသဘောထားအတိုင်းသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးခန့်အပ်ရန် အဆိုတင်သွင်းခံရသူ ရောဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်ကပြောသည်။

"ဒီကိစ္စကို ကျွန်တော်ကြိုသိပါတယ်။ သိတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တိုင်ပင်တော့ သူတို့က သဘောတူတဲ့အနေအထားရှိတဲ့အတွက် လက်ခံမယ်လို့ အကြောင်းပြန်လိုက်ပါတယ်။ ဒါပေမဲ့ ဒီနေ့ပဲ ကျုံပျော်နဲ့ ကျောင်းကုန်းကပြည်သူ၁၀၀လောက်လာပြီး ကျွန်တော့်ကို တိုင်းလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ပဲနေဖို့ လာပြောကြပါတယ်။ အဲဒါကြောင့် ရာထူးလက်ခံရေးကိစ္စဟာပြည်သူတွေရဲ့ဆန္ဒအတိုင်းပဲ ဆက်ဆောင်ရွက်ပါမယ်။ သူတို့က ဒီမှာပဲနေစေချင်နေပါ့မယ်"ဟု ဦးဆန်းဆင့်က ဆိုသည်။

မိမိအနေဖြင့်လည်း အုပ်ချုပ်ရေးပိုင်းတွင် ဆောင်ရွက်ရသည်ထက် ယခုကဲ့သို့ လွှတ်တော်ဥက္ကဋ္ဌတစ်ဦးအနေဖြင့် လူထု၏တာဝန်ထမ်းဆောင်ရမှုကို ပိုမိုနှစ်ခြိုက်ပြီး ပြည်သူများ၏ ဆန္ဒ ပြည်သူများ၏ အကျိုးကိုသာ ဆောင်ရွက်မည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

ဦးဆန်းဆင့်က သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်သို့ ဇန်နဝါရီ ၂၂ရက်စွဲဖြင့် သဝဏ်လွှာပေးပို့ထားသည်။

## အမေရိကန်က မြေလျှော်နှင့်ပတ်သက်၍ ပထမဆုံးအကြိမ် နည်းပညာဖြန့်ဝေ

**မိုးညို**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၂၉**

မြေလျှော်နှင့်ပတ်သက်၍ အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီနှင့် အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနတို့မှ ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်ပြီး သင်တန်းပို့ချခဲ့ကြောင်း အမေရိကန်သံရုံး၏ သတင်းထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

ဇန်နဝါရီ၂၀မှ ၂၅ရက်အထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ် နယ်မြေနှင့် ဇန်နဝါရီ ၂၈ မှ ၃၁ ရက်အထိ နေပြည်တော်တို့တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မိုး/ဇလဌာနတို့မှ လူငယ်ပညာရှင်များကို အဓိက ပို့ချခဲ့ခြင်းဖြစ်သည်။

"လွန်ခဲ့တဲ့ နှစ်လလောက်က ညှိနှိုင်းဆွေးနွေးခဲ့တာ လူငယ်မျိုးဆက်သစ်တွေအတွက် ရည်ရွယ်တာပါ"ဟု မြန်မာနိုင်ငံ မြေလျှော်ပညာရှင်များအသင်း အတွင်းရေးမှူး ဦးစိုးသူရထွန်းက ပြောသည်။

အမေရိကန်နိုင်ငံ ဘူမိဗေဒဌာန၏ ကနဦးလာရောက် ဆွေးနွေးကမ်းလှမ်းမှုများကြောင့် ယခုလိုလာရောက်သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း မိုးဇလမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ကျော်ကပြောသည်။

ယခင်က မြေလျှော်နှင့်ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံများမှသာ လာရောက်ပူးပေါင်းဆွေးနွေးမှု အချို့သာရှိခဲ့ပြီး အမေရိကန်နိုင်ငံမှပထမဆုံးအကြိမ်လာရောက်ပို့ချပေးခြင်းဖြစ်သည်။



ဇန်နဝါရီ၂၉ရက်ကတောင်ကိုရီးယားနိုင်ငံ၏ပထမဆုံးအမျိုးသမီးရွေးကောက်ခံသမ္မတ ပတ်ဂျွန်ဟေးနှင့် ဒေါ်အောင်ဆန်းစုကြည် လက်ဆွဲနှုတ်ဆက်နေစဉ်။ တောင်ကိုရီးယားနိုင်ငံသို့ လေးရက်ကြာအလည်အပတ်ခရီးစဉ်အတွင်းဒေါ်အောင်ဆန်းစုကြည်သည် အဆိုတော်နှင့်သရုပ်ဆောင် Ahn Jae-Wook နှင့်လည်းတွေ့ဆုံသွားရန်ရှိသည်။ ဓာတ်ပုံ - အေအက်ဖ်ပီ

## ဒေသအချို့ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုများ၍ နေရောင်ခြည်ဒဏ် သတိထားရန်လို

**အောင်သစ်လွင်၊ ငြိမ်းချမ်း**

**ရန်ကုန်၊ဇန်နဝါရီ- ၂၉**

မြန်မာနိုင်ငံဒေသအချို့တွင် ခရမ်းလွန်ရောင်ခြည် ကျရောက်မှုညွှန်းကိန်းအဆင့် အလွန်မြင့်မားနေသောကြောင့် နေရောင်ခြည်ဒဏ်ကို အထူးသတိထားရန် လိုအပ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

အန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည် ညွှန်းကိန်းအဆင့်ကို မြန်မာနိုင်ငံတွင် အဆင့် ၈ မှ အဆင့် ၁၁ အတွင်း သတ်မှတ်ထားပြီး လက်ရှိ မြန်မာနိုင်ငံတွင် ကျရောက်နေသော ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းမှာ အဆင့် ၉ ရှိသည်။ ထို့ကြောင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကျန်းမာရေး အားနည်းချက်ရှိသူများနှင့် နေရောင်အောက်တွင် မဖြစ်မနေ အလုပ်လုပ်နေရသူများအတွက် လိုအပ်သော ကာကွယ်သူမှုများ ပြုလုပ်ထားသင့်ကြောင်း ဦးထွန်းလွင်က အကြံပြုပြောကြားသည်။

"ပူပြင်းတဲ့နေရောင်အောက်မှာကြာကြာမနေဖို့လိုအပ်ပါတယ်။ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းအဆင့် ၉ ဆိုတာ မြန်မာနိုင်ငံလိုရာသီဥတုမျိုးအတွက် သတိထားဖို့လိုအပ်ပါတယ်"ဟုဦးထွန်းလွင်က ဆိုသည်။

ခရမ်းလွန်ရောင်ခြည်ကျရောက်လျှင် အရေပြားဆိုင်ရာရောဂါများ အဖြစ်များပြီး ညွှန်းကိန်းအဆင့်မြင့်လာပါက အမြင်အာရုံချို့ယွင်းခြင်း၊ သားသမီး မရနိုင်ခြင်း စသော ရောဂါများအထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ သို့သော် ယင်းရောဂါများမှာ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းအဆင့် ၁၁ ကျော်မှသာဖြစ်တတ်ပြီး မြန်မာနိုင်ငံတွင် ကျရောက်နေသော ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းအဆင့် ၉ သည် အလွန်ဆုံးအရေပြားကင်ဆာဖြစ်ပွားနိုင်ကြောင်း ဦးထွန်းလွင်ကပြောသည်။

လှည်းတန်းခုံးကျော်တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်မှ လုပ်သားတစ်ဦးက "နေပူဒဏ်ကတော့ သိသိသာသာကို ခံစားရတယ်။ အရင်နှစ်တွေထက်ပိုပူတာတော့ သိသာပါတယ်"ဟု ပြောသည်။

ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းအဆင့်ကို ပညာရှင်များက ၀ မှ ၁၁ အထိ ခွဲခြားထားပြီး ၀ မှ ၃ အတွင်းကို ညွှန်းကိန်းအနိမ့်၊ ၄ မှ ၇ အတွင်းကိုညွှန်းကိန်းအလယ်အလတ်အဖြစ် သတ်မှတ်၍ ညွှန်းကိန်း ၈ မှ ၁၁ အထိကို မြင့်မားသောညွှန်းကိန်းအဖြစ် သတ်မှတ်ထားသည်။

နေ့တစ်နေ့၏ ခရမ်းလွန်ရောင်ခြည်ညွှန်းကိန်းသည် တစ်နေ့လုံး ကျရောက်နေခြင်းမဟုတ်ဘဲ မွန်းတည့်ချိန်တွင် အပြင်းထန်ဆုံးဖြစ်ကာ ခရမ်းလွန်ရောင်ခြည် အပြင်းဆုံးကျရောက်သည့်အချိန်ကို နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပညာရှင်များက သတ်မှတ်ထားသည်။

## ကြွေးမြီများ ဂျပန်အကူအညီဖြင့် ပြန်ဆပ်၊ ချေးငွေသစ်အတွက် အခွင့်အလမ်းပွင့်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊**

**ဇန်နဝါရီ - ၂၉**

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ လက်ကျန်အကြွေးများကို ဂျပန်နိုင်ငံအကူအညီဖြင့် ဖြေရှင်းနိုင်ခဲ့သည့်အတွက် စီမံကိန်းချေးငွေအသစ်များ ထပ်မံချေးယူရန် အခွင့်အရေးများ ရနိုင်ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူများထံမှ သတင်းရရှိသည်။

"ပုံမှန်ဆက်ဆံမှုပြန်ရပြီဆိုတော့ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတွေအတွက်ဆိုရင် အတိုးနှုန်း အရမ်းသက်သာတယ်။ အတိုးမဲ့ချေးငွေတွေလည်း ရနိုင်တယ်။ အကြွေးသက်တမ်းကလည်း နှစ်ရှည်ဆိုတော့ အများကြီး သက်သာတယ်"ဟု ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ-၂ဦးသန်းလွင်က ဆိုသည်။

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ စီမံကိန်းချေးငွေအသစ်များရပါက လယ်ယာ၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေးစသည့် ကဏ္ဍများ အပါအဝင် ပညာရေး၊ ကျန်းမာရေးတို့အတွက်လည်း ရနိုင်ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူများက ရှင်းပြသည်။"ချေးငွေကတော့ထပ်ရမှာပါ။ ဘယ်လောက်အတိုင်းအတာထိရမယ်ဆိုတာ စောင့်ကြည့်ရမယ်" ဟု သမဝါယမဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဖေမြင့်က ဆိုသည်။

၁၉၇၃ ခုနှစ်က မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၅၂၀ သန်းနှင့် ကမ္ဘာ့ဘဏ်မှ ချေးငွေ သန်း ၄၃၀ ကို ရယူခဲ့သည်။ ထို့နောက် ယင်းချေးငွေများကို အချိန်စေ့သော်လည်းပြန်လည်ပေးဆပ်နိုင်ခြင်းမရှိခဲ့ပေ။ ယခု ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ်မှပေါင်းကူးချေးငွေရယူ၍ အာရှဖွံ့ဖြိုးရေးဘဏ်အတွက် အမေရိကန်ဒေါ်လာ ၅၁၂သန်း၊ ဇန်နဝါရီ ၂၅ ရက်တွင် ကမ္ဘာ့ဘဏ်အတွက် သန်း ၄၃၀ တို့ကို ပေးဆပ်နိုင်ခဲ့သည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ဘဏ်တို့က မူလပေးဆပ်ခဲ့သည့်အကြွေးငွေများကိုထိုနေ့မှာပင်ပြန်လည်ချေးယူပြီး ဂျပန်ပူးပေါင်းဆောင်ရွက်ရေးဘဏ်သို့ပြန်လည်ပေးဆပ်ခဲ့သည်။ ယင်းသို့ပြုလုပ်လိုက်ခြင်းဖြင့်ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ဖွံ့ဖြိုးမှုဆိုင်ရာ အတိုးနှုန်းသက်သာသည့် ချေးငွေသစ်များ ရယူနိုင်ပြီး နိုင်ငံတကာကလည်း တာဝန်သိနိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်သည်။ မူလက ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်တို့ကို ချေးငွေပြန်ဆပ်ရန် ပျက်ကွက်ခဲ့သောကြောင့် မြန်မာနိုင်ငံအနေဖြင့် ချေးငွေအသစ်မရယူနိုင်ခြင်းဖြစ်သည်။

လာမည့် ဘဏ္ဍာနှစ် ၂၀၁၃-၁၄ အတွက် ပြည်ထောင်စုမြန်မာနိုင်ငံက နိုင်ငံတကာ ချေးငွေအထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့မှကန်ဒေါ်လာသန်း၉၀၀ကျော် ရယူရန်ရှိကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုလွှတ်တော်တွင် ဇန်နဝါရီ ၁၀ ရက်၌ ပြောကြားခဲ့သည်။

## မြန်မာတိုင်းမ် အင်္ဂလိပ်ပိုင်းစာတည်းမှူးချုပ် ရော့စ်ဒန်ကလီအား ဒေါက်တာခင်မိုးမိုး အမှုဖွင့်

### ရှော့စ်ဒန်ကလီကလည်း ဒေါက်တာခင်မိုးမိုးအား ပြန်တရားစွဲမည်

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၉**

မြန်မာတိုင်းမ်ဂျာနယ်၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် အင်္ဂလိပ်ပိုင်းစာတည်းမှူးချုပ် ရော့(စ်)ဒန်ကလီအား အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်ဒေါက်တာခင်မိုးမိုးက ဇန်နဝါရီ ၂၉ရက်တွင် ကျောက်တံတားရဲစခန်း၌ အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။





"ပုဒ်မ ၃၅၄ ကတော့ ကိုယ်ထိလက်ရောက်မှုပါ၃၂၃ ကတော့ ကိုလူမွန် (ဒေါက်တာခင်မိုးမိုး၏ သားမက်)ကိုထိုးတဲ့အမှုပါ"ဟုမြန်မာတိုင်းမ်ဂျာနယ်အားထုတ်ဝေနေသော Myanmar Consolidated Media (MCM) ကုမ္ပဏီမှ ဒါရိုက်တာ ဒေါက်တာခင်မိုးမိုးက ပြောသည်။

မြန်မာတိုင်းမ်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ရှေ့ရေးနှင့်ပတ်သက်၍ အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရေးအတွက် ဇန်နဝါရီလ ၂၈ ရက်တွင် မြန်မာတိုင်းမ်ဂျာနယ် ရုံးခန်းသို့ သွားရောက်စဉ် စာတည်းမှူးချုပ် ရော့(စ်)ဒန်ကလီက ဒါရိုက်တာ ဒေါက်တာ ဒေါ်ခင်မိုးမိုးအား ကိုယ်ထိလက်ရောက် တွန်းခြင်းနှင့်သားမက်ဖြစ်သူအား လက်သီးနှင့် ထိုးသဖြင့် အမှုဖွင့်ရခြင်းဖြစ်ကြောင်း ဒေါက်တာ ဒေါ်ခင်မိုးမိုးက ပြောသည်။

ဒေါက်တာ ဒေါ်ခင်မိုးမိုးမှာ MCM ကုမ္ပဏီ၏ အမှုဆောင်အုပ်ချုပ်မှု အဖွဲ့နှင့် အမှုဆောင်ဒါရိုက်တာမဟုတ်ကြောင်း ရော့ဒန်ကလီကဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုးထံပေးသောစာတွင် ဖော်ပြထားသည်။

"လုပ်ငန်းဆိုင်ရာ သဘောတူညီချက်မှာ ချုပ်ဆိုထားတဲ့ လုပ်ထုံးလုပ်နည်းတွေကို မလိုက်နာတဲ့အတွက် ဒေါ်ခင်မိုးမိုးကိုပြန်တရားစွဲဖို့ ရှိပါတယ်" ဟု မစ္စတာရော့(စ်)ဒန်ကလီကပြောသည်။

MCM ကုမ္ပဏီအား ဒေါက်တာတင်ထွန်းဦးနှင့်ဒေါ်ခင်မိုးမိုးတို့က ၅၁ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူထားသောဒေါက်တာတင်ထွန်းဦးခရီးသွားနေသည့်အတွက်တာဝန်များအား ဒေါက်တာခင်မိုးမိုးအား လွှဲပေးထားကြောင်း ဒေါက်တာတင်ထွန်းဦး၏ဇနီးဖြစ်သူ ဒေါက်တာခင်မိုးမိုးကပြောသည်။

အဆိုပါကုမ္ပဏီ၏ ရှယ်ယာများအား ဒေါက်တာတင်ထွန်းဦးနှင့်ဒေါက်တာခင်မိုးမိုးတို့က ၂၀၀၆ ဇန်နဝါရီလတွင် ဒေါ်ယမင်းထင်အောင်ထံမှလွှဲပြောင်းရယူခဲ့သည်။

သို့သော် မကြာသေးမီက ဒေါက်တာတင်ထွန်းဦးနှင့် ဒေါ်ခင်မိုးမိုးတို့ပိုင်ဆိုင်သော ရှယ်ယာများအား ဒေါ်ယမင်းထင်အောင်က ပြန်လည်ဝယ်ယူရန် ညှိနှိုင်းခဲ့သော်လည်း ယခုအချိန်ထိ အဆင်မပြေသေးကြောင်း သတင်းရရှိသည်။ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါ်ခင်မိုးမိုးတို့မှာ စွယ်စုံမီဒီယာဂရုပ်ကုမ္ပဏီထူထောင်၍ ပြည်မြန်မာဂျာနယ်ထုတ်ဝေလျက်ရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013



## ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းရန် အတည်ပြု

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇန်နဝါရီ-၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပြုလုပ်မည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွင် အားကစားနည်းစုစုပေါင်း (၃၃) နည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြေးခုန်ပစ်၊ ရေကူး/ဒိုင်ဗင်၊ မြှားပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်/ စနူကာ၊ လက်ဝှေ့၊ ကနူး/ကယက်၊ စက်ဘီး၊ မြင်းစီး၊ ဘောလုံး/ဖူဆယ်၊ ဂေါက်သီး၊ ဟော်ကီ၊ ဂျူဒို၊ ကရာ တေးဒို၊ အနောက်တိုင်းလှေ၊ ပိုက်ကျော်ခြင်း/ရိုးရာခြင်းလုံး၊ သေနတ်ပစ်၊ ရွက်လှေ၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ အလေးမ၊ နပမ်း၊ ဝူရှူး၊ ကာယဗလ၊ ရိုးရာလှေ၊ စစ်တုရင်၊ ပန်ကြပ်ဆီ လတ်၊ ဗိုဗီနမ်၊ ပန်တက်၊ မွေ၊ ကင်ပိုစသည့် အားကစားနည်း(၃၃)နည်းကိုလာမည့်ဆီးဂိမ်းတွင်ထည့်သွင်းကျင်းပရန် ဇန်နဝါရီ၂၉ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် (SEAGF) ကောင်စီ အစည်းအဝေးတွင် အရှေ့တောင်အာရှနိုင်ငံများမှတာဝန်ရှိသူများက သဘောတူညီခဲ့ကြကြောင်း သတင်းရရှိသည်။

“အခြားနိုင်ငံက အိမ်ရှင်အဖြစ်ပြုလုပ်ခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲတွေမှာ မြန်မာ့ရိုးရာအားကစားနည်းတစ်ခုကို ထည့်သွင်းကျင်းပခဲ့တာတစ်ခါမှမရှိခဲ့ပါဘူး။ အခုကိုယ့်ဆီမှာ အိမ်ရှင်လုပ်မယ့် ဆီးဂိမ်းမှာတော့ ဥပမာ ပန်တက်(လာအိုနိုင်ငံမှ သံလုံးပစ်အားကစားနည်း)၊ ကင်ပို (မလေးရှားကိုယ်ခံပညာ)၊ ဗိုဗီနမ်(ဗီယက်နမ်ကိုယ်ခံပညာ)၊ ပန်ကြပ်ဆီလတ်(အင်ဒိုနီးရှားကိုယ်ခံပညာ) စတာတွေ ပါဝင်လာတာကိုတော့ ဘဝင်မကျမိဘူး” ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား)က ပြောသည်။

အခြားနိုင်ငံမှ ရိုးရာအားကစားနည်းများတွင် အိမ်ရှင်နိုင်ငံအတွက် ဆုရရှိမှုအခြေအနေကိုမှ မပြောနိုင်သေးကြောင်း၊ အားလုံးသဘောတူညီသည့်အတွက် ထည့်သွင်းကျင်းပခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အိမ်ရှင်က အားကစားနည်းအချို့ ပယ်ဖျက်မည်ဟုသတင်းများထွက်ပေါ်ခဲ့သည်မှာလည်း မဟုတ်ပါကြောင်း အားကစားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကဆိုသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ကို လာမည့်ဒီဇင်ဘာ ၁၁ မှ ၂၂ ရက်အထိ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များနှင့် ငွေဆောင်ကမ်းခြေများတွင် ကျင်းပသွားမည်ဖြစ်သည်။

## စစ်ပွဲများရပ်တန့်ရန် ပူတာအိုတွင်ဆန္ဒထုတ်ဖော်

**အောင်နိုင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၉**

ကချင်ပြည်နယ်တွင် စစ်ပွဲများ အမြန်ရပ်ဆိုင်း၍ ငြိမ်းချမ်းရေးရရှိရန် ဆန္ဒထုတ်ဖော်ပွဲတစ်ခုကို ပထမဆုံးအနေဖြင့် ပူတာအိုမြို့တွင် ဇန်နဝါရီ ၂၉ရက်က ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

တိုင်းရင်းသားယဉ်ကျေးမှု ရပ်မိရပ်ဖအဖွဲ့များက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တရားဝင် ခွင့်ပြုမိန့်တစ်နာရီ ရရှိခဲ့ကြောင်း၊ အင်အား ၃၂၀ ခန့် ပါဝင်ပြီး ဟိုခိုရပ်ကွက်မှ မြို့မဈေးလမ်းဆုံအထိ ငြိမ်းချမ်းရေးဆိုင်းဘုတ်များ ကိုင်ဆောင်ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း ပူတာအိုခရိုင် ပြည်ခိုင်ဖြိုးပါတီ တာဝန်ခံဦးဖုန်ရိမင်က ပြောသည်။

“အပစ်အခတ်တွေရပ်ပြီး အမြန်ဆုံးငြိမ်းချမ်းရေး ဆွေးနွေးကြဖို့ ရည်ရွယ်ချက်နဲ့လုပ်တာ မူလက လေယာဉ်ကွင်းလမ်းဆုံထိ လျှောက်ဖို့စီစဉ်ထားတာ လုံခြုံရေးကြောင့် မြို့မဈေးပြန်ဆက်ရုံး လမ်းခွဲထိပဲ လျှောက်ခဲ့ကြပါတယ်” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပူတာအိုခရိုင်တာဝန်ခံ ဦးယောစီက ဆိုသည်။

တိုက်ပွဲများနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေများကြောင့် ပူတာအိုဒေသတွင် စားနပ်ရိက္ခာရှားပါးနေပြီး ကုန်ဈေးနှုန်းများမြင့်တက်နေကြောင်းဒေသခံများထံမှ သိရသည်။

“ဒီဇင်ဘာ ၂၅ ရက်က မြစ်ကြီးနားက ထွက်တဲ့ ယာဉ်တန်းက အခုမှရောက်တယ်။ ကုန်စည် စီးဆင်းမှုက မမြန်တော့ မော်တော်ယာဉ်တွေ အခက်တွေ့နေကြပါတယ်” ဟု ဦးဖုန်ရိမင်က ပြောသည်။

ဇန်နဝါရီလ ၂၉ ရက် နေ့စွဲဖြင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်တွင် စားနပ်ရိက္ခာ အခက်အခဲကြုံတွေ့နေရသော ပူတာအိုဒေသသို့ တပ်မတော် လေယာဉ်များဖြင့်ပါ ရိက္ခာပို့ဆောင်ပေးနေကြောင်း ဖော်ပြထားသည်။

## ၁၉၈၈က ထုတ်ပြန်ခဲ့သော မာရှယ်လောအမိန့်ရုပ်သိမ်း

**ရန်မျိုးနိုင်၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၉**

တပ်မတော်အစိုးရမှ အာဏာသိမ်းခဲ့သည့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၂/၈၈ သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇၇ နှင့် ဆန့်ကျင်သဖြင့် ယင်းအမိန့်ကို ပယ်ဖျက်လိုက်ကြောင်း နိုင်ငံတော် သမ္မတရုံးမှ အမိန့်အမှတ် ၃/၂၀၁၃ ဖြင့် ထုတ်ပြန်လိုက်သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၂/၈၈ မှာ ည ၈ နာရီမှ နံနက် ၄ နာရီထိ ညမထွက်ရ သတ်မှတ်ပြီး ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ကြောင့် ငါးယောက်နှင့်ငါးယောက်အထက် စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဟောပြောခြင်း၊ သပိတ်စခန်းဖွင့်ခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်သူများကို ဟန့်တားခြင်းများကို တားမြစ်ထားသော အမိန့်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၊ အခန်း ၁၄ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များတွင် ပါဝင်သော ပုဒ်မ ၄၄၇ သည် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည် ဟူသော ပုဒ်မဖြစ်သည်။



ရှစ်လေးလုံးအရေးတော်ပုံကာလက ရန်ကုန်မြို့တစ်နေရာမြင်ကွင်း

## ဦးလှဆွေ၏ ဆွေးနွေးမှု ဒေါ်ဒွဲဘူ ကန့်ကွက်

**သီဟ**

**နေပြည်တော်၊ ဇန်နဝါရီ-၂၈**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ တင်ပြချက်အား ကချင်တိုင်းရင်းသားတစ်ဦးအနေဖြင့် လုံးဝကန့်ကွက်ကြောင်း ကချင်ပြည်နယ် အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူက ယနေ့ပြောကြားသည်။

“လိုင်ဇာကိုသိမ်းပြီးမှ ငြိမ်းချမ်းရေးယူမယ်ဆိုတဲ့ကိစ္စက လုံးဝမလုပ်သင့်သလိုဖြစ်လည်းမဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီလိုင်ဇာကို သိမ်းယူရုံနဲ့ ကချင်ကုန်သွားမှာ မဟုတ်ပါဘူး။ လိုင်ဇာမှာပဲ ကချင်တွေရှိတာမဟုတ်ပါဘူး။ ကချင်တွေက ကချင်ပြည်နယ်အနှံ့နဲ့ မြန်မာအနှံ့နဲ့ တစ်နိုင်ငံလုံးအပြင် တစ်ကမ္ဘာလုံးမှာ ကချင်တွေရှိနေပါတယ်”ဟု ဒေါ်ဒွဲဘူကပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ၂၅ ရက်က ပြုလုပ်သည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ကချင်အရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ကေအိုင်အေနှင့်ဖြစ်ပွားနေသော ပဋိပက္ခကို အတိုင်းအတာတစ်ခုထိသာ သည်းခံသင့်ကြောင်း “ရွှေလက်နဲ့ခေါ်တုန်းလာပါ။ Bullet (ကျည်ဆန်)နဲ့ခေါ်တာ မလိုချင်ပါနဲ့”ဟု ငြိမ်းချမ်းရေးကမ်းလှမ်းစဉ်လက်ခံရန်နှင့် မဟုတ်ပါက လက်နက်ဖြင့်တိုက်ခိုက်ချေမှုန်းခံရမည် ဟုသဘောရသောစကားကိုလွှတ်တော်တွင် ပြောကြားဆွေးနွေးသွားခဲ့သည်။

## သေဒဏ်ကျ တရားခံများ၏ ရှေ့နေငှားစရိတ် တိုးမြှင့်ပေးရေး ဝန်ကြီးဌာနသဘောတူညီချက်ရရှိ

**သီဟ**

**နေပြည်တော်၊ဇန်နဝါရီ-၂၉**

ဆင်းရဲနွမ်းပါးသည့် သေဒဏ်ထိုက်သင့်သော ပြစ်မှုအတွက် တရားခံများဘက်မှလိုက်ပါဆောင်ရွက်ရန် ရှေ့နေငှားရမ်းခ စရိတ်အား တိုးမြှင့်ပေးနိုင်ရန်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ သဘောတူညီချက်ကို ရရှိပြီးဖြစ်ပြီး ပြည်ထောင်စုအစိုးရကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောသည်။

သေဒဏ်ပြစ်ဒဏ် ချမှတ်ခြင်းခံရသော အချို့ဆင်းရဲသည့် တရားခံများဘက်မှ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရန် နိုင်ငံတော်မှစီစဉ်ပေးလျက်ရှိရာ အဆိုပါရှေ့နေများ၏စရိတ်မှာ အမှုစသည့် ပထမနေ့တွင် ၇၅ ကျပ်နှင့် နောက်ရက်ရုံးချိန်းများတွင် ၅၀ ကျပ်အဖြစ် သတ်မှတ်ပေးထားကြောင်း သိရသည်။

ထို့ကြောင့် ယခုအခါခေတ်နှင့် လျော်ညီသည့် နှုန်းထားများအဖြစ် တိုးမြှင့်သတ်မှတ်ပေးနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်ဟု ဒုတိယရှေ့နေချုပ်က ပြောကြားခြင်းဖြစ်သည်။

ယနေ့ကျင်းပသည့် ဆဋ္ဌမအကြိမ် ပြည်သူ့လွှတ်တော် ဒသမနေ့တွင် အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်က သေဒဏ်ထိုက်သင့်သော ပြစ်မှုအတွက် တရားခံများဘက်မှ လိုက်ပါဆောင်ရွက်ရန် ရှေ့နေငှားရမ်းခ စရိတ်အား တိုးမြှင့်ပေးရန် အစီအစဉ် ရှိမရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား ဒုတိယရှေ့နေချုပ်က ပြန်လည်ဖြေကြားရာတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

## ဆရာ၊ ဆရာမများကို နိုင်ငံခြားသားဖြင့် အင်္ဂလိပ်စာသင်ပေးရန်စီစဉ်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၉**

အခြေခံပညာ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာသင်ကြားရေး အရည်သွေး မြင့်မားတိုးတက်စေရန် နိုင်ငံခြားမှ Native Speaker များ လာရောက်သင်တန်းပို့ချ ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှေ့ကဇန်နဝါရီ၂၈ရက်တွင်ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေး၌ပြောသည်။

မြန်မာနိုင်ငံတွင် ကလေးဗဟိုပြု သင်ယူမှု ချည်းကပ်နည်းစနစ်ကို ပြီးခဲ့သည့်နှစ်အနည်းငယ် က စတင်ခဲ့သောကြောင့် အထက်တန်းသို့ရောက်ရှိလာသောကျောင်းသားများ၏ အင်္ဂလိပ်စာ အခြေခံမကောင်း၍ သင်ကြားမှုအခက်အခဲရှိကြောင်း အင်္ဂလိပ်စာသင်ကြားနေသော အထက်တန်းပြ ဆရာမတစ်ဦးကပြောသည်။

အခြေခံပညာကျောင်းများတွင် အင်္ဂလိပ်စာသင်ကြားမှုနှင့် ပတ်သက်၍ စာမေးပွဲအောင်ရန် အတွက် သင်ကြားလျက်ရှိပြီး တတ်ကျွမ်းမှုကို အဓိကမထားကြောင်း အင်္ဂလိပ်စာကျူရှင်ဆရာမတစ်ဦးက ၎င်း၏အတွေ့အကြုံနှင့်နှိုင်းယှဉ်၍ပြောသည်။

“ကလေးတွေကို ဝါးပြီးသားခွံ့ကျွေးတာထက် ကိုယ်တိုင်ကျေညက်အောင် ဝါးစားခိုင်းသင့်တယ်” ဟု ၎င်းကအကြံပြုသည်။

“မြန်မာစာကိုမြန်မာက သင်ပေးရင် ဌာန်ကရိုဏ်းကျသလိုပဲ အင်္ဂလိပ်စာ ဘယ်လောက်တော်တော် Native Speaker နဲ့တော့ နှိုင်းယှဉ်လို့ မရနိုင်ဘူး” ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးနှင့်လူမှုရေး အကြံပေးကောင်စီဝင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြောသည်။

ထို့ကြောင့်ယခုကဲ့သို့Native Speaker များ အင်္ဂလိပ်စာသင်ကြားရေး အရည်အသွေး မြင့်မားတိုးတက်ရန် သင်တန်းဖွင့်လှစ်ပို့ချမှုကို ကြိုဆိုပြီး အင်္ဂလိပ်စာအရည်အသွေးမြင့်မားရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားမှုအပေါ် အားရကြောင်း ဒေါက်တာအောင်ထွန်းသက်ကပြောသည်။

ပညာရေးဝန်ကြီးဌာနသည် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအရည်အသွေး မြင့်မားစေရေးအတွက် ကလေးဗဟိုပြု သင်ယူမှုချည်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရန် ၂၀၁၂ ခုနှစ်တွင် ၉၃ မြို့နယ်မှ မူလတန်းပြ လေးသောင်းကျော်အား သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ နှစ်စဉ်စီမံချက်မြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.47 • JANUARY 31 , 2013

# ဌာနပိုင်မြေနှင့် အဆောက်အအုံများတွင် ကြော်ငြာဆိုင်းဘုတ် စိုက်ခွင့်မပြုတော့ဟုဆို

**ဆွေမွန်**
**ရန်ကုန်၊ဇန်နဝါရီ-၂၈**

အစိုးရဌာနဆိုင်ရာပိုင်မြေများနှင့် အဆောက်အအုံများတွင် ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်းကို ယခုနှစ်မှစ၍ ထပ်မံခွင့်ပြုတော့မည်မဟုတ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတင်းရရှိသည်။

အဆိုပါနေရာများကို ယခင်က ကော်မတီအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ ဌာနဆိုင်ရာအလိုက် သီးခြားဆောင်ရွက်စေခဲ့သော်လည်း ယခုအခါစုပေါင်း၍ တာဝန်ယူလုပ်ကိုင်တော့မည်ဖြစ်ခြင်းကြောင့် ထိုသို့သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှ အရာရှိတစ်ဦးကပြောသည်။

"ဒီနှစ်ကစပြီး ထပ်ပြီးခွင့်မပြုတော့ဘူး။ ခွင့်ပြုပြီး ကြော်ငြာဆိုင်းဘုတ်တွေက ကာလကုန်ရင် ဖြုတ်ပေးရမယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် ဌာနဆိုင်ရာမြေများနှင့် အဆောက်အအုံများတွင် စိုက်ထူထားသည့်ကြော်ငြာဘေလ်ဘုတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးများက လိုက်လံစစ်ဆေးမှုများ ဆောင်ရွက်နေပြီး စာရင်းကောက်ယူနေဆဲဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ကြော်ငြာဘေလ်ဘုတ်လုပ်ငန်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများက မူဝါဒအပြောင်းအလဲများ ပြုလုပ်ရာ၌ လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများနှင့် နစ်နာဆုံးရှုံးမှုများ ရှိနေကြောင်း Than Htut ကြော်ငြာကုမ္ပဏီမှ ဦးသန်းထွဋ်ကပြောသည်။

"လုပ်ငန်းလုပ်စားလို့ မရတော့ဘူး။ အလုပ်သမားတွေလည်း ပြန်လွှတ်ရတဲ့ အနေအထားဖြစ်နေပြီ" ဟု ၎င်းက ပြောသည်။ လက်ရှိ ကြော်ငြာဘေလ်ဘုတ်တစ်ခုလျှင် တစ်စတုရန်းပေကိုကျပ်နှစ်သောင်းပေးဆောင်ရကာ ယာယီဘုတ်သဘောမျိုးသာဖြစ်ပြီး သက်တမ်းတစ်နှစ်ပြည့်လျှင် ထပ်မံပေးသွင်းရမြဲဖြစ်ရာ တစ်နှစ်လျှင် ဘေလ်ဘုတ်ကြီးတစ်ခုကို ကျပ်သိန်း ၂၀၀ ခန့်အခွန်ပေးဆောင်နေရကြောင်း ကြော်ငြာ ဘေလ်ဘုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် စိုက်ထူထားသည့် ကြော်ငြာဘေလ်ဘုတ် အကြီးများကို ၂၀၁၃ ခုနှစ် မတ်၃၁ ရက် အထိ ယမန်နှစ်က စိုက်ထူခွင့်တစ်နှစ်သက်တမ်းတိုးပေးခဲ့ပြီး ထိုကာလပြည့်ပါက ဖြုတ်သိမ်းပေးရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကြော်ငြာဘေလ်ဘုတ်လုပ်ငန်းများကို ရန်ကုန်မြို့တွင် ၁၉၉၆ ခုနှစ်မှစ၍ စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။

# ကားဝပ်ရှော့နှင့် ဆားဗစ်စင်တာများ အလုပ်ပါးလာ

**ရဲနောင်**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၈**

ကားအဟောင်းအပ်နှံ၍ ကားအသစ်များတင်သွင်းလာသောကြောင့် ကားဟောင်းများကိုသာ အဓိကထားပြင်ဆင်နေရသော ကားပြင်အလုပ်ရုံများမှာ လုပ်ငန်းပါးလျက်ရှိသည်။



*ကားဝပ်ရှော့တစ်ခုကိုတွေ့ရစဉ်*

ဓာတ်ပုံ-ကျော်ဇင်သန်း

ယခင်က တစ်ရက်လျှင် အနည်းဆုံး ကားငါးစီးခန့် ပြုပြင်ရသော်လည်း ယခုအခါ အများဆုံး နှစ်စီးခန့်သာ ပြုပြင်ရတော့ကြောင်း လှိုင်သာယာမြို့နယ် ကားဝပ်ရှော့တစ်ခုမှ စက်ပြင်ဆရာ ကိုအောင်ဇော်က ပြောသည်။

"နောက်ဆုံး 'အ' နံပါတ်အထိကို မပြင်ကြတော့ဘူး။ တော်ရုံတန်ရုံဆို လက်ပူတိုက်ပြီး စီးလိုက်ကြတာ" ဟု ကားအဟောင်းနှင့် ကားအသစ်ပါပြုပြင်သည့် ဆရာငြိမ်းနှင့်သားများ ကားပြုပြင်ရေးမှ ကိုစန်းဦးက ပြောသည်။

ကားအသစ်များကိုပြုပြင်လိုသော်လည်း နည်းပညာပိုင်း အခက်အခဲများ ရှိနေပြီး မော်ဒယ်မြင့်ကား ပြုပြင်သော စက်ပစ္စည်းအရင်းအနှီး စရိတ်မှာ အလုပ်ရုံတစ်ခုလျှင် ကျပ်သိန်းနှစ်ရာခန့်လိုအပ်သောကြောင့် ကားအဟောင်းပြင် အလုပ်ရုံနှင့် အလုပ်သမားများမှာ အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း ကားပြင်သော အလုပ်ရုံနှင့် ကားဝပ်ရှော့ ၁၅ ခုကျော်ကို မေးမြန်းမှုများအရ သတင်းရရှိသည်။

"ကားအဟောင်းတွေလည်း သိပ်မရှိတော့ဘူး။ ကားအသစ်တွေကလည်း ပျက်ရင် ကွန်ပျူတာနဲ့ထိုးစမ်းမှ ရတာ။ အဲဒီလို စက်တစ်လုံးဆိုရင် အနည်းဆုံး ဆယ့်ငါးသိန်းလောက်ရှိတယ်" ဟု ကိုစန်းဦးက ပြောသည်။

အသစ်တင်သွင်းသော ကားများမှာ ကွန်ပျူတာ ထိန်းချုပ်သော စနစ်ဖြစ်၍ နည်းပညာပိုင်း အခက်အခဲသာမက ကွန်ပျူတာ အီလက်ထရွန်းနစ် ပြုပြင်နည်းများကို လေ့လာရန် အတန်းပညာပါ လိုအပ်လာကြောင်း ခြင်္သေ့အော်တိုကားဆားဗစ်စင်တာမှ ကိုကျော်မင်းက ပြောသည်။

ကားသစ်များ ပြုပြင်သည့်အခါ ကွန်ပျူတာနှင့် စမ်းသပ်ခမှာ ကျပ်တစ်သောင်းခွဲခန့် ကုန်ကျခြင်း၊ ပျက်သော အစိတ်အပိုင်း လဲလှယ်ရန် အပိုပစ္စည်းရှားပါးခြင်း၊ ကျွမ်းကျင်နိုင်ငံခြားနည်းပညာရှင်များနှင့် အစဦးပိုင်းတွင် တွဲဖက်လုပ်ကိုင်ရခြင်းတို့ရှိပြီး အခုအချိန်တွင် ကားအသစ်များအပေါ် အသေးစားပြုပြင်မှုများကိုသာ လုပ်ကိုင်ကြရ၍ လုပ်ငန်းပါးလျက်ရှိသည်ဟု Okura ကားဆားဗစ်စင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်အထိ ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုမှာ ၇၀,၉၉၉ စီး ရှိခဲ့ပြီး ကားတင်သွင်းခွင့် သွင်းကုန်လိုင်စင်ပါမစ်လိုင်စင်ထုတ်ပြီး အစီးရေ ၇၇,၅၀၀ ရှိကြောင်း သတင်းရရှိသည်။

# စစ်ဒဏ်ခံကရင်ပြည်သူများ အကြောက်တရားမှလွတ်မြောက်အောင် အရပ်ဘက်အဖွဲ့အစည်းများကို အကူအညီတောင်း

**အိဖြူလွင်၊ အောင်ခိုင်၊ ရန်မျိုးနိုင်**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၇**

ပြည်တွင်းစစ်ဒဏ်ကို အများဆုံးခံခဲ့ရသော ကရင်ပြည်နယ်မှပြည်သူများအား အကြောက်တရားမှ လွတ်မြောက်အောင် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ပါဝင်ကူညီပေးရန် နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အကူအညီတောင်းခဲ့ကြောင်း သတင်းရရှိသည်။

"ကရင်ပြည်နယ်ထဲကို ဝင်ပြီးတော့ ကျေးရွာတွေ အနှံ့လိုက်ပြီး တရားဟောဖို့။ ဘယ်သူမှ မကြောက်ရဘူးလို့ ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က နှစ်ခြောက်ဆယ်လောက်ကြောက်ရပြီး အခုလည်း ကြောက်နေရတုန်းပဲ" ဟု ဝန်ကြီးက ပြောသည်။

ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာ့ငြိမ်းချမ်းရေးစင်တာ၌ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်း ကော်မတီနှင့် အရပ်ဘက်လူ့အဖွဲ့အစည်း ၄၆၃ တို့ တွေ့ဆုံကြရာတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးသော ကရင်ပြည်နယ်သို့ သွားရောက်ရာတွင် ဒေသခံပြည်သူများသည် ယခုအချိန်ထိ နှစ်ဖက်တပ်များကို ကြောက်လန့်ခြင်းရှိနေသည်ကို သိရှိခဲ့ရကြောင်း သမ္မတရုံးပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အရပ်ဘက်လူ့အဖွဲ့အစည်းများကို အသိပေးခဲ့သည်။

သို့သော် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ သွားရောက်နိုင်ရေးအတွက် အခက်အခဲ မရှိစေရန် အောက်ခြေအဆင့် အာဏာပိုင်များကိုပါ ကူညီရေးအတွက် တိုက်တွန်းထားသင့်ကြောင်း အဖြူရောင်တွဲလက်များအဖွဲ့မှ မဖြူအိသိမ်းက ပြောသည်။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်း ကော်မတီနှင့်ကေအင်န်ယူ-ကရင်အမျိုးသားအစည်းအရုံးတို့သည် ရန်ကုန်မြို့၊ ဆီဒိုးနား ဟိုတယ်၌ ၂၀၁၂ ဧပြီလ ၆ ရက်တွင် တွေ့ဆုံရာ၌အချက်ခြောက်ချက်ကို ဆွေးနွေးခဲ့ပြီး ကြောက်ရွံ့ခြင်းမှ ကင်းသည့်ပြည်သူပြည်သားများအဖြစ် ဘဝရပ်တည်နိုင်ရေး အာမခံရန်အချက်ကိုထည့်သွင်းဆွေးနွေးခဲ့သည်။

# အကောက်ခွန်ဝန်ထမ်းများအတွက် ဒဏ်ငွေမှ ဝေစုကျပ်သိန်း ၁,၅၀၀ ရ

**သိမ့်သိမ့်စိုး၊ ခန့်ထက်**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၆**

ယခုဘဏ္ဍာနှစ်အတွင်းပြည်တွင်းသို့တင်သွင်းလာသော ကုန်ပစ္စည်းများထဲမှ အကောက်ခွန်ဆိုင်ရာ ဥပဒေများနှင့် မညီညွတ်သောကြောင့် ဒဏ်ရိုက်ရမှုပေါင်း ၃,၀၀၀ ကျော်ရှိခဲ့ပြီး ယင်းအမှုများ ရရှိသော ဆုကြေးကျပ်သိန်း ၁,၅၀၀ ကျော်အား အကောက်ခွန်ဝန်ထမ်းများ ခံစားခွင့်ရရှိမည်ဟု အကောက်ခွန်ဦးစီးဌာန စီမံဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဇော်လင်းက ပြောသည်။

ယင်းကဲ့သို့ ဥပဒေနှင့် မညီညွတ်၍ ဒဏ်တပ်ရိုက်သည့် ဒဏ်ကြေးငွေအားလုံးအပေါ်တွင် ၈၀ ရာခိုင်နှုန်းအား ပြည်ထောင်စုအစိုးရကို ပေးအပ်ရပြီး ၁၀ ရာခိုင်နှုန်းအား အရေးယူရန် အသိပေးသောသူနှင့် ၁၀ ရာခိုင်နှုန်းကိုသာ အရေးယူဖမ်းဆီးပေး သောအဖွဲ့မှ ခံစားခွင့်ရှိကြောင်း ၎င်းက ပြောသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၌ ဒဏ်ကြေးတပ်ရိုက် အမှုပေါင်း ၃,၄၁၄ ခုရှိခဲ့ပြီး ဒဏ်ကြေးငွေ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းမှ သက်ဆိုင်ရာအရေးယူပေးသည့် ဌာနများအား ပေးပြီး အကောက်ခွန်ဦးစီးဌာနအနေဖြင့် ငွေကျပ်သိန်း ၁,၅၀၀ ရရှိမည်ဖြစ်သည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ရွေးယူဒဏ်ငွေနှင့်ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လေလံတင်ရောင်းချခြင်းတို့မှ ရရှိသော ငွေများအပေါ်တွင် ဆုကြေးခံစားခွင့်ကို တရားဝင်အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း အကောက်ခွန်ဦးစီးဌာန၏ စီမံဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြောသည်။

ထိုကဲ့သို့ ဒဏ်ကြေးငွေ၏ ၁၀ ရာခိုင်နှုန်းအား အကောက်ခွန်ဝန်ထမ်းများအတွက် ဆုကြေးငွေအဖြစ် ရရှိသည်ဆိုသောအချက်မှာ ဒဏ်ကြေးတပ်အရေးယူမှုများကို ပိုမိုဖြစ်စေသည့် အချက်ဟု မော်တော်ယာဉ်တင်သွင်းသူများက ပြောသည်။

"သူတို့က ပါမစ်ရဲ့ နာမည်မှာ ဦးပါပြီး B.L မှာ ဦးမပါတာကအစ ဒဏ်ရိုက်နေတော့ ဘယ်လာကောင်းတော့မှာလဲ" ဟု တစ်ပိုင်တစ်နိုင် ကားတင်သွင်းသူတစ်ဦးက ပြောသည်။

"ဆုငွေနှင့်ပတ်သက်ပြီး အကောက်ခွန်က ဝန်ထမ်းတွေပဲ ခံစားခွင့်ရှိတာ မဟုတ်ပါဘူး။ အကောက်ခွန်အနေနဲ့ သီးသန့်ဖမ်းတာပဲဖြစ်ဖြစ်၊ အကောက်ခွန်နဲ့ ပူးပေါင်းပြီးမှ ဖမ်းတဲ့ ရဲတို့၊ သစ်တော၊ သတ္တုတွင်း၊ နောက်ဒေသအာဏာပိုင် အဖွဲ့အစည်းတွေ အဲဒီကိစ္စတစ်ခုလုံးမှာပါတဲ့ လူတွေကို ကူညီသူအနေနဲ့လည်းကောင်း၊ ဖမ်းဆီးသူနဲ့လည်းကောင်း ရစေပါတယ်" ဟုဦးဇော်လင်းက ဆက်လက်ပြောသည်။ အကောက်ခွန်ဦးစီးဌာန၏ ဝန်ထမ်းများအနေဖြင့် ဆုကြေးများ ခွဲဝေယူရာတွင် ညွှန်ကြားရေးမှူးအဆင့်မှ ဓာတ်လှေကားမောင်းသူအဆင့် အထိ ပါဝင်ပြီး လစာနှုန်းထားအလိုက် ခွဲဝေကာ ညွှန်ကြားရေးမှူးတစ်ဦးမှာ ကျပ် နှစ်သိန်းသာရရှိကြောင်း ၎င်းမှ ပြောကြားသည်။

စာမျက်နှာ(၇)မှ

## ဦးဆန်းဆင့်ကို သာသနာရေးပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ပါက လွှတ်တော်အတွက် ဆုံးရှုံးဟုဆို

နိုင်ငံတော်သမ္မတက ရောဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်အား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် ယနေ့ (ဇန်နဝါရီ ၂၈) တွင် ဇန်နဝါရီ ၂၂ ရက် ရက်စွဲဖြင့် သဝဏ်လွှာ ပေးပို့ခဲ့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက ပြောသည်။

"ကျွန်မကတော့ ဦးဆန်းဆင့်ကို တိုင်းလွှတ်တော်ဥက္ကဋ္ဌအဖြစ်ပဲ ဆက်ရှိစေချင်ပါတယ်။ သူဟာ အရမ်းတော်ပြီး ထက်မြက်တယ်လေ။ သူ့ကြောင့်လည်း ရောဝတီတိုင်းလွှတ်တော်ဟာ အတော်ဆုံးလွှတ်တော်ဖြစ်ခဲ့တာပဲ။ တော်လို့များပြောင်းလိုက်တာလားမသိဘူး" ဟု ဒေါ်နန်းဝါနုကပင် ပြောသည်။

ဦးဆန်းဆင့်အနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ် ကာလအတွင်း တိုင်းဒေသကြီးအတွက် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းခြင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုထားသော အဆိုများကို ဆောင်ရွက်ရန် ပျက်ကွက်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အား စွပ်စွဲပြစ်တင်ရန် ဆောင်ရွက်ခြင်း စသည့်ကိစ္စရပ်များကိုဆောင်ရွက်ခဲ့သည်။ ဦးဆန်းဆင့်အား သာသနာရေးပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခြင်းသည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတစ်ဦးအားပြည်ထောင်စုဝန်ကြီးအဖြစ် ပထမဆုံးအကြိမ် ခန့်အပ်ခြင်းဖြစ်သည်။